www.burmeseclassic.com

BURMESE CLASSIC .com

ခင်ဆွေဦး

# ရိုးတိုင်းရွာနီ



www.burmeseclassic.com

ပြုံးစာပေ

ပြုံးစာပေ

အမှတ် ၆၆၊ သရက်တော ၄ လမ်း
ကြည့်မြင်တိုင်၊ ရန်ကုန်။

www.burmeseclassic.com

# စီစဉ်သူ—မပြုံး

**ထုတ်ဝေသူ** – ဦးမြသန်း
အသိုင်းအဝိုင်းစာပေ
၃၅/ သမာဓိလမ်း၊ ဇွဲစုံရပ်၊ မရမ်းကုန်း
ရန်ကုန်မြို့

**မျက်နှာဖုံး** – ဒေါ်ခင်ခင်ဝင်း

**အတွင်းပုံနှိပ်** – ကလျာ OFFSET (၀၂၆၇၀)
၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ
ရန်ကုန်မြို့။

www.burmeseclassic.com


## သတင်းစာများ၏ ဝေဖန်ချက်။

### ဟံသာဝတီ

မဟာဆွေသည် စာရေးကောင်းသကဲ့သို့ သူ့သမီး ခင်ဆွေဦးသည်လည်း ဖခင်၏ ခြေရာကို နင်းနိုင်မည့်သူပင် ဖြစ်ပေသည်။

ဒို့တိုင်း၌ာနီဝတ္ထုတွင် ခင်ဆွေဦး၏ ရာဇဝင်ကို သုတေသီ ဆန်ဆန် ဝတ္ထုရေးထားသည်ကို တွေ့ရသည်။

ဒို့တိုင်း၌ာနီဝတ္ထုသည် စိတ်ကူးတမင်ယဉ်၍ ရေးသော ဝတ္ထုမျိုး မဟုတ်ဘဲ လွတ်လပ်ရေးခေတ်မှစတင်၍ အထောက် အထားများစွာကို ဖတ်ရှုလေ့လာပြီး ရေးသားထားသော ဝတ္ထု ဖြစ်ပေသည်။

စာရေးရန်အတွက် အဖြစ်အပျက်ကောင်းကို အခြေခံ ထားသည့်အပြင် အရေးအသားလည်း ဆွဲဆောင်လှပေသည်။ စာအုပ်ကောင်းတစ်အုပ်ပင် ဖြစ်သည်။

**နေ့စွဲ ၇-၇-၆၁**

### ကြေးမုံ

ခင်ဆွေဦး၏ ပထမဆုံး လုံးချင်းဝတ္ထုဖြစ်၍ ယနေ့အထိ ခင်ဆွေဦး၏ လက်ရာများအနက် အကောင်းဆုံးဟု ဆိုချင်သည်။ ဇာတ်လမ်းမှာ ရိုးရိုးကလေးဖြစ်သည်။ အင်္ဂလိပ်လက်အောက်မှ မြန်မာ့လွတ်လပ်ရေးအတွက် လူငယ်သခင်များ ကြိုးပမ်းချိန် မှစ၍ သားနှစ်ယောက်၊ သမီးတစ်ယောက်၊ တူမတစ်ယောက်

www.burmeseclassic.com


ပိုင်ရှင် မိသားစုတစ်စု၏ လှုပ်ရှားမှုကို ဇာတ်အိမ်ဖွဲ့ထားခြင်း ဖြစ်သည်။ ဇာတ်လမ်းတွင် တော်လှန်ရေး သမိုင်းမှ တကယ့် အဖြစ်အပျက် မှတ်ချက်မှတ်တမ်းများကို ပိရိစွာ ထည့်သွင်း ထားသည်။ မှတ်ချက်မှတ်တမ်းများအတွက် စာအုပ် ၁၀အုပ် ကို မှီငြမ်းပြုသည်။ ဖတ်၍လည်း ကောင်းသည်။ ဖတ်ပြီး သိမ်း ဆည်းထားရမည့် စာအုပ်လည်း ဖြစ်သည်။

**ကြီးမောင် (စာကြေးမုံ)**
**၇-၇-၆၁**

## ငွေတာရီမဂ္ဂဇင်း "စာအုပ်လောက" တွင် စံလွင်၏ ဝေဖန်ချက်။

## "မျိုးချစ်စိတ် အရိပ်"

ဒို့တိုင်းဌာနီ

ခင်ဆွေဦး ရေးသည်။

ရှုမဝတိုက်၊ အဖိုး ၂ ကျပ်။

သူ့ခေတ် သူ့အခါနှင့် လျော်ညီစွာ **"ဒို့မေမေ"** ဖြစ်ထွန်း ခဲ့ရဖူးသည်နှင့်အညီ မျက်မှောက်ကာလနှင့် တန်သော **"ဒို့တိုင်း ဌာနီ"** သည်လည်း စာအုပ်စင်ပေါ်သို့ ရောက်လာခဲ့ရပေပြီ။

အစရှိလျှင် အဆုံးရှိရပေမည်။ "စ"သူ သေခဲ့ပြီးမှ အဆုံးသတ်ကို တစ်ပါးသူကသာလျှင် ပြုစုနိုင်ပေတော့မည်။ ဤတစ်ပါးသူကား စ သူ၏ သမီးဖြစ်နေခြင်းမှာ လျော်ကန်လှ ပေ၏။

"မိ" ငယ်ငယ်က မြန်မာပြည်မြေပုံကို ဆွဲတတ်ရကောင်း

www.burmeseclassic.com


မှန်း မသိသလို၊ ခင်ဆွေဦးသည် ကလေးဘဝက မြန်မာပြည် မြေပုံကို ဆွဲတတ်ရကောင်းမှန်း မသိခဲ့။ သူ့ကျွန်ဘဝနှင့် လွတ်လပ်ရေးအရသာကို ခင်ဆွေဦးသည် မိနှင့်ထပ်တူ ကလေး ဘဝက နားလည်ခဲ့ဟန်မတူ။ လွတ်လပ်ရေးကို သဲသဲမဲမဲ လိုချင်ရကောင်းမှန်းလည်း သိခဲ့ဟန် မရှိချေ။

သို့သော် "မဟာဆွေ"တစ်ယောက်လုံးမှာ ကိုယ့်ဖခင် ဖြစ်၍ သခင်ညီလေး၊ ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော (ကိုရွှေ)၊ ဒီးဒုတ်ဦးဘချို သခင်မြ စသည် စသည်တို့၏ ပတ်ဝန်းကျင်တွင် ကြီးပြင်းလာရသောအခါ လွတ်လပ်ရေးသံ၊ မျိုးချစ်စိတ် စကားသံ တို့ကို နားယဉ်လာရသောအခါ ခင်ဆွေဦးသည် မြန်မာပြည် မြေပုံကိုလည်း လက်တန်းဆွဲတတ်လာရပေမည်။ လွတ်လပ်ရေး ကိုလည်း မြတ်နိုးတတ်လာရပေမည်။

"ဒို့မေမေ"၊ "အကျိုးဆောင်ကြီး"၊ "သူပုန်ကြီး" တို့နှင့် ထွေးလုံးရစ်ပတ် ကြီးပြင်းလာရသူသည် လွတ်လပ်ရေးအတွက် အသက်၊ သွေး၊ ချွေး၊ ဘဝတစ်ခုလုံး ပေးကြသူများကို ကြည်ညို ကိုးကွယ်တတ်လာရမည် အမှန်ပင်။

သို့လျှင် ကြည်ညိုတတ်လာသော မိဆိုသူ တစ်ယောက် သည် "ဒို့တိုင်းဌာနီ" တွင် ရှေးက ရှိခဲ့ဖူးကြောင်း ခင်ဆွေဦးက ပြောပြလေ၏။

ကိုသူရ၊ ကိုရန်နောင်၊ မိတို့ဖြင့် တြိဂံဘောင် ကြက်ထား သော ခင်ဆွေဦး၏ ဒို့တိုင်းဌာနီ ပုံပြင်ကား သူသိသရွေ့၊ သူ မြင်သရွေ့ မျက်မှောက်မြန်မာပြည်၏ ပုံပြင်ပင် ဖြစ်လေသည်။

ခင်ဆွေဦးသည် မိ၏ ထောင့်မှ ဝင်ကြည့်ပြီး ဒို့မြန်မာ

www.burmeseclassic.com


ပြည်ဝယ် ဖြစ်နေသမျှကို ရင်ထုမနာ တင်ပြလေသည်။ ဖအေ့ ခြေရာနင်းပြီဆိုရမှာပင်။ ဆရာကြီး မဟာဆွေ၏ ဒို့မေမေ ဝတ္ထုနှင့် ခင်ဆွေဦး၏ ဒို့တိုင်းဌာနီမှာ သဘောချင်း ဆင်ဆင် တူသည်။ အမှန်မှာ မျိုးတူဆင်ကွဲသာ ဖြစ်၏။

လွတ်လပ်ရေးကို ရယူရေးသည် ခက်၏။ ထို့ထက် လက်တွင်းရပြီးသား လွတ်လပ်ရေးကို မပျောက်မပျက်ရအောင် ထိန်းသိမ်းရေးကား ပို၍ခက်ခဲသည်။ မဟာဆွေ၏ ဝတ္ထုသည် လွတ်လပ်ရေးရယူရေးအပိုင်း၌ ဇင်းနှင့် အဆစ်အပိုင်းမှ ပါဝင်ခဲ့၏။ မဟာဆွေသည် သူနိုင်သောဘက်မှ ကလောင်ဖြင့် မျိုးချစ်စိတ်၊ လွတ်လပ်ရေးရယူလိုစိတ်ကို နှိုးဆွပေးခဲ့ရုံမျှဖြစ်သည်။

ခင်ဆွေဦးနှင့်တကွ မျက်မှောက်စာရေးဆရာများမှာမူ ထိန်းသိမ်းရေး အပိုင်းတွင် တာဝန်ထမ်းကြရမည် ဖြစ်သည်။

ခင်ဆွေဦးသည် ကိုသူရတည်းဟူသော ကြေးမုံပြင်ကို ထောင်ပြ၍ ရဲဘော်သုံးကျိပ်တို့မှအစ တော်လှန်ရေးကာလအတွင်း နှင့် လွတ်လပ်ရေးကို အပြီးအပိုင် မရခင်စပ်ကြား တစ်တိုင်း ပြည်လုံး ထားရှိခဲ့ကြသော စိတ်ဓာတ်ကို တစ်ဖန် အရိပ်ပြန် ထင်အောင် ကြိုးစားခြင်း ဖြစ်သည်။

ကိုသူရတို့ကဲ့သို့ စိတ်ဓာတ်မျိုးကြောင့်လည်း တိုင်းပြည် လွတ်လပ်ခဲ့ရပြီ။ သို့သော် လွတ်လပ်ပြီဆိုကာမျှဖြင့် မိနှင့် ကိုရန်နောင်တို့ အလားတူ စိတ်ဓာတ်ကို လျှော့ပစ်ကြဖို့ မသင့်။ တောင့်တာသော ငြိမ်းချမ်းရေး မရသေးသည်ကို လက်ပိုက်ကြည့် နေ၍ မသင့်။ တိုင်းပြည်တွင် အတွင်း၊ အပ ရန်မီးဝိုင်းနေသော အခါ၌ တစ်ကြိမ်က ရှိခဲ့ဖူးသော အနစ်နာခံစိတ်၊ မျိုးချစ်စိတ်၊

www.burmeseclassic.com


ဖွဲ့လုံ့လတို့ကို ယခင်က လိုခဲ့သည်နှင့်အမျှ ယခုလည်း လိုသေးသည်။ တစ်နည်းဆိုရသော် အာဇာနည်တွေ လိုနေသည်။

"ဒို့တိုင်းဌာနီ" တွင် ကိုသူရ၏ အရိပ်ကြီးမှာ အားလုံးသော ဇာတ်ဆောင်များအပေါ် စိုးမိုးခဲ့သည်။ လူသာမန်၏ အရိပ်ထက် ပို၍ကြီးမားသယောင် ရှိ၏။ စင်စစ် ကိုသူရ၏ အရိပ်သည် လူတစ်ယောက်တည်း၏ အရိပ်မဟုတ်။ ဗိုလ်ချုပ်အောင်ဆန်း၏ အရိပ်၊ ရဲဘော်သုံးကျိပ်၏ အရိပ်၊ ၁၉၄၅ခုနှစ်တော်လှန်ရေးကြီးနှင့်တကွ ပြည်တွင်း သောင်းကျန်းမှုတိုက်ပွဲနှင့် တရုတ်ဖြူတိုက်ပွဲများတွင် ဘဝတွေ၊ အသက်တွေ စတေးသွားကြရှာသော သူတွေ၏ အရိပ်၊ **တစ်ပြည်လုံး၏ အရိပ်ကြီး** ဖြစ်ပေသည်။

စင်စစ် ကိုသူရ၏ အရိပ်သည် လူ၏အရိပ်မဟုတ်။ စစ်၏ အရိပ်ဖြစ်သည်။

မိ၊ ကိုသူရ၊ ကိုရန်နောင် တည်းဟူသော တြိဂံ အချစ်ဇာတ်လမ်း ဖမ်းစားခံရရင်း၊ ဤကိုသူရ၏ အရိပ်ကြီးသည် စာဖတ်သူများအပေါ်တွင် လွှမ်းမိုးသွားမည်ဆိုလျှင် ခင်ဆွေဦး၏ ရည်ရွယ်ချက် အောင်မြင်သည်ဟု ဆိုရမည် ဖြစ်ပေသည်။

**စံလွင်**
**၁၉၆၁ ခု၊ စက်တင်ဘာလ**
**ငွေတာရီမဂ္ဂဇင်း၊ အမှတ် ၁၅**

www.burmeseclassic.com


# ခင်ဆွေဦး
# ဒို့တိုင်းဌာနီ

www.burmeseclassic.com

www.burmeseclassic.com


# (၁)

မြောက်ဘက်သို့လားသော်. . . တရုတ်ပြည်။
တောင်ဘက်သို့လားသော်. . ဘင်္ဂလားအော်နှင့်မုတ္တမပင်လယ်ကွေ့။
အနောက်ဘက်သို့လားသော်. . အာသံ၊ မဏိပူရပြည်နှင့် အင်္ဂလားအော်။
ရှေ့သို့လားသော်. . . တရုတ်ပြည်နှင့် ထိုင်း။

"အထွေး" လူမှုန်းသိစ စတုတ္ထတန်း၌ ပညာသင်ကြားခဲ့ရသော အရွယ်သို့ အရောက်တွင် အထွေးသိခဲ့ရသည့် မြန်မာပြည်နယ်နိမိတ်အကြောင်း ဖြစ်ပေသည်။ မြန်မာပြည်မြေပုံကိုကား အထွေးသည် ထိုအရွယ်ကလေးကပင် လက်လွတ်ရေးဆွဲနိုင်ခဲ့ပေပြီ။ ကွေ့ကောက်တွန့်ချိုင့်သော ပင်လယ်ကမ်းရိုးတန်းများ၊ အကောက်အကွေ့များသော နယ်နိမိတ်များကိုကား တစ်ကြောင်းဆွဲနှင့်ပင် အထွေးရနေချေပြီ။

အာရှတိုက်တောင်ဘက် အင်ဒိုချိုင်းနားကျွန်းဆွယ်၏ အရှေ့မြောက်လတ္တီတွဒ် ၁၀°မှ ၂၉° အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၂°မှ ၁၀၁° အကြား စသည့် မြန်မာပြည် တည်နေရာကိုလည်း "အထွေး" နှုတ်ငုံ့ရခဲ့လေသည်။

"အထွေးရယ်. . . မင်းမြေပုံဆွဲ သိပ်ကောင်းတာပဲနော်"

ခင်လေးမိသည် အထွေး၏ လေ့ကျင့်ခန်းစာအုပ်မှ မြန်မာပြည်မြေပုံကို ကြည့်ကာ တအံ့တသြ ချီးကျူးလိုက်သည်။

"မတော်ပါဘူး မိရယ်၊ ထွေး ခဏခဏ ဆွဲနေလို့ပါ"

ထွေးက ရှက်စနိုးနှင့် ခပ်ရို့ရို့လေး ဖြေလိုက်သည်။

"တကယ်ပါ ထွေးရယ်။ မိကို မြန်မာပြည်မြေပုံဆွဲ သင်ပေးစမ်းပါ၊ မိတို့ကျောင်းက မြန်မာပြည်အကြောင်း မသင်ရဘူးထွေးရဲ့။ မိတို့ဆရာမကလေ. . . နင်တို့ မြန်မာပြည်က အလကားပဲ၊ ဘာအသုံးကျတာရှိလို့လဲ၊ တိုင်းပြည်က အစက်ငယ်လေးလောက် ရှိတာ၊ ဘာညာနဲ့ သင်မပေးဘူး"

ခင်လေးမိက လေပြည်လေးနှင့် ခပ်အေးအေး ပြောလိုက်သော်လည်း ထွေးသည် ရှူးရှူးရှားရှားဖြစ်ကာ စားပွဲကို လက်သီးနှင့် ထုလိုက်သည်။

"ကြည့်စမ်း. . . မိတို့ ဆရာမက ကပြားကုလားပီပီ မြန်မာပြည်မှာနေပြီး မြန်မာပြည်ကို မကောင်းပြောတယ်၊ ဒါကို မိ ခံနေသလားဟင်"

"အို. . . ထွေးကလဲ မခံလို့ ဘယ်လိုလုပ်မလဲ၊ သူက မိတို့ ဆရာမကြီး၊ မိ ဘယ်ပြန်ပြောရဲမလဲ၊ နောက်ပြီး ကမ္ဘာ့မြေပုံမှာကြည့်လိုက်တော့ မြန်မာပြည်က သေးသေးငယ်ငယ်လေးရယ်လို့ ဆရာမကပြောတာလဲ မှန်သားပဲလို့ အောက်မေ့တာကိုး"

"ကဲ. . . ဒီလိုဆို မဖြစ်ဘူး၊ မိ ဒီကျောင်းမှာ မနေပါနဲ့၊ မိ ဒီကျောင်းမှာနေရင် ကျွန်စိတ် ဝင်တော့မှာပဲ"

"ကျွန်စိတ်ဝင်မယ်. . . ဘယ်လို"

www.burmeseclassic.com


ခင်လေးမိသည် "ထွေး"က စကားကြီးစကားကျယ် သုံးလိုက်သော စကားကို သူ့အရွယ်တွင် နားမလည်နိုင်အောင်ရှိသည်။ စင်စစ် မိနှင့်ထွေးတို့သည် ၁၁ နှစ်ထဲသို့ ဝင်စအရွယ်တူပင် ဖြစ်သော်ငြားလည်း အသိအမြင်ချင်းမတူကြပေ။ "ထွေး"က အမျိုးသားကျောင်းတွင် ကြီးပြင်းလာရသော်လည်း မိမှာ နို့လွတ်စ အရွယ်ကတည်းက သာသနာပြုကျောင်းတွင် ကြီးပြင်းလာရပေသည်။ သို့ကြောင့် ထွေးပြောသော စကားများကို မိသည် နားမလည်နိုင်အောင် ရှိလေသည်။

"ကျွန်စိတ်ဆိုတာလေ. . . မိရယ် ထွေးတို့ မြန်မာပြည်ကခု သူများကျွန်ဖြစ်တယ်"

"**မြန်မာပြည်က ကျွန်? သူများကျွန်?** မြန်မာပြည်ကလူလဲမဟုတ်ဘဲနဲ့ ဘယ့်နှယ့်ကြောင့် သူများကျွန်ဖြစ်ရတာလဲ၊ ထွေးပြောတာ မိ နားမလည်ဘူး"

မိသည် ကြားဖြတ်ဝင်မေးသဖြင့် ထွေးသည် စိတ်ရှုပ်သွားကာ ခြေထောက်ကလေးများကို ကြမ်းပြင်တွင် ဆောင့်ပြီး ခေါင်းကို တယမ်းယမ်းနှင့် ခါလိုက်သည်။

"ဩော်. . . မိကလဲ နားဝေးလိုက်တာနော်၊ ထွေး မပြောတတ်တော့ဘူး၊ ထွေး ရှင်းမပြတတ်ဘူး၊ ခက်တာပဲ"

ထွေးသည် ၁၀နှစ် သမီးအရွယ်ကစ၍ စာဖတ်လေသည်။ ကလေးပေသည့် အမြဲပင် လူကြီးတွေးတွေးသည်။ လူကြီးဆန်သည်။ လူကြီးအနေ နေသည်။ မိက ကစားချင်လို့ လာလည်သည်ကို အဖော်စပ်လို့ မရပေ။ ယခုလည်း မိ ကစားရန်ယူလာသော ကျွဲကော်အရုပ်ကလေးကို အိပ်ရာခုတင်ပေါ်သို့

www.burmeseclassic.com


ပစ်တင်ကာ မြေပုံဆွဲကြရာမှ ထွေးသည် လူကြီးပြော ပြော လေသည်။

"မိ သိချင်လို့ပါ ထွေးရယ်၊ သိသလောက် ပြောပြစမ်းပါ"

"လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ကျော်လောက်က ထွေးတို့ မြန်မာပြည်က ရှင်ဘုရင်သီပေါမင်းကို အင်္ဂလိပ်တွေက ဖမ်းသွားပြီး မြန်မာပြည်ကို မတရား သိမ်းပိုက်ခဲ့တယ်၊ ဒီထဲက ခုချိန်ထိ ထွေးတို့ဟာ အင်္ဂလိပ်ကျွန် ဖြစ်ခဲ့ရတယ်"

ထွေးသည် ၁၀နှစ်အရွယ် ကလေးငယ်မျှသာ ဖြစ်သဖြင့် သိသလောက် တတ်သလောက် ဝမ်းထဲငုံထားမိသလောက် ပြန်လည် ပြောမပြတတ်ရှာပေ။ မိကလည်း ထွေးလောက်မှ အသိဉာဏ် မဝင်သေးသူဖြစ်သဖြင့် မလည့်တလည်နှင့်ပင် မြန်မာပြည်၏ ကျွန်ဇာတ်လမ်းကို ခေါင်းထဲတွင် ပြဿနာတစ်ခုသဖွယ် ဝင်ရောက်နေတော့သည်။ အိမ်သို့ ပြန်ရောက်လာ၍ အဖော်များနှင့် ကစားပြန်တော့လည်း ထွေးနှင့် ပြောခဲ့သည်များကို မေ့သွားပေသည်။

*

၁၉၃၉-ခု၊ စက်တင်ဘာလ. . .

သန်နှောင်းမိုးသည် တပြုန်းပြုန်း တဒိုင်းဒိုင်းနှင့် အားကောင်းစွာ ရွာဆဲတည်း။

မိသည် အိမ်နောက်ဖေး လမ်းခြားလျက်ရှိသော ထွေးတို့ အိမ်ဘက်သို့ ခမောက်ကလေး ဆောင်းကာ အပြေးအလွှား

www.burmeseclassic.com


လာခဲ့လေသည်။ လျှပ်စီးတို့သည် ဝင်းခနဲ ဝင်းခနဲ ပြိုးပြက်ကာ မိုးခြိမ်းသံသည် မြေထုကို ထိုးဖောက်၍ တုန်ဟည်းသွားလေသည်။

"အို့ . . ဟဲ့ မိမိပါလား၊ ဘယ့်နှယ် မိုးရေထဲ ပြေးလာရတာတုံး"

ထွေးတို့အမေက ထမင်းအိုးမွှေရာမှ မိအား လှမ်းပြောလိုက်၏။

"ထွေးဆီကို လာတာ"

မိသည် မီးဖိုချောင်မှ ကျော်ဖြတ်ကာ ကရောသောပါးနှင့် ထွေးရှိရာအပေါ်ထပ်သို့ လှမ်းတက်ခဲ့သည်။ ထွေးတို့အိမ်မှာ အလုံထီးတန်းတောင်ဖျား ဘင်တန်လမ်းတွင် သစ်ပေါပေါနှင့် ဆောက်လုပ်ထားသော နှစ်ထပ်ပျဉ်ထောင်အိမ် ဖြစ်သည်။ လေးထောင့် ကျွန်းသစ်တိုင်များသည် ခံ့ညားလေသည်။ ကြမ်းပြင်နှင့် လှေကားအဆင့်များသည် ပေါလစ်အရောင်ဖြင့် တပြောင်ပြောင် တောက်ပနေသည်။ လှေကားပေါ်သို့ အပြေးအလွှားတက်လာသော မိသည် တစ်စုံတစ်ယောက်နှင့် တိုက်မိလေသည်။ အဆင်းအတက်တွင် တက်သူက အောက်ဆင့်တွင် နေရသဖြင့် တစ်ပန်းရှုံးကာ လှေကားထစ်မှ ခြေချော်ပြီး နောက်လန်ကျမလို ဖြစ်သွားသည်။

မိ၏ နူနယ်သော လက်မောင်းအိုးကလေးကို ပူနွေး၍ ကြမ်းသော လက်ဝါးနှင့် ဆုပ်ကိုင်လိုက်သဖြင့်သာ မိ လိမ့်မကျခြင်း ဖြစ်လေသည်။ မိသည် ဖျတ်ခနဲ တုန်လှုပ်လန့်ဖျပ်ကာ မော့ကြည့်လိုက်မိသည်။

www.burmeseclassic.com


"ဟေး. . . လောလှချည်လား၊ ထွေးနဲ့ မတွေ့မှာစိုးလို့လား"

အောင်မြင်၍ ပြတ်သားကြည်လင်သော အသံသြဇာသည် မိကဲ့သို့ကလေးငယ်ကို နှုတ်ဆိတ်စေသည်။ မိသည် စကားပြန် မပေးနိုင်သေးဘဲ ထွေး၏အစ်ကိုကြီး ကိုသူရကို စိုက်ငေးနေမိသည်။ ထိုစဉ်က ကိုသူရမှာ အသက် ၁၉နှစ်ခန့်သာ ရှိသေးသည်။ ကိုသူရ၏အရပ်မှာ ၅ပေ၊ ၁၀လက်မခန့် မြင့်မား ကာ ကိုယ်လုံးကိုယ်ထည် အနည်းငယ် ပိန်သဖြင့် အရပ် အလွန်ရှည်သည်ဟု ထင်ရသည်။ သို့သော် ကျယ်ပြန့်သော ပခုံးနှင့် ရင်အုံ၊ ခိုင်ခန့်သော လည်တိုင်တို့ကြောင့် ပိန်သော် လည်း ကြည့်ကောင်းလေသည်။

မတိုမရှည် ဘိုကေဆံစမှာ ပျော့ပျောင်းနူးနယ်သဖြင့် ကျယ်ပြန့်သော နဖူးပေါ်သို့ ညွတ်ခွေဝဲကျနေတော့သည်။ အသားအတော်လတ်သဖြင့် နှုတ်ခမ်းမွှေးနှင့် မုတ်ဆိတ်ရိတ် ထားသောနေရာတို့မှာ စိမ်းနေသည်။ ကိုသူရ၏ မျက်နှာကိုချည်း ကွက်ကြည့်မည်ဆိုလျှင် လှကွက်လှယောင် မရှိပေ။ ထူထဲသော မျက်ခုံးအောက်မှ စူးရှတောက်ပြောင်သော မျက်လုံးများ၊ မျက်နှာလုံးလုံးတွင် ထင်ရှားသော နှာတံတို့က ရုပ်ကို ပီသစေသည်။ ကိုသူရ၏ နှုတ်ခမ်းများမှာ ပိပိရိရိနှင့် ပါးလျားသည် ဆိုသော နှုတ်ခမ်းများနှင့် ဆန့်ကျင်ဘက်တည်း။ နှုတ်ခမ်းများမှာ အနည်းငယ် ထူထဲကာ လုံးဝန်းနေသည်။ သို့သော် နှုတ်ခမ်းများကို စေ့စေ့တင်းထားသဖြင့် ကြည့်ပျော်သည်။

"ထွေး အပေါ်မှာ. . . မင်းမလာလို့ တစ်ယောက်တည်း ပျင်းနေတယ်ကွ"

www.burmeseclassic.com


"ဟုတ်တယ်၊ ခု ထွေးဆီ သွားမလို့ပဲ"

"အေး. . . အေး သွား၊ မင်းကို ထွေး စောင့်နေတယ်"

ကိုသူရသည် လှေကားမှ အပြေးအလွှား ဆင်းသွားလေသည်။ မိသည် ကိုသူရ၏ နောက်ကျောကို ငေးစိုက်ကာ ကျန်ရစ်သည်။ ရှပ်ဖြူလက်တိုနှင့် မန်ကျည်းကွက်စိပ် အနက်ချည်လုံချည်မှာ မိမျက်စိထဲတွင် ယနေ့ထက်တိုင် ပြန်လည်မြင်ယောင်နေသေးသည်။ ထိုစဉ်က မိ၏အမြင်၌ ကိုသူရသည် မြန်မာ့လွတ်မြောက်ရေး တိုက်ပွဲတွင် ရှေ့တန်းမှ ဝင်ရောက်ဆင်နွှဲမည့် မျိုးချစ်လူငယ်လေးဟု မတွေးတတ်သေး။ မိ၏စိတ်ထဲ၌ကား ကိုသူရသည် ထွေး၏အစ်ကိုကြီး အကြီးဆုံး၊ မိမိ၏ နှစ်ဝမ်းကွဲအစ်ကို၊ လေးစားခံ့ညားထိုက်သော လူတစ်ယောက်အဖြစ်သာ မြင်နေခဲ့သည်။

"လှေကားက အတက်မှာ အစ်ကိုကြီးနဲ့ တိုက်မိလို့ ထွေးရယ်"

ထွေးသည် စားပွဲပေါ်တွင် နေ့စဉ်မှတ်တမ်းကို လူကြီးဂိုက်ဖမ်းကာ ရေးနေသည်။ ထွေး၏ လက်ရေးများသည် ဝိုင်းစက်လှပသည့်အပြင် ထွေးသည် မြန်မာစာ တော်သည်။ မိသည် ထွေးကဲ့သို့ ရေးတတ်ဖို့ နေနေသာသာ ဖြောင့်အောင် ပင် မဖတ်တတ်ပေ။

"အစ်ကိုကြီးက ဒီလိုပဲ အလုပ်သိပ်များတယ်၊ သူလေဘာမှမမြင်ဘူး၊ ထွေးနဲ့လဲ ခဏခဏ တိုက်မိတာပဲ"

"ထွေး အဲဒီစာအုပ်ထဲမှာ နေ့တိုင်း မှတ်တာပဲလားဟင်"

ထွေးက ခေါင်းညိတ်ပြလိုက်သည်။ မိသည် ထွေး၏

www.burmeseclassic.com


မှတ်တမ်းစာအုပ်ကို ဆွဲယူကြည့်လိုက်သည်။ မိစိတ်ထဲ၌ ထွေးကို အလွန်အားကျနေသည်။ ထွေးလို တော်ချင်သည်။ သိတတ်ချင်သည်။ စာအုပ်မှာ ကောပီစာအုပ်အရွယ် အနက်ရောင် ကတ်ထူဖုံးနှင့် ဖြစ်သည်။ စာအုပ်ထဲတွင် နေ့စွဲများ ပါသည်။

"ထွေး ခုမှ စမှတ်တာပါ။ ဒီစာအုပ်ကို အစ်ကိုကြီးက ပေးတာ၊ ထွေးဒိုင်ယာရီ မှတ်ချင်တယ်လို့ မေမေ့ကို ပူဆာ တာ အစ်ကိုကြီးက ကြားသွားလို့ ဒီစာအုပ်ကို မပျောက်စေနဲ့ ယူထား၊ ပြီးတော့ နေ့တိုင်း မှန်မှန်မှတ်ဆိုပြီး ပေးထားတာ"

၁၁နှစ်အရွယ်ထဲတွင် ရှိသေးသော်လည်း ထွေး၏ မျက်နှာ ဣန္ဒြေဆောင်ထားပုံမှာ လူကြီးအတိုင်းပင်။ မျက်လုံး လေး ပေကလပ် ပေကလပ်နှင့် ထွေးအား ငေးမောကြည့်ရှု နေသည်။

"ဒီလိုဆိုရင် မိလဲ မှတ်ချင်လိုက်တာ"

"မှတ်ပါလား မိရယ်၊ နေ့စဉ်မှတ်တမ်းထားတာဟာ အဖိုးတန်တဲ့ အကျင့်ပဲလို့ ထွေးတို့မေမေက ပြောတယ်"

"မိက ထွေးလို ရေးတတ်မှာ မဟုတ်ဘူး၊ ခက်တာပဲ"

မိတို့ကျောင်း၌ စတုတ္ထတန်းတွင် သူငယ်တန်းဖတ်စာ လောက်သာ သင်ရသည်။ မြန်မာစာကို အိမ်၌ သင်ရသည်။ မိ၏ မေမေက မအားသဖြင့် ဒေါ်ကြီးတော်သူ ဒေါ်နှင်း (ထွေးတို့မေမေ)က မိအား အားလပ်ချိန်၌ မြန်မာစာ သင်ပေးသည်။ ထိုအချိန်၌ မိမှာ မြန်မာစာ ၂တန်း၊ ၃တန်း လောက် တတ်နေပေပြီ။ ထွေးမှာမူကား ၄ တန်းတွင် ရှိသော် လည်း ၄တန်းမကအောင် မြန်မာစာ တတ်နေပေပြီ။ ထို့ပြင် မြန်မာဝတ္ထု

www.burmeseclassic.com


ဆောင်းပါး၊ ကဗျာများကို ဖတ်သဖြင့် စာအရည်ဝ၍ နေသည်။ ဦးဖိုးကျား၏ ကိုယ်တွေ့ဝတ္ထုတိုများ၊ တက္ကသိုလ် မဂ္ဂဇင်းမှ စာတိုလေးများနှင့် ဂန္ထဝင်လောက မဂ္ဂဇင်းဝတ္ထုတို လေးများကို စွဲ၍ဖတ်သဖြင့် ထွေး၏ အသက်အရွယ်နှင့် မြန်မာစာ ဗဟုသုတ မည်မျှရှိသည်ကို ခန့်မှန်းနိုင်ပေသည်။

"နေ့တိုင်း ရေးသွားရင် လွယ်သွားမှာပါ မိရယ်"

မိသည် ထွေး၏ ဒိုင်ယာရီစာအုပ်ကလေးကို ပြန်မပေး သေးဘဲ စူးစမ်းစိတ်နှင့် လှန်လှော၍ကြည့်နေသည်။ ဒိုင်ယာရီ၏ ပထမပိုင်းစာရွက်များတွင် လက်ရေးသေးသေးနှင့် ခပ်သော့ သော့ရေးထားသော စာလုံးလေးများကို တွေ့ရသည်။ ဒါ ကိုသူရ၏ လက်ရေးပဲဟု မမေးဘဲ တွေးကြည့်လိုက်သည်။

"ဒီစာအုပ် မိကို ခဏငှားပါကွယ်"

မိသည် ထွေးအား တောင်းတောင်းပန်ပန်နှင့် ဒိုင်ယာရီ စာအုပ်ကို ခဏငှားလေသည်။ ထွေးကမူ ငှားရန် ငြင်းဆန်နေ သည်။ မိက မျက်နှာငယ်လေးနှင့် တစ်ညလောက် ငှားပါဟု အထပ်ထပ် တောင်းပန်လွန်းသဖြင့် မငြင်းဆန်သာဘဲ ပေးလိုက် သည်။

ည အိမ်သို့ရောက်လျှင်ရောက်ချင်း ကျောင်းသုံးကော်ပီ စာအုပ်တစ်အုပ်ကို ထုတ်ကာ ထွေးဆီမှ ယူလာသော ဒိုင်ယာရီမှ ကူးယူလေသည်။ ထိပ်ဆုံးပထမမျက်နှာ၌ ကိုသူရ၏ ကသီကရီ လက်ရေးသော့လေးများကို တွေ့ရလေသည်။ ကိုသူရ ရေးထား သော စာလုံးများကို နားမလည်ဘဲနှင့် ကလေးများ လက်ရေး လှ ရေးသကဲ့သို့ တစ်လုံးစီ ကူးရေးလေသည်။

www.burmeseclassic.com


**လွတ်လပ်ရေးတိုက်ပွဲ. . .**

လူတိုင်း၌ ညီမျှသော အခွင့်တရား ရှိသင့်သည်။ လူတစ်မျိုးက လူတစ်မျိုးကို အုပ်ချုပ်ရန် အလိုမရှိ။

**သွေးနှင့်လဲရသည်. . .**

လွတ်လပ်ရေးကား သွေးနှင့်လဲယူရသော အလုပ်ဖြစ်၏။ ရာထူး လခနှင့် လဲယူခြင်းသည် လွတ်လပ်ရေး အစစ် မဟုတ်။ သို့ဖြစ်လျှင် ဤလူယုတ်များကို သုတ်သင်ရဲသော အာဇာနည်များ အဘယ်ကြောင့် မပေါ်ထွက်သေးသနည်း။

**တွေးကြည့်ပါ. . .**

မိတ်ဆွေ. . . အဆွေသည် မြန်မာလူမျိုး ဖြစ်ပါသည်။ မော်တော်ကားကြီးစီး၊ တိုက်ကြီးတာကြီးနှင့် စည်းစိမ်ယစ်နေသောအခါ အမိုးမလုံ၊ သားသမီး တစ်ပြုံကြီး နှင့် တဲကုပ်ကလေးတွင် ငုတ်ပြုတ်ခွေလဲနေသော မြန်မာများကို တွေးကြည့်ပါ။

**အလိုရှိသည်. . .**

(ဗာလနံ) မဟုတ်သော လူမိုက် အလိုရှိသည်။ အလုပ်လုပ်လိုသူများသည် မည်သည့်နေရာမှ လျှောက်ထား ဖို့ မလို။ **နိုင်ငံရေး ဇာတ်ခုံတွင် ကိုယ်ကျိုးမငဲ့ဘဲ က ပြကြပါ။**

**(ရဲသတင်းစာမှ ကောက်နုတ်ချက်များ)**

www.burmeseclassic.com


မိသည် လက်ရေးကို လှနိုင်သမျှ လှအောင် ကြိုးစား ပမ်းစား ရေးကူးလေသည်။ "နိုင်ငံရေးဇာတ်ခုံတွင်၊ ကိုယ်ကျိုး မငဲ့ဘဲ ကပြကြပါ" ဆိုသည့် နေရာ၌ ကိုသူရက မင်နီနှင့် မျဉ်းသားထားသည့်အတိုင်း မိမိလည်း ခဲတံအနီနှင့် တား လိုက်သည်။ ဘာဆိုလိုသည်ကိုတော့ မိမှာ အတိအကျ နား မလည် ရှာပေ။

လက်မောင်းကို အညောင်းဆန့်ခါလိုက်ကာ ဆက်မကူး ဘဲ ရပ်ထားသည်။ စာအုပ်ကို ငှားလာစဉ်ကတော့ တစ်အုပ် လုံးကို ဇွဲနှင့်ကူးမည်ဟု ယူလာခဲ့ပေသည်။ ခုတော့ မောသွားပေပြီ။ နောက်မှပဲ ငှားပြီး ကူးတော့မယ်လေဟု တွေးကာ စာရွက် များကို တဖျပ်ဖျပ် လှန်လှောကြည့်ရှုနေမိသည်။

စာအုပ် တစ်နေရာတွင် မင်နီဖြင့် ကြက်ခြေခတ်ထား သဖြင့် ကြည့်လိုက်သည်။

၁၉၃၉ - ခု၊ စက်တင်ဘာလ ၁ - ရက်နေ့။

ဂျာမန်တို့ ပိုလန်ကို ဝင်တိုက်သောနေ့ ဖြစ်သည်။

ယေဘုယျအားဖြင့် ဒုတိယကမ္ဘာစစ် စတင်ဖြစ်ပွား

သောနေ့ဟု သတ်မှတ်ရပေမည်။

မိအဖို့ သူ့တွင် မသိသေးသော အရာများ မြောက်မြား စွာ ရှိပါသေးတကားဟု အားငယ်စွာ တွေးနေမိသည်။ ဂျာမန် ဆိုတာ ဘယ်မှာမှန်း မသိ။ ပိုလန်ဆိုတာလည်း မသိ။ ယုတ်စွ အဆုံး "ဒုတိယကမ္ဘာစစ်" ဆိုသည်ကိုလည်း နားမလည်ပေ။ "ယေဘုယျ" ဆိုသော စကားကလည်း ဘယ်လို အဓိပ္ပာယ် ရှိသနည်း။ သည်စကားကို တစ်ခါမှ ကြားပင် မကြားဖူးပေ။

www.burmeseclassic.com


သူ မသိသေးသော အရာများကို သူ့အား မည်သူက ပြေလည်အောင် လာလို့ ရှင်းပါမည်နည်း။ ဖေဖေမှာ ရုံးတွင် တကုန်းကုန်းနှင့် အချိန်ကုန်ကာ အိမ်အပြန်တွင် ပက်လက်ကုလားထိုင်မှာ ခြေပစ်လက်ပစ်လှဲကာ အပန်းဖြေရသူတည်း။ မေမေက မြို့နှင့်တော ကူးသန်းကာ ကုန်ခြောက်များကို ရောင်းဝယ်ဖောက်ကားသည်။ မေမေသည် စီးပွားရေးသမား သက်သက်ဖြစ်၍ ငွေကိုရသမျှ ရှာသည်။ ဖေဖေကလည်း အချိန်မှန်မှန် လခထုတ်ကာ တစ်နေကုန် ရုံးတွင် သံသရာလည်ရသော စာရေးကြီး ဖြစ်သည်။

ထို့ကြောင့် မိတို့အိမ်မှာ ထွေးတို့အိမ်လို ပျော်စရာမကောင်းလှပေ။ မိသည် တစ်ချိန်လုံး ထွေးတို့အိမ်သို့ ကူးလို့နေသည်။ ကြာတော့ မိသည် ထွေးတို့အိမ်သား ဖြစ်မှန်းမသိ ဖြစ်လာလေသည်။

* * *

www.burmeseclassic.com


# (၂)

၁၉၄၁ ခုနှစ်။

သုံးရာသီ၊ နာရီချိန်များလည်း ပြောင်းခဲ့ပေပြီ။

မနေ့တစ်နေ့ကလိုပင် ရွက်ကျင်ရွက်ဟောင်းများ ကျကြွေ ညှောင်း၍ ဥသြငှက်လေးများ တေးဖွဲ့သီခဲ့ပေပြီ။ နွေနှောင်းပြန် တော့ ဝဿန်မိုးဦးသည် ကခုန်မြူးတူးကာ ရင့်ကျူးရိုက်ဆော် လာခဲ့ပြန်လေသည်။ တစ်ဖန် ဝဿန်မိုးနှောင်း ရာသီဆောင်း ရောက်ခဲ့ပြန်သဖြင့် ငွေနှင်းများ မှုန်ရီဝေလာခဲ့တော့သည်။

ရာသီဆောင်းနှောင်းမှ နွေတပေါင်း - နွေတပေါင်းမှ တစ်ဖန် - တစ်ဖန်. . . ရာသီသုံးပါးသည် လည်ပတ်၍ နေတော့ သည်။

မနေ့တစ်နေ့ကလိုပင် ပိတောက်ပန်းများ ဝေဝေဆာဆာ ပွင့်သည်ကို မြင်ခဲ့ရသေးသည်။ ဟော - ယခုတစ်ဖန် ပိတောက် ပန်းများ ပွင့်ကြပြန်လေပြီ။ တန်ခူးဆန်းစရက် ဖြစ်သဖြင့် ပိတောက်တို့သည် ထိန်ထိန်ဝေနေသည်။

“အတော်ပဲ မိရေ. . . ထွေး မိဖို့ ပိတောက်ပန်းတွေချန် ထားတယ်၊ တစ်ခိုင်လုံးပဲ၊ တစ်ခေါင်းလုံး ဖုံးသွားအောင် ပန် ပေတော့”

www.burmeseclassic.com


မိနှင့်ထွေးတို့သည် ၁၂နှစ်ကျော်ခဲ့ပြီ ဖြစ်သဖြင့် သိသိသာသာကြီး ထွားလာကြသည်။ မိကမူ ထွေးထက် အရပ်ပိုရှည်သဖြင့် ထွားမှန်းသိသာသည်။ ထွေးကမူ ပုပုဝိုင်းဝိုင်းလေးနှင့် တစ်မျိုးကြည့်ကောင်းနေပြန်သည်။ မိက သိသိသာသာလှပ၍လာသည်။

မိသည် ထွေးပေးသော ပိတောက်ခက်များကို မတိုမရှည်ဘော့ဟဲယား ဆံပင်တွင် ချိုး၍ ချိုး၍ ပန်လေသည်။

"ဟယ်. . .မိ ပန်ထားတာက လှသကွယ်၊ ဒီမှာ မှန်ကြည့်စမ်း"

မိသည် ဗီရိုအနီးသို့ လျှောက်ကာ မှန်ရှေ့တွင် ခေါင်းကိုလှည့်ကာ ကြည့်နေသည်။

"ထွေး ပန်ထားတာလဲ လှပါတယ်"

ထွေးသည် ဆံပင်အရှည်ကို ဖဲပွင့်ချည်ကာ၊ ချည်ထားသော နေရာကို ဝိုင်းပတ်ကာ ပန်ထားလေသည်။ မိနှင့် ထွေးသည် တစ်ယောက်ခါး တစ်ယောက်ဖက်ကာ မှန်ကြည့် နေကြသည်။ ခေါင်းချင်းယှဉ်တွဲကာ ရယ်မောနေကြသည်။ မိ၏ လှပဖြူဖွေးသော သွားတက်ကလေးများသည် ချစ်စဖွယ် ပြုံးပြက်ကာ ထွေး၏ ပါးကလေးနှစ်ဖက်သည် ချိုင့်ဝင်သွားတော့သည်။ တစ်ဦးက သွားတက်ကလေးများနှင့်၊ တစ်ဦးက ပါးခွက်ကလေးများ ပိုင်ကြ၍ ချစ်စရာ အရွယ် ပျိုလေးများသာတည်း။

"နင်တို့ချည်းပဲ ပန်နေကြတာပဲဟယ်၊ ငါ့ကိုတော့ ပေးမပန်ကြဘူးလား"

ထွေးတို့သည် နောက်မှလာသော အရိပ်ကို မှန်ထဲက

www.burmeseclassic.com


လှမ်း၍ကြည့်လိုက်သည်။ ထွေး အစ်ကိုငယ် "ကိုရန်နောင်" သည် ပြုံးဖြီးဖြီးမျက်နှာနှင့် ထွေးတို့အား ကြည့်နေသည်ကို တွေ့ရသည်။ ကိုရန်နောင်မှာ ထိုစဉ်က ၁၇နှစ်မျှသာ ရှိသေးသည်။ ကိုရန်နောင်မှာ အသားညို၍ အနည်းငယ် ပိုဝသည်မှအပ ကိုသူရ၏ ရုပ်ရည်အတိုင်းပင် ရှိသည်။ မပြောဘဲနှင့်ပင် ကိုရန်နောင်အား ကိုသူရ၏ညီမှန်း သိသာသည်။ မျက်နှာထားမှာမူ ကိုသူရကဲ့သို့ မတင်းမာပေ။ အမြဲရွှင်ပျပျနှင့် ချိုပြုံးနေသည်။

"ကိုလေးနောင်က မိန်းမလျှာဆိုရင် ပန်လေ. . ရော့"

"ငါ စတာပါဟယ်. . . နင်တို့မိန်းကလေးတွေဟာ တယ်လှချင်တာကိုးနော်"

"ဒါပေ့ါ လှချင်တာပေ့ါ၊ ကိုလေးနောင် ထွေးတို့လို လှချင်လို့ ရသလား"

"မလှချင်ပါဘူးဟယ်၊ အချိန်ကုန်ပါတယ်၊ ခုနက နင်တို့မှန်ကြည့်နေတာ ၁၅မိနစ်လောက်ကြာတယ်၊ ငါနင်တို့ ဘယ်လောက်ကြာကြာ မှန်ကြည့်မလဲလို့ အသာစောင့်ကြည့်နေတာ"

"ကြည့်စမ်း. . . ကိုလေးနောင် အသံမပေး ဘာမပေးနဲ့ မကောင်းဘူးကွယ်၊ မိတို့ ရှက်ပါတယ်"

ထွေးနှင့် မိတို့သည် ကိုရန်နောင်အား ဝိုင်း၍ ထုကြကုန်သည်။

"ရှူး. . . တိုးတိုးကွ၊ နင်တို့ ဘာမှမသိလိုက်ဘူး၊ ခုအိမ်မှာ ဘာဖြစ်နေသလဲ သိလား"

www.burmeseclassic.com


ကိုရန်နောင်၏ မျက်နှာထားမှာ ချက်ချင်း တည်သွားလေသည်။

"ဘာဖြစ်လို့လဲ. . . ကိုလေးရဲ့"

"ထွေး. . . နင် ဘာသိမလဲ၊ နေ့လယ်က နင် မိမိတို့အိမ်သွားတုန်းက တို့အိမ် ပုလိပ်တွေ ဝိုင်းထားပြီး ရှာကြတယ်"

"ဟင်. . . ပုလိပ်တွေ ရှာတယ်၊ ဘာရှာတာလဲ"

မိမိသည် နကိုပြူးသော မျက်လုံးလေးများ ဝိုင်းကာ မေးလိုက်သည်။

"ဖေဖေ့ကို မသင်္ကာလို့တဲ့၊ အင်္ဂလိပ်ကို တော်လှန်ပုန်ကန်ဖို့ မြန်မာပြည်က လူငယ်တွေကို စည်းရုံးတယ်၊ လျှို့ဝှက်ကြံစည်တယ်ဆိုပြီး မသင်္ကာစရာ ပစ္စည်း တွေ့မလားလို့ ရှာတာပဲ၊ ပစ္စည်းတစ်ခုခုများ တွေ့ရင် ဖေဖေ့ကိုတော့ လက်ထိပ်ခတ်ပြီး ဖမ်းအချုပ်ပဲ"

"ပစ္စည်း. . . ဘာပစ္စည်းလဲ"

မိနှင့် ထွေးတို့သည် နားမလည်သဖြင့် ပြိုင်တူ မေးလိုက်ကြသည်။

"နင်တို့ကလဲ နားဝေးရန်ကောဟာ၊ စာရွက်စာတမ်းတို့၊ လက်နက်တို့ပေါ့ဟာ"

"သူတို့ တွေ့မသွားဘူးပေါ့"

"ဘယ်တွေ့မလဲ၊ သူတို့ရှာတာတော့ အတော် နှံ့နှံ့စပ်စပ်ပါပဲဟာ၊ မေမေ့ထဘီဖာတောင် မကျန်ဘူး ရှာတာ၊ မြန်မာပုလိပ်အချို့ကတော့ တော်ရှာပါတယ်၊ မြန်မာအချင်းချင်းမို့ ဝတ်ကျေတန်းကျေပဲ ရှာတယ်၊ မအေပေး လူမျိုးခြားတွေက

တော့ နယ်ချဲ့လက်ကိုင်တုတ်ပီပီ ရှာလိုက်ကြတာ တစ်အိမ်လုံးကို ပြောင်းဆန်လို့”

မိသည် တစ်နှစ်လောက် အချိန်ကုန်မြောက်ခဲ့ပြီ ဖြစ်သဖြင့် နားရည်ဝလာကာ “နယ်ချဲ့”၊ “လက်ကိုင်တုတ်” ဆိုသော စကားများကို ရိုးတိုးရိပ်တိတ် သိနားလည်လာလေသည်။

“ဒီလိုဆိုတော့ ဖေဖေ ကံကောင်းသွားတာပေါ့. . နော်”

ထွေးသည် သက်မချကာ ပြောလိုက်သည်။

“ခုလောလောဆယ်မှာတော့ လွတ်သွားတာပေါ့၊ ဒါပေမဲ့ နယ်ချဲ့အစိုးရကတော့ ဖေဖေ့ကို ဘာအလွတ်ပေးတော့မလဲ၊ နိုင်ငံရေး လူဆိုးစာရင်းထဲ သွင်းလိုက်ပြီး တစ်နေ့မဟုတ်တစ်နေ့ အကြောင်းရှာပြီး ဖမ်းဦးမှာပဲ”

“ဟင်. . . ဦးကြီးအတွက် ဒုက္ခပဲပေါ့”

မိသည် လူကြီးဟန်နှင့် တည်ကြည်စွာ ဝင်ပြောလိုက်သည်။

“အံမာလေး. . . ဖေဖေကဖြင့် ဖြုံပါဘူး၊ တိုင်းပြည်နဲ့ လူမျိုးအတွက် သေရမယ်ဆိုရင် နှစ်ခါပြန်သေပါစေတဲ့၊ မြတ်သော သေခြင်းမို့ ဂုဏ်တောင်ယူစရာကောင်းပါသေးတယ်တဲ့၊ မေမေကတော့ ဖေဖေ့အတွက် စိတ်ပူလို့ မနက်က ထမင်းတောင် မစားဘူး”

တိုင်းပြည်အတွက် အသက်စွန့်မည်ဆိုသော စကားများကား မိအတွက် ရိုး၍ပင်နေချေပြီ။ ထွေးထံမှ စာအုပ်များ ငှားကာ မြန်မာပြည် သူရဲကောင်းများအကြောင်း၊ ဇာတိမာန် တက်ကြွစရာ ရာဇဝင်သမိုင်းများ၊ ခေတ်ပြုပြင်ရေး ဆောင်းပါးများကို ဖတ်ကာ တိုင်းပြည်ကို ချစ်ရကောင်းမှန်းလည်း သိလာ

www.burmeseclassic.com


လေသည်။

မိ အိမ်သို့ပြန်ရန် ထမင်းစားခန်းကို အဖြတ်တွင် ဦးကြီး ဦးဘကျော် (ထွေးတို့အဖေ)အား ပက်လက်ကုလားထိုင် တစ်လုံးပေါ်တွင် ဆေးပြင်းလိပ် ပါးစောင်တွင်ခဲကာ မယ်ဒလင် ကြိုးညှိနေသည်ကို ဣန္ဒြေမပျက် တွေ့ရလေသည်။

ဦးဘကျော်မှာ အရပ် မနိမ့်မမြင့်၊ အသားလတ်လတ်နှင့် ခံ့ညားသော ဥပဓိရုပ်ရှိသည်။ အသက် ၄၅နှစ်ခန့် ရှိသော်လည်း နုပျိုစိုပြည်ဆဲ ဖြစ်သည်။ ဦးဘကျော်၏ မျက်နှာပေါက်မှာ ထွေးနှင့် သွားတူသည်။ မျက်နှာဝိုင်းဝိုင်း၊ နဖူးမကျဉ်းမကျယ်၊ မေးရိုးကားကား၊ နှာတံမြင့်မြင့်၊ စူးရှတောက်ပြောင်သော မျက်လုံးများ၊ ပါးလွှာပိရိသော နှုတ်ခမ်းတို့နှင့် ကြည့်ပျော်သည်။ ထွေးက ဦးဘကျော်ထက် မျက်လုံးပိုလှကာ မေးရိုးမကားသဖြင့် မိန်းမဆန်ကာ ပို၍ကြည့်ပျော်ပေသည်။

“သီချင်း နားထောင်ဦးမလားဟေ့. . . မိမိရေ”

ဦးဘကျော်သည် အမျိုးသားကျောင်းဆရာကြီး ဖြစ်သည်။ ကျောင်းဆရာလခနှင့် ပြောပလောက်အောင် ဝင်ငွေမရှိသော်လည်း အိမ်၌ကိုယ်ပိုင်ကျောင်း ဖွင့်ထားသဖြင့် ဟန်ကျပန်ကျ နေနိုင်ပေသည်။ ဦးဘကျော်သည် ဂဏန်းသင်္ချာ နိုင်နင်းသည်။ မြန်မာစာကို အတွင်းကျကျ တတ်ကျွမ်းသဖြင့် ကျော်ကြားလေသည်။ ဦးဘကျော်မှာ မည်သည့်အကြောင်းအရာမဆို ခရေစေ့တွင်းကျ ချက်နှင့် ပြောတတ်လေသည်။ သို့ကြောင့် ဦးဘကျော်ကို အများက ဝိုင်း၍ လေးစားကြည်ညိုကြလေသည်။

www.burmeseclassic.com


မိနှင့် ထွေးတို့သည် သီချင်းဝါသနာပါသဖြင့် ဦးဘကျော် အနီးတွင် ကျုံ့ကျုံ့လေးထိုင်ကြသည်။ ဦးဘကျော်ကား ကြိုးညှိ၍ မယ်ဒလင်လက်သံကို စမ်းကာ မြဝတီမင်းကြီးဦးစ စပ်ဆိုရေးသားသော "စိန်ကြောင်နီလာ" ပတ်ပျိုးကို ဆိုတီး တီးလေသည်။ ဦးဘကျော်၏ အသံမှာသြ၍ အောင်မြင်ပြတ်သားလေသည်။ ဦးဘကျော်သည် ဂီတတွင် နိုင်နင်းပုံ ရသည်။

စိန်ကြောင်နီလာ၊ ထိန်ဖြာဝင်းမှည့်မှည့်၊ ဖန်ရှိန်ငယ် သိင်္ဂါ အရောင်ဝေ x x မှောင်ချွေပယ်ခွာ၊ မြတ်မွန်ရတနာ လျှံညီလင်း x x x ရွှေနန်းဆောင်ဘုံမှာ၊ ကြယ်ပေါင်းရွှေရံသော်တာ၊ ချိုးကျူး ငယ်ဆယ်မည် သံသာညင်း x x ပျော်တော်ခင်း x x x

*

နောက်တစ်နေ့၌ ဧပြီလဆန်း ၄ရက် ဖြစ်ကြောင်းကို မိနှင့်ထွေးတို့ မှတ်တမ်းများတွင် ရေးမှတ်ထားကြလေသည်။

ညနေ လေညင်းညင်း တိုက်ခတ်သောအချိန်၌ ထွေးသည် အိမ်ရှေ့လမ်းဘက်သို့ ထွက်ကာ ကြိုးခုန်ကစားနေသည်။ ထွေးတို့နှင့် အိမ်ချင်းကပ်ရက် ဘေးအိမ်မှ ထားဝယ်မှိုင်းပန်းများကို မိသည် ခူးပန်ကာ ထွေးကို စောင့်ကြည့်နေသည်။ ထိုအိမ်မှာ ထွေးတို့ အိမ်ပိုင်ရှင်ဖြစ်ကာ သစ်စက်သူဌေး ဖြစ်သည်။ သစ်စက်သူဌေးအိမ်တွင် မိန်းမ မရှိသဖြင့် ယောကျ်ားဧည့်သည်များ ဥဒဟို တည်းခိုကြသည်။

www.burmeseclassic.com


“ထွေး လေ့ကျင့်ခန်း ယူနေသလားဟေ့”

တစ်ဖက်အိမ်မှ အသက် ၂၀ကျော်ခန့် လူရွယ်တစ်ယောက်သည် ထွေးအားကြည့်ကာ လှမ်းမေးလိုက်သည်။ ထွေးသည် ကြိုးကို ပခုံးတွင် တွဲလောင်းချိတ်ကာ လူရွယ်ဘက်သို့ လျှောက်လာသည်။

“ဟင့်အင်း . . ထွေးပျင်းလို့ အလကားဆော့နေတာပါ”

ထွေးသည် နဖူးနှင့် နှာခေါင်းဖျားမှ ချွေးများကို လက်ဖမိုးနှင့် သုတ်ကာနေသည်။ လူရွယ်သည် မိကိုတစ်လှည့်၊ ထွေးကိုတစ်လှည့် ပြုံးကာကြည့်နေသည်။ လူရွယ်၏ အပြုံးမှာ နှစ်လိုဖွယ်ရှိသည်။ သူသည် သခင်သန်းထွန်း၏ညီအရင်း “ကိုညီလေး”ဆိုသူ ဖြစ်သည်။ အရပ်ပြတ်ပြတ်၊ အသားလတ်လတ်၊ မပိန်မဝနှင့် မျက်နှာပေါက်မှာ သခင်သန်းထွန်း၏ မျက်နှာပေါက်မျိုး ဖြစ်သည်။ ကတုံးဆံတောက်နှင့် နဖူးအနည်းငယ် မောက်သယောင် ရှိသည်။ သူ၏ ချိုပြုံးသော မျက်နှာထားကြောင့် မျက်နှာမှာ ကျက်သရေရှိပေသည်။ ရှပ်ဖြူလက်တို၊ ပလေကပ်လုံချည် အဖြူနှင့် အညိုစင်းကို သန့်ပြန့်စွာ သော့တွဲချိတ်ထားပုံကို သဘောကျကာ သူလည်း သော့တွဲ ချိတ် ဝတ်ချင်စိတ် ပေါက်သည်။

“သူက ဘယ်သူလဲ၊ တော်တော်လှချင်တယ် ထင်တယ်ဟေ့၊ ဦးဦးတို့ခြံက ပန်းတွေ ခိုးပန်လို့”

မိသည်ရှက်သွားကာ မျက်နှာ ပန်းရောင်လျှမ်းလာသည်။

“မိလေ ဦးဦးရဲ့၊ ထွေးနဲ့ ညီမနှစ်ဝမ်းကွဲ တော်တယ်”

ထွေးက သွက်လက်စွာ ဖြေလိုက်သည်။

www.burmeseclassic.com


"ဘယ်သူက မမလို့ ခေါ်ရသလဲ"

နှစ်ယောက်စလုံး ကြောင်နေသည်။ နောက်မှ ထွေးက တစ်ဖန် . . .

"ဟင့်အင်း . . ဘယ်သူကမှ မခေါ်ရဘူး၊ ထွေးနဲ့မိက ရွယ်တူပဲ၊ နှစ်ယောက်စလုံး အောက်တိုဘာလမှာ တစ်နှစ်တည်း၊ တစ်လတည်း မွေးတာ ဦးဦးရဲ့၊ ထွေးကမိထက် ၇ ရက်တော့ ကြီးတယ်လို့ မေမေက ပြောတယ်"

"ဒီလိုဆိုယင် မိမိက ထွေးကို မမလို့ ခေါ်ရမှာပေါ့"

"မခေါ်ပါဘူး"

မိသည် ခပ်ပြတ်ပြတ်ဖြေကာ ခေါင်းယမ်းပြလေသည်။ ပြီးနောက် ထွေးနှင့် ကိုညီလေးတို့ စကားပြောနေကြသည်။ မိက စကားနည်းသဖြင့် "မိမိက တယ်စကားများတာပဲ၊ နား ကိုငြီးရော"ဟု ကိုညီလေးက မိကို စလေသည်။

"မနေ့ညနေက ဆရာကြီး ဦးဘကျော် အရက်တွေမူးပြီး ထွေးထွေးကို ရိုက်တယ်ဆို"

သည်တစ်ခါ ကိုညီလေးက ထွေးအား နောက်ပြောင်သည်။

"ဟင် . . ဦးဦးကလဲ ဖေဖေက ထွေးကို ဘယ်တော့မှ မရိုက်ပါဘူး"ဟု ရှက်စနိုးနှင့် ဖြေလေ၏။

"အရက်မူးတာတော့ ဟုတ်တယ်ပေါ့"

"အင်း . . . ဟုတ်တယ်"

ထွေးသည် ဖြေပြီးပြီးချင်း အိမ်ထဲသို့ ဝင်ပြေးလေသည်။ မိလည်း နောက်မှ ပြေးဝင်သွားသည်။ ကိုညီလေးမှာ ကလေး

www.burmeseclassic.com


ချစ်တတ်ပုံရသည်။ ကလေးများကို စိတ်ရှည်လက်ရှည် ပြောဆိုဆက်ဆံတတ်သည်။

*

ယခုတစ်လော ကိုသူရသည် အပြင်ထွက်နေသည်က များသည်။ ထမင်းမှန်း ဟင်းမှန်းပင် မသိ။ ညဘက်လည်းအိမ်ကပ်သည်မရှိပေ။ နကိုပိန်သည့်အထဲ အရပ်ကြီးမှာ ပို၍ရှည်လာသလို ထင်ရအောင် ပိန်သွားသည်။ မျက်ကွင်းလည်း ချောင်ကျနေသည်။

မိသည် ဧပြီလ ၄ရက်၊ ၅ရက် ညများ၌ မေမေ တောသွားနေသဖြင့် ထွေးနှင့် လာအိပ်ရသည်။

ည ၂နာရီတွင် တစ်ရေးနိုးတတ်သဖြင့် အိပ်ရာမှ အပေါ့သွားရန် အထတွင် ကိုသူရတို့ စာကြည့်စားပွဲမှာ မီးလင်းကာ ကိုသူရအား စာရေးနေသည်ကို တွေ့ရပေသည်။ မိ နိုးသဖြင့် ထွေးလည်း လိုက်နိုးသည်။ "အစ်ကိုကြီး မအိပ်သေးဘူး၊ စာရေးနေတာတွေ့တယ်"ဟု မိက လေသံလေးဖြင့် တိုးတိုးလေး ပြောလိုက်သည်။ ထွေးကလည်း လေသံဖြင့် "ဟုတ်တယ်၊ ခုတစ်လော အစ်ကိုကြီး အလုပ်ရှုပ်နေတယ်" ဟု ပြန်ဖြေသည်။ "ဘာတွေရှုပ်နေတာလဲ"ဟု မိ၏ အမေးမှာ အသံကျယ်သွားသဖြင့် ထွေးက ပါးစပ်ကို လက်ညှိုးနှင့်ကပ်၍ "ရှူး. . တိုးတိုး၊ ဘာတွေ ရှုပ်နေသလဲဆိုတာ ထွေးလဲ မသိဘူး"ဟု ခေါင်းယမ်းပြသည်။ နှစ်ယောက်သား တိုးတိုးကလေး ရယ်မောကြသဖြင့်

www.burmeseclassic.com


"ခွိ" ခနဲ အသံမြည်သွားသည်။

နောက်ည. . .

နောက်ည ၁နာရီနီးပါးခန့်တွင် မိသည် အိပ်ရာမှ လန့်နိုးလေ၏။ မိသည် အမှောင်ကို စမ်းကာ ခုတင်ခေါင်းရင်းမှ မီးခလုတ်ကို ဖွင့်လိုက်သည်။ အိပ်ခန်းအပြင်ဘက်သို့ထွက်လာလျှင် ကိုသူရအား ပက်လက်ကုလားထိုင်ပေါ်တွင် မှီထိုင်ကာ မျက်လုံးများ အမိုးသို့လှန်၍ တွေးနေသည်ကို တွေ့ရသည်။ ည ၁နာရီခန့် မှောင်မှောင်မည်းမည်းကြီး၌ တစ်ယောက်တည်း ပက်လက်ကုလားထိုင်ပေါ်တွင် မအိပ်သေးဘဲ မျက်စိ အပြူးသားနှင့် ထိုင်နေသည်မှာ မည်သို့သော အကြောင်းပေနည်း။ ကိုသူရ၏ ရင်ထဲ၌ မည်သည့်အရာများ ကိန်းအောင်းနေသနည်း။ မေးလည်း မမေးရဲပေ။

မိမှာ သိချင်နေသည်။ လိပ်ပြာလေး ဖြစ်လိုစမ်းချင်သည်။ လိပ်ပြာလေးသည် သူ၏ရင်ထဲကို ထိုးဖောက်ဝင်ကာ ဝမ်းထဲဘာတွေရှိသည်ကို စုံစမ်းလိုက်မည်။ ကိုသူရသည် ဘယ်အချိန်ကများ မှောင်ထဲတွင် ထိုင်နေပါလိမ့်။ ခြင်တို့၊ ဖြုတ်တို့ အကိုက်ခံကာ မှောင်ထဲတွင် ဖွဲကြီးမဲကြီး ထိုင်၍ တွေးနေ သော အတွေးသည် မည်မျှ နက်နဲပေသနည်း။

"မိမိ တစ်ရေးနိုးလာတယ် ထင်တယ်"

"ဟုတ်. . ဟုတ်ကဲ့၊ မိ ရေသောက်မလို့"

မိသည် သူ့အတွေးနှင့် သူ လန့်ကာ ခြေလှမ်းများပင် တုံ့သွားလေသည်။

"ညီမလေးထွေးကတော့ အိပ်မောကျနေမှာပေါ့၊ ထွေးက

www.burmeseclassic.com


အအိပ်ကြီးတယ်ကွ၊ မိကတော့ အိပ်ရာပြောင်းလို့ ကောင်းကောင်း အိပ်မပျော်ဘူးထင်တယ်”

ဤမျှ စိတ်ရှည်လက်ရှည် စကားမပြောဖူးသဖြင့် မိသည် ကိုသူရကို တအံ့တသြ ငေးမောကြည့်ရှုနေမိသည်။ ကိုသူရသည် အနက်ရောင် ယောလုံချည်ကို ဝတ်ထားသည်။ ရှပ်ဖြူလက်ရှည် မှာ ကြယ်သီးမတပ်၊ ခေါက်လည်းမခေါက်ထားဘဲဘိုသီဘတ်သီ ဝတ်ထားသည်။ ဘိုကေဆံစမှာ ဖွာ၍နေပေသည်။ အသက် ၂၀ ကျော်မျှ ရှိသေးသော်လည်း သူ့ရုပ်သွင်မှာ ရင့်ကျက်နေပေပြီ။

* * *

www.burmeseclassic.com


# (၃)

ဧပြီလဆန်း ၆ ရက်နေ့။

ညဘက်တွင် ထွေးတို့အိမ်၌ ဧည့်သည်များ ကျလာသည်။ အသားမည်းမည်း၊ ခပ်ဝဝ၊ ပင်နီအကျႌနှင့် ယောလုံချည် ဝတ်ထားသော သခင်ဖေတင်ဆိုသော အသက် ၄၀ခန့် လူကြီးတစ်ဦးက ပထမဦးဆုံး ဧည့်သည်တည်း။ သခင်ဖေတင်နှင့် ထွေးတို့ဖေဖေ ဦးဘကျော်တို့ အချီအချ အငြင်းအခုံ ဖြစ်ကြသေးသည်။

နောက်တစ်ဦးမှာ ၇ နာရီခန့်တွင် ပေါက်လာသည်။ သူကားအသက် ၂၁နှစ်ခန့်ရှိသော လူငယ်တစ်ဦးတည်း။ အရပ်ခပ်မြင့်မြင့်၊ အသားလတ်လတ်၊ ကတုံးဆံတောက်နှင့် ကိုရွှေဆိုသူတည်း။ (ကိုရွှေမှာ ရဲဘော်သုံးကျိပ်ဝင် ဖြစ်ပြီး၊ နောင် တွင် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောအမည်နှင့် ကျော်ကြားလေသည်။) ကိုရွှေမှာ ဦးဘကျော်နှင့် ဆွေးနွေးပြီး ၉နာရီခန့်တွင် ပြန်သွားသည်။

ထွေးတို့မေမေ ဒေါ်နှင်းက ဧည့်သည်များကို လက်ဖက်သုပ်၊ လက်ဖက်ရည်ကြမ်းများဖြင့် ဧည့်ခံလေသည်။ ထွေး တို့မိတို့မှာ နတ်ကရာ ကြည့်မော့ဆိုသလို ဧည့်ခန်း မလှမ်းမကမ်း

www.burmeseclassic.com


တွင် ထိုင်ကာ ဝေးနေကြသည်။

နောက်ဆုံး အသားခပ်ညိုညို၊ အရပ်ပျပ်ပျပ်နှင့် ဦးဘကျော်၏ တပည့်ရင်း ကိုညိုဆိုသူ လာသည်။ ကိုညိုမှာ ဦးဘကျော်ကို အလွန်ကြည်ညိုလေးစားသော သူဖြစ်သည်။ အသက် ၃၀ခန့် ရှိပြီ ဖြစ်သည်။ ဦးဘကျော်နှင့် ကိုသူရတို့ သားအဖနှစ်ယောက် စကားပြောခိုက် ဝင်လာသည်။ "လာဟေ့. . မောင်ညို၊ ထိုင်" ဟု ဦးဘကျော်က လှမ်းခေါ်သည်။ ပြီးနောက် ကိုသူရ ဘက်သို့ လှည့်ကာ စကားဆက်သည်။

"ခုနစကားဆက်ရအောင်၊ မင်းတို့ အင်္ဂလိပ်ကို တော်လှန်ဖို့ စိတ်ကူးတာက ဟုတ်ပြီ၊ တို့မြန်မာမှာ ဓားမတို့ပဲရှိ တယ်၊ ဘယ်မလဲ လက်နက် ပြည့်ပြည့်စုံစုံ ရှိတာ၊ မင်းတို့ လူ ငယ်တွေ မိုက်ရူးရဲစိတ်နဲ့ ပြောနေတာပါကွာ၊ မင်းတို့ ဘာ စစ်ပညာ တတ်လို့လဲ"

"ကျွန်တော်တို့ ဒီအတိုင်း လက်ပိုက်ကြည့်နေလို့တော့ မဖြစ်ဘူး ဖေဖေ၊ အင်္ဂလိပ်ကို တစ်နည်းနည်းနဲ့ တော်လှန်မှ ကျွန်တော်တို့ မြန်မာတွေ လွတ်မြောက်မှာ"

"အေး. . . တော်လှန်တာက ဟုတ်ပါပြီ၊ ဘယ်လိုနည်းနဲ့ တော်လှန်မှာလဲ"

"ကျွန်တော် ပြောခဲ့ပြီကော၊ လက်နက်နည်းနဲ့ တော်လှန် မှာပေါ့"

"လက်နက်နည်း? ဟုတ်စ? ဘယ်မလဲ? . . . မင်းတို့မှာ လက်နက်၊ တို့မြန်မာထဲမှာ စစ်ပညာတတ်တဲ့သူ ဘယ်နှစ်ဦးရှိ သလဲ၊ ဘယ်နှစ်ယောက် သေနတ်ကိုင်တတ်သလဲ၊ အင်္ဂလိပ်တွေက

www.burmeseclassic.com


တို့ရဲ့ လက်ခြေတွေကို ချုံးထားတာ၊ ဘယ်မလဲ ကိုယ်ပိုင်စစ်တပ်”

ကိုသူရသည် ခေတ္တတွေဝေသွားကာ နဖူးကြောများရှုံ့၍ မေးစေ့ကို လက်ညှိုးနှင့် ထောက်ပြီး စဉ်းစားနေသည်။

“လောကကြီးမှာ မဖြစ်နိုင်ဘူးဆိုတဲ့ စကားမရှိပါဘူး၊ မဖြစ်ဖြစ်တဲ့နည်းနဲ့ ကြံဆရတာပေါ့ ဖေဖေ၊ နယ်ချဲ့ တော်လှန်ရေး အောင်မြင်ဖို့ဟာ ဖေဖေပြောသလို တစ်-လက်နက်၊ နှစ်-စစ်ပညာ - နောက်ပြီး ပြည်သူပြည်သားတွေ စည်းလုံးညီညွတ်မှု၊ ဒါတွေ လိုလာတယ်၊ ပြည်သူတို့ရဲ့ စည်းရုံးမှု ညီညွတ်မှုကတော့ မခဲယဉ်းပါဘူး၊ ရေနံမြေသပိတ်မှာ ချီတက်လာခဲ့ကြတဲ့ လယ်သမားနဲ့ အလုပ်သမားတွေကို ကြည့်ရင် ပြည်သူတို့ စည်းရုံးမှုအင်အား မသေးဘူးဆိုတာ ခန့်မှန်းနိုင်ပါတယ်”

“လက်နက်နဲ့ စစ်ပညာကော?. . . ဘယ်ကရမလဲ”

“ရတဲ့နည်းနဲ့ ယူရမှာပေါ့၊ ဒါကိုပဲ ခု ကျွန်တော်တို့ လူငယ်တစ်စု ကြံဆနေတာပဲ”

ဦးဘကျော်သည် တစ်ဖက်သို့လှည့်ကာ ပါးနပ်စွာ ပြုံးနေသည်။ “မင်းတို့ဟာက မလွယ်ပါဘူး သားရယ်”ဟု ဆိုကာ ထသွားလေသည်။

ကိုညိုနှင့် ကိုသူရတို့ ငြင်းခုံကာ ကျန်ရစ်သည်။ ကိုညိုသည် ဆရာရင်း ဦးဘကျော်လေသံကို နင်းကာ ကိုသူရနှင့် အချီအချ ပြောနေကြသည်။

မိနှင့်ထွေးတို့သည် နားမလည့်တလည်နှင့် နားထောင် ကာ ငိုက်မြည်းလာကြသည်။ “သမီးတို့နှစ်ယောက် အိပ်ကြ

www.burmeseclassic.com


တော့လေ” ဟု ဒေါ်နှင်းက သတိပေးလေသည်။ ကလေးနှစ်ယောက်သည် “ဟုတ်ကဲ့”ဟု ပါးစပ်မှ ပြောသော်လည်း တော်တော်နှင့် နေရာမှ မထဖြစ်ကြသေးပေ။ အချိန်ကား တဖြည်းဖြည်းနှင့် နက်လာသည်။ နာရီလက်တံသည် သန်းခေါင်သို့ ညွှန်ပြနေလေသည်။

ကိုညိုနှင့် ကိုသူရတို့ စကားစစ်ပွဲမှာ ပြင်းထန်လာသည်။ အသံများမှာ ကျယ်လောင်လာကြသည်။

“ဒီမှာ ကိုညို့ . . ခင်ဗျား ဘယ်လောက် နားလည်လို့လဲ၊ ခင်ဗျား နိုင်ငံရေးစာအုပ်တွေ ဘယ်နှစ်အုပ် ဖတ်ဖူးလို့လဲ၊ ခင်ဗျားမသိရင် ဇွတ်မငြင်းပါနဲ့၊ ဒါပဲ ကျုပ်ပြောပါရစေ၊ ကိုယ်မနိုင်တဲ့ သဘောတရားတွေနဲ့ ကိုင်ပေါက်မနေနဲ့”

ကိုသူရသည် ကိုညို့မျက်နှာကို စေ့စေ့ကြည့်ကာ စားပွဲကို လက်သီးနှင့် တဝုန်းဝုန်း ထုနေသည်။ ထွေးနှင့် မိတို့သည် လန့်ဖျပ်ကာ တစ်ဦးကိုတစ်ဦး ဖတ်ထားကြသည်။ ကိုသူရသည် ယခင်က အလွန်သိမ်မွေ့သူ ဖြစ်သည်။ မျက်နှာထားတည်သော်လည်း တစ်ခါမှ လူတစ်ဖက်သားကို နာလိုခံခက်သော စကားမျိုးကို မပြောခဲ့ဖူးပေ။ ဤမျှလည်း ဣန္ဒြေပျက်လောက်အောင် ဒေါသမကြီးဖူးခဲ့ပေ။ ကိုညိုကမူ အသက်လည်းကြီး၊ မိမိဆရာကြီး၏သားလည်း ဖြစ်သဖြင့် စိတ်ရှည်စွာ ပြုံးနေလိုက်သည်။

“ခင်ဗျားက နယ်ချဲ့သူလျှိုမို့ ကျုပ်တို့စိတ်ဓာတ် ပျော့ညံ့အောင် သွေးဆောင်နေတာလား”

ကိုသူရ၏ ရင့်သီးသော စကားများကြောင့် ကိုညိုမှာ မျက်နှာမကောင်းပေ။

www.burmeseclassic.com


"မင်းကွာ. . . မဟုတ်တာတွေ"ဟု ကိုညိုက စိတ်မကောင်းစွာ ပြောလေသည်။

ဦးဘကျော်သည် အိမ်ခန်းထဲမှ ထွက်လာကာ. . .

"ဟေ့ကောင်. . . သူရ မင်းလွန်ပြီ. . . တော်တော့"

ကိုသူရသည် အိမ်ခန်းထဲသို့ ဝင်သွားသည်။ ထွေးနှင့်မိတို့သည် အိမ်ပေါ်ထပ်သို့တက်ရန် ထလေသည်။ ကိုသူရသည် အိမ်ထဲမှ ပြန်ထွက်လာကာ ခပ်မှိုင်မှိုင်ထိုင်နေသော ကိုညိုရှိရာသို့ လျှောက်လာစသည်။ မိနှင့်ထွေးတို့က လန့်သွားကြသည်။ ကိုသူရသည် ကိုညို၏ လက်မောင်းအိုးကို ကိုင်ကာ. . .

"ကျွန်တော့်ကို စိတ်မဆိုးပါနဲ့ ကိုညို၊ စိတ်လိုက်မာန်ပါမို့ မပြောသင့်တာတွေ ရိုင်းရိုင်းပျပျ ပြောမိသွားတယ်၊ တောင်းပန်ပါတယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

ကိုညို၏ မျက်နှာမှာ ကြည်လင်သွားသည်။ ကိုညိုသည် အပြစ်ကင်းသော ကိုသူရ၏မျက်နှာကို စေ့စေ့ကြည့်ကာ ပခုံးကို ပြန်ဖက်လိုက်သည်။

"ဟာ. . . ငါ ဘယ်လိုမှ မအောက်မေ့ပါဘူး၊ မင်းက လူငယ်ကိုး၊ တစ်ရှူးထိုးစိတ်နဲ့ ဖြစ်တာပေါ့၊ ငါ မင်းအရွယ်တုန်းက ဆိုရင် လက်တောင်ပါသေးတယ်၊ မင့် ငါ့ကို ထမထိုးတာဘဲ တော်လှပြီ၊ ငါကလဲ မင်းမခံချင်အောင် ပြောမိပေတာကိုး"

ကိုညိုသည် လူကြီးသဘောနှင့် ပြောလိုက်သည်။ ကိုသူရသည် နှစ်လိုဖွယ်ပြုံးလိုက်သည်။ ဖြူဖွေးညီညာသော သွားများသည် အရောင်တဖျပ်ဖျပ် လက်နေသည်။

ထွေးနှင့် မိတို့သည် အပေါ်ထပ်သို့ အသာတက်လာကြ

www.burmeseclassic.com


သည်။ ထွေး၏အိမ်ခန်းမရောက်ခင် ဘုရားစင်နှင့် ကပ်လျက် အိပ်ခန်းတွင် ကိုရန်နောင်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေ ဟန် တူသည်။ သွားကြိတ်သံကို ကြားနေရသည်။ ကိုရန်နောင် သည် အိပ်လျှင် သွားကြိတ်တတ်သည်။ ကိုရန်နောင်၏ သွား ကြိတ်သံကြောင့် မိမှာ အလိုလိုနေရင်း သွားကျိန်းနေသည်။

နောက်တစ်နေ့နံနက်တွင် ထွေးတို့မေမေက ထွေးတို့ အား မနှိုးဘဲ ထားသဖြင့် မိရောထွေးရော နံနက် ၉နာရီ ကျော်မှ အိပ်ရာထကြတော့သည်။ နှစ်ယောက်သား မျက်နှာ သစ်ရန် အောက်ထပ်သို့ ဆင်းအလာတွင် ကိုရန်နောင်က "ဟဲ့ ကလေးမတွေ ကြွက်. . . ကြွက်. . . ကြွက် နင်းမိမယ်"ဟု ကြမ်း ပြင်ကို လက်ညှိုးထိုးပြကာ ပြုံးတုံးပြုံတဲ နောက်ပြောင်လေသည်။

* * *

www.burmeseclassic.com


# (၄)

## ၁၉၄၁ ခုနှစ်၊ ဧပြီလ (၇) ရက်။

ပိတောက်၏ ချိုမြသင်းပျံ့သော ရနံ့သည် မွှေးကြိုင်နေသည်။ ကမ္ဘာစစ်မီးသည် ဥရောပတစ်ခွင်၌ ဟုန်းဟုန်းတောက်လောင်နေသည်။ သို့သော် ၎င်းကမ္ဘာစစ်မီးသည် မြန်မာပြည်ရှိ ပိတောက်ပန်းများကို မမြှိုက်သေးပေ။ သို့သော် ပိတောက်ပွင့်တို့၏ ရနံ့သည် ချိုမြိန်ဆဲ သင်းပျံ့ဆဲ ဖြစ်လေသည်။

ည (၇)နာရီအချိန်တွင် မိနှင့်ထွေးတို့အဖို့ တစ်သက် လုံး မမေ့နိုင်စရာအဖြစ်ကို ရင်ဆိုင်ရလေသည်။

ဒေါ်နှင်းသည် ထမင်းစားခန်း တစ်နေရာတွင် ထိုင် ကာငိုနေသည်။

မိနှင့်ထွေးတို့သည် ဒေါ်နှင်းအနီးတွင် ထိုင်ကာမျက်ရည်များ ဝိုင်းနေသည်။

ဦးဘကျော်ကား ဧည့်ခန်းတွင် လူးလာခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ ဆေးပြင်းလိပ်ကို မလွှတ်တမ်း ခဲကာ လက်ကို နောက်ပစ်ထားသည်။ မျက်နှာတွင် ဖော်မပြနိုင်သော စိတ်လှုပ်ရှားမှုမျိုးများ ပေါ်လွင်နေသည်။ ဝမ်းနည်းနေသလား၊ ဂုဏ်ယူဝင့်ကြွားနေသလား ခွဲခြား၍ မသိနိုင်ဘဲ ရှိသည်။

www.burmeseclassic.com


ကိုရန်နောင်သည် စိတ်အလှုပ်ရှားဆုံး ဖြစ်သည်။ တစ်စုံတစ်ခုကို အလိုမကျသဖြင့် စိတ်အိုက်နေပုံရသည်။ ကိုရန်နောင်သည် အသက် ၁၈နှစ်ခန့် ရှိပြီဖြစ်သဖြင့် အရပ်ပိုရှည်လာ သည်။ နှုတ်ခမ်းမွှေးများသည် စိမ်း၍နေသည်။

ထမင်းစားခန်းသို့ ချိုးကွေ့ထားသော လှေကားမှ ကိုသူရသည် ကရောသောပါးနှင့် ဆင်းလာသည်။ လက်ထဲတွင် လက်ဆွဲအိတ်တစ်လုံးကို ဆွဲကိုင်လာသည်။ မီးခိုးရောင် ရှပ်အစင်းနှင့် ကာကီဘောင်းဘီရှည် ဝတ်ထားသည်။ ကိုသူရ၏ မျက်နှာသည် တင်းမာနေသည်။ တစ်စုံတစ်ခုကို ယတိပြတ် သန္နိဋ္ဌာန်ချထားပုံရသည်။

"ဖေဖေ. . . ခဏ အထဲကို လာပါဦး"

ကိုသူရသည် အိမ်ရှေ့ခန်းသို့ လှမ်း၍ အသံခပ်အုပ်အုပ်နှင့် ခေါ်လိုက်သည်။ ဦးဘကျော်သည် လက်နောက်ပစ်လျက်ပင် အခန်းထဲသို့ တစ်လှမ်းချင်း ဝင်လာသည်။ ဦးဘကျော်၏ မျက်နှာမှာ တည်ငြိမ်နေသည်။ ထူးခြားသော လှုပ်ရှားမှုကို မပြပေ။

"မြန်မာပြည် လွတ်မြောက်ရေး တိုက်ပွဲအတွက် ကျွန်တော် မြန်မာပြည်ရဲ့ အပြင်ပ တိုင်းပြည်ကို သွားရမယ် ဖေဖေ၊ မနက်ကလဲ ဖေဖေ့ကို ကျွန်တော် ပြောခဲ့သားပဲ၊ ကျွန်တော် မသွားခင် မေမေ့ကိုကော ဖေဖေ့ကိုကော မှာခဲ့ချင်တယ်၊ ကျွန်တော့်ရဲ့ အသက်နဲ့ ခန္ဓာကိုယ်ကို တိုင်းပြည်ကို အပ်ထားတော့ ကျွန်တော် အသက်နဲ့ မြဲချင်မှမြဲမယ်"

ကိုသူရ၏ အသံသည် တည်ငြိမ်ပြတ်သားလေသည်။

www.burmeseclassic.com


ဒေါ်နှင်းကမူ ကျိတ်၍ရှိုက်နေသည်။ ရှိုက်သံသည် ကျယ်၍ လာသည်။ ထွေးမှာ မျက်ရည်များ ပါးပြင်ပေါ် စီးကျနေသည်ကို သုတ်လိုက်သည်။ မိက မျက်ရည်အဝိုင်းသားနှင့် ကိုသူရအား ကြည့်နေသည်။

"ကျွန်တော့်အတွက် စိတ်သောက မထားပါနဲ့ မေမေ၊ ကျွန်တော်ဟာ လောကကြီးမှာ အမွန်မြတ်ဆုံး အလုပ်ကို လုပ်နေတယ်လို့ ယူဆပါ၊ ကိုင်း. . . အချိန်မရှိဘူး၊ ဖေဖေနဲ့ မေမေကို ကျွန်တော် ကန်တော့ပါရစေ"

ဒေါ်နှင်းသည် ဟန်မဆောင်နိုင်ဘဲ ရှိုက်၍ငိုတော့သည်။ ဒေါ်နှင်းမှာ အသားဝါဝါ၊ အရပ်ပျပ်သည်။ မျက်နှာမှာ ချော မွေ့လှပသည်။ အထူးသဖြင့် ကျယ်ပြန့်သော နဖူးနှင့် ပြူးကျယ်ဝိုင်းစက်သော မျက်လုံးအလှများဖြင့် ဒေါ်နှင်း၏ ရုပ်ရည်မှာ ပီသလေသည်။ ဤမျှကြီးမားသော သားသမီးများကို မွေးဖွားခဲ့သည်ဟု ထင်စရာမရှိအောင် နုပျိုလေသည်။ ကိုသူရသည် ဒေါ်နှင်းအား ကြည့်ကာ ရုတ်တရက် မျက်နှာလွှဲလိုက်သည်။ ကိုသူရ၏ မျက်နှာတွင် လှုပ်ရှားမှုကို မပြပေ။

ကန်တော့နေသော သားကိုကြည့်ကာ ဦးဘကျော်မှာ ဣန္ဒြေပျက်ခြင်း မရှိလှ။ သေသေချာချာ ကြည့်မည်ဆိုမှ ဦးဘကျော်၏ နှုတ်ခမ်းထောင့်စွန်းနှစ်ဖက်မှာ တဆတ်ဆတ် လှုပ်နေသည်ကို တွေ့ရပေမည်။ သို့သော် ဦးဘကျော်သည် ဂုဏ်ယူသော အပြုံးမျိုးဖြင့် အားတင်းပြုံးလိုက်သည်။

"မင်းအတွက် ဖေဖေ ဂုဏ်ယူပါတယ် သားရယ်"

ကိုသူရ၏ ပခုံးကိုပုတ်ကာ ပြောလိုက်သည်။ သားက

www.burmeseclassic.com


အတိအကျ ထုတ်ဖော်မပြောသော်လည်း သားသွားမည့် နေရာသည် ဂျပန်ပြည်ဆိုသည်ကို သိနေသည်။ ထိုအခိုက် ကိုရန်နောင်သည် ဖြူန်းခနဲ ထိုင်ကာ ဒေါ်နှင်း၏ လက်နှစ်ဖက်ကို ကိုင်လှုပ်ပြီးနောက်. . .

"ကျွန်တော်လဲ ကိုကြီးနဲ့ လိုက်သွားမယ် မေမေရယ်၊ မြန်မာပြည်အတွက် ကျွန်တော်လဲ စွန့်ပါရစေ၊ ကျွန်တော်ဆင်းရဲဒုက္ခကို ခံနိုင်ပါတယ်" ဟု စိတ်အားထက်သန်စွာ ပြောနေသည်။ ဦးဘကျော်သည် သားအငယ်၏ နုနယ်သော မျက်နှာကို စိုက်ကြည့်နေသည်။ ဒေါ်နှင်းသည် ကိုရန်နောင်၏ ခေါင်းကို ပွတ်ကာ. . .

"သားကလဲကွယ်. . . သခွပ်ပင်က မီးတကျီကျီနဲ့၊ သားကငယ်ပါသေးတယ်"

ရှိုက်သံနှင့် တုန်ယင်သောအသံကို ထိန်းကာ ပြောလိုက်သည်။

"ကျွန်တော်လဲ တိုင်းပြည်အတွက် အသက်နဲ့ လဲချင်လို့ပါ၊ ကျွန်တော် သွားပါရစေ"

ဒေါ်နှင်းသည် ရင်ဘတ်ကို လက်နှင့်ဖိရင်း. . .

"သားလေးလိုက်ရင် အမေ ရင်ကွဲသေရုံပဲ ရှိပါတော့တယ် သာလေးရယ်"

ကိုသူရသည် ကိုရန်နောင်၏ ပခုံးကို ပုတ်၍ နှစ်သိမ့်လိုက်သည်။

"မင်း ကိုကြီးနဲ့ လိုက်လို့မဖြစ်ပါဘူး ငါ့ညီရာ၊ ကိုကြီးတို့က လက်ရွေးစင် ကိုယ့်အစုနဲ့ကိုယ် သွားရမှာ၊ မင်းအတွက်

www.burmeseclassic.com


တစ်နေ့နေ့မှာ စွန့်စားရမယ့် ရက်တွေ ရောက်လာပါလိမ့်မယ် ငါ့ညီရယ်”

ကိုရန်နောင်သည် ဘာမှဆက်မပြောဘဲ စားပွဲကိုမှီလျက် ခပ်ငိုင်ငိုင် ငြိမ်သက်နေသည်။

“ကဲ. . . ကျွန်တော်သွားမယ်”

ကိုသူရသည် လက်ဆွဲအိတ်ကို ဆွဲမကာ သွားရန် ပြင်သည်။ ထွေးနှင့်မိတို့သည် မတ်တတ်ထကာ ကိုသူရအား ဝမ်းနည်းစွာ စိုက်ကြည့်နေကြသည်။ ကိုသူရသည် ထွေးတို့အနီးသို့ ကပ်လာကာ ထွေး၏ခေါင်းကို လက်ဝါးနှင့်အုပ်ကိုင်လိုက်သည်။ ထွေးသည် ထဘီအစိမ်းနုရောင်နှင့် အင်္ကျီအဝါကို လူကြီးများကဲ့သို့ ဘိုသီဘတ်သီ ဝတ်ထားသော်လည်း မျက်နှာလေးမှာ ပကတိ ကလေးငယ်ကဲ့သို့ ငယ်ရွယ်နုနယ်လေ၏။

“ညီမလေး ထွေး. . . လိမ်လိမ်မာမာ နေရစ်နော်၊ ကိုကြီးသွားတော့မယ်”

ထွေးသည် တရှုံ့ရှုံ့ရှိုက်ကာ မျက်ရည်များကို လက်ဖမိုးနှင့် သုတ်နေသည်။ မိသည် မျက်ရည်များ ပြည့်လျှံလာကာ မျက်လုံးအိမ်မှ ပါးပြင်ဆီသို့ စီးဆင်းလာသည်။

“ညီမလေး မိမိ. . . ကိုကြီး သွားမယ်”

မိသည် ထွေးကဲ့သို့ မရှိုက်သော်လည်း မျက်ရည်များ ဖြိုင်ဖြိုင် ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာသည်။ မိသည် “သောက” ဆိုသော စကားကို မယုံတတ်သေးသော်လည်း သောကအပူကို ရင်ဝယ်ပိုက်မိပြီ ထင်သည်။ ကိုသူရနှင့် ရင်းရင်းနှီးနှီး မနေသော်လည်း ကိုသူရအား ထွေးချစ်သကဲ့သို့ပင် ချစ်သည်။

www.burmeseclassic.com


မိသည် မောင်နှမသားချင်းမရှိသော တစ်ဦးတည်း သမီး ဖြစ်သဖြင့် ထွေးတို့မောင်နှမတစ်စုအား တစ်မိတည်းပေါက်လို ခင်နေရှာသည်။

မိမှာ ထွေးထက်ပိုထွားသလို ထင်ရသည်။ ဂါဝန် ပန်းရောင်လေးသည် ဖွံ့ဖြိုးဝင်းသော အသားနှင့် ဟပ်မိနေသည်။ အင်္ကျီမှာ ပုံဆန်းလေးဖြစ်ကာ လည်ပင်းတွင် လေးထောင့်စပ်စပ် ဟိုက်၍နေသည်။ သည်နေ့ မိသည် ထူးထူးခြားခြား ပုလဲသွယ် ဆွဲကာ အလှပြင်ထားမိသည်။ ရုပ်ရည်မှာတော့ ထွေးကဲ့သို့ ပကတိကလေးမငယ် ရုပ်ရည်အတိုင်း နုနယ်သေးသည်။

ကိုသူရသည် မိမိ၏ ခေါင်းကိုပုတ်သွားပြီး အိမ်ရှေ့သို့ အပြေးအလွှား ထွက်ကာ ပြေးဆင်းသွားလေသည်။

“ကျွန်တော့်ကို ထွက်ကြည့်မနေကြနဲ့၊ ကြွန်ခြေရရ နေရစ်ပါ၊ သူများ ရိပ်မိနေဦးမယ်”ဟု ထွက်ခါနီးတွင် ကရောသောပါး မှာရစ်လေသည်။ တစ်အိမ်လုံး၏ ရင်ထဲ၌ ဟာ၍ကျန်ရစ်သည်။ ဒေါ်နှင်း၏ ကျိတ်၍ရှိုက်သော အသံသည် ညလုံးပေါက်မစဲဘဲ ခပ်သဲ့သဲ့နှင့် အနီးရှိ လူတွေကို အနေခက်စေသည်။

“မနှင်းကလဲကွာ. . . စိတ်ကိုတင်းမှပေါ့၊ နမိတ်မရှိ နမာမရှိ၊ သေတာလဲ မဟုတ်ဘဲနဲ့”

ကလေးငယ်၏ ဘဝ၌ မိနှင့်ထွေးတို့သည် အိပ်မပျော်သော ညရယ်ဟု ဒုက္ခဆင်းရဲကို ရင်ဆိုင်ရလေသည်။ ည ၁နာရီကျော်လောက်မှ အိပ်ပျော်သွားကြသည် ပါးပြင်လေးများတွင် မျက်ရည်စများ မခြောက်တခြောက်နှင့် အိပ်မောကျရင်း ခက်ခဲ

www.burmeseclassic.com


စွာ သက်ပြင်းရှူကာ ရှိုက်နေကြသည်။

ကိုသူရသည် အဖော်တစ်ယောက်နှင့် သင်္ဘောဆိပ်သို့ ဆင်းလာသည်။ လဆန်းစရက် ဖြစ်သဖြင့် ဝါကျင့်ကျင့် အလင်းရောင်သည် ဖြာလျက်ကျနေသည်။ ပတ်တရောင်များ ကို တွေ့လျှင် မှောင်ရိပ်ခိုနေရသည်။

မြစ်ပြင်ပေါ်သို့ ငွေလရောင်ရိပ်သည် ထိုးကျနေသဖြင့် ငွေလှိုင်းများ တွန့်လိပ်ရာတွင် အရောင်တဖိတ်ဖိတ် လက် နေသည်။

တံတားကုန်းကို ဖြတ်ကာ ဘောတံတားကို ရောက်လာ သည်။ ဆိပ်ကမ်းကပ်စတန် ကုလားကပြားကို ပါလာသော ငွေစနှင့် အရက်ပုလင်း ပေးလိုက်ရသဖြင့် ကိုသူရတို့သည် ဘေးရန်မှ လွတ်မြောက်သွားကြသည်။

သင်္ဘောပေါ်သို့ ဂျပန်သင်္ဘောသားတွေနှင့်အတူ ရောနှော ၍တက်ရသည်။ သည်နေရာတွင် ကြွေစောင့်စည်းဖို့ အလွန် အရေးကြီးသည်။ "ဟန်ကိုယ့်ဖို့" သဘောထားကာ နေရသည်။

**"ကီရှီမာရို"**

ဂျပန်ပင်လယ်ကူး ကုန်တင်သင်္ဘော၏ အမည်ဖြစ်သည်။ ကိုသူရသည် သည်သင်္ဘောနှင့် ဂျပန်ပြည်သို့ လိုက်ပါ သွားရ မည်။ အမိမြန်မာပြည်နှင့် ရေမြေခြားသော နေရာသို့ သည် "ကီရှီမာရို"အမည်ရှိ သင်္ဘောက ကိုသူရအား ခေါ်ဆောင် သွားတော့မည်။ သည်သင်္ဘောအမည်ကို ကိုသူရတို့ တစ်သက် တာတွင် မေ့ပျောက်နိုင်တော့မည် မဟုတ်ပေ။ ပထမဦးဆုံး အတွေ့အကြုံမို့ ကိုသူရ၏ ရင်ထဲတွင် လှုပ်ရှားနေသည်။

www.burmeseclassic.com


ကီရှိမာရှိသင်္ဘောတွင် လိုက်ပါကြမည့် ရဲဘော်များသည် ညဘက်တွင် ၂ယောက်စီ ခိုးဆင်းကြရသည်။ ကိုသူရတို့ ဆင်းသောညကား နောက်ဆုံးညတည်း။

ရဲဘော်သုံးကျိပ် ပထမအသုတ် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ရန်အောင်တို့မှ အစပြု၍ ဂျပန်ပြည်သို့ စွန့်စွန့်စားစားနှင့် ငတ်ငတ်ပြတ်ပြတ် ခရီးကြမ်းနှင်ရာ၊ ၆သုတ် (ရဲဘော် ၃၀) ဖြစ်ပေသည်။

သူတို့အသုတ်မှာ တတိယအသုတ် ဖြစ်သည်။ ကိုသူရ အပြင် အခြား မြန်မာ့သားကောင်းများမှာ. . .

| | |
|---|---|
| ကိုရွှေ | (ဗိုလ်ကျော်ဇော) |
| သခင်သန်းတင် ၂ | (ဗိုလ်မြဒင်) |
| သခင်အောင်သိန်း | (ဗိုလ်ရဲထွတ်) |
| သခင်တင်အေး | (ဗိုလ်ဖုန်းမြင့်) |
| သခင်စိုး | (ဗိုလ်မြင့်အောင်) |
| သခင်ထွန်းရွှေ | (ဗိုလ်လင်းယုန်) |
| သခင်စောလွင် | (ဗိုလ်မင်းခေါင်)တို့ ဖြစ်ကြသည်။ |

သူတို့အားလုံးသည် အသက် ၂၀ကျော် အစိတ်ခန့် အရွယ်ကောင်းသော လူငယ်လေးများ ဖြစ်ကြသည်။

*

www.burmeseclassic.com


**၁၉၄၁ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့။**

"ဖူး. . . ပူလိုက်တာ၊ သေတော့မယ် ရဲဘော်တို့ရေ"

သင်္ဘောဝမ်းထဲမှ အခန်းလေးသည် သံပြားကာထားသဖြင့် အလွန်ပူသည်။ သင်္ဘောမှာ ဆန်တင်သင်္ဘောဖြစ်သည်။ အပြင်လူ မမြင်ရအောင် အခန်းကို သင်္ဘောဝမ်းထဲတွင် ပြုလုပ်ထားသဖြင့် Coll (လိုဏ်ဂူငယ်) သဖွယ် ဖြစ်နေသည်။ ထို့ကြောင့် အလင်းရောင် လုံးဝမမြင်ရ။ နေ့နှင့်ည မကွဲပြားပေ။ နံနက်၁၀ နာရီကျော် နေအရှိန်တက်သည်မှစ၍ ပူလိုက်သည့် အပူမှာည ၈နာရီ၊ ၉နာရီအထိပင်။ ပူလွန်းသဖြင့် ချွေးသီးများသည် ရေပေါက်များကဲ့သို့ တဒီးဒီးကျနေတော့သည်။ ပူသထက်ပူကာ ကြာတော့ မနေနိုင်လွန်းသဖြင့် ဝတ်ထားသော အဝတ်များကို ချွတ်ခွာထားကြရသည်။

လောကငရဲ. . . ဝဠ်။

သည်စကားလုံးများကို မသုံးဘဲနှင့် အဓိပ္ပာယ်ကို ခုမှ အတိအကျ နားလည်လာလေသည်။

ကိုသူရသည် "နိုင်ငံရေးဇာတ်ခုံတွင် ကိုယ်ကျိုး မငဲ့ဘဲ ကပြပါ"ဟူသော ရဲသတင်းစာမှ ကောက်နုတ်ချက်ကလေးကို ဝမ်းထဲတွင် အခါခါ ရေရွတ်နေမိသည်။ အိမ်၌ သည်အချိန်တွင် လက်တစ်ဝါးလောက်ထူသော မွေ့ရာပေါ်မှာ အေးချမ်းသော မှေးစက်ခြင်းဖြင့် အိပ်မောကျနေပေတော့မည်။

ကိုသူရနှင့် မျက်နှာချင်းဆိုင်ဘက်တွင် ရုတ်ရုတ်ရက်ရက် အသံများကို ကြားရသည်။

"ဘာဖြစ်တာလဲ"

www.burmeseclassic.com


ကိုသူရက လှမ်းမေးလိုက်သည်။

"ကိုသန်းတင် တစ်ယောက် မူးလဲသွားလို့"

"ဟာ. . . ဒါဖြင့် ဘယ်လိုလုပ်မလဲ"

တစ်ယောက်တစ်ပေါက် မေးကြ ပြောကြသည်။ ကိုသန်းတင်မှာ အားယုတ်ကာ မူးလဲသွားဟန်တူသည်။ ကိုသန်းတင်သည် ကိုရွှေ(ဗိုလ်ကျော်ဇော)နှင့် တစ်ရပ်တည်းနေ သာယာဝတီသားဖြစ်သည်။ အသားညိုညို၊ အရပ်ပြတ်ပြတ်နှင့် အလုံးအဖန်ခပ်သေးသေးဖြစ်သည်။ မွန်လိုလို၊ ကရင်လိုလို မျက်နှာပေါက်မျိုးရှိသည်။ (နောင်တွင် ဗိုလ်မြဒင် အမည်ခံပြီးနောက် ဟိုက်နန်းကျွန်းတွင် မမာပြီး အနိစ္စရောက်ရှာသည်။)

"တစ်ခုခုနဲ့ ယပ်ခတ်ပေးမှ ထင်တယ်"

"သံပြားတွေကလဲ ပူတယ်၊ ကျွန်တော် ထမ်းထားပါ့မယ်"

ကိုရွှေ၏ အသံဖြစ်သည်။ ကိုသန်းတင်ကို ကိုရွှေသည် အတော်ကြာ ထမ်းထားရသည်။

"သင်္ဘော မထွက်သေးလို့ ဝဋ်ခံနေရဦးမှာပဲ၊ ကျွန်တော်တို့ ဒီထဲရောက်တာ ၂ရက်တောင် ရှိသွားပြီး" ဟု ကိုသူရက ဝင်ပြောလေသည်။

"အစားအသောက်အတွက် မပူရလို့ တော်သေးတာပေါ့"

တစ်ယောက်က ဝင်ထောက်သည်။ နေ့စဉ် အစားအသောက်မှာ ဂျပန်များ လာပို့သော ပေါင်မုန့်၊ နွားနို့နှင့် ရေပုလင်း ဖြစ်ပေသည်။

"ဒါလောက် ဒုက္ခခံနေရတော့ အစားတောင် မစားချင်ပါဘူး၊ အဲ. . . ရေသောက်ရတော့ တယ်အရသာရှိသဗျာ"

www.burmeseclassic.com


လိုဏ်ဂူငယ်တွင် နေ့မှန်း၊ ညမှန်းမသိသော ဘဝ၊ အပူဒီဂရီ တရှိန်ရှိန်တက်လာကာ ခံစားရသော ဘဝ၊ ကြမ်းတမ်းခက်မာ မသာယာသော နယ်ချဲ့တော်လှန်ရေးသမား ဘဝကို တစ်သက်တွင် တစ်ခါသာ ကြုံဖူးသည်။ ကိုသူရသည် ရှေ့ကို ဘယ်လိုလုပ်မည်ကို စဉ်းစားရင်း သာယာသော အိမ်၏ ဘဝကိုလည်း တစ်ချက်တစ်ချက် သတိရနေသည်။ ဖေဖေ၊ မေမေ၊ ကိုရန်နောင်၊ ထွေးနှင့်မိ။ သူတို့အားလုံး၏ ပုံသဏ္ဌာန်ကို တရိပ်ရိပ် မြင်နေသည်။ သူတို့အားလုံးကတော့ ကိုသူရကို သံမဏိအသည်းနှလုံးနှင့် မာကျောအေးစက်သည်ဟု ထင်ချင်လည်း ထင်ကြပေမည်။ သို့သော် သူသည် လူသားတစ်ယောက်ပင် မဟုတ်ပါလော။

*

**၁၉၄၁ ခုနှစ်၊ ဧပြီလ ၁၃ရက်၊ သင်္ကြန်အကျနေ့။**

မိနှင့်ထွေးတို့သည် အိမ်ရှေ့တွင် ရေပုံးငယ်များချကာ ရေကစားနေကြသည်။

သင်္ကြန်ရေစင်သည် အေးမြသည်။ ဒုတိယကမ္ဘာ စစ်မီးသည် အာရှတိုက်သို့ မကူးစက်မီဖြစ်သောကြောင့် မြန်မာတို့သည် ၁၉၄၁ ခုနှစ် အတာသင်္ကြန်ပွဲကို ပျော်ပျော်ကြီး ဆင်နွှဲနိုင်ကြပေသေးသည်။ ထိုအချိန်က မြန်မာပြည်သူ ပြည်သားတို့သည် မိမိတို့၏ ကံကြမ္မာကို မမြင်နိုင်ကြသေးပေ။

"ထွေးရေ. . . ခုနက လူကြီးတစ်ယောက်ကို တွေ့

www.burmeseclassic.com


လိုက်လား"

"ဘယ်လူကြီးလဲ"

"အရပ်မြင့်မြင့်နဲ့လေ၊ နောက်က အမှတ်တမဲ့ ကြည့်ရင် ကိုကြီးကိုသူရနဲ့ တူလိုက်တာနော်"

"ဪ. . . မိရေပတ်လိုက်လို့ 'ရယ်တာပေါ့. . . အပျော့ အပျော့'လို့ ပြောသွားတဲ့ လူကြီးလား"

"အင်း. . . ဟုတ်တယ်"

ထွေးနှင့်မိတို့သည် ကိုသူရအရွယ် ယောကျ်ားများကို မြင်လျှင် ကိုသူရကို အမှတ်ရနေကြသည်။ ကိုသူရအရွယ် ယောကျ်ားပျိုများသည် လုံချည်ဆင်တူဝတ်ကာ မျက်နှာချေများ လိမ်းလျက် သံချပ်ထိုး၍ ကားနှင့်လှည့်လာကြသည်။ ယောကျ်ား ပျိုများသည် ဆူညံအော်ဟစ်ကာ အလွန်အကျူး ပျော်မြူး လာကြပုံရသည်။ တချို့ကား မူးနေကြသည်။ အချို့လူငယ် တစ်စုမှာ လမ်းမပေါ်တွင် ကွေးအောင် ကနေကြသည်။

"ဟော့. . . ဟော့ ဟိုမှာကြည့်စမ်း၊ မမှည့်သေးလို့ကွာ၊မှည့် များမှည့်ရင် အလွန်လှမယ့် ကလေးမတွေ"

မိတို့ဘက်သို့ လက်ညှိုးညွှန်ကာ လူရွယ်တစ်စုသည် နောက်ပြောင်လာကြသည်။

"ညီမလေးတို့ရေ. . . နောက်သုံးနှစ်အထိ အစ်ကိုကြီးတို့ စောင့်နေမယ်နော်"

တစ်ယောက်က ပြောင်ချော်ချော်နှင့် ပြောလိုက်ပြီး ကျန် လူများက တသောသော ရယ်မောနေကြသည်။

www.burmeseclassic.com


ထွေးနှင့်မိတို့သည် ကြောက်လန့်လာသဖြင့် ရေဖလား များကို ရေပုံးထဲသို့ ဝုန်းခနဲ ပစ်ချကာ အိမ်ပေါ်ထပ်သို့ ပြေး တက်လာကြသည်။ လမ်းသွား လမ်းလာများ ရှင်းသွားမှ ရေပုံး များကို သွားယူရဲသည်။

*

သဘော်သို့ ဆင်းပြီး ၆ရက်ခန့်အကြာတွင် ကိုသူရတို့ လူစုသည် ဆန်အိတ်များကို လိုဏ်ဂူသဖွယ် ပြုလုပ်တင်ထား သော နေရာသို့ ရွှေ့ပြောင်းနေရသည်။ မရွှေ့လို့လည်း မဖြစ် တော့။ ကြာလျှင် သဘော်ဝမ်း အခန်းလေး၌ တရှိန်ရှိန်တက် သော အပူဒီဂရီကြောင့် အားပြတ်သေဖို့ပဲ ရှိတော့သည်။

## ၁၉၄၁ ခုနှစ်၊ ဧပြီလ ၁၃ရက်၊ သင်္ကြန်အကျနေ့။

သဘော်၏ ဥသြမှုတ်သံ ကြားရသည်။

သဘော်သည် မြစ်ကြောင်းအတိုင်း စတင်ခုတ်မောင်းသည် ထင်သည်။ သဘော် စထွက်သည့်အချိန်၌ စုံထောက်ပုလိပ်နှင့် ကပ်စတန်အရာရှိများ ရှင်းလင်းသွားပြီ ဖြစ်သဖြင့် ဆန်တင် ထားသော လိုဏ်ခေါင်းကို ဂျပန်အလုပ်သမားများက ဖြိုပစ် လိုက်ကြသည်။

အလင်းရောင်သည် ထိုး၍ဝင်လာသည်။ "အား. . . ခုမှ

www.burmeseclassic.com


နိုပ်ပြီဟေ့” ရဲဘော်တစ်ယောက်က ဝမ်းသာအားရနှင့် အော်လိုက်သည်။ ပြင်ပလောကမှ အသံဗလံများကိုလည်း ကြားရချေပြီ။ ခုမှ ရဲဘော်တစ်တွေသည် ပြင်ပလောကနှင့် အဆက်အသွယ်ရတော့သည်။

မြန်မာဗိသုကာတို့အတွက် ဂုဏ်ယူဖွယ်ဖြစ်သော မြန်မာပြည်၏ ထွတ်ခေါင်တင် “ရွှေတိဂုံစေတီ”ကို ဖူးမြော်ချင် သောရဲဘော်များသည် ပြိုင်တူ ဆိပ်ကမ်းသို့ လှမ်းမျှော်ကြည့်ကြသည်။ သင်္ဘောမှာ ရန်ကုန်ဆိပ်ကမ်းမှ အတော်လေး လွန်မြောက်ဝေးကွာခဲ့ပြီ ဖြစ်သဖြင့် နောက်ကျခဲ့ချေပြီတကား။

ရဲဘော်တစ်စု၏ ရင်ထဲတွင် ဟာ၍သွားကြလေသည်။ ကိုသူရ၏ စိတ်ထဲ၌ အိုင်းရစ်စာရေးဆရာကြီး မောရစ်ကောလစ် ရေးသားသော “စန္ဒမာလာ”ဝတ္ထုကို သွားအမှတ်ရနေသည်။ နိုင်ငံခြားသင်္ဘောသည် ရန်ကုန်ဆိပ်ကမ်းသို့ အဝင်တွင် သင်္ဘောပေါ်မှ ရွှေတိဂုံစေတီကို ရွှေရောင်တဝင်းဝင်းနှင့် ထီးထီးမားမား ကျက်သရေအပြည့်အဝနှင့် မြင်ရပုံကို မှတ်တမ်းတင်ထားသည်။

ရဲဘော်တစ်ဦးကမူ “မဲဇာတောင်ခြေ” ရတုကို မရတရ ကဗျာမဆန်သော အသံနှင့် ရေရွတ်နေသည်။ “သည်ကားရွှေပြည်၊ သည်ဆီရွှေမြို့၊ သည်သို့စေတီ၊ စိတ်ကရည်သည်၊ ရွှေပြည်ဌာန ဝေးသော်ကြောင့်. . .” ရတုအချတွင် အားလုံး၏ မျက်နှာမှာ ညှိုးငယ်နေကြသည်။ ဤရွှေပြည်၊ ဤရွှေမြို့၊ ဤစေတီနှင့် ဝေးခဲ့ကြရသည်တော့ အမှန်ပင်တည်း။

“မသေလို့ တစ်နေ့ မြန်မာပြည်ကို ပြန်ရောက်ရင်တော့

www.burmeseclassic.com


ရွှေတိဂုံစေတီကြီးကို ဖူးခွင့်ရကြမှာပေါ့ ရဲဘော်တို့ရာ”

ရဲဘော်တစ်ဦးက ကြေကွဲဝမ်းနည်းစွာ ဆိုလိုက်သည်။

ရေကို ပုံးလိုက်ဆွဲလာသော ရဲဘော်တစ်ဦးသည် ညှိုးငယ်စွာ ထိုင်နေကြသော ရဲဘော်များဆီသို့ ဝုန်းခနဲ ရေနှင့် လှမ်းပက်လိုက်သည်။ ရဲဘော်များ၏ စိတ်ဓာတ်များသည် ရေစင် အဖြန်းတွင် ရွှင်လန်းသွားကြသည်။ ဤတွင် တစ်ဦးနှင့်တစ်ဦး ရေများပက်ကစားကြပြီး တတ်သမျှ မှတ်သမျှ သံချပ်များ တိုင်ကာ ဖြစ်ရာဘဝတွင် ပျော်ကြရတော့သည်။

ကိုသူရသည် သဘော်လက်ရန်းကို ကိုင်ကာ ပင်လယ်ရေပြာကို ငေးစိုက်ကြည့်နေမိသည်။ “သြော်. . . သင်္ကြန်တောင်ကျပြီပဲ၊ ချချိန်တွင် ကိုရန်နောင်သည် ရွယ်တူ လူငယ်များနှင့် မြို့ပတ်ရေကစားထွက်ကာ အသံများပြာလာအောင် ပျော်မြူးချင် ပျော်မြူးနေပေမည်။ ထွေးနှင့်မိတို့ကတော့ ရေပုံးငယ်နှင့် အိမ်ရှေ့ထွက်ကာ သတင်းစာသည် ကုလားမကျန်အောင် ရေပက်ချင် ပက်နေကြပေမည်။ ထွေးတို့ ရေပက်ခြင်း ခံရသော နွားနို့သည်ကုလားသည် ဒီနေ့အဖို့ နွားနို့အရများသဖြင့် နေ့တွက်ပိုစီးနေပေမည်။ ကိုသူရသည် ပြုံးမိပေသည်။

“ဟော့. . . ကိုသူရ စိတ်ကူးထဲမှာ ချစ်သူကို ရေလောင်းနေသလားဗျ”

ရဲဘော်တစ်ဦးက လှမ်းစလေသည်။

“သြော်. . . ကိုယ့်လူကလဲ သိတဲ့အတိုင်းပဲ၊ ကျုပ်တို့ မှာ ချစ်သူရည်းစားထားဖို့ ဘယ်မှာအချိန်ရှိမလဲဗျ”

“ဒါလဲ ဟုတ်တာပဲ၊ လောကကြီးက အနေခက်၊ အသေ

www.burmeseclassic.com


ခက်ကြီး ပါကလားနော်”

“ကျုပ်တို့ အနာခံသရွေ့ဟာ နောင်တစ်ခေတ်မှာ အသာစံဖို့ ဖြစ်လာမှာပေ့ါ ရဲဘော်ရာ၊ ဒါလောက်လဲ စိတ်မပျက်ပါနဲ့”

မှန်သည်။

ကြီးမားသော ရည်မှန်းချက်တစ်ခုကြောင့်သာ သူတို့သည် ဤမျှ အနာခံခြင်း ဖြစ်သည်။

*

ကိုသူရ၏ ဒိုင်ယာရီမှတ်တမ်း စာအုပ်မှ စာရွက်ကလေးပေါ်တွင် နေ့စဉ်မှတ်တမ်း အကျဉ်းချုပ်ကလေးများကို မင်ဖြင့် တို့ရေးသွားပြီးနောက် တစ်ရွက်ပြီးတစ်ရွက် လှန်၍သွားရသည်။

အော်စတာတွင် ဆင်းသောနေ့။

ဖိလိပိုင်ပညာတော်သင် ကိုဆောင်းနှင့် ဆုံစည်းမိကြသည်။

ဟာကိုနီရေပူစမ်းသို့ ရောက်၍ သခင်အောင်ဆန်းနှင့် တွေ့ကြသည်။

တိုကျိုမြို့တော်သို့ တစ်ပတ်လောက် သွားရောက်လည်ပတ်ကြသည်။

ဖော်မိုဆာကို ဖြတ်ကျော်ပြီးနောက် ဟောနန်ကျွန်းကို ရောက်ကြသည်။

* * *

www.burmeseclassic.com


# (၅)

**ဟောနန်ကျွန်း**

ဂျပန်ပြည်ရှိ ကျွန်းတစ်ကျွန်း၏ အမည်ဖြစ်ပေသည်။ မြန်မာပြည်နှင့် လတ္တီတွဒ် တစ်တန်းတည်းမှာ တည်ရှိသည်။

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာမျိုးချစ် လူငယ်တစ်စု စစ်ပညာစတင်သင်ကြားရသော နေရာလည်း ဖြစ်ပေသည်။ ကိုသူရသည် စစ်ပညာ သင်တန်းဆင်း သောနေ့ ၌ ဖခင်ဦးဘကျော် ပြောသော စကားများကို သွား၍ အမှတ် ရမိသည်။

"ဘယ်မလဲ မင်းတို့မှာ လက်နက်၊ တို့မြန်မာထဲမှာ စစ်ပညာတတ်တဲ့သူ ဘယ်နှစ်ဦးရှိသလဲ၊ ဘယ်နှစ်ယောက် သေနတ်ကိုင်တတ်သလဲ၊ ဘယ်မလဲ ကိုယ်ပိုင်စစ်တပ်"

ဂျပန်တို့သည် နောင်သောအခါ၌ မြန်မာများအပေါ်တွင် ဘီလူးဇာတိပြသော်လည်း၊ ပွဲဦးထွက် ဂျပန်တို့မှ ရရှိသော အကျိုးအမြတ်ကား စစ်ပညာပင်တည်း။

စင်စစ် နောင်အခါတွင် ကိုသူရအဖို့ စစ်အတွေ့အကြုံ ရင့်ကျက်လာသော ဘဝ၌ ယခု ဟောနန်ကျွန်းတွင် သင်ကြား ရသော စစ်ပညာသည် မူလတန်း စစ်ပညာမျှသာတည်း။

www.burmeseclassic.com


သို့သော် ကိုယ်ပိုင်စစ်တပ် မရှိခဲ့သော မြန်မာ၊ ၆လက်မ ရှည်သော ဓားမြှောင်ကိုပင် ကိုင်ခွင့်မရခဲ့သော မြန်မာ၊ စစ်ပညာဆိုတာ ဖြူသလား၊ မည်းသလားပင် သိခွင့်မရရှာသော မြန်မာအဖို့ကား၊ စစ်ပညာသင်တန်းများသည် အလွန်အဖိုးတန်နေသည်။ တွေ့သမျှ မြင်သမျှအားလုံးသည် အသစ်အဆန်းချည်း ဖြစ်နေပေတော့သည်။ သို့ကြောင့် မည်မျှ ပင်ပန်းဆင်းရဲ သော်လည်း ရဲဘော်တွေသည် အားကြိုးမာန်တက် ပညာရသလောက် ယူကြသည်။

"လက်နက်နဲ့ စစ်သားကော ဘယ်ကရမလဲ"

"ရတဲ့နည်းနဲ့ ယူရမှာပေါ့၊ ဒါကိုပဲ ကျွန်တော်တို့ လူငယ်တစ်စု ကြံဆနေကြတာပဲ"

တစ်ညတုန်းက ဦးဘကျော်နှင့် အချီအချ ပြောခဲ့သော စကားကို ကိုသူရမှာ ပြန်လည်ကြားယောင်နေမိသည်။

**စစ်ပညာ။**

**လက်နက်။**

**အမျိုးသား လက်နက်ကိုင် တပ်မတော်။**

လောလောဆယ်၌ ကိုသူရ၏ ခေါင်းထဲတွင် ဒါပဲရှိသည်။ ကိုသူရတို့အဖို့ အရေးကြီးဆုံးကား ဒါပဲ မဟုတ်ပါလား။

*

စစ်သင်တန်းစ၍ ဆင်းပြီးသော တစ်ပတ်ခန့်ကြာသောအခါ၌ မြန်မာလူငယ်တစ်စု ကိုင်စွဲရန် လက်နက်သေတ္တာကြီးများသည် စစ်တန်းလျားသို့ ရောက်လာခဲ့ပေသည်။ လက်နက်သေတ္တာများ

www.burmeseclassic.com


သည် ၄မိုင်မျှဝေးသော ဂျပန်ရေတပ်မှ သယ်ဆောင်လာရခြင်းဖြစ်သည်။ သေတ္တာကြီးများ ထမ်း၍လက်နက်တိုက်ကို သွင်းရသောအခါ ရဲဘော်များ၏ ရင်တွင် တဒိတ်ဒိတ် ခုန်နေသည်။ ဝမ်းမြောက်ခြင်းကား ဆိုဖွယ်ရာမရှိပြီ။

နောက်တစ်နေ့။

အခမ်းအနားနှင့် လက်နက်အပ်ပွဲ ကျင်းပသည်။ သည်လက်နက်များသည် ကိုယ်ပိုင်ကိုင်စွဲရမည့် လက်နက်များပေတည်း။ ကိုသူရတို့သည် ဝတ်ကောင်းစားလှများ ဝတ်ပြီး နေပူကြီးထဲတွင် တန်းစီ၍ ရပ်နေကြရသည်။ နေမင်း၏ အပူရှိန်ကြောင့် တစ်ကိုယ်လုံး ချွေးများ ရွှဲရွှဲစိုနေသည်။ နဖူးတွင် ချွေးများသီးကာ၊ မျက်နှာတွင် ချွေးများ ပြိုက်ပြိုက် ကျနေသည်။ နေနှင့် တိုက်ရိုက်ထိသော အသားများသည် ပူစပ်ကျိန်းနေပေသည်။

ရင်ထဲမှ ပီတိအဟုန်တို့သည်အပူဒဏ်ကို ကာကွယ်ထားသည်။ ရဲဘော်တို့၏ မျက်လုံးများကား ပျော်ရွှင်အားရခြင်းကြောင့် ဝင်းတောက်နေကြသည်။

လက်နက်မှာ ချက်ကိုစလပ်လုပ် ရိုင်ဖယ်သေနတ် ဖြစ်သည်။ သေနတ်ထိပ်တွင် တပ်ရန် လှံစွပ်ပါ တစ်ပါတည်း ပေးသည်။ ရဲဘော်များကို အစီအစဉ်နှင့် တစ်ဦးစီ ခေါ်၍ပေးသည်။

ကိုသူရအလှည့်တွင် သေနတ်ပေးရာသို့ မည်သို့ ခြေလှမ်းမိသည် သတိမထားမိတော့ပေ။ ဝမ်းသာခြင်း၊ တုန်လှုပ်ခြင်းဖြင့် ကတုန်ကယင် ဖြစ်နေသည်။ သေနတ်လှမ်းယူသော လက်များသည် တဆတ်ဆတ်တုန်နေသည်။ သေနတ်မှာ အမဲဆီများ

www.burmeseclassic.com


ပေကျံနေသဖြင့် ကိုင်ရသည့်အခါ ချော၍နေ၏။ ရိုင်ဖယ်သေနတ်နှင့် လုံစွပ်တို့အပြင် ပခုံးကြိုးသိုင်းတို့ကို လက်နှစ်ဖက်နှင့် ကိုင်လျက် မိမိတန်းစီနေရာသို့ ပြန်ရပ်လိုက်သည်။

မြန်မာလူငယ်တစ်တွေ လက်နက်ကိုင်ကြရပေပြီ။ သည်လက်နက်သည် ဘယ်သူကပေးပေး၊ ဘယ်ကရရ၊ အကြောင်းမဟုတ်။ သည်လက်နက်နှင့် နယ်ချဲ့စနစ်ကြီးကို တိုက်ရပေမည်။ လက်နက်ကိုင်တတ်ခြင်းသည်ပင် မြန်မာ့ လွတ်မြောက်ရေး တိုက်ပွဲအတွက် မျိုးစေ့ပင် ဖြစ်တော့သည်။

*

နံနက် ၅နာရီမှ ညနေ နေဝင်ခါနီးအထိ။

တစ်နေ့လုံး ထမင်းစားသည့်အချိန်မှအပ၊ နားရသည် မရှိ။ တောက်လျှောက် စစ်သင်တန်း ဆင်းရသည်။ အချိန်တိုတိုနှင့် ဒလစပ် ဖိ၍သင်ကြားရခြင်းအကြောင်းမှာ မြန်မာပြည်သို့ ပြန်၍ ပြောက်ကျားစစ် ဆင်နွှဲရန် ဖြစ်ပေသည်။

ညဘက်၌ ညတိုက်ပွဲ တစ်ပတ်လျှင် ၃ကြိမ်မျှ ဆင်းရသည်။ ညတိုက်ပွဲများမှာ နာရီပြန် တစ်ချက်၊ နှစ်ချက်။ တစ်ခါတစ်ရံ မိုးလင်းသည်အထိ ကျင့်ရသည်။

၃လမျှ ဤသို့ စစ်သင်တန်းကို အပြင်းအထန် သင်ကြားရသည်။ ပြင်းထန်သော တိုက်ပွဲလေ့ကျင့်ခန်းများတွင် ရဲဘော်တို့သည် အမောဆို့၍ မူးလဲတတ်ကြသည်။

ရဲဘော်တို့၏ လေ့ကျင့်ခန်းဆရာမှာ နာမည်ကျော် ကပ္ပတိန်

www.burmeseclassic.com


ကဝါရှီးမား ဖြစ်သည်။ သူ့တွင် ရုပ်ပျက်နေသော ဒဏ်ရာ အမာရွတ်များ ရှိခြင်းကြောင့် ရဲဘော်များက အချင်းချင်း "သူရဲ"ဟု နာမည်ဖျက်၍ တိတ်တဆိတ် ခေါ်ကြသည်။ သူရဲခေါ် ကဝါရှီးမားသည် တိုက်ပွဲထင်မြင်ချက်ကို တိုတိုနှင့် လိုရင်းရောက်အောင် မှတ်သားဖွယ် အချက်များကိုလည်း ပြောတတ်ပေသည်။

နေ့လယ်ခင်း၌ အပူဒီဂရီသည် တစ်စထက်တစ်စ တက်လာသည်။ စစ်သင်တန်းတွင် ကိုင်ရသော လက်နက်များသည် ပထမ တရုတ်စစ်မြေပြင်မှ ရရှိသော တရုတ်၊ ချက်ကိုစလပ်၊ ရုရှားလုပ် ခြေလျင်တပ်သုံး ရိုင်ဖယ်များ၊ စက်သေနတ် အသေး၊ အကြီးများ၊ မော်တာအလတ်စားများ၊ အမြောက်ငယ်များ ဖြစ်၏။

လုံ့စွပ်ပြေးထိုးရသော တိုက်ပွဲလေ့ကျင့်ခန်းမှာလည်း ပင်ပန်းလွန်းလှချေသည်။

"ရား. . . ရား"

ရန်သူမိပြီးဟန်နှင့် နောက်ဆုံး "ရား. . . ရား"ဟု အော်ကာ လုံ့စွပ်နှင့် ပြေးထိုးရလေသည်။ လုံ့စွပ်တိုက်ပွဲပြီးသည့် အခါ၌. . .

"ဂျိုကျိုဒါစီ"ဟု ကပ္ပတိန် ကဝါရှီးမားက အော်လိုက်သည်။ တိုက်ပွဲပြီးပြီဟု ဆိုလိုခြင်း ဖြစ်သည်။

တိုက်ပွဲပြီးသည့်တစ်ပြိုင်နက် ဂျပန်အချို့နှင့် ကိုလှမောင် (ဗိုလ်ဇေယျ)တို့မှာ မဟန်နိုင်ဘဲ မူးလဲသွားကြသည်။

ထို့နောက် တိုက်ပွဲထင်မြင်ချက်များကို ဆရာတစ်ယောက်ပြီးတစ်ယောက် ရှည်လျားစွာ ရှင်းပြနေသည်။ စကားပြောပြီး

www.burmeseclassic.com


နားသည့်အချိန်တွင် ကိုရွှေ(ဗိုလ်ကျော်ဇော)မှာ မူးလဲတော့သည်။ သူ၏ မြင့်မားသော အရပ်ကြောင့်အလွန်ပိန်သည်ဟု ထင်ရသည်။ ကိုတင်အေး(ဗိုလ်ဖုန်းမြင့်)မှာလည်း မရပ်တည်နိုင်တော့ဘဲ မူးနေတော့သည်။

ကိုသူရသည် တန်းလျားသို့ အားခဲကာ လာနိုင်သေးသည်။ တန်းလျားသို့အရောက် ခေါင်းတွင် မိုက်ခနဲဖြစ်သွားကာ မျက်စိများ ပြာဝေလာသည်။ အသက်ကို ဘယ်လိုရှူရမှန်းမသိပေ။ အသက်ရှူရခက်ကာ ရင်ထဲတွင် တင်းတင်းကျပ်ကျပ်ကြီး ဖြစ်၍ ဖိလှိုက်နေသည်။ ဒူးမှာ အလိုလို ခွေညွှတ်ကာ လဲကျသွားတော့သည်။ တစ်ကိုယ်လုံးမှာ ကိုင်ရိုက်ထားသကဲ့သို့ နာကျင်နေသည်။

တန်းလျားအရောက်တွင် လဲနေသော မြန်မာများမှာ ရှစ်ယောက်တောင် ဖြစ်နေသည်။

ပင်ပန်းသော်ငြားလည်း ရဲဘော်များသည် စိတ်ဓာတ်မကျဆင်းစေရန် လုံးဝမညည်းညူစတမ်းဟု ညှိထားကြသည်။ ဂျပန်များရှေ့တွင် ညည်းလည်းမညည်းချင်ကြပေ။ သည်လိုအခါမျိုးတွင် ခံနိုင်ရည်နှင့် ဇွဲသတ္တိ အလွန်လိုပေသည်။ သည်လို ဒုက္ခဆင်းရဲ ခံရမည်ဆိုသည်ကိုလည်း ကြိုတင်သိထားကြသည်။ သိပင်သိငြားသော်လည်း သွေးနှင့်သားနှင့် ဖွဲ့စည်းထားသော လူသားများ ဖြစ်ကြသဖြင့် ဘယ်သို့ရှိမည်ကို မှန်းဆနိုင်ပေသည်။

တစ်နေ့ ထမင်းစားနေကြစဉ် နောက်ဆုံးအသုတ် ရဲဘော်များထဲမှ ကိုမောင်မောင်(ဗိုလ်ဉာဏ)သည် မခံရပ်နိုင် ဖြစ်ပြီး

www.burmeseclassic.com


ထမင်းစားရာမှ ပြုန်းခနဲထ၍. . .

"ဟော့. . . ပင်ပန်းလှချေတကား၊ ဒီလိုဆိုရင် ပေါက္ကံပြည် ကြာရှည်မှ နန်းစံနိုင်ပါ့မလား"ဟု ဂျပန်များရှေ့တွင် တစ်ခုခု အော်ဟစ်ပြောဆိုသလိုလိုနှင့် ခပ်တည်တည် အော်ဟစ်လိုက်သည်။ ကျန်ရဲဘော်များမှာ ဂျပန်များရှိနေ၍ ပြုံးရုံသာ ပြုံးနိုင်လေသည်။ ကိုမောင်မောင် မခံမရပ် အော်မည်ဆိုလည်း အော်စရာပေ။ ရဲဘော်များသည် ဟေနန်ကျွန်းသို့ လေးသုတ်ခွဲလာရရာ နောက် ဆုံးအသုတ်မှာ ရက်သတ္တအနည်းငယ် နောက်ကျနေသည်။ ဤသို့ သင်တန်းများ နောက်ကျနေသဖြင့် အပြင်းအထန် အမီလိုက်ရလေသည်။ ကိုမောင်မောင်မှာ နောက်ဆုံး အသုတ်ထဲ တွင် ပါဝင်သော ရဲဘော်ဖြစ်သဖြင့် သည်းမခံနိုင်ဘဲ ထအော် ခြင်း ဖြစ်သည်။

(နောက်တွင် မြန်မာပြည်ထဲသို့ ဘီအိုင်အေ ဝင်လာစဉ် ကိုမောင်မောင် (ဗိုလ်ဉာဏ)မှာ ဖာပွန်အနီး တိုက်ပွဲတွင် ကျဆုံးရှာသည်။)

တစ်နေ့တွင်. . .

၅မိုင်မျှ ရှည်လျားသော တိုက်ပွဲလေ့ကျင့်ခန်းကို ကျင့် ရသည်။ မျိုးချစ်လူငယ်များ၏ စိတ်အားများသည် တက်ကြွနေ သည်။ "ငါတို့ ပင်ပန်းတာဟာ မြန်မာပြည်အတွက်ပဲ" ဟူ သော စိတ်သည် ဘာကိုပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ မဖြုန်တော့ပေ။

နံနက် ၉နာရီမှစ၍ လေ့ကျင့်ခန်းဆင်းရရာ စစ်တန်း လျားသို့ ည ၇နာရီမှ ပြန်ရောက်သည်။ ညတွင် ရဲဘော်အချို့ သည် နေ့စဉ်မှတ်တမ်းများကို အသည်းနှလုံးမှ ယိုစီးလာသော

www.burmeseclassic.com


စေတနာအဟုန်နှင့် ရေးသားကြသည်။

ကိုသူရသည် ကိုရွှေ (ဗိုလ်ကျော်ဇော)၏ ဒိုင်ယာရီမှ ထိုနေ့မှတ်တမ်းကို ယူဖတ်ကြည့်ရင်း ခေါင်းထဲတွင် တစ်သက်လုံး စွဲကျန်ရစ်သည်။ သူ ရေးထားသော စာကို လေးခေါက်၊ ငါးခေါက် ဖတ်သဖြင့် အလွတ်ရနေသည်။ ရင်ထဲမှ ပေါက်ဖွားလာသော စကားလုံးများကား အောက်ပါအတိုင်းပင်တည်း။

**၁၉၄၁ ခု၊ ဇွန်လ ၂၀ ရက်။**

"ဤတိုက်ပွဲကို ကျုပ်တို့အလွန် ကျေနပ်သည်။ဤမျှ ရှည်လျားစွာ မရပ်မနားဘဲ တိုက်ခဲ့သည်။ ကမ္ဘာပေါ် ဘယ်စစ်သားမှ မကြောက်တော့ပေ။ ဂျပန်စစ်သား အကောင်းဆုံး မစ္စတာ'ဟာတရီ'ပင် နောက်ဆုံးနေရာ ကို အားခဲပြီး လာခဲ့ရသည်။ မြန်မာပြည်အတွက် ဝမ်းမြောက်သည်။ ကျုပ်တို့ ပင်ပန်းသဖြင့် ကျရသော ချွေးသီးချွေးပေါက်သည် မြန်မာပြည်အတွက် အေးချမ်းဖို့ အရိပ်အယောင် မိုးရေမိုးပေါက် ဖြစ်ရချေမည်။ ကျုပ်တို့ ထိုလေ့ကျင့်ခန်းကို အကျေနပ်ကြီး ကျေနပ်သည်။ မြန်မာ အားလုံး ၅မိုင် စစ်တလင်းအဆုံးကို အတူတူရောက်ကြသည်။ အထူးသဖြင့် သခင်အောင်ဆန်း၏ ဖွဲ့သတ္တိကို လူတိုင်း ဝမ်းထဲက ကျေနပ်ကြသည်"

* * *

www.burmeseclassic.com


# (၆)

မိနှင့်ထွေးတို့သည် ပန်းကြိုက်တတ်သူများဖြစ်၍ သူတို့၏ ခေါင်းတွင် အမြဲတမ်း ပန်းရနံ့တို့နှင့် သင်းနေသည်။

သူတို့၏မည်းမှောင်တောက်ပသော ကေသာထက် တွင် ရာသီအလိုက် စီခြယ်သွယ်ထုံးတတ်သော ပိတောက်၊ စကားဝါ၊ ဇီဇဝါ၊ သဇင်၊ ခွာညို စသော ပန်းတို့သည် ရာသီ ပြောင်းလာပုံကို တွေ့မြင်နိုင်သည်။

နွေ-မိုး လွန်မြောက် ဆောင်းသို့ ရောက်ပေပြီ။

တန်ခူး၊ ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း စသည်အားဖြင့် တရွေ့ရွေ့ ကူးပြောင်းလာသည်။

မိ တစ်ယောက် သူ့အမေမေ ဒေါ်အေးခင်နှင့် အတူ မအူပင် သို့သွားပြီး ပြန်လာသောအချိန်၌ ထွေး၏ခေါင်းတွင် သဇင် ရနံ့များ သင်းပျံ့နေသည်။

“သဇင်ပန်းတွေတောင် ပေါ်ပြီနော်. . . ထွေး”

ထွေးခေါင်းမှ ပန်ထားသော ပန်းကို ငုံ့နမ်းရင်း မိက ပြောလိုက်သည်။

“ပေါ်ပေမယ့် သိပ်ရှားတာပဲ မိရယ်၊ မနက်က မေမေရယ်

www.burmeseclassic.com


တစ်စည်းကို နှစ်ကျပ်တောင် ပေးဝယ်ခဲ့ရတယ်၊ ဘုရား တင်ပြီး ကိုကြီးအတွက် ဆုတောင်းမလို့တဲ့”

“ခုနေ အစ်ကိုကြီး ကိုသူရတစ်ယောက် ဘယ်ရောက်နေတယ် မသိဘူးနော်”

မိသည် ညည်းညည်းညူညူ ပြောလိုက်ကာ ကိုသူရ၏ရုပ်ကို မျက်စိထဲ ပုံဖမ်းကြည့်နေမိသည်။ ကိုသူရတစ်ယောက်အိမ်မှ ထွက်သွားခဲ့သည်မှာ ၇လ ကျော်၊ ၈လခန့် ရှိပေပြီ။ မိထွေးတို့အိမ်၌ အိပ်သော တစ်ညက ရှုပ်ဖြူလက်ရှည်ကို ဘိုသီဘတ်သီ ဝတ်၍ ယောလုံချည်အနက် ဝတ်ထားသော ကိုသူရ၏ရုပ်ရည်ကို ပီပီသသမြင်ယောက်နေမိသည်။

ထွေးမှာ ကိုသူရအကြောင်းကို စမိလျှင် မျက်ရည်ဝဲနေတတ်သည်။

“မိ ပန်ချင်ရင် ဟောဟို သနပ်ခါးခွက်ထဲမှာ သဇင်ခက် သုံးခက်ရှိတယ်”

ထွေးသည် စကားကို လွှဲလိုက်သည်။ မိမှာ မသိလိုက် မသိဘာသာပင် ပန်းများကို ထယူကာ ပန်လိုက်သည်။

“ထွေးရေ. . . စစ်ဖြစ်တော့မှာမို့ ကျောင်းပိတ်တယ်ဆို၊ မအူပင်ကို ဘော်ဒါက ဒေါ်လီတို့ ပြန်လာကြတယ်၊ ဆရာမတွေနဲ့ အတန်းကြီးတွေက မမတွေက စိတ်မကောင်းလို့ ငိုကြ သတဲ့၊ ဒေါ်လီကတော့ စာမသင်ရတော့လို့ ပျော်သတဲ့၊ မိလဲ ပျော်တာပဲ”

“ထွေးတို့ကျောင်းလဲ ပိတ်လိုက်တယ်၊ ထွေးလဲ ကျောင်းသွားရတာ ပျင်းလွန်းလို့ သဘောကျတာပေါ့၊ ဒါပေမဲ့

www.burmeseclassic.com


ဖေဖေနဲ့ မေမေကတော့ ထွေးတို့ စာသင်ပျက်တယ်ဆိုပြီး စိတ်မကောင်းကြဘူး၊ ကိုလေးနောင်တောင် ဒီနှစ် ၁၀တန်း မဝင်ရတော့ဘူး"

"မိတောင် လဆန်း ၁ရက်က ကျောင်းလခ ပေးလိုက်သေးတယ်၊ မိ တောလဲသွားရော ကျောင်းပိတ်တယ် ကြားရတာပဲ"

"လခ ပါသွားရောလား"

"ပါသွားတာပေါ့"

မိနှင့်ထွေးတို့၏ အသိဉာဏ်နှင့် မှန်းဆတွေးခေါ်နိုင်စွမ်းမရှိသော်လည်း ထိုစဉ်က ဒုတိယကမ္ဘာစစ်မီးသည် အာရှသို့ ကူးစက်တော့သည်။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ရက်တွင် ပုလဲဆိပ်ကမ်းကို ဂျပန်လေတပ်က ရုတ်တရက် ဝင်တိုက်သည်။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၈ရက်နေ့တွင် စစ်ကြေညာသည်။

*

**၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်။**

မိတို့ သားအမိနှစ်ယောက်သည် ထွေးတို့အိမ်တွင်ထမင်းစားကြသည်။ ထွေးဖေဖေ ဦးဘကျော်၊ ထွေးမေမေ ဒေါ်နှင်း၊ မိ၏မေမေ ဒေါ်အေးခင်၊ ထွေးနှင့်မိတို့သည် တစ်စုတစ်ရုံး တည်းတပျော်တပါး ထမင်းစားကြသည်။ ကိုရန်နောင် တစ်

www.burmeseclassic.com


ယောက်သာ မြို့ထဲသို့ ထွက်၍ ခာတ်ခဲဝယ်နေသဖြင့် ထမင်းဝိုင်းတွင် မပါဘဲရှိနေသည်။ ထို့ပြင် မိ၏ဖေဖေ ဦးဘတင်သည် ကောင်းကောင်း နေမကောင်းသဖြင့် သူ့အိမ်တွင် လှဲနေသည်။

"ကိုဘကျော်က သိပ်အစားပုပ်တာပဲ"

ဒေါ်အေးခင်သည် ဦးဘကျော်ကို လှမ်းပြောလိုက်သည်။

ဦးဘကျော်နှင့် ဒေါ်အေးခင်တို့သည် မောင်နှမတစ်ဝမ်းကွဲ တော်စပ်သည်။

ထိုနေ့က ထမင်းဝိုင်းသည် မြိုင်ဆိုင်လှသည်။ ထွေးနှင့်မိမှာ မကြာခဏ လက်ဆုံကာ ဒေါ်နှင်းနှင့် ဒေါ်အေးခင်တို့မှာလည်း လက်ဆုံကြသည်။

"ဒီမနက် ထမင်းတော်တော်ဝင်တယ်ဟေ့. . . လူစုံလို့ထင်တယ်"

ဦးဘကျော်က ပြောကာ ရေသောက်နေသည်။

"အံမယ်. . . ရှင်က အစားပုပ်တိုင်း ကျုပ်တို့ လွှဲချမနေပါနဲ့" အားလုံးတသောသော ရယ်မောကြသည်။

"ဟော. . . ဥသြမှုတ်သံ ကြားတယ်၊ နားထောင်စမ်း"

ဥသြမှုတ်ပြီး မကြာမီ "ဝီ"ဆိုသော အသံများ ဟိန်း၍လာသည်။

"ဟော. . . ဘာသံတွေလဲ"

ဒေါ်နှင်းနှင့် ဦးဘကျော်တို့သည် ပြတင်းပေါက်မှ လှမ်းကြည့်ကြသည်။

"ဟာ. . . လေယာဉ်ပျံတွေ"

www.burmeseclassic.com


ဦးဘကျော် အော်လိုက်ခြင်းကြောင့်သာ သိလိုက်ကြသည်။ ဒေါ်နှင်းနှင့် ဒေါ်အေးခင်တို့ကား ဤမျှ များပြားစွာ ပျံသန်းလာသော လေယာဉ်ပျံများကို မမြင်ဖူးသဖြင့်အံ့သြ၍ ဘာမှန်းမသိအောင် ဖြစ်နသည်။ ထွေးနှင့်မိတို့၏ စိတ်ထဲ၌ ကား ဘာမျှ ထူးခြားခြင်း မရှိပေ။

ထိုအခိုက် "ဝုန်း"ဆိုသော တုန်ဟည်းအော်မြည်လိုက်သော အသံကြောင့် အိမ်မှာ သိမ့်သိမ့်တုန်သွားသည်။ အိမ်မှာ လျှော်လှုပ်သကဲ့သို့ ခါနေသည်။

"အလို. . . ဘုရား. . . ဘုရား"

"ဗုံးကြဲတာ. . . ဗုံးကြဲတာ၊ စားပွဲအောက်မှာ ဝပ်နေကြ"

ထိုစဉ်က မြန်မာတွေမှာ စစ်အတွေ့အကြုံကို ခံစားဖူးသည်မဟုတ်။ 'ဗုံး'ဆိုသည်မှာ ဒဏ္ဍာရီပုံပြင်သဖွယ် တွေး ထင်မှတ်နေရရှာသော အချိန်ပင် ဖြစ်သည်။ ဦးဘကျော်မှာ စာတွေ့ ဗဟုသုတလေးရှိသဖြင့် ဗုံးကြဲလျှင် မည်သို့ အကွယ် အကာယူရမည်ကို သိရှိနေခြင်း ဖြစ်သည်။

"နားတွေပိတ်ပြီး ပါးစပ်ဟထားကြ၊ လျှာကိုက်မိကြမယ်"

"အံမယ်လေး. . . ဒုက္ခပဲ၊ အရေးထဲ ရန်နောင် ပြန်မလာဘူး၊ ဘုရား. . . ဘုရား ဘယ့်နှယ်လုပ်ရပါ့မလဲ"

ဒေါ်နှင်းမှာ သားငယ်အတွက် စိုးရိမ်နေသည်။

ဒေါ်အေးခင်မှာလည်း ဟိုပြေးရမလို၊ သည်ပြေးရမ လိုက္ကန္ဒြေမရ ဖြစ်နေသဖြင့် ဒေါ်နှင်းနှင့် ဦးဘကျော်က ဆွဲထားရသည်။ ဆွဲထားရသည့်ကြားထဲတွင် အတင်းရုန်း၍ သူ့သားအတွက် စိတ်ပူကာ မီးဖိုချောင်လမ်းကြားဘက်မှ

www.burmeseclassic.com


ထွက်သွားသည်။

ဒေါ်နှင်းသည် ကိုရန်နောင်အတွက် ခေါင်းမီးတောက်နေသည်။

"ကျွန်မသားလေးဒုက္ခပဲ၊ ဘုရား. . . ဘုရား လွတ်ပါစေ"

"မနှင်းကလဲကွာ၊ ဒါလောက် တွေးပူမနေပါနဲ့၊ လူ့ကံကရှိပါသေးတယ်"

စက်သေနတ် တဒက်ဒက် ဆွဲပစ်သံ၊ ဗုံးများ၏ တုန်ဟည်းသောအသံ၊ လေယာဉ်ပျံကို အမြောက်နှင့် လှမ်းပစ်သံအားလုံး ကြောက်ခမန်းလိလိ ဖြစ်ပေသည်။

ထီးတန်းတစ်ဝိုက်၌ ပြေးသံ လွှားသံ၊ အော်ဟစ်သံ များအဆက်မပြတ် ဆူညံနေသည်။

ကမ္ဘာပျက်ချေပြီ။

လေယာဉ်ပျံသံများ စဲသွားသောအခါ ရန်ကုန်တစ်ဝိုက်တွင်အလောင်းများ သေးအလူးလူးနှင့် ထပ်လျက်ရှိသည်။ လက်ပြတ် ခြေပြတ်၊ ခေါင်းတခြား၊ ကိုယ်တခြား ဖြစ်ရသည့်အလောင်းကောင်များမှာ မရေတွက်နိုင်ပြီ။ သားသေသူ၊ လင်သေသူ၊ မယားသေသူ၊ မိဘဆုံးသူတို့မှာ ပရိဒေဝမီး တောက်လောင်နေကြသည်။ လမ်းသွားရင်း သေသည်။ ထမင်းစားရင်းသေသည်။ ဘုရားရှိခိုးလက်အုပ်မိုးလျက် သေသည်။ ဗြုန်းဒိုင်းစစ်အတွေ့အကြုံ မရှိဘဲနှင့် "စစ်" ဒုက္ခကို သွေးပျက်ခမန်းခံစားကြရသည်။

၁၂ရာသီပွဲ တခြိမ့်ခြိမ့်နှင့် ပျော်တတ်သော မြန်မာ. . မေ့လွယ် ပျောက်လွယ်၊ ပြီးလွယ် စီးလွယ်၊ ကလေးငယ်ကဲ့သို့

www.burmeseclassic.com


နေတတ်သော မြန်မာ. . ကမ္ဘာစစ်ကို လုံးဝမတွေ့ကြုံဖူးသော မြန်မာ. . လေယာဉ်ပျံလာသည်ကို ပွဲကြီးပွဲကောင်းသဖွယ် ရပ်ကြည့်နေသော မြန်မာ. . တစ်ခါမှ ဗုံးဆိုသည်ကို မမြင်ခဲ့ဖူးသည့် မြန်မာ. . စသည့် စသည့် မြန်မာပေါင်းများစွာသည် သေပွဲလှုလှုကြီး ဝင်ရရှာသည်။

ဘေးကင်းဥသြ ဆွဲပြီးသောအခါ သူနာပြုကားများနှင့် A.R.P အုပ်ချုပ်ရေးအဖွဲ့ဝင်များ အလုပ်များကြသည်။

မိအား ဒေါ်အေးခင်က လာခေါ်သွားသည်။ ဒေါ်နှင်းသည် ကိုရန်နောင်အတွက် ရူးမတက် ဖြစ်နေစဉ် ကိုရန်နောင် ပြုံးဆိုပေါက်လာသည်။ ဒေါ်နှင်းသည် "အမလေး. . သားရယ် ပူလိုက်ရတာ"ဟု ကိုရန်နောင်အား ဖက်ထားလေသည်။ ကိုရန်နောင်၏ နှုတ်ခမ်းများ ဖြူကာ မောဟိုက်တုန်ချိနေသည်။

"ကျွန်တော် ပန်းကန်ဆိုင်မှာ ဝင်ပုန်းနေရတယ် မေမေ၊ ကျွန်တော့်ရှေ့မှာ ပန်းကန်ဆိုင်ရှင်ကုလား အပြင်ထွက်ပြီး ပစ္စည်းသိမ်းတာ စက်သေနတ်မှန်ပြီး သေရော"

"အမလေးလေး. . မသေကောင်း မပျောက်ကောင်း သားရယ်"

ထွေးမှာ ထမင်းစားခန်းထောင့်တွင် ကုပ်ကာ ထိုင်နေသည်။

"စထရင်း(ကမ်းနားလမ်း)လမ်းမှာ သိပ်သေကြတာပဲ၊ ကူလီအလောင်းတွေမှ အတုံးအရုံးပဲ"

ဦးဘကျော်သည် သတင်းနားထောင်ရန် တုတ်ကောက် တစ်ချောင်းနှင့် အပြင်ထွက်သွားသည်။

www.burmeseclassic.com


ဒီဇင်ဘာ ၂၃ရက်နေ့တွင် မြန်မာပြည်သို့ ပထမဦးဆုံး ဗုံးကြဲတိုက်ခိုက်သည်မှာ ဂျပန်ဗုံးကြဲလေယာဉ် ၇၀နှင့် တိုက်လေယာဉ် ၃၀တို့ ဖြစ်သည်။ ထိုအချိန်က ရန်ကုန်မြို့ရှိ အင်္ဂလိပ်လေတပ် (A.R.F) အင်အားမှာ One Squadron (တိုက်လေယာဉ် ၁၂ စင်း) ပဲ ရှိသည်။

ဗုံးကြဲသဖြင့် ပွဲချင်းပြီးသေသူမှာ အားလုံးပေါင်း ၂၀၀၀၊ ဒဏ်ရာပြင်းထန်စွာ ရပြီးနောက် သေသူမှာ ၇၅၀နှင့် ကျန်ဒဏ်ရာရသူပေါင်းမှာ ၁၇၀၀ ဖြစ်သည်။

၁၉၄၁ ခု၊ ဒီဇင်ဘာလ ၂၅ ရက်၌ ရန်သူတို့သည် ဗုံးကြဲလေယာဉ် ၈၀၊ တိုက်လေယာဉ် ၃၀တို့နှင့် ရန်ကုန်မြို့ကို ဒုတိယအကြိမ် တိုက်ခိုက်ပြန်သည်။ မြို့သူမြို့သားတို့သည် တစ်ခါသေးဖူး ပျဉ်ဖိုးနားလည်ကာ ယခင် အကြိမ်လောက် အသေအပျောက် မများတော့ပေ။

ရန်ကုန်မြို့နေ ခရစ်ယာန်ဘာသာဝင်များ အဖို့မူကား၊ ယေရှုဘုရားသခင်မွေးနေ့ အထိမ်းအမှတ်အတွက် မင်္ဂလာယူသောနေ့လည်း ခဲလေသမျှ သဲရေကျကာ အမင်္ဂလာ ဖြစ်ရလေတော့သည်။

* * *

www.burmeseclassic.com


# (၇)

ကိုသူရတို့သည် ဂျပန်စစ်သင်တန်း တက်ပြီးနောက်တွင် ဆိုင်ဂွန်းသို့ ရောက်ရှိလာခဲ့ကြသည်။ ဆိုင်ဂွန်းတွင် သခင်ထွန်းအုပ်၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်လက်ျာတို့ လာဆုံကြသည်။

ဆိုင်ဂွန်းမှ ထိုင်း၊ ရှမ်း-မြန်မာများကို စုဆောင်းကာစစ်သင်တန်း ပေးရသည်။

ဒီဇင်ဘာလတွင် ကိုယ့်တပ်ဖွဲ့နှင့် ကိုယ် ထိုင်း၊ ဘန်ကောက်မြို့သို့ ရောက်ရှိလာသည်။ ဘန်ကောက်တွင်လည်း ရသမျှ ရှမ်း-မြန်မာ မျိုးချစ်လူငယ်များကို စည်းရုံးကာ အမြန် စစ်သားစုဆောင်းကြသည်။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့။

သည်နေ့ သည်ရက်ကို ကိုသူရတို့သည် ဒိုင်ယာရီ မှတ်တမ်းစာအုပ်များတွင် မင်နီဖြင့် မျဉ်းသားကြလေသည်။ သည်နေ့သည်အခါကို သူတို့တစ်သက်တွင်ဘယ်သောအခါမှ မေ့နိုင်တော့မည်မဟုတ်။ သူတို့မှာ စစ်ပညာလည်း ရခဲ့ပြီ။ လက်နက်အမျိုးမျိုးလည်း စွဲကိုင်ခဲ့ဖူးပေပြီ။ နောက်ဆုံး သူလို ချင်သောအရာကား "အမျိုးသား လက်နက်ကိုင်တပ်မတော်" ။

www.burmeseclassic.com


ထိုနေ့ရက်တွင် သူတို့ တောင့်တခဲ့သော ပထမဦးဆုံး လက်နက်ကိုင် တပ်မတော်ကြီးကို ဖွဲ့စည်းလေသည်။

၆ လက်မရှည်သော ဓားမြှောင်ကိုပင် ကိုင်ခွင့်မရခဲ့ရှာသောမြန်မာ၊ နယ်ချဲ့၏ အဖိအနှိပ်ခံ မြန်မာသည် "စစ်တပ်" ဖွဲ့စည်းရသော အခြေအနေကို ရတော့မည်ဆိုတော့ ရဲဘော်တစ်တွေ ချွေးသီးချွေးပေါက် ကျရကျိုး နပ်ပေပြီ။

လက်နက်ကိုင် တပ်မတော်ကြီးကို စတင်ဖွဲ့စည်းသောနေရာမှာ ထိုင်း၊ ဘန်ကောက်မြို့၊ ဆထွန်းလမ်း၊ ဘိုနယိုတိုက် (Boneo) ခြံဝင်းကြီးအတွင်း ဖြစ်သည်။

မှတ်မိသေးသည်။

ထိုနေ့က ရဲဘော်အပေါင်းသည် "မြန်မာ့လွတ်လပ်ရေးအတွက်" တိုက်ပွဲဝင်ရန် လက်မောင်းသွေးဖောက်၍ သစ္စာရေသောက်ကြ၏။

စစ်တပ်ဖွဲ့စည်းသော အခမ်းအနားမှာ အတော်ပင် စည်ကားလေသည်။ တက်ရောက်ကြသော စစ်သားများမှာ စားကြ၊ သောက်ကြ၊ ကကြ၊ ခုန်ကြနှင့် အလွန်ပျော်ရွှင်နေကြသည်။ လူအပေါင်းတို့သည် လူးလာဆန်ခတ် ရွှင်မြူးကြသည်။ သေတစ်နေ့ မွေးတစ်နေ့ မဟုတ်ပါလား။ စစ်ကို ရင်မဆိုင်ရခင် အတိုးနှင့် ပျော်ဖို့ပဲရှိသည်။

လူအုပ်တစ်အုပ်သည် ဗိုလ်ချုပ်အောင်ဆန်းအား ဝိုင်း၍ ထမ်းကြပြီး ကကြ၊ ခုန်ကြ၏။ ဗိုလ်ချုပ်အား မြှောက်လိုက်၊ ချလိုက် လုပ်နေကြသည်။ ထိုစဉ်က ဗိုလ်ချုပ်သည် အသက်အစိတ်မျှသာ ရှိသေးသည်။ ဗိုလ်ချုပ်မှာလည်း လူအုပ်ကြီးပေါ်တွင်

www.burmeseclassic.com


မြောက်လိုက်ကျလိုက် ဖြစ်နေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ မျက်လုံးများမှာ တောက်ပနေသည်။ တင်းတင်းစေ့ထားသော နှုတ်ခမ်းထောင့်စွန်းနှစ်ဖက်မှာ ကွေးလျက် သွားမပေါ်ဘဲ ပြုံးနေသည်။ သူ၏ခေါင်းဆောင်မှုကြောင့် လူထုတစ်ရပ်လုံး ဆင်းရဲခြင်းမှ လွတ်ကင်းတော့မည်။ သူ၏ဝမ်းထဲတွင် ကိန်းအောင်းနေသော "စေတနာ"သည် အမြုတေ ရတနာသာ ဖြစ်တော့သည်။

*

စစ်ထွက်ရတော့မည်။

ရဲဘော်တို့၏အသက်ကို ဖတ်ရွက်နှင့် ထုပ်ထားရလေပြီ။ သေချင်သေမည်။ ကံကောင်းထောက်မလို့ ရှင်လည်း ကျိုးမည်၊ ကန်းမည်။ တောတောင်အထပ်ထပ်ကို ချီတက်တိုက်ရမည် ဖြစ်သောကြောင့် ပင်ပန်းဆင်းရဲခြင်းကို စကားထဲ ထည့်ပြော၍ ပင် မဖြစ်ချေ။

စစ်ကြောင်း ငါးကြောင်းဖြန့်ရန် စီစဉ်ထားသည်။

ထိုင်းကြောင်း၊

ထားဝယ်ကြောင်း၊

မြဝတီကြောင်း၊

ဖာပွန်ကြောင်း၊

တနင်္သာရီ ဝိတိုရိယအစွန်းမှ ပင်လယ်ကမ်းခြေအတိုင်း ရေကြောင်းတစ်ကြောင်း။

www.burmeseclassic.com


မှတ်မိသလောက် သခင်ရှုမောင် (ဗိုလ်ချုပ်နေဝင်း) နှင့် သခင်မောင်ဦး (ဗိုလ်တာရာ)တို့အဖွဲ့မှာ အတွင်းသူပုန် လှုပ်ရှားမှုအတွက် စောစောကပင် ထွက်ခွာသွားကြပြီး ဖြစ်၏။

ရဲဘော်သုံးကျိပ်ဝင်တို့သည် အသီးသီး ကိုယ့်တပ်ဖွဲ့နှင့် စစ်ကြောင်းများခွဲ၍ ချီတက်ကြရတော့မည်။ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲမှာ ဂျပန်နှင့် ဗြိတိသျှတို့အကြား မည်ကဲ့သို့ ဖြစ်ဦးမည်မသိပေ။ ရဲဘော်တို့သည် တစ်လုံးတစ်စည်းတည်း ၇ လကျော်မျှ ဂျပန့်လက်အောက်တွင် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနှင့် စစ်ပညာသင်ကြားခဲ့၏။ ယခု စစ်ထွက်ရတော့မည်။ တစ်ဦးနှင့်တစ်ဦး ခွဲခွာရတော့မည်ဖြစ်ရာ ပြန်တွေ့ချင်မှ တွေ့ကြရပေမည်။ မည်သူသေ၍ မည်သူရှင်မည်ကို မသိနိုင်ပေ။

ကိုသူရ၏စိတ်ထဲတွင် လှုပ်ရှားနေသည်။ ရဲဘော်အပေါင်း နှင့် ခွဲခွာရတော့မည်ဖြစ်၍ ကြေကွဲဝမ်းနည်းနေသည်။ လက်ဖဝါးအချင်းချင်းကို ပွတ်နေမိသောအခါ လက်ဖဝါးများမှာ အတော်ကြမ်းတမ်းနေသည်။ အသွင်အပြင် ပြောင်းလဲခဲ့ပြီ တကား။ ကမူးရူးထိုးနှင့် မျိုးချစ်လူငယ်လေးဘဝမှ ရင့်ကျက်သော စစ်သားဘဝသို့ အချိန်တိုတိုအတွင်းမှာပင် ရုပ်ပြောင်းခဲ့ရသည်။

ကိုသူရတို့မှာ ဖာပွန်ကြောင်းသို့ ချီတက်ရမည့် စစ်ကြောင်းတွင် ပါဝင်ရလေသည်။ နောက်တစ်နေ့တွင် စစ်ချီတက်ရတော့မည်။

"သေရမှာ မကြောက်ပါဘူးကွာ၊ ငါသေပြီး ငါ့အလောင်းမှာ တီကောင်တက်မှာကိုပဲ တွေးတွေးပြီး ကျောစိမ့်နေတာ"

www.burmeseclassic.com


ရဲဘော်တစ်ဦးသည် ပခုံးတွန့်ပြီး ရသေ့စိတ်ဖြေ နောက်ပြောင်လိုက်သည်။ နောက်တစ်ဦးက. . .

"ငါ့ဝါသနာကတော့ တစ်မျိုးကွ၊ ခားခားချင်း၊ လှုံလှုံချင်း၊ ကျည်ဆံကျည်ဆံချင်း ဘာကိုပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ မကြောက်ပါဘူး၊ သရဲဆိုရင်တော့ ကြောက်သဟေ့၊ ဟိုနေ့ညကလဲ နောက်ဖေးသွားနေရင်း ချွတ်ခနဲ အသံကြားလို့ နောက်ဖေးတန်းလန်းနဲ့ ထွက်ပြေးခဲ့ရတယ်"

အားလုံး တသောသော ရယ်မောကြသည်။

"ကောင်းပေ့ကွာ. . ဘုရင့်နောင်သွေး အတော်များတဲ့ ဇာတိသွေးပါပဲ"

ရဲဘော်တစ်ဦးက မှတ်ချက်ချလိုက်သည်။ ကိုသူရ သည် ဘုရင့်နောင်ဆို၍ "နောင်ရိုးချောင်းတိုက်ပွဲ"တွင် ဘုရင့်နောင်၏သတ္တိကို သတိရနေသည်။ ဘုရင့်နောင်သည် မွန်ဘုရင်သုရှင်တကာရွှတ်ပိ ရှိရာ "နောင်ရိုး"ချောင်းသို့ ကူးရာ ပြည်မြို့ဘက်ကမ်းသို့ ရောက်သောကာလ၌ လှေဖောင်များကို ဖျက်စေသည်။

"ရဲဘော်တို့ ကြားဖူးလားမသိဘူး၊ ရာဇဝင်မှာ ဘုရင့်နောင်ရဲ့ သတ္တိနဲ့ လုပ်ရည်ကြံရည်ကတော့ အထင်ကရပဲ"

"ကျွန်တော်တို့ ကြားတော့ကြားဖူးပါရဲ့၊ သေသေချာ ချာ မသိရဘူး၊ ပြောပြပါ ဗိုလ်ကြီး"

"ဘုရင့်နောင်ဟာ သုရှင်တကာရွှတ်ပိရှိရာ ပြည်မြို့ကို အတိုက်၊ နောင်ရိုးချောင်းကို ဖြတ်ကူးပြီးတော့ တစ်ဖက်ကမ်းလဲ ရောက်ရော လှေဖောင်တွေအားလုံးကို ဖျက်လိုက်သတဲ့၊ ဒီ

www.burmeseclassic.com


တော့ တပ်မှူးစစ်ကဲတို့က ဘုရင့်နောင်ကို 'ကျွန်တော်တို့ထက် ရန်သူရဲ့စစ်တပ်က ဆယ်ဆလောက် များပြားတယ်၊ အကြောင်း မညီညွတ်လို့ ကျွန်တော်တို့ ရှုံးခဲ့ရင်ချောင်းကို ဖြတ်ကူးစရာ လှေဖောင်မရှိတော့ပါကလား'လို့ ဝိုင်းလျှောက်ထားသတဲ့၊ ဒီတော့ ဘုရင့်နောင်က 'အစ်ကိုတို့ မစိုးရိမ်ကြနဲ့၊ လှေဖောင် မရှိမှ အစ်ကိုတို့ စိတ်နှစ်ခွမရှိဘဲ အသက်စွန့်တိုက်ကြပါလိမ့် မယ်။ အဲဒါကြောင့် စစ်ဟာ အောင်နိုင်မယ် မဟုတ်လား' လို့ ဆိုသတဲ့၊ ဒီတော့ စစ်သားတွေက သေမယ့်အတူတူ မထူးဘူး ဆိုပြီး ရှုပ်ရှုပ်ချုံချုံ တိုက်ကြတော့ စစ်ဟာ နိုင်တာပေါ့"

ကိုသူရအနီးတွင် ရဲဘော်တစ်စုသည် စိတ်ပါဝင်စားစွာ နားထောင်နေကြသည်။ ညဥ့်လေသည် အေးမြသည်။ သည် အခါ၌ ညဥ့်သည် အေးချမ်းသည်။ နောင်တွင် ဤကဲ့သို့ အေး ချမ်းသော ညဥ့်အခါကို ရင်ဆိုင်ရပါဦးမည်လော။

"တစ်ခါကလဲ ပြည်မှာတိုက်တုန်းပဲ၊ တပင်ရွှေထီးက ရန်သူတွေရင် မတိုက်နဲ့ဦး၊ ငါရောက်မှ တိုက်ပါလို့ စေလွှတ် အကြောင်းကြားလိုက်တယ်တဲ့၊ ဘုရင့်နောင်က ဘယ်လို အကြံ ပိုက်လဲဆိုတော့ 'ဘုန်းတော်ကြောင့် စစ်အောင်လေပြီ' လို့ ပြန်လျှောက်သတဲ့၊ စစ်မှူးတို့ကလဲ 'အရှင် ကျွန်တော်တို့ တိုက်ပင် မတိုက်ရသေးဘူး၊ ဘယ့်နှယ့်ကြောင့် အောင်ပြီလို့ လျှောက်လိုက်ရသလဲ၊ အကယ်၍ ကျွန်တော်တို့ မအောင်သော် ဘုရင်မင်းမြတ်က အပြစ်တော် မတင်လော'ဟု ဆိုကြသတဲ့၊ ဘုရင့်နောင်က 'ဒီတော့ ငါတို့ မုချအောင်မယ်၊ စစ်အောင်မှ သာ ငါတို့အသက်ရှင်မယ်၊ မအောင်ရင် အသက်ကိုစွန့်ပြီး

www.burmeseclassic.com


သေကြရမယ်၊ သေပြီးမှတော့ ဘယ့်နှယ် အပြစ်တင်နိုင်ပါတော့မလဲ’လို့ ပြန်ပြောလိုက်တယ်တဲ့”

ရဲဘော်တို့သည် ကိုသူရ၏ တည်ငြိမ်ခံ့ညားသော အသံသြဇာအောက်တွင် စိတ်အားတက်ကြွလာကြသည်။ ကိုသူရ၏ မျက်လုံးများသည် တစ်စုံတစ်ခုသော သန္နိဋ္ဌာန်ကြောင့် စူးရှတောက်ပြောင်နေသည်။ စကားပြောရင်း မေးရိုး များသည် တင်းမာနေသည်။

“ဘုရင့်နောင်ရဲ့ သဘောကတော့ စစ်တိုက်တဲ့အခါ နိုင်ရင်နိုင်၊ မနိုင်ရင်သေ၊ ဒီနှစ်လမ်းပဲရှိတယ်၊ ရှုံးဆိုတဲ့စကားကို ထည့်မတွက်ဘူး၊ ဒီလိုစိတ်မျိုးနဲ့ တိုက်တော့ စစ်ပွဲဟာ နိုင်တာပေါ့၊ အဲဒီနောင်ရိုးချောင်းတိုက်ပွဲအပြီးမှာ ‘ဘုရင့်နောင်’ ဆိုတဲ့ ဘွဲ့ထူးကို ရတာပဲ၊ ဘုရင့်နောင်ဘွဲ့ မရမီက ‘ကျော်ထင်နော်ရထာ’ နာမည်နဲ့ စစ်တိုက်ခဲ့တယ်”

ရဲဘော်တို့၏ ခေါင်းထဲတွင် “နိုင်ရင်နိုင်၊ မနိုင်ရင် သေ” ဆိုသောစကားသည် သံမှိုနှက်သကဲ့သို့ စွဲနေသည်။

ထိုညတွင် ကိုသူရသည် အိပ်လို့မရပေ။ နကိုကတည်းက အအိပ်အနေနည်းပါးသော ကိုသူရသည် အရေးတကြီး ကိစ္စကြုံလာလျှင် မျက်စိသည် ကြောင်နေတတ်ပေသည်။

နောက်တစ်နေ့ . . .

ဖာပွန်ကြောင်းသို့ ချီတက်ရမည့် တပ်ဖွဲ့သည် ထွက်ခွာရတော့မည်။ ပထမ (Pisan Naloke) ဆိုသည့် နေရာသို့ ထွက်ခွာရတော့မည်။ ကိုရွှေ(ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော) ဦးစီးသော ကိုသူရတို့တပ်ဖွဲ့သည် စစ်မချီမီ ဗိုလ်ချုပ်

www.burmeseclassic.com


အောင်ဆန်းရှိရာသို့ တက်ရောက်ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းအား နှုတ်ခွန်းဆက်သကာ ထိုင်၍ ကန်တော့ကြသည်။

ထိုစဉ်က တပ်ဖွဲ့ခေါင်းဆောင် ကိုရွှေ(ဗိုလ်ကျော်ဇော) မှာ အသက် ၂၅ နှစ်နီးပါးခန့်သာ ရှိသေးသော လူငယ်လေးတစ်ဦးမျှသာ ဖြစ်ပေသည်။ ထက်မြက်သော လူငယ်တစ်ဦး ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းအား ကန်တော့ဝတ်ချကြစဉ်ကိုရွှေ (ဗိုလ်ကျော်ဇော)၏ ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာသည်။ ရဲဘော်အချို့လည်း စိတ်လှုပ်ရှားကာ မျက်ရည်ကျကြသည်။ ဗိုလ်ချုပ်ကို နောက်ဆုံးနှုတ်ဆက်သည့် အနေနှင့် မိမိကိုယ်ကို မှတ်ယူကြသည်။

ကိုသူရ၏ရင်ထဲတွင်လည်း တစ်မျိုးဖြစ်ကာ စိတ်ထဲ လှိုက်လှိုက်လှဲလှဲနှင့် ကြေကွဲမိသလို နောက်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့် ပြန်တွေ့ချင်မှ တွေ့ရတော့မည်ဟူသော အတွေးသည် ရင်ထဲတွင် လှိုင်းကဲ့သို့ ဘောင်ဘင်ခတ်နေသည်။ ပူနွေးသော မျက်ရည်ကြောင်းသည် ပါးပြင်ပေါ်သို့ လှိမ့်၍ ဆင်းလာသည်။ လူလားမြောက်သည့် အချိန်မှစ၍ ကျောင်းသားကိုအောင်ကျော် ဆုံးစဉ်က တစ်ကြိမ်၊ ယခုတစ်ကြိမ် ၂ကြိမ်သာ မျက်ရည်ကျဖူးသည်။ မိဘ ညီငယ် နှမငယ်များနှင့် ခွဲထွက်စဉ်ကပင် မျက်ရည်မကျခဲ့ပေ။

ဗိုလ်ချုပ်အောင်ဆန်း၏ မျက်နှာမှာ တည်ငြိမ်နေသည်။ ခိုင်ခန့်သော လေးထောင့်မေးရိုးနှင့် စူးရှသော မျက်လုံး တို့က စိတ်ခိုင်သည့်သဘောကို ညွှန်ပြနေသည်။ ထူ၍တွဲသော

www.burmeseclassic.com


အောက်နှုတ်ခမ်းသားကို အပေါ်နှုတ်ခမ်းနှင့် ထိကပ်နေအောင် ခပ်တင်းတင်း စေ့ထားသည်။ လူအကြီးအနေနှင့် လူငယ်များရှေ့တွင် စိတ်ထိန်းထားသဖြင့် မျက်ရည်မကျပေ။

သို့သော် စကားပြောသော ဗိုလ်ချုပ်အောင်ဆန်း၏ အသံမှာ ထစ်ထစ်ငေါ့ငေါ့ ဖြစ်ကာ တုန်နေသည်။

"စစ်ထွက်ကြတာပေ့ါ၊ ရှေးတုန်းက မြန်မာတွေ စစ်ထွက်ကြတာ တနင်္သာရီကို လှေကြီးတွေနဲ့ ရေကြောင်းလွှင့် ကြတော့ တချို့က ရေကြောင်းမှားပြီး ရခိုင်ပြည်ဘက် ရောက် လိုရောက် ဖြစ်ကြတာပဲ၊ ဒါပေမဲ့ ရောက်တဲ့သူက ဆက်တိုက် ကြတာပေ့ါ" ဟု ဗိုလ်ချုပ်က ပြော၏။ ကိုသူရသည် ဗိုလ်ချုပ် အောင်ဆန်း ပြောစကားကို လေးလေးနက်နက် စဉ်းစားနေမိသည်။ စစ်ချီ ထွက်ကြသော သူတို့သည် ဘယ်ကျွန်း၊ ဘယ်သောင် ဆိုက် ရောက်မည် မသိ။ ရောက်မည့်သူက ဆက်ပြီးတိုက်ကြရန် ရည်ရွယ်၍ ပြောလိုက်ပုံရသည်။

*

၁၉၄၁ ခု၊ ဒီဇင်ဘာလ ၁၅ရက်နေ့ ကတည်းက ဂျပန် စစ်တပ်က မြန်မာပြည် ဝိတိုရိယအငူစွန်းကို သိမ်းနှင့်လေသည်။

ထို့နောက် မြန်မာ့လွတ်လပ်ရေး တပ်မတော်သည် ဂျပန်နှင့် ပူးပေါင်းကာ စစ်ကြောင်းများအတိုင်းချီတက်လာကြသည်။

အင်္ဂလိပ်စစ်တပ်များသည် တစ်စတစ်စဆုတ်ခွာသွားကြရသည်။ မြန်မာပြည်မြေပုံကို လက်ညှိုးနှင့် ထောက်ပြမည်ဆို

www.burmeseclassic.com


လျှင် ရက်အနည်းငယ်အတွင်းမှာပင် တနင်္သာရီရှိ မြို့နယ်များကို ဒေါက်ခနဲ ဒေါက်ခနဲ အင်္ဂလိပ်လက်မှ သိမ်းပိုက်ပြီး ဖြစ်လာသည်။

၁၉၄၂ ခု၊ ဇန်နဝါရီလ ၁၉ရက်တွင် ထားဝယ်အရှေ့တောင်ကြားလမ်းမှ ဖြတ်ဝင်ကာ ထားဝယ်ကို သိမ်းပိုက်သည်။

၁၉၄၂ခု၊ ဇန်နဝါရီလ ၂၃ရက်တွင် မြိတ်မြို့ကျသည်။

၁၉၄၂ခု၊ ဇန်နဝါရီလ ၃၁ရက်နေ့တွင် မော်လမြိုင်ကျသည်။

လွတ်လပ်ရေးတပ်မတော်သည် မြန်မာပြည်တွင်းသို့ ချီတက်ဝင်ကြသောအခါ ပြည်တွင်းမှ စောင့်နေကြသော သခင်ရဲဘော်များ၊ မျိုးချစ်လူငယ်များသည် တစ်လုံးတစ်စည်း ပါဝင်လာတော့သဖြင့် လက်နက်ကိုင် ဘီ-အိုင်-အေ (Burma Independence Army) တပ်ဖွဲ့ကြီးအဖြစ် ကြီးထွားလာတော့၏။

၁၉၄၂ခု၊ မတ်လ ၈ရက်နေ့တွင် ရန်ကုန်မြို့ကို သိမ်းပိုက်ကြလေသည်။

* * *

www.burmeseclassic.com


# (၈)

ဆိတ်ဖလူးပန်းရုံနှစ်ရုံမှ ဆိတ်ဖလူးပန်းတို့သည် ဖွေးဖွေးလှုပ် ပွင့်နေသည်။ ပန်းပွင့်လေးများသည် အဖြူခံတွင် ရွှေနီ ရောင်ဝတ်ဆံများနှင့် ချစ်စဖွယ်ကောင်းလေသည်။ ပန်းရနံ့မှာ ပတ်ဝန်းကျင်တစ်ခုလုံးတွင် သင်းပျံ့နေသည်။ မိသည် နှီးကြိုးကို အဖျားသပ်ကာ ပန်းပွင့်လေးများကို သီကုံးနေသည်။ ပန်းရုံအောက် အုတ်ခဲတစ်ခုပေါ်တွင် ရေဖလားတင်ထားကာ ပန်းပွင့်လေးများကို ဆေး၍ဆေး၍ သီသည်။

ပန်းကုံးကို ဘုရားတင်ရန်မို့ သန့်သန့်ပြန့်ပြန့် ဂရုတစိုက်သီလေသည်။ မိကား ယခင်ကလို ပန်းမြင်တိုင်း အရူးအမူးကြိုက်တတ်သော ကလေးငယ် မိ မဟုတ်တော့ပေ။ မိ၏ အသွင်အပြင်ကား ပြောင်းလဲလေပြီ။ အရွယ်ကြီးထွားလာသည်နှင့်အမျှ မိ၏ အတွေးများမှာလည်း ရင့်ကျက်လာခဲ့ပေပြီ။

"ညီမလေး"

ကျောင်းဝင်းအဝသို့ ဘယ်အချိန်က ရောက်လာသည်မသိ။ မိအနီးတွင် ရပ်နေသူကို ခြေတွင် ဝတ်ထားသော စစ်ဖိနပ်ကို ကြည့်ရင်း တစ်စတစ်စ ကာကီစိမ်းရောင် ဘောင်းဘီ၊ ခါးရှည်၊ ထိုမှတစ်ဖန် အင်္ကျီရင်ဘတ်မှ ရွှေလိုင်းနှင့် ကြယ်ပွင့်

www.burmeseclassic.com


များစသည် စသည်များကို မိမြင်လေသည်။ မိမှာ ထိုင်နေရာမှ တဖြည်းဖြည်း မော့ကြည့်လိုက်ရာ သိမ်မွေ့သော အပြုံးရှင်ကို တွေ့လိုက်ရသည်။

မိ၏ရင်ထဲတွင် တလှပ်လှပ်ခုန်ကာ မျက်လုံးများ ဝင်းလက်လာသည်။ ဝမ်းသာသည်လား၊ ဝမ်းနည်းသည်လား၊ ခွဲခြားမသိနိုင်ဘဲ ရှိသည်။

"မိမိ"

မော့ကြည့်နေသည့် အခိုက်က ကြာသော်လည်း ဇက်ခနဲ မတ်တတ်ရပ်လိုက်ပုံမှာ လျင်မြန်လွန်းသဖြင့် ဘယ်ပုံ ထလိုက်သည်မသိ။ မိ၏ မျက်လုံးတွင် မျက်ရည်များ ဝိုင်းနေသည်။

"ဘယ်နှယ့် ကြောင်နေတာလဲ၊ မမှတ်မိဘူးလား"

သည်တော့မှ မိသည် ပြုံးကာ ခေါင်းညိတ်လိုက်သည်။ ကိုသူရသည် အသားတွေညိုကာ ပိန်နေသည်။ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတို့မှာ ယခင်လို သပ်သပ်ရပ်ရပ် ရိတ်ထားခြင်း မရှိ။ ဂျပန်ကက်ဦးထုပ်ကို ခပ်အုပ်အုပ် ဆောင်းထားသဖြင့် နကိုရုပ်မှာ မပေါ်လွင်ဘဲ ရှိသည်။ ကျက်သရေရှိသော အပြုံးတစ်ခုပင် ယခင်ကအတိုင်း မပြောင်းလွဲဘဲ ရှိနေသည်။

"မှတ်. . မှတ်မိပါတယ်၊ ရုတ်တရက်မို့ အံ့ဩသွားလို့ပါ"

"မိမိက သိပ်ထွားလာတာပဲ၊ နောက်က ဝင်လာတုန်း ကြည့်တာ မိမိမှန်းမသိဘူး၊ မျက်နှာဘေးတိုက် မြင်ရမှ မှတ်မိတယ်"

"မိ မျက်နှာကို မှတ်မိတယ်"

ကိုသူရသည် သူ့အား အလေးတယူ အမှတ်ထားလိမ့်

www.burmeseclassic.com


မည်ဟု ဘယ်တုံးကမှ မတွေးထင်မိခဲ့ပေ။

"အင်း. . . မိမိဟာ အရင်ရုပ်အတိုင်းပဲ"

"ဒေါ်ကြီးတို့၊ ထွေးတို့ ဝမ်းသာမှာပဲ"

"ဦးလေးတင်နဲ့ ဒေါ်လေးခင်တို့ကော နေကောင်း တယ် မဟုတ်လား"

မိသည် ကိုသူရ၏ အမေးကို ရုတ်တရက် မဖြေဘဲ ငေးနေသည်။ မိမျက်လုံးများတွင် မျက်ရည်များ ရစ်ဝဲနေသည်။

"စစ်ပြေးတုန်းက ဖေဖေဆုံးတယ်"

မိသည် သက်ပြင်းရှိုက်ကာ ပြောရင်း မျက်ရည်များမျက်လုံးအိမ်မှ အန်ကျလာသည်။

"အို"

ကိုသူရသည် သက်ပြင်းရှိုက်ကာ မိကို ငေးကြည့်နေသည်။ ၁၄နှစ်ရောက်ပြီဖြစ်၍ လုံးကျစ်ဖွံ့ဖြိုးသော ခန္ဓာကိုယ်သည် အရွယ်ရောက်ခြင်းကို ပြနေသည်။ အော်ဂန္ဒီစဖြင့် ချုပ်ထားသော ပန်းရောင်ရင်စေ့အင်္ကျီနှင့် နက်ပြာရောင်ခံ အနီပွင့်ရိုက် တိုဘရက်ကိုး လုံချည်တို့သည် မိ၏ဖြူဖွေးသော အသားနှင့် ပနံဟပ်နေသည်။

"ကျောင်းဝင်းထဲ ဝင်ရအောင်၊ အထဲမှာ ဖေဖေတို့ ရှိတယ် မဟုတ်လား"

ကိုသူရသည် စစ်ဖိနပ်ကြိုးများ ဖြေကာ ချွတ်လိုက်သည်။

ကျောင်းအဝတွင် ထွေးနှင့်တွေ့သည်။

"ထွေး"

ထွေးသည် ဝမ်းသာအားရနှင့် ကိုသူရအား ပြေးဖက်လေ

www.burmeseclassic.com


သည်။ ထွေးမှာ အရပ်အနည်းငယ် ပုသော်လည်း၊ ယခင် ကလို ကလေးမအရွယ် ထွေးမဟုတ်တော့ပေ။ ထွေး၏ မျက်နှာ ပြည့်ပြည့်ဝိုင်းဝိုင်းကလေးမှာ ဝမ်းသာခြင်း၊ ပီတိဖြာခြင်းတို့ဖြင့် ရွှန်းစိုတောက်ပနေသည်။

"ထွေးလဲ မိမိလိုပဲ. . လူကထွားပြီး မျက်နှာက အရင် မျက်နှာအတိုင်းပဲ၊ ကိုယ်တော့ ကိုယ်နှမတွေကို မျက်နှာပုံပဲ ဖမ်းရတော့တယ်"

"အစ်ကိုကြီးက ပိန်လိုက်တာ၊ အသားတွေလဲ မည်းလို့"

ထွေးသည် အသံလေးစာစာနှင့် အဆက်မပြတ် ပြန်ပြော လိုက်သည်။ ပြီးနောက် အထဲသို့ လှမ်း၍. . .

"မေမေရေ. . ကိုကြီး ပြန်လာပြီ၊ ဒီမှာ လာကြည့်ပါဦး" ဟု အော်လိုက်သည်။ ဒေါ်နှင်းသည် မီးဖိုထဲမှ လက်ရေစက်လက် ဖြင့် ထွက်လာကာ ကိုသူရကို မျက်ရည်အဝိုင်းသားနှင့် ကြောင် ကြည့်နေသည်။ ကိုသူရသည် ခြေလှမ်းကြဲကြီးများနှင့် ခပ် သွက်သွက် ဒေါ်နှင်းထံ လျှောက်သွားသောအခါ ဒေါ်နှင်းသည် ကိုသူရ၏ ရင်ဘတ်တွင် မျက်နှာအပ်ကာ. . "မသေလို့ တွေ့ ရတယ် သားရယ်"ဟု ဆိုပြီး ငိုရှိုက်လေ၏။

ဦးဘကျော်သည် အိမ်ခန်းထဲမှ ထွက်လာကာ ကိုသူရ အား ဝမ်းသာအားရနှင့် "သူရ"ဟု အသံသြကြီးနှင့် ပြောကာ နှစ်သိမ့်အားရစွာ ပြုံးနေ၏။ ကိုသူရသည် ကက်ဦးထုပ်ကို ချွတ်လိုက်သောအခါ ဘိုကေဆံစများ မရှိတော့ဘဲ ကတုံးနှင့် တွေ့ရသည်။ (ဂျပန်ခေတ် မြန်မာရဲဘော်များသည် ဆံပင် မထားရပေ) ရုပ်မှာ တစ်မျိုးဖြစ်နေသည်။ အခြားသူများကဲ့သို့

www.burmeseclassic.com


သိပ်အရုပ်ဆိုးခြင်း မရှိသဖြင့် တော်ပေသေးသည်။

မိမိစိတ်၌မူ ကိုသူရ၏ နူးညံ့ပျော့ပျောင်း၍ နဖူးပေါ် သို့ ရစ်ဝဲကာ ကျနေတတ်သော ဆံပင်ခွေလေးများကို နှမြော နေသည်။

"ရန်နောင်တစ်ယောက်ကော. . ဖေဖေ"

"ဈေးဘက်ကို ခဏသွားတယ်၊ မင်းကိုတွေ့ရင်တော့ စစ်ထဲဝင်ပြီးသားပဲ"

"သူ စိတ်ထက်သန်ရင် ဝင်ပါစေ ဖေဖေ၊ ကျွန်တော်တို့ မှာ လူလဲလိုပါတယ်"

"ဖြစ်ပါ့မလား သားရယ်"

ဒေါ်နှင်းသည် စိုးရိမ်စွာ ဝင်ဟန့်လေသည်။

"ဖြစ်အောင် လုပ်ယူရမယ် မေမေ၊ ခု ကျွန်တော်တို့ တိုင်းပြည်မှာ စွန်းစားရဲတဲ့ လူငယ်တွေ အများကြီးလိုတယ်၊ မြန်မာပြည် လွတ်လပ်ရေးအတွက် တိုင်းပြည်ဟာ ဘယ်လို ရှေ့ဆက် စခန်းသွားကြဦးမယ် မသိဘူး"

ကိုသူရသည် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ကာ စစ် ပညာသင်တန်းတွင် ဂျပန်များနှင့် အဆင်မပြေပုံများကို ပြော ပြနေသည်။ သူ၏အတွေ့အကြုံများကို ရှည်လျားစွာ ပြောပြ လေသည်။

ဦးဘကျော် အလှည့်၌ စစ်ပြေးဒုက္ခသည်တို့၏ ဆင်းရဲ ဒုက္ခများကို ပြန်၍ ပြောပြနေသည်။

"တို့ စစ်ကိုင်းဘက် အပြေးမှာ တရုတ်စစ်သားတွေ ဝင်အမွေ့နဲ့ တိုးလို့ ဒုက္ခရောက်လိုက်တာ သူရရာ၊ တရုတ်စစ်

www.burmeseclassic.com


တပ်ကို အင်္ဂလိပ်စစ်ရှုံးတွေက ချန်ကေရှိတ်ဆီက တောင်း တော့ တပ်တစ်တပ် အကူအညီပေးတယ်၊ တပ်တစ်တပ်တည်း အကူအညီပေးလို့သာပေါ့ကွာ၊ တရုတ်တပ်တွေက တောင်ငူ အထက်မြန်မာပြည်နယ်ကို စောင့်ရှောက်ကာကွယ်ဖို့ထားတော့ ပစ္စည်းယူ၊ ဓားပြတိုက်၊ လူသတ်၊ မုဒိန်းကျင့်နဲ့၊ အထက်မြန်မာ ပြည်က စစ်ပြေးဒုက္ခသည်တွေ သူတို့ဒဏ်ကို အတော်ခံလိုက် ရတယ်”

“အေးကွယ်. . စစ်သားတွေကလဲ ရိုင်းလိုက်တာ၊ အင်္ဂလိပ် စကားလဲမတတ်နဲ့ ဓားပြသက်သက်ပါပဲကွယ်၊ မေမေတို့ဟာ အိမ်ပြင်ကို မထွက်ရဲဘူး၊ မေမေတို့ စစ်ကိုင်းထုံးဘိုရောက်တော့ တရုတ်စစ်သားလေးဦး လက်နက်ကိုယ်စီနဲ့ ဓားပြတိုက်ကြတာ ကုန်ရောကွယ်၊ ဘာမှကို မကျန်ဘူး၊ မိမိရဲ့ဖေဖေ ဦးဘတင် ကိုလဲ ပစ္စည်းနောက်ထပ် မပေးကောင်းလာဆိုပြီး သေနတ်နဲ့ ပစ်သတ်ကြတာပါပဲ”

ဒေါ်နှင်းက ကြားဖြတ် ဝင်ပြောလေသည်။

မိနှင့်ထွေးတို့သည် ကိုသူရနှင့် မျက်နှာချင်းဆိုင်တွင် ရှိသော ကွပ်ပျစ်ပေါ်တွင် ယှဉ်ထိုင်နေကြသည်။ မိသည် ပါးပြင် ပေါ်သို့ စီးကျလာသော မျက်ရည်များကို အင်္ကျီလက်များနှင့် သုတ်နေသည်။ ထွေးကမိ၏ ခါးကိုဖက်ကာ နှစ်သိမ့်နေသည်။

“ဖေဖေတို့လဲ စစ်ကိုင်းထုံးဘိုက ဝတ်ချက်ရွာပြေး၊ ဝတ်ချက်ရွာက တစ်ခါ ပယ်ငါးဆယ်ရွာ၊ ပယ်ငါးဆယ်ရွာ ကနေ မြစ်တစ်ဖက်ကမ်း ရွှေကြက်ယက်ရွာကို သွားရတာပဲ၊ ဂျပန် ဝင်တော့ ဖေဖေတို့ ရွှေကြက်ယက်ရွာမှာ၊ ခု ဖေဖေတို့ ရန်ကုန်

www.burmeseclassic.com


ရောက်တာ ဘာကြာသေးလို့လဲ၊ တစ်ပတ်လောက်ပဲ ရှိသေးတယ်”

“နေသားမကျသေးတော့ မေမေတို့နေရတာ ဆင်းရဲလိုက်တာသားရယ်၊ မိမေမေ မအေးခင်တစ်ယောက်လဲ စိတ်ပြေလက်ပျောက်ဆိုသလို ရန်ကုန် ရောက်ရောက်ချင်းပဲ ဒီကြား တောရလမ်းမှာ ဆိုင်တစ်ဆိုင်ဖွင့်နေတယ်”

“ဩော်. . ဟုတ်တယ်၊ ဒေါ်လေးခင်ကို မမြင်မိလို့ ကျွန်တော် မေးမလို့”

“သူ့အတွက်ကတော့ မပူရပါဘူး၊ စီးပွားရှာတဲ့နေရာမှာ အင်မတန် လာဘ်မြင်တဲ့မိန်းမပဲ၊ ဒါပေမဲ့ မိန်းမသားချည်း ဖြစ်နေတော့ ဖေဖေတို့ကပဲ ခေါ်ထားလိုက်တယ်”

မိသည် ကိုသူရကို လှမ်းကြည့်နေသည်။ “ဒီလို တစ်စုတည်းနေတာ ကောင်းပါတယ်”

ကိုသူရသည် ဘယ်သူ့ကိုမှ မကြည့်ဘဲ အဝေးသို့ ငေးမောရင်း ပြောလိုက်သည်။

ဦးဘကျော်တို့ ကြားတောရလမ်း ဘုန်ကြီးကျောင်းသို့ ပြောင်းရွှေ့လာသောအချိန်မှာ ၁၉၄၂ခု၊ နိုဝင်ဘာလလယ်တွင် ဖြစ်သည်။

“ရန်နောင်တစ်ယောက် ပြန်မလာသေးပါလား”

ကိုသူရသည် နာရီကြည့်ကာ ပြောလိုက်သည်။

“ဒီထိပ် ဈေးနားဆိုပြီး ထွက်သွားတာပဲ၊ လာပါလိမ့်မယ်”

ဒေါ်နှင်းသည် အပြင်သို့ ဆန့်ကြည့်ရင်း ဖြေလိုက်သည်။

www.burmeseclassic.com


"ခု ကျွန်တော်တို့ ဘီ-အိုင်-အေ ဖျက်သိမ်းပြီး စစ်တပ် စနစ်တကျ ဖွဲ့စည်းပြီးပြီ၊ ရန်နောင် ဝင်ချင်ရင်တော့ ဘီဒီအေ တပ်ဖွဲ့ထဲမှာ သွင်းဖို့ ကျွန်တော် စီစဉ်ပေးပါ့မယ်"

၁၉၄၂ခု၊ ဇူလိုင်လ ၂၆ရက်နေ့တွင် B.I.A (Burma Independence Army) တပ်ဖွဲ့ကို ဖျက်သိမ်းကာ B.D.A (Burma Defence Army) ကို ဖွဲ့စည်းခဲ့ပြီး ဖြစ်သည်။ ဇူလိုင်လမှစပြီး ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာလများ တွင် စစ်သင်တန်းများ အသစ်ပြန်ပေးသည်။

"ဟာ. . . အစ်ကိုကြီးပါလား"

ကိုရန်နောင်သည် အထဲသို့ အပြေးအလွှား ဝင်လာသည်။ ကိုရန်နောင်မှာ ၁၉နှစ်ကျော်ပြီ ဖြစ်သဖြင့် ရုပ်ရည်မှာ ယောကျ်ားပီပီသသနှင့် မားမားမတ်မတ်ရှိသည်။ ကိုသူရနှင့် ဆင်သော်လည်း အလုံးအဖန်မှာ ပို၍ တောင့်တင်းသည်။

"မင်း စစ်ထဲဝင်ချင်တယ်ဆို"

"ဟာ. . ဘယ့်နှယ့်ပြောပါလိမ့် အစ်ကိုကြီးရာ၊ လောက ကြီးမှာ ယောကျ်ားတစ်ယောက်ဖြစ်ပြီး ပေ့ါပေ့ါတန်တန် နေမသွား ချင်ပါဘူး၊ ခုလိုအချိန်မှာ ကျွန်တော်ဟာ တိုင်းပြည် အတွက် ဖြစ်ရမှာပေါ့"

"မင်း စကားက အဖိုးတန်တယ်ဟေ့"

ကိုသူရမှာ အားရသောမျက်နှာနှင့် ရွှင်လန်းနေသည်။

"အစ်ကိုကြီး ကျွန်တော့်ကို ဝင်ရဖို့ စီစဉ်ပေးပါလား"

"အေး. . ငါ ရခိုင်ကို မသွားရခင် ဒီကြားထဲ လာခဲ့ဦးမယ်"

ဒေါ်နှင်းသည် လူငယ်များ စိတ်အားထက်သန်နေသဖြင့်

www.burmeseclassic.com


ဝင်ရောက်စွက်ဖက်ခြင်း မရှိပေ။ ကိုရန်နောင်၏ မျက်နှာမှာ ချက်ချင်း ဝင်းပသွားလေသည်။ ဦးဘကျော်ကမူ သူ၏ သားများကို တိုင်းပြည်အတွက် စွန့်စားရန် မွေးဖွားသည်ဟု သဘောပိုက်ထားသဖြင့် မဖြုန်တော့ပေ။

"သား ရခိုင်ကို သွားရဦးမယ် ဟုတ်လား"

"ဟုတ်တယ် မေမေ၊ နောက်အပတ်ထဲမှာ သွားရမယ်"

"သြော်. . သားရယ်၊ အဝေးကြီးပါလား"

"စစ်သားရဲ့ဘဝဟာ ဒီလိုပါပဲ မေမေ"

ဒေါ်နှင်းသည် ပိန်ရှည်ကြီးဖြစ်ကာ ညှင်းစိုးစိုးနှင့် ရုပ်ပြောင်းနေသော သားအကြီးအား ကြည့်ကာ သက်ပြင်းချလိုက်သည်။

"အနာဂတ်ကာလကို ကျွန်တော် မမြင်နိုင်ဘူး၊ မြန်မာပြည်ရဲ့ ကံကြမ္မာဟာ ဘယ်လို ဖြစ်ဦးမယ်ဆိုတာ ပြောမပြနိုင်လောက်အောင်ဘဲ ဖေဖေ၊ ဟေနန်ကျွန်းမှာ ဗိုလ်ချုပ်အောင်ဆန်းကတော့ 'အမေရိကန်က ဝါရှင်တန်တို့လို ၈ နှစ်၊ ၉ နှစ် ရေရှည်လွတ်လပ်ရေးတိုက်ပွဲကြီး ဝင်ရမှာပဲ'လို့ ကျွန်တော် တို့ကို ပြောဖူးတာပဲ"

ကိုသူရသည် ဦးဘကျော်ဘက်သို့လှည့်ကာ ပြောလိုက်သည်။ ထိုစဉ်က သူ၏မျက်နှာမှာ မှုန်မှိုင်းနေသည်။ သူ၏ မျက်လုံးများသည် တောက်ပနေသည်။ အမိမြန်မာပြည်အပေါ်၌ ထားရှိသော သူ၏စေတနာသည် မျက်နှာထားတွင် ပေါ်လွင်နေသည်။ သူ့အတွင် အဖေမရှိ၊ အမေမရှိ၊ နှမမရှိ၊ ညီမရှိ၊ သံယောဇဉ် အတွယ်အတာမထား။ သူ၏ စိတ်ဓာတ်သည်

www.burmeseclassic.com


ယခင် ဂျပန်ပြည်ကို သွားစအချိန်ကထက်ပို၍ ရင့်မာနေပေပြီ။ လောကတွင် သူ့အဖို့ "မိမိတိုင်းပြည်" သည် နံပါတ် ၁ အရေးအကြီးဆုံးပေတည်း။

"သား လုပ်စရာရှိတာ ဆက်လုပ်ပါ၊ ဖေဖေတို့အတွက် ဘာမှ နောက်ဆံတင်းမနေနဲ့၊ ဖေဖေတို့ ဆင်းရဲပေမယ့် ဒီ အိမ်ထောင်စု မငတ်အောင် ဖေဖေ တာဝန်ယူရမှာပေါ့"

"ကိုင်း. . စကားတော့ ကောင်းပါရဲ့၊ ကျွန်တော် ပြန်ဦးမယ်"

ကိုသူရသည် ထိုင်နေရာမှ ထလိုက်သည်။

"ထမင်းလေးဘာလေးတောင် စားမသွားဘူးလား. . သားရယ်"

ဒေါ်နှင်းက စိတ်မကောင်းစွာ ဝင်ပြောလိုက်သည်။

"တော်ပါပြီမေမေ၊ ကျွန်တော့်မှာ အချိန်မရဘူး၊ ရခိုင် မသွားခင် တစ်ခေါက်လာခဲ့ဦးမယ်၊ ကိုင်း. . သွားမယ်"

ဦးထုပ်ကို ခေါင်းမှာကောက်စွပ်ပြီးနောက် တစ်စုံတစ်ခု ကို သတိရ၍ ရန်နောင့်ဘက်သို့လှည့်ကာ. . .

"ဩော်. . ရန်နောင် မင်းအတွက်လဲ နောက်တစ်ခေါက် လာမှ စီစဉ်တာပေါ့"

"ဟုတ်. . ဟုတ်ကဲ့ အစ်ကိုကြီး"

ကိုရန်နောင်မှာ ဝမ်းသာလွန်းသဖြင့် အသံတုန်တုန်ယင်ယင် ဖြစ်နေသည်။ သူမျှော်လင့်တောင့်တသော အရာ ခုမှ ပြည့်ဝ ပေတော့မည်။ သူ့တွင် ကိုသူရနှင့် ကွာခြားချက်များ ရှိသည်။ အမြဲရွှင်ပျသည်။ ပျော်တတ်သည်။ ကိုသူရကဲ့သို့ အမျိုးချစ်

www.burmeseclassic.com


သော်လည်း ကိုသူရကဲ့သို့ တစ်ခုဆို တစ်ခုတည်း ထားတတ်သော စိတ်မျိုးကား မရှိ။ လူငယ်လည်းဖြစ်သဖြင့် တိုင်းပြည်တာဝန် ထမ်းဆောင်လိုခြင်းက တစ်ဖက်၊ ခံ့ညားသော စစ်ဝတ်စစ်စားဝတ်ကာ ဂုဏ်ယူလိုသော သဘောထားတစ်မျိုးတို့ကြောင့် စစ်ထဲဝင်လိုခြင်း ဖြစ်ပေသည်။ တစ်နည်းအားဖြင့်ဆိုသော် သူ့တွင် ကိုသူရကဲ့သို့ ရင့်ကျက်သော စိတ်ဓာတ်မျိုး မရှိသေးပေ။

"ရန်နောင်. . မင်း သေသေချာချာ စဉ်းစားပြီးပြီနော်၊ စစ်သားဆိုတာ အဆင်းရဲခံနိုင်ရမယ်၊ စစ်အတွင်း စစ်တန်းလျားဟာ ငရဲဘုံလေးတစ်ခုပဲ၊ အိမ်မှာလို နေလို့မရဘူး၊ ခံနိုင်ရည်ရှိရမယ်၊ ဘာမဆို ရင်ဆိုင်ရဲတဲ့သတ္တိ ရှိရမယ်၊ နေ့စဉ်နေ့တိုင်း နေမှုထိုင်မှုတွေဟာ အပြင်မှာလို မဟုတ်ဘူး၊ ဘာမှ သက်သောင့်သက်သာ ရှိမှာမဟုတ်ဘူး ဆိုတာတွေကို ထည့်တွက်ပြီးပလား"

ကိုသူရ၏အသံသည် အောင်မြင်ပြတ်သားလေသည်။ တစ်နည်းအားဖြင့် လူငယ်၏စိတ်ဓာတ်ကိုလည်း စမ်းလိုက် ခြင်းဖြစ်သည်။

မိနှင့်ထွေးတို့သည် ကိုသူရအားတစ်လှည့်၊ ကိုရန်နောင်အားတစ်လှည့် ငေးမောကြည့်ရှုနေကြသည်။

"ဒါတွေလဲကျွန်တော် ထည့်စဉ်းစားပါတယ်၊ ကျွန်တော် ဘာဒုက္ခကိုမှ မကြောက်ပါဘူး၊ ဘာမဆို ရင်ဆိုင်ရဲပါတယ်၊ ဒါကြောင့်မို့ ကျွန်တော် ယတိပြတ် ဆုံးဖြတ်လိုက်ပါပြီ"

ကိုရန်နောင်သည် မိမိကိုယ်ကို ယုံကြည်စိတ်ချစွာ ပြန်ဖြေလိုက်သည်။

www.burmeseclassic.com


"အေး. . ဒီလိုဆိုရင် ကြိုက်ပြီ ကဲ. . ကျွန်တော် သွားမယ်"

ကိုသူရသည် ဖိနပ်ကိုကိုင်ကာ ကျောင်း၏အဝသို့ ထွက်လာခဲ့သည်။ မိနှင့်ထွေးတို့သည် ထိုင်နေရာမှ ထကာ တစ်ယောက်နှင့်တစ်ယောက် လက်တွဲ၍ ကိုသူရ၏နောက်မှ ထွက်လိုက်ပြီး လိုက်ပို့ကြသည်။

ကျောင်းကြီးမှာ အုတ်နီများနှင့် ဆောက်လုပ်ထား သော နှစ်ထပ်တိုက်ဖြစ်သည်။ ကျောင်းသည် ဟောင်းနွမ်းအိုရင့် နေပေသည်။ ကိုသူရသည် ဆိတ်ဖလူးပင်နှစ်ပင်နားရောက်လျှင် အုတ်ခုံပေါ်တွင်ထိုင်ကာ ဖိနပ်စီးနေသည်။ ဒူးပေါ်တွင် ကန့်လန့်ဖြစ်နေသော ဓားရှည်ကြီးကို ဘေးသို့ ဖယ်လိုက်သည်။ မိနှင့်ထွေးတို့သည် ကိုသူရအား ခေါင်းမှခြေ၊ ခြေမှခေါင်း စေ့စေ့စပ်စပ်ကြည့်ကာ လုပ်ပုံကိုင်ပုံကို အကဲခတ်နေကြသည်။ သူတို့အစ်ကိုသည် ဂုဏ်ယူဖွယ် မြန်မာ့သားကောင်းကြီး မဟုတ်ပါလား။

"ထွေးထွေးနဲ့ မိမိ"

ကိုသူရသည် ဖိနပ်စီးပြီးထကာ၊ ဖုန်များကို ဘောင်းဘီမှ ပုတ်ခါချလိုက်သည်။

"သွားမယ်. . . နော်"

ကိုသူရ ထွက်သွားရာဘက်သို့ မျက်စိတစ်ဆုံး ငေးမောကျန်ရစ်ကြသည်။ အရပ်မြင့်မားကာ စစ်ဝတ်စစ်စားနှင့် ခံ့ညားစွာ ခြေလှမ်းကြဲကြီးများနှင့် ခပ်သုတ်သုတ် ထွက်ခွာသွားသော ကိုသူရမှာ အဝေးကပင် ပေါ်လွင်ထင်းရှားနေသည်။ ကိုသူရကားနောက်သို့ လုံးဝပြန်လှည့်ခြင်း မရှိ။

www.burmeseclassic.com


"ကိုကြီးတစ်ယောက်က နောက်တောင် လှည့်မကြည့်ဘူး"

မိသည် ဝမ်းနည်းစွာ ပြောလိုက်သည်။

"မိရယ် သူ့မှာ သံယောဇဉ်မရှိပါဘူးလို့ ဆိုနေတာ၊ ထွေးတို့က အစ်ကိုကြီးတစ်ယောက်မို့ ချစ်ရပေမယ့် အစ်ကိုကြီးဆီက ထွေးတို့ မိတို့ ဘာမှ ပြန်ရမှာမဟုတ်ဘူး သိလား"

ထွေးက သက်ပြင်းချကာ ပြောလိုက်သည်။

"မိကလဲ အစ်ကိုကြီးကို ထွေးချစ်သလောက် ချစ်တာပါပဲ၊ ဒါပေမဲ့ အစ်ကိုကြီးဆီက ပြန်ရဖို့ ဘယ်တော့မှ မမျှော်လင့်ပါဘူး၊ သူဟာ မိတို့ ထွေးတို့၊ ဦးကြီးနဲ့ ဒေါ်ကြီးတို့အတွက် မွေးဖွားလာတာမှ မဟုတ်ဘဲ၊ သူဒီလိုစိတ်ဓာတ်မျိုးရှိတာပဲ မိဖြင့် ကိုကြီးကို ပိုတောင် သဘောကျပါသေးတယ်"

ထွေးသည် မိ၏ ဖြူဖွေးလှပသော မျက်နှာလေးကို ငေးစိုက်ကြည့်ရင်း အားရစွာ ပြုံးလိုက်သည်။

"မိ အမြင်မှန်ရလာပြီ၊ ငယ်ငယ်တုန်းကလို မြန်မာပြည်ဟာ ဘယ်လိုပုံသဏ္ဌာန် ရှိတယ်ဆိုတာ မသိတဲ့ ကလေးမလေးမျိုး မဟုတ်တော့ဘူး၊ မိလဲ ကိုယ့်တိုင်းပြည်နဲ့ လူမျိုးကို ချစ်တတ်လာပြီပေါ့နော်"

ထွေးသည် မိ၏ လက်ဖဝါးလေးကို ဖျစ်ညှစ်ကာ ပြောလိုက်သည်။

"အဲဒါထွေးရဲ့ ကျေးဇူးလဲပါတာပေါ့၊ စစ်ပြေးရင်း မိထွေးနဲ့ပေါင်းပြီး စာတွေဖတ်လိုက်ကြတာ၊ အဲဒီစာအုပ်တွေ က မိအဖို့ အမြတ်ထွက်လာတာပဲ"

စစ်အတွင်းက မိနှင့်ထွေးတို့ဖတ်သော စာအုပ်များမှာ

www.burmeseclassic.com


ဦးသိမ်းမောင် (သံတော်ဆင့်)၏ သူရဲကောင်း ဝတ္ထုများနှင့် မဟာဆွေ၏ သူပုန်ကြီး၊ တို့မေမေ၊ အကျိုးဆောင်ကြီး အစရှိသော လုံးချင်းဝတ္ထုများပင်တည်း။

* * *

www.burmeseclassic.com


# (၉)

**၁၉၄၃ ခု၊ မတ်လ။**

ကိုသူရသည် ပျဉ်းမနားသို့ တစ်ဖန် ပြောင်းရွှေ့ရသ ဖြင့် ကိုသူရထံမှ စာကလေး တစ်စောင်သာ လူကြုံမှတစ်ဆင့် ရလေသည်။

ဖေဖေနှင့်မေမေ ခင်ဗျား -

ရန်ကုန်မြို့သို့ပြန်ရောက်ခဲ့သော်လည်း အချိန်မရသဖြင့် မဝင်ရပါ။ တပ်ရင်း (၄)အသစ် ဖွဲ့စည်းသဖြင့် ပျဉ်းမနားသို့ ပြောင်းရွှေ့ရပြန်သည်။

ရန်နောင်တစ်ယောက်လည်း ပျဉ်းမနားမှာ ရှိနေ၍ သူနှင့် ဆုံရပါမည်။

ထွေးထွေးနှင့် မိမိတို့ကိုလည်း သတိရပါသည်။ အားလုံး ကျန်းမာစွာ ရှိလိမ့်မည်ဟု မျှော်လင့်ပါသည်။

ကိုသူရ၏ စာသည် ဤမျှသာ ဖြစ်သည်။ ဘာမျှ ရှည်ရှည်ဝေးဝေး ထည့်ရေးထားခြင်း မရှိ။ မိနှင့်ထွေးတို့ကမူ ကိုသူရ၏ သီကရီ လက်ရေးသော့နှင့် စာလွှာကို ဖတ်ရသဖြင့်

www.burmeseclassic.com


ပျော်နေကြသည်။ ထို့ပြင် စာထဲ၌ သူတို့အား သတိရကြောင်း ရေးထားသဖြင့် ပို၍ကျေနပ်ကြသည်။ သို့သော် ရန်ကုန်ရောက်ပါလျက်နှင့် သူတို့ထံသို့ ခြေဦးလှည့်မလာခြင်းကိုမူ စိတ်မကောင်းလှပေ။

ယခုတော့ ကိုရန်နောင်အတွက်ပါ လွမ်းစရာတစ်မျိုး တိုးလာသည်။ ဒေါ်နှင်းကမူ "ရင်ထဲမှာ အမြဲဟာနေတာပဲ" ဆိုရှာသည်။ ထမင်းဝိုင်းတွင် တစ်မျိုး၊ လက်ဖက်ရည်ကြမ်းဝိုင်းတွင်တစ်သွယ်၊ ည လသာသာ စကားဝိုင်းတွင် တစ်ဖုံ၊ ကိုရန်နောင်၏ အသံသည် တိတ်ဆိတ်နေသည်။ မိနှင့်ထွေးတို့သည် အားလပ်သည့်အခါ စာဖတ်လိုက်၊ နေ့စဉ် ဒေါ်နှင်းနှင့်အတူ ကန်တော်ကြီး အလယ်ကျွန်းတွင် အဝတ်သွားလျှော်ဖွပ်လိုက်၊ တစ်ခါတစ်ရံ ဒေါ်အေးခင်နှင့် ဆိုင်သို့ လိုက်သွားနှင့် နေ့ည သံသရာကြီး လည်ပတ်ခဲ့ရလေသည်။

မဟာမိတ်ဗုံးကြဲလေယာဉ် လာသည့်အခါတွင် ဗုံးခိုကျင်းသို့ ဆင်းပြေးရသည့် အကြိမ်တွေမှာလည်း မရေမတွက်နိုင်တော့ပေ။

ထိုစဉ်က ဗဟန်းကျောင်းတိုက် ပတ်ဝန်းကျင်နေရာတွင် အလွန်စည်ကားလေသည်။ သရက်၊ မရမ်း၊ ပိန္နဲ၊ မာလကာ၊ သြဇာ အစရှိသော သစ်ပင်ကြီးငယ်တို့သည် ဝေဝေဆာဆာ အေးစိမ့်သာယာလျက် ရှိသည်။ အချိန်အခါအလိုက် သရက်သီး၊ မရမ်းသီးများသည် အခိုင်လိုက် အတွဲလိုက် သီးမှည့်လေသည်။

ကြားတောရလမ်း တစ်လျှောက်မှာမူကား ဆိုင်ကြီးဆိုင်ငယ် အသွယ်သွယ်နှင့် အလွန်စည်းကားလေသည်။ ဗုံးမကြဲသည့်

www.burmeseclassic.com


အခိုက်တွင် လူတို့သည် ဥဒဟို သွားလာဖြတ်သန်းကြ သဖြင့် ပွဲတော်တမျှ စည်ကားလေ၏။ ကြားတောရလမ်းကို ဦးတည် လျှောက်သွားလျှင် အရှေ့ဘက် ရွှေတိဂုံစောင်းတန်း ခြေရင်း ကို ရောက်လေသည်။

ဥသြငယ်များသည် တေးဖွဲ့သီကာ ခါနွေဆန်းကို ကြိုဆို ကြသည်။ အထူးသဖြင့် သစ်ပင်ကြီးငယ်တို့နှင့် ရိပ်သာဆိုင်း ဆိုင်း၊ ရှုလိုက်တိုင်း အသိုင်းအဝိုင်းတွင် သာယာအေးမြသော ဗဟန်းကျောင်းတိုက်များ ရှိရာ နေရာမျိုး၌၊ ဥသြငှက်များ၏ တေးသံသည် ပို၍ ချိုလွင်နေသည်။

*

၁၉၄၃ ခုနှစ်၊ ဧပြီလဆန်း။

မိုးတစ်ပြိုက်လောက် ရွာပြီးလျှင် သင်္ကြန်ကျပေဦးမည်။

ထွေးနှင့်မိတို့ တစ်သက်တွင် မေ့ကောင်းရန် မတတ်နိုင် သောအရာကား ဗဟန်းတစ်ဝိုက်တွင် ပုလိပ်ရောဂါ ဖြစ်ပွား သည်ဟု ဆိုကာ ကျောင်းတိုက်တစ်ဝိုက်တွင် သွပ်ပြားတွေ ကာခြင်းပင်တည်း။

ဦးဘကျော်ကမူ တောက်တစ်ခေါက်ခေါက်နှင့် ဒေါပွနေ သည်။

"တောက်. . အတော် ရွှေဉာဏ်တော် စူးရောက်တဲ့ ဂျပန်တွေပဲ၊ ဒီနေရာမှာ လူဒါလောက်များတာ၊ တစ်နေ့ တစ်လောင်း နှစ်လောင်းတော့ သေမှာပေါ့ကွ၊ ခုလို သွပ်ပြားတွေ

www.burmeseclassic.com


ကာပြီး ဂျပန်စစ်သားတွေ စန္ဒရီအစောင့်ချထားတော့ လူတွေရဲ့ နေရေးထိုင်ရေး ဘယ်လောက် ဂွကျသလဲ”

“အို . . ကိုဘကျော်ကလဲရှင်၊ ဟိုနေ့က မိန်းမတစ်ယောက်သေတာ ပေါင်မှာအကြိတ်ပေါက်ပြီး သေတာတဲ့၊ နောက်နှစ်ဦး သုံးဦးသေတာလဲ ဒီသဘောမျိုးပဲတဲ့၊ ကျွန်မတို့ ကျောင်းတိုက် နောက်နားတွင်ရယ် ရောဂါဖြစ်တာ၊ ဒါတွေ ကူးစက်မှာစိုးလို့ ကာတာပဲတဲ့ရှင့်”

ဦးဘကျော်ကမူ ပုလိပ်ရောဂါဖြစ်၍ သွပ်ပြားကာခြင်း၊ လူတွေကို သွပ်ပြားကာထားရာမှ မထွက်ရခြင်း အမိန့်များကို လက်မခံနိုင်အောင် ရှိလေသည်။

“ပုလိပ်ရောဂါပဲ သွပ်ပြားကာလို့ ရမလားကွ၊ ကူးစက်တတ်တဲ့ရောဂါတွေကို ကြိုတင်ဆေးထိုး ကာကွယ်၊ ဖြစ်ပြီး တဲ့ လူတွေကို တခြားပို့၊ ဒါမှ ရမပေါ့၊ ခုတော့ အကျယ်ချုပ် နဲ့ တို့ကို သွပ်ပြားကာထားပြီး အထဲကလူ အပြင်မထွက်ရ အပြင်က လူ အထဲမဝင်နဲ့၊ ဘယ်လောက် ဒုက္ခရောက်သလဲ”

သွပ်ပြားကာထားသော ပတ်လည်တစ်ဝိုက်တွင် ဂျပန်အစောင့်စစ်သားများသည် သေနတ်ထမ်းကာ လျှောက်နေကြသည်။ အထဲက တစ်စုံတစ်ခု ဝယ်ခြမ်းချင်၍ အပြင်ထွက်သည်ကို မိသွားလျှင် ဝူးဝါးအော်ကာ ပါးနားရိုက်ပြီး ဖမ်းသွားတတ်သည်။ ပုလိပ်ရောဂါသည် ကြွက်မှစတင် ဖြစ်ပွားသည်ဟု ဆိုကာ ကျောင်းဝင်းများတွင် အိမ်ထောင်စေ့ ကြွက်များ ရှာခိုင်းသည်။ ကြွက်ရလျှင် “ယောရောရှိ” (ကောင်းတယ်)ဟု ဆိုကာ ဂျပန်စစ်သားတွေ သဘောကျသည်။ ကြွက်မပေးနိုင်

www.burmeseclassic.com


လျှင် မျက်နှာပန်း မလှပေ။

"ဒုက္ခရောက်တာတော့ မပြောနဲ့ရှင်ရယ်၊ ဘာလေး ညာလေး စားချင်ရင် လမ်းတစ်ဖက်က ဆိုင်တွေမှာ ထည့်စရာ ကို ဝါးလုံးနဲ့လျှိုပြီး ပိုက်ဆံပေး မှာဝယ်စားရတယ်၊ ကျွန်မက သာ စိတ်ညစ်သေးတယ်၊ ဈေးမဝယ်ရတော့ ဘာနဲ့ သွားစားမလဲ၊ သူတို့ပေးတဲ့ ရာရှင်ကလဲ တစ်ပတ်အတွက် ဘဲဥလေးလုံး၊ အာလူးလေးလုံး၊ ဆီအဝက်သားလောက်နဲ့ ဆင်ပါးစပ်နှမ်းပက်၊ ကျွန်မတို့အိမ်သား ၅ယောက်နဲ့ ဘယ်လိုသွားစားမလဲ"

သွပ်ပြားများမှာ ၂ပေခွဲလောက် မြင့်သဖြင့် ယောကျ်ား များက ခိုးဝှက်ထွက်သာသေးသည်။ မိန်းမများကား ထွက်ရန် မလွယ်ကူကြပေ။

ညနေဘက်၌ ထွေးနှင့်မိတို့သည် သွပ်ပြားအနီးတွင် ရပ်ကာ အပြင်လူတွေ ဥဒဟို သွားရာသို့ ငေးမောနေတတ်သည်။

ဒေါ်အေးခင်မှာ ဆိုင်ပိတ်ထားရသဖြင့် စိတ်ညစ်နေသည်။

ဦးဘကျော်နှင့် ဒေါ်နှင်းတို့မှာ နံနက်စောစောနှင့် ညနေခင်း ဘက်တွင် လမ်းလျှောက်ကာ ရွှေတိဂုံဘုရားပေါ်သို့ တက်သော အလေ့အကျင့်ကို တစ်ခန်းရပ်ထားရလေသည်။ ဒေါ်နှင်းစိတ် အညစ်ဆုံးအရားကာ အိမ်ထောင်စု စားသောက် ရန် နေ့စဉ် ဟင်းလျာပင်တည်း။ ရေအတွက်လည်း တစ်မျိုး ပူရသေးသည်။

*

www.burmeseclassic.com


မိနှင့်ထွေးတို့သည် သွပ်ပြားကာထားသည့် အတွင်းတွင် ဦးဘကျော်နှင့် မယ်ဒလင်တီး သင်လေသည်။

မိက အဆိုဘက် ပိုသန်ကာ၊ ထွေးက အတီးဘက် သန်လေသည်။ ထွေး၏လက်ချောင်းလေးများသည် ရှည်လျားပျော့ပျောင်းကာ မယ်ဒလင်သံပေါက်များကို စမ်းသပ်ရာ၌ လွယ်ကူလေသည်။

ထွေးပထမဦးဆုံး သင်ရသော သီချင်းကြီးကား "စိန်ခြယ်ခြူးသန်း" ပတ်ပျိုးထဲမှ "ရေနံ့သာဦး" အစချီသော အပိုဒ်ပင် ဖြစ်သည်။

မိမှာ အဆိုပိုင်လေသည်။ အသံမှာ ကြည်လင်အေးမြကာ အဟိုက်အကဲ၊ အဆွဲအငင်ကောင်းသည်။ ဦးဘကျော်က မိအား "လေ့ကျင့်ပေးမယ်ဆိုရင် ပထမတန်းအဆိုပဲဟေ့"ဟု ချီးကျူးလေသည်။

ထွေးလည်း ရေနံ့သာဦး အပိုဒ်ကို ၂ရက်တည်းနှင့် တက်သွားသည်။

ရေနံ့သာဦး xx ခြူးစိန်ရံ၊ ဟေမာန်ထွေလျှံ လေပြန်လောင်း နေလျှံမောင်းတဲ့ ဒေါင်းယာဉ်ပျံ xx ဂေါရာ စကြာ ယွန်းလုဖလ်မင်း (ဂေါရာစကြာ ယွန်းလုဖလ်မင်း)၂။

ပဏ္ဏမာ xx ယုန်လွှာခင်း၊ ဘုံပါလင်းလို့ ဝင်းပြေပြေ၊ သပြေဒီပါအေးမြလေး။ သပြေဒီပါ အေးမြလေ xx

ကြေးသွယ်နီတုံ xx သွန်းရုပ်ပုံ၊ ယမုန်သီတာ၊ ဧရာလမ်း၊ ခွေခါန္တမ်းရ xx ပန်းမပြေ၊ မယ့်ကို သေစေညွှန်းရှော့သလား။ မယ့်ကို သေစေညွှန်းရှော့သလား xx

www.burmeseclassic.com


ထွေးက မယ်ဒလင်ကို တီးကာ မိကဆိုသည်။ သူတို့နှစ်ဦးသည် အဆိုနှင့်ဂီတတွင်တည်း တွဲဖက်ညီသွားသည်။ အထူးသဖြင့် မိမှာ သီချင်းသားအဓိပ္ပာယ်ကို လေးနက်စွာ တွေးကာ ဆိုတတ်သဖြင့် "ဧရာလမ်း၊ ခွေကာနွမ်းရ၊ ပန်းမပြေ၊ မယ့်ကို သေစေညွှန်းရှော့သလား" ဆိုသည့်နေရာတွင် မျက်ရည်များ ရစ်ဝဲနေတတ်သည်။

ရေနံ့သာဦးကို တတ်သည့်နောက် "ရွှေပြည်တော်သည်" သီချင်းကို ဆက်သင်လေသည်။

မိနှင့်ထွေးသည် သီချင်းကို ရကာစဖြစ်၍ တစ်နေ့လုံး တဒင်ဒင်တီးခတ် သီဆိုနေကြသည်။

မိသည် သီချင်းကိုဆိုရင်း မှုန်မှိုင်းသော အကြည့်နှင့် အဝေးသို့ မျှော်ငေးနေတတ်သည်။ သူသည် သီချင်းသားထဲတွင် နစ်မြောကာ စိတ်မှာ အဝေးသို့ လွင့်နေသည်။

မြင်စမ်းပါလှည့်မယ် x x ကေသွယ်သွယ်ကြောင့်သာ။
ရွှေမျက်ရည်စီး လွမ်းသလေ မောင်ကြီး ယိုလားယီး။
လွမ်းသလေ မောင်ကြီး ယိုလားယီး x x ၂။
ငှက်ကယ် x x ငှက်ကယ် x x ရွှေချိုးကူသံသာ၊
လွမ်းပုံထွေးလှပါ x x

ဆိုသည့်နေရာ၌ မိသည် သူ့ကိုယ်သူ ဖော်ကွာဝေးသူ အလွမ်းမင်းသမီးလေးအဖြစ် ထင်ယောင်၍၊ တောလယ် ရေစပ် သစ်ပင်အောက်တွင် ထိုင်၍ မျက်ရည်များစီးဆင်းပုံ၊ တစ်စုံ

www.burmeseclassic.com


တစ်ယောက်ကို မျှော်ငေးပုံများ မျက်စိထဲတွင် တစ်ရစ်ဝဲဝဲ ထင်ယောင်ကာနှင့် သီဆိုလေသည်။

နောက် ထွေးသည် ကာလပေါ် သီချင်းများကို ကိုယ့်ဘာသာကိုယ် စမ်း၍ တီးလေသည်။ ရလျှင် ထွေးမှာ ခုန်ပေါက်လုမတတ် ဝမ်းသာနေတတ်သည်။

"မိရေ ပြည်လှဖေရဲ့ နတ်သျှင်နောင်သီချင်း ရပြီ၊ ဆိုစမ်းပါ၊ ဆိုစမ်းပါ"

* * *

www.burmeseclassic.com


# (၁၀)

"ပိတောက်တွေ ရွှေရည်လူးကြမယ့် အခြေ၊ ချစ်သူကို ရည်စူး ခူးတဲ့လို့ခြွေ၊ ပန်းမျိုးစုံ ရာသီဦးကို ကူးခဲ့ပြီလေ x x ပုလဲငုံ စံပယ်ဖြူဖူးခိုက်ဝေဝေ x x ကိုယ်တိုင် လှူရာရာကို ရွေးလို့ဆင်မပေးရ ဆံပြည့်ဘာကော၊ စစ်မြေမှာ ကြာညောင်းရက်ရှည် x x ရောက်မယ် မထင်နဲ့ မျှော်ရသူ ပူဗျာဝေ x x တတွေးတွေးနဲ့ ဆွေးရှာရော့မယ်လေ"

အချိန်အခါကလည်း ပိတောက်ရွှေရည်လူးသောအချိန်ဖြစ်သည်။

သင်္ကြန်ကား ကျပြန်ပေပြီ။

ဂျပန်ခေတ်အတွင်း လူတို့ သင်္ကြန်တွင် ပထမဦးဆုံး အကြိမ် ရေကစား ပျော်ပါးကြသည်။

ထွေးနှင့်မိတို့သည် ငယ်ငယ်ကလို ရေမကစားကြတော့။ ကျောင်းရှေ့ကွပ်ပျစ်ပေါ်တွင် ထိုင်ကာ လမ်းဘက်သို့ ငေးမောကြည့်ရှုနေကြသည်။ သင်္ကြန်တွင် ဂျပန်စစ်တပ်က သိမ်းထားသဖြင့် ကားရှား၊ ဓာတ်ဆီရှားနှင့် ရေပက်ခံထွက်သည်မှာ နွားလှည်းများနှင့် ဖြစ်သည်။ နွားလှည်းများတွင် ပိတောက်ခက်များ ထိုးစိုက်ကာ လှည့်၍ ရေပက်ခံထွက်ကြသည်။

www.burmeseclassic.com


လော်ရီကားသုံးနိုင်သူ အနည်းငယ်ရှိကြသည်။ သူတို့ကား ဂျပန်များနှင့် ဂျပန်ကတော် မြန်မာမများ ဖြစ်ကြသည်။ ရေခံကားပေါ်တွင် ဂျပန်များနှင့် မြန်မာမများ လုံးထွေးနေသည်။

"ဒီရှုခင်းကတော့ တယ်မနိုပ်ဘူးဟေ့"

ထွေးမေမေ ဒေါ်နှင်းက ကျောင်းဝမှ လှမ်းအော် လိုက်သည်။

"မျိုးဖျက်မတွေ"

ထွေးက မျက်မှောင်ကုတ်ကာ ရေရွတ်နေသည်။

"အဲဒီမိန်းမတိုင်းဟာ ဂျပန်မယား ဖြစ်ချင်မှာ မှုတ်ဘူး၊ အကြောင်းအမျိုးမျိုး ရှိပါလိမ့်မယ်"

မိက ရင့်ကျက်သောအတွေးနှင့် ပြောလိုက်သည်။ နောက်ပိုင်း၌ မိသည် အသက်ငယ်ရွယ် နုနယ်သေးသော်လည်း သူ၏ အတွေးများကား အဘိဓမ္မာဆန်လာသည်။

"အများအားဖြင့် ဝတ်ချင်စားချင်လို့ လော်လည်ချင် လို့ ဖြစ်ရတာပါပဲ၊ ဂျပန်တွေက ဘယ်လိုပဲ သွေးချင်းနှီးနှော ဖလှယ်တယ်လို့ဆိုဆို လောလောဆယ်အားဖြင့် တို့က နာဘက် ကပေါ့"

ဒေါ်နှင်းက မိတို့အနီးတွင် ဝင်ထိုင်ကာ ပြောလိုက်သည်။

"ဒါဖြင့် မြန်မာယောကျ်ားက ဂျပန်မ ယူရင်တော့ မကောင်းဘူးလား"

ထွေးက ကောက်ကာငင်ကာ မေးလိုက်သည်။

"ဘာပဲဖြစ်ဖြစ် မြန်မာဘက် ပါလာရင်တော့ မြန်မာပြည် လူဦးရေ တိုးတာပေါ့နော်"

www.burmeseclassic.com


မိက သွားတက်ကလေး ပေါ်အောင် ပြုံးကာ ပြောလိုက်သည်။ ဒေါ်နှင်းသည် စကားဆက်၍ ချေပလိုက်သည်။

"ပါ ပါလိမ့်မယ်တော်. . အမျိုးဇာတိဆိုတာ ဖျောက်နိုင်ခဲသားပဲ"

ထိုအခိုက် ရေပက်ခံလှည်းများ တစ်စထက်တစ်စ များပြားလာသည်။ လှည်းများပေါ်တွင် စွပ်ကျယ်အစိမ်းများဝတ်၍ ကတုံးများနှင့် ရဲဘော်များဖြစ်ဟန်တူသော လူရွယ်များ လိုက်ပါလာကြသည်။

သူတို့သည် မာစတာ (ထိုခေတ်က ဂျပန်ကို အခေါ်) ကားတစ်စီးနှင့် ဆံမိလျှင် ကားကို လက်ညှိုးတစ်ငေါက်ငေါက်ထိုး၍. . .

"ဘီးကျိုးပါ့မယ့် မာစတာရဲ့"ဟု တစ်ယောက်က တိုင်ကာ အများက "ယောရောရှီ. . . ယောရောရှီ" ဟု လိုက်၍ ဖောက်သည်။ (ယောရောရှီမှာ ဂျပန်စကား 'ကောင်းတယ်'ဟု အဓိပ္ပာယ်ရသည်။)

"အမေနိုးမယ် မာစတာရဲ့"

"ယောရောရှီ. . ယောရောရှီ"

"အကျီစုတ်မယ်. . . မာစတာရဲ့"

"ယောရောရှီ. . . ယောရောရှီ"

ဂျပန်တို့သည် ရဲဘော်တို့ပြောသော စကားအဓိပ္ပာယ်ကို နားမလည်ဘဲ 'မာစတာ' 'ယောရောရှီ'ဟူသော စကားကိုသာ ကောက်ယူ၍ အကောင်းမှတ်ကာ ခေါင်းတညိတ်ညိတ်နှင့် ရယ်မောသွားကြသည်။

www.burmeseclassic.com


ထိုသံချပ်သည် ရန်ကုန်တစ်မြို့လုံး ပျံ့နှံ့ကာ ပွဲတင်ထပ်နေသည်။ ကလေးများ၏ ပါးစပ်တွင်လည်း သည်သံချပ်များ စွဲနေသည်။ ကလေးများက ဘုမိသ၊ ဘမသိ ထိုသံချပ်ကို တိုင်နေလျှင် လူကြီးများက တဟဲ့ဟဲ့နှင့် ကြိမ်းမောင်းနေရသည်။

တစ်ခါတစ်လေ၌ တချို့သော မြန်မာသကြ်န် သံချပ်များသည် ခေတ်၏ကြေးမုံပြင် ဖြစ်ပေသည်။

ရဲဘော်တစ်စု လှည်းတစ်စီးသည် မိနှင့်ထွေးတို့ ကျောင်းဝရှေ့တွင် ရပ်ကာ "မောင့်အပေါ်ဝယ် ခားရှည်မပါလိုလား. ." ဟူ၍လည်းကောင်း၊ "မောင့်အပေါ်ဝယ် ကြယ်တွေမပါလို့လား. ."ဟု ပြည်လှဖေ၏ ဂုဏ်ရည်မတူ သီချင်းကို ဖျက်ဆို၍ နောက်ပြောင်နေသည်။ ထိုအချိန်က ဘီ-ဒီ-အေ စစ်ဗိုလ်များ အလွန်ဈေးကောင်းသော အချိန်ဖြစ်သောကြောင့် သာမန်ရဲဘော်ကလေးများက မိန်းမပျိုများကို ထေ့သော သီချင်းဖြစ်ပေသည်။

သည်အထဲ ရဲဘော်တစ်ဦးသည် သူ၏ဦးပြည်ကတုံး ပြောင်ပြောင်ကို လက်နှင့်ပွတ်သပ်ကာ. . .

"မောင့်အပေါ်ဝယ် ဘိုကေမပါလို့လား"ဟု သံသေးသံကြောင်နှင့် အော်ဟစ်လိုက်ရာ ဒေါ်နှင်း၊ မိနှင့်ထွေးတို့သည် ဟန်မဆောင်နိုင်ဘဲ ပြုံးမိလေသည်။

*

www.burmeseclassic.com


## ထွေးထွေးနဲ့ မိမိတို့ရေ. .

နင်တို့ဆီသတ်သတ် စာတစ်စောင် အပြည့်အစုံ ရေးရမယ်လို့ ပူဆာလို့သာ ရေးလိုက်ရတယ်၊ အချိန်က ဖြင့် တယ်မရှိလှဘူး။

ငါတို့လဲ မနက်မိုးလင်းက မိုးချုပ်အထိ သင်တန်းတွေနဲ့ မအားရဘူး၊ ပင်ပန်းတာလဲ အလွန်ပါပဲ၊ ဒါပေမဲ့ ငါ မဖြုန်ပါဘူး၊ ရည်ရွယ်ချက်အပြည့်နဲ့ ပန်းတိုင်ကို ချီတက်နေတဲ့ လူတစ်ယောက်ဟာ သက်သောင့်သက်သာ ဘယ်နေလို့ ရမလဲ။

ပျဉ်းမနား အရှေ့ဘက် သခွား၊ မြေပဲ၊ ပြောင်း၊ ကြံ စိုက်ခင်းဘက်တွေမှာ ညဘက်တိုက်ပွဲဆင်းရတဲ့ အချိန်ဟာ စိတ်ရော လူရော အဆင်းရဲဆုံးပါပဲ။

မဟာမိတ် လေယာဉ်ပျံတွေလဲ ပျဉ်းမနားတပ်ရင်းတွေကို လာလာပြီး ဗုံးကြဲတယ်၊ ဟိုတစ်နေ့က ရန်သူလေယာဉ်ပျံတွေ လာတာကို ဂျပန်လေ့ကျင့်ရေးမှူးက ‘ဂျပန်လေယာဉ်ပျံ အလေးပြု. . အလေးပြု’လို့ အမိန့်ပေးလို့ အလေးပြုနေတုန်း စက်သေနတ် အဆွဲခံရပြီး ရဲဘော်အချို့ ကျဆုံးတယ်၊ အဲဒီနေ့က ငါ့မှာ အရူးတစ်ပိုင်းပဲ၊ ကျဆုံးတဲ့ ရဲဘော်တွေ အတွက် ငါ့ရင်ထဲ မီးတောက်နေတာပဲ။

သင်္ကြန်ကျတုန်းက နင်တို့ ရန်ကုန်မှာ သိပ်စည်တာပဲ လို့ ပြောသံကြားရတယ်၊ ငါဖြင့် လာချင်လိုက်တာဟာ၊ ခွင့်က မရဘူး၊ နင်တို့ခေါင်းတွေမှာ ပိတောက်ပန်းတွေ ဝေနေအောင် ပန်သေးလား၊ ငါဖြင့် ပိတောက်ပန်းမြင်

www.burmeseclassic.com


တိုင်း နင်တို့ကို သတိရနေတယ်။

ငါတို့ မြန်မာ့မြေပေါ် နယ်ချဲ့စစ်ရှိနေသရွေ့တော့ ငါဟာ ငါ့ကိုယ်ငါ မပိုင်ဘူး၊ ဒါပေမဲ့ နင်တို့ သိထားဖို့ က ငါတို့ဟာ ဘယ်နယ်ချဲ့အတွက်ကိုမှ အပင်ပန်းခံ တိုက်မှာ မဟုတ်ဘူး၊ ခု ငါတို့ တပ်မတော်ဟာ မြန်မာ့ လွတ်လပ်ရေး အတွက် တိုက်ဖို့ပဲ၊ ငါတို့ရဲ့ သယံဇာတ ပစ္စည်း ပေါများလှတဲ့ မြန်မာ့ နယ်မြေပေါ်က ဆန်၊ ကျွန်းသစ်၊ ရေနံ၊ သတ္တု၊ ကျောက်သံပတ္တမြား စတဲ့ အဆီအနှစ်တွေ မတရား စုပ်ယူပြီး ကျွန်အဖြစ် ထားမယ့် သူဟာ ဘယ်သူဖြစ်ဖြစ် ငါတို့ရဲ့ ရန်သူပဲ၊ ငါပြောတာ နင်တို့ သဘောပေါက်ကဲ့လား။

ကဲ. . . စာလဲရှည်သွားပြီ၊ တော်ဦးမယ်၊ ငါ့ညီမတွေ နှစ်သစ်ကူးမှာ ရေစင်လို ရွှင်လန်းပါစေ။

**ရန်နောင် (တပ်ရင်း-၄)**

**ပျဉ်းမနား။**

မိနှင့်ထွေးတို့သည် ကိုရန်နောင်၏စာကို အပြန်ပြန် အလှန်လှန် ဖတ်ကာ ရင်ထဲတွင် နင့်နေသည်။ ကိုရန်နောင် သည် စစ်သားတစ်ယောက်အနေနှင့် သူ့ရင်ထဲ ခံစားချက်များ ကို အရင်းတိုင်း ဖွင့်ဟပြနေသဖြင့် စိတ်ထဲတွင် ကိုရန်နောင် ၏ ဘဝကို ကိုယ်ချင်းစာမိကာ သနားနေကြသည်။

*

www.burmeseclassic.com


## ထွေးထွေးနဲ့ မိမိတို့ရေ. . .

လူကြုံတာနဲ့ အဆင်သင့်လို့ စာရေးလိုက်ရတယ်၊ ခုငါ ဟုမ္မလင်းမှာ၊ ဟုမ္မလင်းဆိုတာကော ဘယ်မှာလဲ သိရဲ့လား၊ ငါ့ညီမတွေ မြန်မာပြည် ပထဝီကို ကြေရင်တော့ ဟုမ္မလင်းဟာ မြောက်ဘက်တောင်ကုန်းဒေသ ချင်းတွင်းမြစ်ကမ်းပေါ်မှာ ရှိတယ်ဆိုတာ သိမှာပဲ။

ဒီနယ်တစ်ဝိုက်မှာ အင်္ဂလိပ်တို့ဘက်က ဝင်းဂိတ် လေထီးတပ်များ လှုပ်ရှားနေတယ်၊ အင်းတော်ကြီးတစ်ဝိုက်မှာ ဆိုရင် အတော်များနေတယ်၊ အရေးကြီးတာနဲ့ ငါတို့ စစ်ချီတက် ခဲ့ရတယ်။ တောတွေ၊ တောင်တွေ အင်မတန်ထူထပ်တဲ့ နေရာပေါ့၊ အင်္ဂလိပ်လေယာဉ်ပျံတွေက ဗုံးလာချတယ်၊ စက်သေနတ်နဲ့လာပစ်တာ စားအိုး စားခွက်တွေတောင် မှန်လို့ ငါတို့ ထမင်းတောင် ငတ်တယ်။

တိုက်ပွဲဟာ တစ်နေ့ကများ မနက် ၁၀နာရီက ညနေ ၅နာရီအထိ ပြင်းပြင်းထန်ထန် တိုက်ကြတယ်၊ အင်္ဂလိပ်အင်အားက ၄၀၀၀၊ မြန်မာအင်အားက ၆၀၀ပဲ ရှိတယ်၊ ဒါပေမဲ့ တို့မြန်မာတပ်သားတွေက လွတ်လပ်ရေးအတွက် ဆိုပြီး ရှုပ်ရှုပ်ခွဲခွဲ တိုက်တော့ အင်္ဂလိပ်တွေဟာ ရှေ့ကို မတိုးနိုင်ဘူး၊ အင်္ဂလိပ်တွေဟာ ငါတို့ မြန်မာတပ်တွေကို အင်အားများတဲ့ အနေနဲ့ ပိုတွက်ကြဟန်တူတယ်။

ကိုကြီးသူရရဲ့ စွမ်းရည်ကို ဒီမှာ လက်တွေ့မြင်ရလို့ ငါဖြင့် သိပ်အံ့ဩတာပဲ။ တပ်သားတွေရဲ့ စိတ်ဓာတ်ကို ထိန်းတဲ့ နေရာမှာ သိပ်တော်တာပဲ၊ သူကိုယ်တိုင် ရှေ့ဆုံးက 'တက်' ဆိုပြီး

www.burmeseclassic.com


ပြေးတက်တာဟာ ရဲဘော်တွေကို ရဲဆေးတင်ပေးလိုက် သလိုပဲ၊ ကိုကြီးသူရရဲ့ ပခုံးတောင် နည်းနည်း ရှုပ်ထိသွား တယ်၊ စိတ်မပူကြနဲ့နော်၊ ဒဏ်ရာက မပြောပလောက်ပါဘူး၊ ဖေဖေတို့စာထဲမှာတောင် ငါ ထည့်မရေးဘူး။

အစားအသောက်ကတော့ ဆင်းရဲလှပါတယ်၊ မနေ့က ဆိုရင် ဘာမှ စားစရာမရှိလို့ တို့တပ်ထဲက သေသွားတဲ့ ဆင်သားကို ဆားမပါ၊ ဆီမပါနဲ့ မီးဖုတ်စားခဲ့ရတယ်၊ ဆင်သားကို ကျောက်တုံးတွေနဲ့ ထုတာ ထောင်းတာတောင် မာလိုက်တာဟာ၊ မပြောပါနဲ့တော့၊ ဆတ်သားခြောက်၊ အမဲသားခြောက်တို့မှာတာ ဘာဟုတ်လဲ၊

ကဲ. . ငါ့ညီမတွေ ဒီစစ်ကြီးကို မြန်မြန်ပြီးပါစေလို့သာ ဆုတောင်း၊ စစ်ပြီးရင် ငါတို့ မြန်မာတွေ ငြိမ်းချမ်းဖို့ဟာ မဝေး တော့ပါဘူး၊ ဒါမှ ကိုလေးတို့လဲ ဒီဆင်းရဲဒုက္ခက အမြန်လွတ် မှာပဲ။

စစ်ဆိုလို့ အကြောင်းစပ်ပြီး ပြောလိုက်ရဦးမယ်၊ ငါတို့ ဘက်က ပစ်ချလိုက်လို့ ကျလာတဲ့ အင်္ဂလိပ် လေထီးတပ် သားလေးဟာ ၁၉ နှစ်ပဲ ရှိဦးမယ်၊ မျက်လုံးပြာပြာ နှုတ်ခမ်းနီ လေးနဲ့၊ ရုပ်ကလေးက ချောလိုက်တာ၊ သူ့အိတ်ကို တို့က မွှေကြတော့ ရွှေဒင်္ဂါးပြားတွေရယ်၊ ဒိုင်ယာရီစာအုပ်ရယ်၊ ဓာတ် ပုံတစ်ပုံရယ် တွေ့တယ်။

ဓာတ်ပုံရှင်ဟာ အသက် ၁၈ နှစ်လောက်ပဲ ရှိဦးမယ့် ဘိုမလေးပဲ၊ ကောင်မလေးဟာ မိမိလိုပဲ သွားတက်ကလေးတွေ နဲ့ ချစ်စရာလေး၊ ဓာတ်ပုံနောက်မှာ ဘယ်လိုစာရေးသလဲ ဆို

www.burmeseclassic.com


တော့ 'စစ်ပြီးမှ ပြန်လည်တွေ့ဆုံပါစို့ အချစ်ရယ်'တဲ့၊ ဒီစာလေးကို တွေ့ရတော့ ငါရင်ထဲ လယ်လိုဖြစ်မှန်း မသိဘူး၊ သူတို့လေးတွေကို ချစ်လဲချစ်၊ သနားလဲသနားမိတယ်။

စေ့စေ့တွေးကြည့်ပြီး 'စစ်'ဆိုတာကို ငါ မုန်းလာတယ်၊ လူသားတွေဟာ ရန်ငြိုးမရှိ ဘာမရှိနဲ့ အချင်းချင်း သတ်ဖြတ်နေကြတယ်၊ ဘယ်လောက် စက်ဆုတ်စရာ ကောင်းသလဲ၊ ဒီကျသွားတဲ့ အင်္ဂလိပ်လေထီးတပ်သားလေးရဲ့ မိဘတွေရဲ့ ရင်ထဲမှာ ဘယ့်နှယ့်နေမလဲ၊ ငါလေ အဲဒီနေ့က သိပ်စိတ်မကောင်းဖြစ်တာပဲ။

လောကကြီးမှာ တိုင်းပြည် တစ်ပြည်နဲ့တစ်ပြည် နယ်မချဲ့ကျရင် ဒီလိုစစ်ဖြစ်မှာ မဟုတ်ဘူး၊ နယ်ချဲ့စနစ်ဟာ ဘယ်လောက်တောင် စက်ဆုတ်စရာ ကောင်းတယ်ဆိုတာ တွေးမိရင် ငါ့ရင်ထဲမှာ သိပ်နာတာပဲ၊ စစ်သာမဖြစ်ရင် နင်တို့နဲ့လဲ ဝေးမှာမဟုတ်ဘူး၊ ခုနေခါမှာ ငါလေ 'အိမ်'ရဲ့ အရသာကို သိလာတယ်၊ 'အိမ်'ဆိုတာ အင်မတန် သာယာပါကလားလို့ ငါ တွေးမိတယ် ညီမလေးတို့ရယ်။

ကဲ. . . စာလဲ အတော်ရှည်သွားလို့ ငါ့ညီမတွေလဲမျက်စိညောင်းရောပေါ့။

ကိုယ့်ညီမ ပန်းကြိုက်မလေးများ ပန်းများများ ပန်နိုင်ပါစေ။

**ရန်နောင်**

**ခေတ္တ ဟုမ္မလင်း။**

www.burmeseclassic.com


ထွေးသည် ကိုရန်နောင်၏ စာကိုဖတ်ကာ မျက်ရည်များစီးကျလာသည်။ မိမှာမူ မျက်ရည်များ ပြည့်လျှမ်းသောမျက်လုံးများနှင့် ထွေးကိုငိုင်ကာ ကြည့်နေသည်။ ထွေးမှာ ကိုသူရနှင့်စာလျှောင် ကိုရန်နောင်နှင့် အနေများသဖြင့် ကိုရန်နောင်ကို ပို၍ ခင်တွယ်လေသည်။

"စစ်ပြီးရင် ငါတို့မြန်မာတွေ ငြိမ်းချမ်းဖို့ဟာ မဝေးတော့ပါဘူး၊ ဒါမှ ကိုလေးတို့လဲ ဒီဆင်းရဲဒုက္ခက အမြန်လွတ်မှာပဲ"

"စစ်သာမဖြစ်ရင် နင်တို့နဲ့ ဝေးမှာမဟုတ်ဘူး၊ ခုနေခါမှာ ငါလေ 'အိမ်'ရဲ့ အရသာကို သိလာတယ်၊ 'အိမ်'ဆိုတာ အင်မတန် သာယာပါလားလို့ ငါတွေးမိလာတယ် ညီမလေးတို့ရယ်"

ထွေး၏စိတ်ထဲ၌ ကိုရန်နောင်ကိုယ်တိုင် နားနားကပ်ပြောနေသလို ထင်ယောင်နေကာ စိတ်မကောင်း ဖြစ်နေလေသည်။ မိသည် ထွေး၏ပခုံးကို ကိုင်ကာ နှစ်သိမ့်နေသည်။

"ကဲပါ ထွေးရေ. . . ဒီစာကို အသာထားစမ်းပါဦး၊ ခုလို ညနေခင်းမျိုးမှာ သီချင်းလေး ဘာလေး တီးလေကွယ်"

"ထွေးတို့ မိတို့ ငိုရင် ဒေါ်ကြီးက ပိုလို့ စိတ်မကောင်း ဖြစ်မှာပေါ့၊ ကဲ. . . တီးစမ်းပါ၊ ဘာပဲဖြစ်ဖြစ်"

ထွေးသည် မျက်ရည်စများကို လက်ဖမိုးနှင့်သုတ်ကာမိပေးလိုက်သော မယ်ဒလင်ကို လှမ်းယူပြီးနောက် ကြိုးများကို ညှိနေသည်။ အမှတ်မထင်ပင် သီချင်းတစ်ပုဒ်ကို ကောက်တီးလိုက်သည်။

တူယှဉ်ကာလေ တကယ်ပဲ အစွမ်းပြချင်တယ်၊ မြန်မာ့

www.burmeseclassic.com


သတ္တိကမ္ဘာက သိအောင် ငါတို့တိုက်ပြမယ်၊ သေပစေ တို့အသက်ကို ဖတ်ရွက်မှတ်ပါတယ်၊ တောတောင်အထပ်ထပ် ချီတက်တိုက်ခိုက်မယ် x x x

မိုးတွေကလဲ မစဲဘဲ ရွာသွန်းတယ်၊ မြစ်ချောင်း အင်းအိုင် ရေတွေပြည့်လို့ ငါတို့ တက်ရတယ်၊ ဘယ်မှာလဲ အိပ်ရတယ် ရှိလိမ့်မယ်. . . အမြဲတမ်း ချီတက်လို့သာ တိုက်ခိုက်နေရတယ် x x x

စစ်မြေမှာလဲ မစဲဘဲ ပစ်ခတ်တယ်၊ ကျည်ဆံများဟာ တဖွဲဖွဲရွာသွန်း မိုးသို့နှယ်၊ တို့ဗိုလ်က ဓားကိုဆွဲလို့ ရှေ့က တက်ပါတယ်၊ ဘယ်မှာ ကြောက်စိတ်ရှိလိမ့်မယ်၊ ငါတို့ စစ်သားရယ် x x x

✻ ✻ ✻

www.burmeseclassic.com


# (၁၁)

မိုးသည် တဖွဲဖွဲ ရွာသွန်းနေသည်။

မိုးပွင့်တို့မှာ ချစ်စဖွယ် တောက်ပနေသည်။ တချို့က မိုးကို "ပုလဲမိုးဥ"ဟု တင်စားကာ ပြောလေ့ရှိသည်။ တချို့က မူ စိန်ပွင့်ပမာ တင်စားကြသည်။

မိစိတ်ထဲ၌မူကား မိုးပွင့်ကို စိန်ပွင့်နှင့် ပို၍နှိုင်းချင် သည်။ ပုလဲမှာ လှသော်လည်း အရောင်နောက်၍ စိန်အရောင် မှာ ပြိုးပြောင်ကာ ကြည်လင်တောက်ပနေသည်။ သို့ကြောင့် မိုးပွင့်ကို စိန်ပွင့်ပမာ တင်စားချင်သည်။

၁၉၄၄ ခုနှစ်၊ ဇူလိုင်လ။

ဝါဆိုဦးသို့ ရောက်ပြန်လေပြီ။ ပွင့်ရွှေဝါနှင့် မြည္ဘာစိမ်း သော ဝါဆိုပန်းလေးများသည် တောတန်းတစ်လျှောက်တွင် ပွင့်ဖူးနေသည်။

မိနှင့် ထွေးတို့ အိမ်ထောင်စုသည် ပဲခူးသို့ ပြောင်းရွှေ့ လာခဲ့သည်မှာ တစ်လခန့်ရှိပေပြီ။ ၁၉၄၄ ခု၊ နှစ်ဦး၌ ပဲခူးတွင် Model Battalion (စံပြတပ်)ဖွဲ့သဖြင့် ကိုသူရက စံပြစစ် တပ်သို့ ပြောင်းရွှေ့ရသည်။ ပဲခူးတွင် ကိုသူရသည် အိမ်နှင့် အခြေတကျဖြစ်၍ သူ့အိမ်ထောင်စုကို စာရေးကာ လှမ်းခေါ်

www.burmeseclassic.com


သည်။

မိတို့နေသော အိမ်မှာနှစ်ထပ်ပျဉ်ထောင်အိမ် ဖြစ် သည်။ ခြံနောက်ဘက်၌ သရက်၊ မရမ်း၊ ပိန္နဲ စသော သစ်ပင် ကြီးများ အုပ်အုပ်ဆိုင်းဆိုင်း ရှိလေသည်။ ခြံပတ်လည်တွင် မြမြစိမ်း၍ နွဲ့ယိမ်းလျက်ရှိသော ဝါးရုံပင်ပျိုများ ပေါက်ရောက်နေ သည်။ ခြံရှေ့မျက်နှာစာ၌ကား မိနှင့်ထွေးတို့ အကြိုက် စံပယ် ရုံ၊ ဇွန်ရုံများအပြင် ဇလပ်၊ ဇီဇဝါပင်များမှာ အပွင့်တွေ ဝေဆာလျက်ရှိသည်။

"မိရေ. . . ပဲခူးမြို့ဟာ သာယာတယ်နော်"

"ဒီပတ်ဝန်းကျင်ကို ကြည့်ရင် စစ်ဖြစ်တယ်ဆိုတာ မယုံစရာဘဲ ထွေးရယ်. . . မိဖြင့် ဒီရောက်မှ သိပ်ပျော်တာပဲ"

မိသည် မှန်တင်ခုံရှေ့တွင်ထိုင်ကာ ခေါင်းဖြီးနေသည်။ သူ၏ ရှည်လျားနက်မှောင်သော ဆံကေသာတို့မှာ ဆီမွှေးတို့ကြောင့် တောက်ပနေသည်။ ထွေးမှာ ခုတင်ပေါ်တွင် လဲလျောင်းကာ မိအား လှမ်းကြည့်နေသည်။ ၁၆ နှစ်ထဲသို့ ရောက်ပြီဖြစ်သဖြင့် မိ၏ကိုယ်မှာ ဖွံ့ဖြိုးလာသည်။ အရပ် ၅ ပေ၊ ၂ လက်မခန့်ရှိ၍ ဖွံ့ဖြိုးသော ရင်၊ သေးနွဲ့သောခါး၊ ကားသော တင်တို့နှင့် လုံးကျစ်သော ခန္ဓာကိုယ်ရှိလေသည်။ နဖူးပြေပြေ၊ နားရွက်ကားကား၊ လုံးသေး၍ ချွန်သောနှာတံ၊ ထူထဲကွေး ဝိုက်သော မျက်ခုံး၊ ဝိုင်းစက်ကြည်လင်သော မျက်လုံးများ၊ ပါးလွှာ ပိရိသော နှုတ်ခမ်းတို့ဖြင့် ခြုံ၍ကြည့်လျှင် မိမှာ မိန်းမလှလေးပေတည်း။

"နက်ဖြန် ဝါဆိုလပြည့်နော် မိ"

www.burmeseclassic.com


"အင်း. . . ဟုတ်ပါရဲ့၊ ခုမှ သတိရတယ်၊ စက်ကြီးတပ်က ဆွမ်းကျွေးဖိတ်ထားတယ် ဟုတ်လား ထွေး"

ထွေးသည် လှဲနေရာမှ ထထိုင်ကာ . . .

"ဟုတ်တယ်၊ မေမေနဲ့ဖေဖေကတော့ မသွားတော့ဘူးတဲ့၊ ထွေးနဲ့မိကို ဒေါ်လေးခင်တို့နဲ့ အတူလိုက်သွားတဲ့"

ပြောလိုက်ပြီး မိနောက်မှ သွားရပ်သည်။ မိသည်ထွေး၏ အရိပ်ကို မှန်ထဲမှ လှမ်းကြည့်သည်။ ထွေးသည် ကြီးလာလေလေ ကိုသူရ၊ ကိုရန်နောင်တို့နှင့် မတူလေလေ ဖြစ်ပေသည်။ ထွေးမှာ ပုပုဝိုင်းဝိုင်းလေး ဖြစ်သည်။ အသားလတ်လတ်နှင့် အရပ်မှာ ၅ပေ မပြည့်တတ်သေးပေ။ သို့သော် ကိုယ်လုံးပြည့်ဖြိုးသဖြင့် ကြည့်ကောင်းသည်။ နဖူးမကျဉ်းမကျယ်၊ မျက်နှာဝိုင်းဝိုင်း၊ မျက်လုံးပြူးပြူး၊ နှာတံအလုံးကြီး၍ ပေါ်ပေါ်၊ မထူမပါး နှုတ်ခမ်းများနှင့် လှသည်ဆိုရမှာထက် ချစ်စရာကောင်းသည်ဟု ဆိုလျှင် ပို၍တိကျပေမည်။ ရယ်လိုက်လျှင် ထွေး၏ ပါးဖောင်းလေးများမှာ ချိုင့်ဝင်သွားတတ်ပေသည်။

"ဖေဖေတို့ မပါတာကောင်းတယ်၊ ဒါမှ အပြန် ပန်းတွေ ခူးရအောင်နော်"

ထွေးက စိတ်အားထက်သန်စွာ ပြောလိုက်သည်။

"ကိုကြီးသူရကော မလိုက်ဘူးလား"

မိသည် ကိုသူရအား ပွဲလမ်းသဘင်သို့ ဝတ်ကောင်းစားလှနှင့် တစ်ခါမှသွားသည်ကို မတွေ့ရဖူးသဖြင့် သူတို့နှင့် အတူသွားစေချင်နေသည်။

"လိုက်မယ် မထင်ပါဘူး မိရယ်၊ အစ်ကိုကြီးဟာ ဘယ်

www.burmeseclassic.com


တုံးကများ ဒီလိုပွဲလမ်းမျိုးကို သွားဖူးလို့လဲ၊ သူ့အတွက် ဂုဏ်ပြုတဲ့ ထမင်းပွဲတောင် မလုပ်ရအောင် အစီအစဉ်ဖျက်ခိုင်းသေးတာ၊ ဟိုနေ့ညကလဲ အငြိမ့်ကြည့်မယ်ထင်တာ မကြည့်ဘူး၊ ညဘက် စာအုပ်ဗီရို မွှေဖတ်ရင်း ကျန်ရစ်တာပဲ မဟုတ်လား"

"အစ်ကိုကြီးဟာ လူတစ်မျိုးပဲနော်"

မိသည် မှန်တင်ခုံမှထကာ ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။ မိုးဖွဲလေးများသည် ပြတင်းတံခါးကို ဖျန်းပက်သဖြင့် ရေနံချေး သုတ်ထားသော တံခါးတို့မှာ ပို၍ မည်းနက်နေ သည်။ မိုးရေစက် တွဲလွဲခိုနေသဖြင့် ဝါးရွက်တို့မှာ ရွှန်းစို တောက်ပနေသည်။ မိသည် တံခါးဘောင်မှ မိုးစက်သီးလေး များကို လက်ညှိုးနှင့်သပ်ကာ . . .

"ကိုကြီးဟာ တည်လွန်းတယ်၊ လေးနက်လွန်းအားကြီးတယ်၊ အပျော်အပါးတွေကို တကယ်ပဲ မကြိုက်တာလေလား၊ ကြိုက်ရဲ့သားနဲ့ တမင် စိတ်ကိုထိန်းပြီး လူတွေနဲ့ ကင်းကင်းနေတာလေလား မိ သိချင်လိုက်တာ"

ငယ်စဉ်က လိပ်ပြာလေးအဖြစ်နှင့် ကိုသူရရင်ထဲ ဝင်ကြည့်ချင်သော စိတ်ဓာတ်တလေးသည် ပြန်လည် ကွန့်မြူးလာပြန်သည်။

ထွေးသည် မိထံသို့လာကာ မိခါးကို ဖက်လိုက်သည်။

"မိပြောမှ သတိရတယ် မိရေ၊ အစ်ကိုကြီးဘဝဟာ အနေခက်တဲ့ ဘဝကြီး၊ ကိုလေးနောင်နဲ့လဲ မတူဘူး၊ ကိုလေးကတော့ စစ်တိုက်လိုက်တဲ့အခါ တိုက်လိုက်၊ နားတဲ့အခါလဲ လူတကာလို ပျော်လိုက်နဲ့ သူ့ကြည့်ရတာ စိတ်သက်သာသေး

www.burmeseclassic.com


တယ်၊ အစ်ကိုကြီးဟာ ဂျပန်ပြည်က ပြန်လာမှ ပိုပြီး တင်းမာလာတယ်၊ နေပုံထိုင်ပုံကလဲ တင်းကျပ်ကျပ်ကြီး၊ စက်ရုပ်လိုပဲ”

“ဟုတ်တယ် ထွေးရေ၊ ကိုကြီးမှာ ခံစားမှုမရှိဘူး ထင်တယ်၊ သီချင်းလဲ တစ်ခါမှ ဆိုသံ မကြားရဘူး၊ လေတွေ ဘာတွေ ချွန်ဖို့ဆိုတာ ဝေးရော၊ မိတို့ သီချင်းတီးလဲ နားထောင်ရကောင်းမှန်း မသိဘူး”

“ခုခေတ်စကားနဲ့ ပြောရရင် အစ်ကိုကြီးဟာ သံမဏိစိတ်ဓာတ်ရှိသူပေါ့”ဟု ထွေးက မိစကားကို လိုက်ကာ မှတ်ချက်ချလေသည်။

“မိတော့ ကိုကြီး အဲလိုနေတာ ထိုင်တာကို သိပ်သဘောကျတာပဲ၊ လူတစ်ယောက်ဟာ ကိုကြီးလို ထိန်းထိန်းသိမ်းသိမ်းနေဖို့ဟာ မလွယ်ဘူး၊ ခြိုးခြံတယ်ဆိုတာ လက်တွေ့ စမ်းကြည့်ရင် သိပ်ခက်တာပဲ”

မိသည် လေးလေးနက်နက် စဉ်းစားကာ စကားကိုဖြည်းဖြည်းပြောလိုက်သည်။

“ထွေးကတော့ ဘောသောပဲ၊ ဘာမှ ခြိုးခြံလို့မရဘူး၊ ထမင်းလျှော့စားမယ်လို့ တင်းထားရင် ပိုစားမိတယ်၊ မအိပ်ပါဘူးလို့ တင်းထားလို့မရဘူး၊ မနက် ၆နာရီလောက် ထမယ်မှန်းရင် နေမြင့်မှ နိုးတယ်၊ အစ်ကိုကြီးကဖြင့် မနက် ၄နာရီ ထတာ အချိန်ကိုမှန်လို့တဲ့၊ ထွေးတို့နိုးတော့ အိမ်မှာမရှိတော့ဘူး”

မိသည် ထွေး၏ကလေးဆန်သော မျက်နှာကလေးကို ကြည့်ကာ သွားတက်ကလေးများ ပေါ်အောင် ပြုံးမိလေ၏။

*

www.burmeseclassic.com


ဆွမ်းကျွေးပွဲတွင် လူတော်တော် စုံစုံလင်လင်လာသည်။ ဗိုလ်ကတော်တို့သည် ပြိုးပြက်တောက်ပသော အဝတ်အစားများနှင့် ခံ့ညားသစ်လွင်နေသည်။ ရဲဘော်လေးများသည် လေတချွန်ချွန်နှင့် အလုပ်လုပ်နေကြသည်။ ဧည့်သည်များသည် တဖွဲဖွဲ ကျလာသည်။

ဗိုလ်ကတော်၊ သင်တန်းဆရာကတော်များနှင့် မိန်းမဝိုင်းတွင် ပို၍ စည်စည်ကားကားရှိလေသည်။ ဝိုင်းတွင် တသောသော ပွဲကျနေကြသည့် ရည်းစားများသော စစ်ဗိုလ် တစ်ယောက်မှာ မင်္ဂလာဆောင်သောအခါ၌ မိတ်ဆွေတွေက ဝိုင်း၍ အတိတ်အမျိုးမျိုးနှင့် ထီများ လက်ဖွဲ့ပုံကို ဗိုလ်ကတော် တစ်ယောက်က ဟန်နှင့်ပန်နှင့် ပြောပြနေသည်။

"ရည်းစားများပြီး ကိုယ့်လက်ထဲမှာ မဖောက်ပြားရင် တော်သေးတာပေါ့ရှင်"

ပိန်ပိန်ပါးပါး စစ်ဗိုလ်ကတော် တစ်ယောက်က ပြောလိုက်သည်။

"ဒါထက် ယောကျ်ားတွေ မငြိမ်ရတဲ့အထဲ ခု စစ်ဗိုလ် တစ်ယောက် မယားလေးယောက် ယူခွင့်ရှိတဲ့ တပ်အမိန့်က ယောကျ်ားတွေကို အားပေးအားမြှောက် လုပ်နေပြန်ပြီ"

ထိုစဉ်က စစ်ဗိုလ်တစ်ဦးကို မယားလေးယောက်အထိ ယူခွင့်ပြုလိုက်ရာ အိမ်၌မယားနှင့် နောက်ဆွယ်ပါလာကုန်သော မရီး၊ ခယ်မများအားလုံး ဘေးသင့်ကုန်ကြသည်။

"ရှင်တို့ မကြားဘူးလား၊ ဗိုလ်( )ဟာ သူ့ခယ်မကို မြင်းလှည်းနဲ့တင် ခိုးပြေးလို့တဲ့၊ အိမ်မှာကျန်ခဲ့တဲ့ မယားက ငိုလို့

www.burmeseclassic.com


ယိုလို့၊ ယောက္ခမအထီးကြီးက ခေါ်းနဲ့ အိမ်ပေါ်တက်ရင် အသေပဲလို့ကြိမ်းတော့ ဗိုလ်( )ဟာ အိမ်ပေါ် မတက်ရဲဘူးတဲ့"

"သြော် . . . တိုက်ပွဲတွေကို ဝင်နွှဲခဲ့တဲ့ ဗိုလ်ဟာ ယောက္ခမတော့ ကြောက်ရသားနော်"

ဖြူဖြူဝဝ ဗိုလ်ကတော် ပေါက်စလေးက ဝင်ထောက်လိုက်သဖြင့် အားလုံးပွဲကျသွားကြသည်။

"ဒါက ဘာဟုတ်သေးသလဲရှင်၊ ဗိုလ်( )က မယားကြီးကို ပစ်ပြီး အငြိမ့်သမလေးကို ယူလာတာကိုး၊ အင်းတကော်ဗိုလ်တဲမှာ စတဲချကြတယ်၊ အငြိမ့်သမလေးကို ယူလာကာစ ခန်းဝင်ပစ္စည်းတွေ ဘာတွေတောင် မဝယ်ရသေးဘူး၊ မယားကြီးလိုက်လာတာ ဘာပြောကောင်းမလဲ လင်နာမည်ကို ၄ တပ်ခေါ်ပြီး လည်ကုပ်ကို တန်းလန်းတန်းလန်းနဲ့ ဆွဲချပြီး ရန်လဲတွေ့၊ ဆဲလဲဆဲ စုံရော၊ အငြိမ့်သမလေးလဲ အခန်းတစ်ခန်းမှာ ပြေးဝင်ပုန်းနေရရှာတယ်"

"ထိပ်ပိုင်းက ဗိုလ်တွေက ဒီလို ဗရုတ်ဗရက် ဖြစ်တော့ အောက်လူတွေ ဘယ်လိုထိန်းမလဲရှင်၊ တိုင်းပြည်အရေးတွေက အေးသေးတာ မဟုတ်ဘူး၊ အားလုံး စိတ်ခေတ်ပျော့ညံ့ကုန်မှာပေါ့"

စစ်ဗိုလ်ကတော် တစ်ယောက်က စဉ်းစဉ်းစားစား ဝင်ပြောလိုက်သည်။ ဖြူဖြူသွယ်သွယ် သင်တန်းဆရာကတော်တစ်ယောက်ကမူ စံပြတပ်ကျောင်းအုပ်၏ တည်ကြည်ရိုးသားပုံ၊ မိန်းမကင်းရှင်းပုံကို ပြောဆိုချီးမွမ်းနေသည်။ ထိုစဉ်က ပဲခူး စံပြတပ်ကျောင်းအုပ်မှာ လူပျိုဖြစ်သည်။ တစ်ဦးက ဆက်၍

www.burmeseclassic.com


တည်ကြည်ရှိုးသားသော ဗိုလ်မှူးသူရအကြောင်းကို ပြောနေသည်။ မိန်းမပိုင်းကမူ အသက် ၂၄ နှစ်ခန့်သာ ရှိသေး၍ လူပျိုဖြစ်သော ဗိုလ်မှူးသူရကို စိတ်ဝင်စားနေကြသည်။

"ဟော့. . . ပြောရင်းဆိုရင်း ဟိုမှာလာနေတာ ဗိုလ်မှူးသူရရဲ့ နှမလေးတွေပေ့ါ၊ ချစ်စရာလေးတွေ"

"ဟိုဘက်က မျက်နှာဝိုင်းဝိုင်းလေးနဲ့က နှမအရင်း၊ ဘယ်ဘက်က လာနေတာက ဝမ်းကွဲဆို"

"အဲဒီ ဝမ်းကွဲနှမလေးက ပိုချောတယ်၊ ဟိုမိန်းမက ဗိုလ်မှူးသူရရဲ့ အဒေါ်ဆိုတာ ထင်တယ်"

အားလုံးသည် ထွေးတို့မိတို့ဘက်သို့ လှမ်းကြည့်နေကြသည်။ ဧည့်သည်များထဲမှ အသားညိုညို၊ ဝဝတုတ်တုတ် ဗိုလ်ဘသင်းက ထွေးတို့အား ထကြိုသည်။ ဗိုလ်ဘသင်းသည် ဒေါ်နှင်းတို့နှင့် စစ်ကိုင်းတစ်ရပ်တည်းသာ ဖြစ်သည်။ အသက် ၃၅ နှစ်ခန့် ရှိပြီဖြစ်သည်။

"လာ. . . လာ မမခင်တို့၊ မမနှင်းနဲ့ နောင်ကြီးတို့ မပါဘဲကိုး"

"အေးကွယ်. . . သူတို့ အိမ်စောင့်နေရစ်ကြတယ်"

"ဒီကောင်မလေးတွေ ကြည့်စမ်း ထွားလာလိုက်ကြတာ"

မိနှင့်ထွေးတို့သည် ကြည်ပြာရောင် ပိုးတွန့်လုံချည်၊ ပန်းရောင်ဖျော့ မန္တလေးပိုးအင်္ကျီများ ဆင်တူနှင့် သားနားစွာ ဝတ်ထားကြသည်။ ဗိုလ်ဘသင်းသည် သူတို့အား ဗိုလ်ကတော်များရှိရာဘက်သို့ ခေါ်ဆောင်သွားကာ. . .

"ဒါ ဗိုလ်မှူးသူရရဲ့ အဒေါ် ဒေါ်အေးခင်၊ သူကနှမ

www.burmeseclassic.com


ထွေးထွေး၊ သူက မိမိ”ဟု တစ်ယောက်စီ မိတ်ဆက်ပေးလေသည်။

“လာ. . လာ အစ်မကြီးတို့ ခုပဲ ဗိုလ်မှူးသူရရဲ့ အကြောင်းတွေ ပြောနေကြသေးတယ်”

မိသည် ဆွမ်းကျွေးရာ တောင်ကုန်းကမူလေးမှ အောက်သို့ဆီး၍ မြင်နေရသော လယ်ကွင်းများကို ငေးကြည့် နေ သည်။ ထွေးသည် မိအနားတွင်ထိုင်ကာ ဗိုလ်ကတော်များအားကလေးငယ်ပမာ တစ်ယောက်စီ စေ့စေ့စပ်စပ် ငေးစိုက်ကြည့်နေသည်။ ဗိုလ်ဘသင်းသည် ထွေးတို့အနီးတွင် ဝင်ထိုင်ကာ. . .

“ဗိုလ်မှူးကတော့ ရှားပါတယ်ဆိုတဲ့ အထဲကပဲ”

“ဒါထက် မေးရဦးမယ် ဗိုလ်ဘသင်း၊ ခု သူ့နှမတွေရောက်လာတော့ သူ့ခြံမှာ ‘မိန်းမ မဝင်ရ’ဆိုတဲ့ ဆိုင်းဘုတ်ဖြုတ်လိုက်ပြီပေါ့”

ဗိုလ်ကတော် တစ်ယောက်က ကြားဖြတ် ဝင်မေးလိုက်သည်။

“ဆိုင်းဘုတ် မဖြုတ်တောင် သူ့နှမတွေနဲ့ ကပ်လိုက်ရင် အိမ်ထဲဝင်ရမှာပေါ့နော်၊ ဒါဖြင့် ကိုယ်တော့ ထွေးထွေးတို့နဲ့ ကပ်ဝင်ရမှာပဲ”

အသက် ၃၀ ခန့်ရှိသော အပျိုးကြီးက ဝင်ပြောသဖြင့် အားလုံး ရယ်မောကြသည်။

“ဗိုလ်မှူးကို နိုင်တာ ဟောဒီ ဗိုလ်ဘသင်းပဲ၊ ရှင့်ကို မြင်ရင် ဗိုလ်မှူး ရှောင်နေတယ်ဆို”

www.burmeseclassic.com


ဗိုလ်ဘသင်းသည် တဟဲဟဲ ရယ်မောကာ. . .

"ကျွန်တော်က တစ်နေ့တော့ ဗိုလ်မှူးနဲ့ ဝါးကပ်ပဲ ခြားထားတဲ့ အခန်းရောက်တော့ ကျွန်တော် ဒီဘက်က ဒါရိုက်ဆော်တာပဲ၊ ရဲဘော်လေးတွေကို 'မင်းတို့ဗိုလ်မှူးက လူမဆန် ပါဘူးကွာ' လို့ စကားစတာပဲ၊ အဲဒီတုန်းက ကျွန်တော်က ခပ် ထွေထွေဗျ၊ ရဲဘော်လေးတွေက ပြုံးတူးပြဲတဲနဲ့ ကြောက်ရှာလွန်းလို့ ကျွန်တော့်ကို မျက်ရိပ်ပြကြတယ်၊ ကျွန်တော်ကတော့ စွတ်တင်တာပဲ၊ ဘာနဲ့တူသလဲဆို ဟော့. . . ရထားခေါင်းတွဲကြီးဟာ ရှေ့က တဂျုံးဂျုံးပြေးတော့ နောက်တွဲတွေက ခေါင်းတွဲပြေးသလောက် မီအောင် မလိုက်နိုင်ဘူး၊ နောက်က ပြုတ်ကျန်ရစ်ခဲ့တာပေ့ါ၊ အေး. . . ငါတို့က မင်းတို့ဗိုလ်မှူး ရှေ့က ဦးဆောင်လုပ်သလို မလုပ်နိုင်ဘူးကွ၊ ငါတို့က လူကွ. . . လူ၊ စက်ရုပ်မဟုတ်ဘူးလို့ ပြောလိုက်တယ်၊ ဒါနဲ့ ဗိုလ်မှူးလဲ အသာ ထပြန်သွားရှာ ကျွန်တော်ကလဲ စောင်းပါးရိပ်ခြေ မဟုတ်ဘူး၊ တည့်တည့်ကို ဆော်တာပဲ"

မိသည် ကိုသူရအား ဗိုလ်ဘသင်း ပြောပုံဆိုပုံကို မကြိုက်ပေ။ ကိုသူရဘက်က နာလေသည်။ သို့သော် ကိုသူရသည် ဗိုလ်ဘသင်းအား အတော်အလိုလိုက်ပုံ ရလေသည်။ စံပြတပ်ထဲသို့ အချို့ဆိုးတေသော ဗိုလ်များ ရောက်လာတတ် ပေသည်။ ဆိုးတေသော်လည်း ဘယ်သူ့ကိုမှ ဒုက္ခအကြီးအကျယ် ပေးသည် မဟုတ်။ မူးသည်။ တစ်ခါတလေ ပျော်ပါးတတ်ကာ အမိန့် နှင့် ဖီလာသော အမှုကလေးမျိုးများကို ပြုတတ်လေသည်။

"အိမ်က ဆရာကတော့ ဗိုလ်ဘသင်းနဲ့ ဗိုလ်မှူး အကြောင်း

www.burmeseclassic.com


ကို ပြောပြတယ်ရှင့်၊ ဗိုလ်မှူးက ဆရာ့ကို ပြောသတဲ့၊ စစ်ကိုင်းသားတွေ တယ်စကားတတ်တယ်တဲ့ရှင့်”

သင်တန်းဆရာကတော်က ဝင်ထောက်လိုက်သည်။

“စကားတတ်ရုံတင်ပဲလား၊ ဆိုးတယ်၊ ရမ်းတယ်လို့ကော မပြောဘူးလားဗျ၊ ကျွန်တော်ကလဲ မူးရင် လွတ်တယ်ဗျ၊ သူက ကျွန်တော်တို့တပ်မှာ ရဲဘော်တွေကို အချစ်တို့၊ အလွမ်း တို့က စိတ်ဓာတ်ပျော့ညံ့စေတယ်ဆိုပြီး အချစ်သီချင်း မဆိုရဘူးလို့ တပ်မိန့်ထုတ်ထားတယ်၊ ရဲဘော်လေးတွေကတော့ သူ့ကို ဘုရားလောက်ထင်တာလား၊ တပ်မိန့်ကို ဘယ်သူချိုးဖောက်ရဲ မလဲ၊ ကျွန်တော်က ညဘက်မူးပြီးလာဆိုရင် ပုဆိုးကို ကွင်းသိုင်းပြီး သူ့အိမ်ရှေ့ကို ရောက်အောင်သွားပြီးတော့ ဦးဘညွန့်ရဲ့ ‘ချစ်ဒုက္ခ’သီချင်း၊ ပြည်လှဖေရဲ့ ‘ဂုဏ်ရည်မတူ’တို့ ဘာတို့ကို ညတိုင်း သံကုန်သွားဟစ်တော့တာပဲ၊ ကျွန်တော့်တော့ ဘေးမဲ့ပေးထားတာပဲ၊ ‘အဘိုးကြီး မူးလာပြီထင်တယ်’ လို့ သူ့ရဲဘော် လေးတွေကို ပြောသတဲ့”

မိနှင့်ထွေးတို့သည် ဟောင်ဖွာဟောင်ဖွာနှင့် ပြောနေသော ဗိုလ်ဘသင်းကို ငေးမောကြည့်ကာ သဘောကျစွာရယ် မောနေကြသည်။

“သူ့တို့ အစ်ကိုအကြောင်းကိုပြောလို့ သဘောကျတယ်ဟေ့”

ဗိုလ်ကတော်တစ်ယောက်က ထွေးတို့အား ကြည့်ကာ ပြောလိုက်သဖြင့်၊ ထွေးနှင့်မိတို့မှာ ရှက်စနိုးနှင့် ပါးစပ်စေ့ ကာ အရယ်ရပ်လိုက်လေသည်။

www.burmeseclassic.com


"ကိုယ့်ယောက်မလေးတွေက တကယ်ချောတယ်ရှင့်"

အပျိုကြီးသည် မိနှင့်ထွေးအား ဖက်ကာ ပြောင်ချော် ချော် မျက်နှာနှင့် ဆိုလိုက်သည်။

"ခင်ဗျားကို ပထမဦးဆုံး မြင်လိုက်တာနဲ့ ဗိုလ်မှူးဟာ မိန်းမတွေကို ကြောက်သွားတယ်နဲ့ တူတယ်"

အပျိုကြီးသည် ဗိုလ်ဘသင်းအား လှမ်း၍ မျက်စောင်းထိုး လိုက်သည်။

"ဗိုလ်မှူးသူရ မပြောနဲ့ ကျွန်တော်တောင် ခင်ဗျားကို ကြောက်တယ်"

ဗိုလ်ဘသင်းစကားကြောင့် အပျိုကြီးသည် မခံမရပ်နိုင် ဖြစ်ကာ ဗိုလ်ဘသင်း၏ ကျောပြင်ကို တအုံးအုံးနှင့် ဗျောတင် ထုလိုက်သည်။ အားလုံး တသောသောနှင့် ရယ်မောနေကြသည်။

* * *

www.burmeseclassic.com


# (၁၂)

မိုးသည် အငြိုးကြီးစွာ သဲသဲမဲမဲရွာချလိုက်သည်။ ကိုသူရတို့ နေထိုင်ရာအိမ်မှ ကြည့်လျှင် ဟသ်ာကုန်းဘုရားကို မြင်နေရသည်။

ကိုသူရသည် နေအိမ်မှ လေးဖာလုံ(မိုင်ဝက်)ခန့် ဝေးသောနေရာသို့ နေ့စဉ်နေ့တိုင်း ရုံးသွားရသည်။ ရုံးဟု ခံ့ညားစွာ ဆိုလိုက်ရသော်လည်း စင်စစ်အားဖြင့် သက်ကယ်မိုး သက်ကယ်ကာရံထားသော ယာယီတဲမျှသာတည်း။ ရုံးမှ လှမ်းမျှော်ကြည့်လိုက်လျှင် ဘုရင့်နောင်မြို့ရိုးစောင်းများကို မြင်နေရသည်။

ငယ်ရွယ်နုနယ်သော ရဲဘော်လေးများ၏ မျက်နှာလေးများကို မြင်လျှင်အလိုလို ရင်ထဲလှိုက်ကာ နေသည်။ နံနက် ၅ နာရီမှစ၍ အိပ်ရာမှထကာ ကိုယ်လက်လေ့ကျင့်ခန်းများ စတင်ပြုလုပ်ကြသည်။ ခဏနား ဆန်ပြုတ်သောက်ပြီးနောက်၇ နာရီတွင် တကယ့်စစ်သင်တန်း စလေသည်။ စစ်သင်တန်းမှာ နံနက် ၇နာရီမှ နံနက် ၁၀နာရီအထိ ဖြစ်သည်။ ၁၁နာရီ မှ ၁၂နာရီတွင် နေ့လယ်စာ စားကြရသည်။

နေ့လယ် ၁နာရီမှ ၂နာရီအထိကား ကျောင်းတွင် သင်ခန်းစာများ သင်ကြားပို့ချသည်။ သင်ခန်းစာများမှာ စစ်

www.burmeseclassic.com


ပညာများကို အဓိကထား သင်လေသည်။ ကိုသူရသည် ဗိုလ်လောင်း ရဲဘော်လေးများအား စိတ်ဓာတ်ကိုပါ ပြုပြင်၍ စစ်ပညာ သင်တန်းများကို ပေးသည်။

ထိုစဉ်က စစ်ပညာအပြင် အခြား ဘာသာရပ်များကိုပါ သင်ကြားရာ၌ သင်္ချာကို ဦးဘိုးကံနှင့် စောတီဖိုးကျော်၊ ဥပဒေရေးရာကို ဗိုလ်မှူးကျော်ဝင်း (ယခု တရုတ်ပြည် သံအမတ်ကြီး ဗိုလ်မှူးချုပ် ကျော်ဝင်း)၊ ပထဝီနှင့် မြေပုံဖတ်နည်းကို ဗိုလ်မှူးဘဟန် (နောင် လေယာဉ်ပျက်ကျ၍ အနိစ္စရောက်သည်။)၊ မြန်မာစာကို ဦးတင်မောင်ကြီး (ယခု ဘီဘီစီ)၊ ရာဇဝင် (မြန်မာ့သမိုင်း)ကို ဗိုလ်မှူးဘရှင် စသည်တို့က တာဝန်ယူကာ သင်ကြားပို့ချပေးလေသည်။

ညနေ ၂နာရီမှ ၅နာရီအထိ တစ်ဖန် စစ်သင်တန်း တက်ရပြန်သည်။

ဤသို့ တစ်နေ့ပတ်လုံး နားချိန်မရှိသည့် ကြားထဲတွင် ညတိုက်ပွဲများ တစ်ပတ်လျှင် အနည်းဆုံး နှစ်ရက် ဆင်းရသည်။

ညတိုက်ပွဲများကား မိုးရွာ မိုးသဲမရှောင် ည ၆နာရီမှ၁ နာရီ။ တစ်ခါတစ်ရံ ညလုံးပေါက် မိုးလင်းထိအောင် တိုက်ပွဲဆင်းရသည်။

သူတို့၏ ငယ်ရွယ်နုနယ်သော အရွယ်နှင့်မမျှအောင် တာဝန်များကို ပခုံးပေါ်တွင် ထမ်းရွက်ထားရလေသည်။

မိုးသည် သဲသည်ထက် သဲလာသည်။ ထက်ရပ်ဝန်းကျင် တစ်ခွင်လုံး၌ တိမ်တောင်တိမ်လိပ်များ အထပ်ထပ်ယှက်လျက် ပိတ်ဆီးကာ သန်းကာ မည်းမှောင်နေသည်။

www.burmeseclassic.com


ကိုသူရသည် မြင်းထက်၌ မိုးကာအင်္ကျီဝတ်ကာ ရွှံ့မြေပေါ်တွင် ရွှံ့အလူးလူး မိုးရေအစိုစိုနှင့် ခိုက်ခိုက်တုန် ချမ်းနေသော ရဲဘော်လေးများကို အမိန့်ပေးနေရင်း စိတ်ထဲကတစ်မျိုး ဖြစ်နေသည်။ မိုးကာကိုချွတ်ပြီး မြင်းထက်မှ လွှားခနဲ ခုန် ဆင်းပြီးနောက် မြေပြင်တွင် ရှည်လျားသော ခန္ဓာကိုယ်ကြီးကို လွှန့်လိမ်တွားသွားလေသည်။

သူ့စိတ်ထဲတွင် ရဲဘော်တို့နှင့် ကင်းကွာမနေလို။ ဗိုလ်နှင့် စစ်သားဟူ၍ ခွဲခြားချင်သောစိတ် မရှိ။ ရဲဘော်တွေ ပင်ပန်းဆင်းရဲသလို မိမိလည်း ပင်ပန်းဆင်းရဲပါစေ။ ရဲဘော် တွေ မောဟိုက်တုန်ချိသလို မိမိလည်း မောဟိုက်တုန်ချိ၍ နေပါစေ။ ရဲဘော်တွေအား ကွင်းလဟာပြင်တွင် နေပူ မိုးရွာ မရှောင် ပစ်ထားကာ မိမိကား ဘယ်အတွက် အရိပ်ထဲတွင် ဇိမ်နှင့် ပါးစပ်မိန့်ပေးနေရမှာနည်း? သူတို့သည် သူနှင့်အတူ သေမင်းကို ရင်ဆိုင်ရမည့်သူများ မဟုတ်ပါကလား။ တကယ့် စစ်မြေပြင်အရပ်၌ ဗိုလ်နှင့် စစ်သား ခွဲခြားခြင်း မရှိရာ အမိန့်လည်းပေး၊ မိမိကိုယ်တိုင်လည်း တိုက်ရမည် မဟုတ်ပါလား။ နောက်ဆုံး၌ အားလုံး သေဖော်သေဖက်များပင် ဖြစ်ကြသည်။

*

မိုးစဲ၍ နေပွင့်လာသည်။

မိုးစဲသည့်အခါမျိုး၌ မဟာမိတ်လေယာဉ်ပျံများက မကြာခဏ စက်သေနတ်နှင့် လာပစ်တတ်သည်။

www.burmeseclassic.com


သို့ကြောင့် ရုံးကို ယခင်ကွင်းပြင်မှ သက်ကယ်ယာယီ တဲနေရာတွင် ထားလို့ မဖြစ်တော့။ နေရာကို ဘုန်းကြီးကျောင်းသို့ ရွှေ့ရသည်။

ဘုန်းကြီးကျောင်းမှာ အရိပ်ကောင်းသဖြင့် နေထိုင်ရသည်မှာ သက်သောင့်သက်သာ ရှိလေသည်။

"ဗိုလ်မှူး ထမင်းသုံးဆောင်ရအောင်"

အချိန်ကား နံနက် ၁၁နာရီခန့် ရှိသွားလေပြီ။ ညက တစ်ညလုံးပင် တိုက်ပွဲဆင်းသဖြင့် အိမ်သို့ ပြန်မရောက်ပေ။ ခြေစုံရပ်၍ လာပြောနေသော ရဲဘော်လေးသည် ကချင်သံ ဝဲနေသည်။

"အေး. . . အေး လာခဲ့မယ်"

စားပွဲပေါ်သို့ ကလောင်တံကိုချကာ စာရွက်စာတမ်းများကို မှန်တုံးလေးနှင့် ဖိထားလိုက်သည်။

"ဟာ. . . ကျုပ်ဖို့တစ်ဆောင်တစ်ယောင် လုပ်ထားသလား၊ ရဲဘော်တွေနဲ့ပဲ အတူစားပါရစေ"

ကွပ်ပျစ်ပေါ်မှ စားပွဲဝိုင်းလေးပေါ်တွင် သူ့အတွက် သတ်သတ်ပြင်ထားသော ထမင်းများကို ကြည့်လိုက်လေသည်။

"ကျွန်တော်တို့နဲ့ စားလို့မဖြစ်ဘူး ဗိုလ်မှူး၊ ကျွန်တော်တို့ဟင်းက မကောင်းဘူး၊ ဒီနေ့ ချဉ်ရည်ကလဲ ရေနံဆီစော်နံလိုက်တာ၊ မနေ့ကဆိုလဲ ပဲပင်ပေါက်ကြော်ထဲမှာ. . ."

"ဟော့ကောင်. . . တော်ကွာ"

ကချင်ရဲဘော်လေးအား တစ်စုံတစ်ယောက်က ဝင်ဟန့်လိုက်သည်။ ရဲဘော်လေးလည်း ပြောမည့်စကားကို ရပ်လိုက်

www.burmeseclassic.com


သည်။

"ပြောမှာ ပြောပါလေ၊ မနေ့က ဟင်းက ဘာဖြစ်လို့လဲ"

"ပဲပင်ပေါက်ကြော်ထဲ ဟို. . . ဟို တီကောင်သေတွေ အထွေးလိုက် ပါလာတယ်"

"အို"

ကိုသူရသည် များစွာ စိတ်မကောင်း ဖြစ်သွားလေသည်။

"အမှန်က စားဖိုမှူးရဲ့ အပြစ်လဲမဟုတ်ပါဘူး ဗိုလ်မှူး၊ သူ့ခမျာ ဒီတပ်သားတွေ အများကြီးကို ချက်ပြုတ်ကျွေးဖို့ တာဝန်က မသေးဘူး၊ ပြီးတော့ ခု အစစအရာရာကလဲ ရှားတယ် ဗိုလ်မှူး"

ရဲဘော်တစ်ယောက်က စားဖိုမှူးကို ဗိုလ်မှူး ငြိုငြင်မည်စိုးသောကြောင့် ဝင်ပြောသည်။

"ဒါတွေ ကျုပ်သိပါတယ်လေ"

ကိုသူရသည် ဆာလည်းဆာနေသဖြင့် လက်ဆေးကာ ထမင်းပန်းကန်ကို ယူပြီး ရဲဘော်များဝိုင်းသို့ ထလာသည်။

"အို. . . ဗိုလ်မှူး ဟိုမှာပဲစားပါ၊ ဗိုလ်မှူးအတွက် အမဲသားနဲ့ ကျောက်ဖရုံသီးဟင်း ပါတယ်"

"ဟင်း. . . ဒီကိုယူခဲ့လေ အတူဝိုင်းစားကြတာပေါ့"

"ဝိုင်းစားလို့ မရဘူး ဗိုလ်မှူး၊ အမဲသားက နည်းနည်းလေးရယ်"

"ယူခဲ့ပါလေ၊ ဒါ ကျုပ် အမိန့်"

ရဲဘော်တစ်ယောက်က ဟင်းခွက်ကို ထယူသည်။ ထမင်းစားပြီး သူက စားပြီးကာ ယခုဝိုင်းတွင် စားနေကြသော ရဲဘော်

www.burmeseclassic.com


များမှာ ၇ယောက်ခန့် ရှိသည်။

"ဟင်းကို အညီအမျှဝေလိုက်"

"ဝေလို့မရဘူး ဗိုလ်မှူး၊ အမဲသားက ၄တုံးပဲပါတယ်၊ ကျောက်ဖရုံသီးတွေပဲ များနေတာ"

ကချင်ရဲဘော်လေးသည် သွက်လက်စွာပင် ပြန်ဖြေလိုက်သည်။

"ပေး. . . ကျုပ်ဝေပြမယ်"

ကိုသူရသည် ပြုံးကာ အဝေမတည့်သော အမဲသားတုံးများကို ကွပ်ပျစ်အောက်တွင် ရှိသော ခွေးကို ချကျွေးလိုက်ကာ ကျောက်ဖရုံသီးများနှင့် အရည်ကို ဇွန်းနှင့်ခပ်၍ ဝေလိုက်သည်။ ရဲဘော်တို့ရင်ထဲတွင် ကိုသူရအား ချစ်သောစိတ်၊ ကြည်ညိုသော စိတ်အပြည့်နှင့် ကိုသူရက သေဆိုလျှင်သေ၊ ရှင်ဆိုလျှင်ရှင်၊ ကိုသူရအမိန့်ပေးလျှင် ဘာမဆို ရဲရဲရင့်ရင့် နောက်မဆုတ်တမ်း လုပ်ကိုင်ဆောင်ရွက်ရန် အသင့်ဖြစ်ပေါ်လာသည်။

ထိုနေ့က ကိုသူရသည် ဆာဆာနှင့် စားသဖြင့် ထမင်းအများကြီး ဝင်သွားသည်။ ချဉ်ရည်ဟင်းမှာ ရဲဘော်တို့ပြောသည့်အတိုင်း ရေနံ့ဆီစော်နံနေသည်။ ငရုတ်သီးထောင်းမှာလည်း ကိုသူရသည် ငရုတ်သီးမစားနိုင်သဖြင့် မစားဖြစ်ပေ။ ရေပေါ်လော ငရုတ်ဆီနီနီနှင့် ချက်ထားသော ကျောက်ဖရုံသီးဟင်းနှင့်သာ လူးနယ်၍စားသည်။ ဆာခြင်းသည် ဟင်းကောင်း ဖြစ်သည် ဆိုသည့် စကားအတိုင်းပင် မဟုတ်ပါလော။

*

www.burmeseclassic.com


မိုးရွာပြီးစတွင် နေပွင့်လာသော အချိန်အခါသည် အလွန်ပင် ချစ်စရာကောင်းလေသည်။

မြရင့်စိမ်းရောင် သစ်ရွက်တို့တွင် မိုးစက်ကလေးများသည် စိန်ပွင့်ပမာ တွဲလွဲခိုနေကြသည်။

နေ၏ ရွှေခြည်မျှင်များသည် ယှက်သန်းသွယ်တန်း ကာ မြေပြင်ပေါ်သို့ ဖြာလျက် ကျရောက်နေသည်။ မိုးရွာပြီးစ ဖြစ်ရာ မြေကြီးသည် သိပ်သည်းကာ မြေခိုးများ ပျံ့တက်နေသည်။

ညနေရီတွင် တိမ်တို့သည် ရောင်စုံတောက်ပကာ သက်တံသည် တံတားဂုံးကြီးသဖွယ် ပေါ်နေသည်။

မိသည် ခြံထဲမှ စံပယ်ဖူးများကို ခူးကာ လက်ကိုင်ပဝါရေစိုထဲ ထည့်နေသည်။ စံပယ်ဖူးများမှာ ပုလဲဥလေးများလို အလွန်ချစ်စရာကောင်းလေသည်။

မိတို့ခြံထဲသို့ မြင်းကြီးတစ်ကောင် ဝင်လာသည်။ မြင်းမှာ အုန်းခွံရောင်နှင့် ဝဖြိုးထွားကျိုင်းလေသည်။ မြင်းပေါ်တွင် ကိုသူရ ပါလာသည်။ ခြံထဲရောက်လျှင် ကိုသူရသည် မြင်းဇက်ကြိုးကို သတ်ကာ ခုန်ဆင်းလိုက်သည်။ မိမှာ ကိုသူရမျက်နှာကို မြင်လျှင် လန့်သွားလေသည်။ ကိုသူရမျက်နှာမှာ ဖြူဖျော့ကာ နှုတ်ခမ်းများမှာ ပြာနေသည်။ တစ်ကိုယ်လုံးလည်း တဆတ်ဆတ် တုန်ယင်ကာ ယိမ်းယိုင်နေသည်။

ကိုသူရသည် အားခဲလမ်းလျှောက်ကာ မြင်းဇက်ကြိုးကို ဆွဲသွားပြီး ခြံနောက်ဘက်တဲငယ်တွင် မြင်းကို ချည်နှောင်ထားလိုက်သည်။ မိသည် ကိုသူရအား အစအဆုံး ငေးမော ကြည့်ကာ နေသည်။ အတော် နေမကောင်းလာဟန် တူသည်။ မေးလဲ

www.burmeseclassic.com


မမေးရဲပေ။ ခုတစ်လော ကိုသူရနှင့် မျက်နှာချင်းဆိုင် စကား ပြောရသည် မရှိပေ။

ကိုသူရသည်အိမ်ထဲသို့ ဝင်လာကာ အပေါ်ထပ်သို့ ကြိုးစားပမ်းစားနှင့် တက်သွားလေသည်။ မိလည်း နောက်မှ မယောင်မလည်နှင့် လိုက်သွားသည်။ ကိုသူရသည် သူ့အိပ်ခန်း ထဲသို့ တန်းတန်းမတ်မတ်ဝင်ကာ အိပ်ရာပေါ်သို့ ဗုံးဆို ပစ်လှဲ လိုက်ဟန်တူသည်။ ပြီးနောက် တဟင်းဟင်း ညည်းညူသံကို ကြားရသည်။

မိသည် အပြင်ဘက်၌ ဘယ်လိုမှ နေလို့မရ။ ကိုသူရ၏ ညည်းညူသံသည် မိနားထဲတွင် စူးဝင်သွားသည်။ အထဲလဲ မဝင်ရဲပေ။ "ထွေးတို့ကလဲ မရှိကြဘူး၊ ခက်တာပဲ" ဟု မိမှာ အကြီးအကျယ် စိတ်အိုက်နေသည်။ "ဟယ်. . . ဘာပဲဖြစ်ဖြစ်" ဟု အရဲစွန့်ကာ အခန်းထဲသို့ တစ်လှမ်းချင်း ဝင်လာသည်။ ကိုသူရကာ မြင်းစီးဖိနပ်ကို မချွတ်ဘဲ အိပ်ရာပေါ်တွင် သည် အတိုင်း လူးလိမ့်နေသည်။ ကိုသူရ ခုတင်အနီးတွင် ဒူးထောက် ထိုင်ကာ. . .

"ကိုကြီး နေမကောင်းဘူးလား"

"အင်း"

ကိုသူရသည် မိအား မျက်စိဖွင့်ကာ. . .

"မိမိ"

"ဟုတ်ကဲ့"

"မေမေတို့ကော"

အသံမှာ မေးရိုက်လျက် တုန်ယင်နေသည်။

www.burmeseclassic.com


"ဒေါ်ကြီးနဲ့ ထွေးတို့က ဟသ်ာကုန်းဘုရားပေါ် တက်ကြတယ်၊ ဦးကြီးက ဗိုလ်ဘသင်းနဲ့ အပြင်လိုက်သွားတယ်၊ မေမေကတော့ မီးဖိုချောင်မှာ ကိုထူး နေမကောင်းလို့ ထမင်းဝင်ချက်နေတယ်"

မိသည် တစ်ဆက်တည်း ပြည့်ပြည့်စုံစုံ ဖြေလိုက်သည်။ ကိုသူရသည် မိပြောသည်များကို အကုန်ကြားပါလေရဲ့လား မသိ။

"ဒီတစ်ခါ ဖျားတာ သိပ်ဆိုးတယ်၊ ခေါင်းတွေကလဲ ကိုက်၊ ချမ်းလဲချမ်းတယ်"

"မိ ဘာလုပ်ပေးရမလဲ အစ်ကိုကြီး၊ ဖိနပ်ချွတ်လိုက်မယ်နော်"

မိသည် ပြောပြောဆိုဆို ကိုသူရ၏ မြင်းစီးဖိနပ်ကြီးများကို ခက်ခဲစွာ ချွတ်ပေးလိုက်သည်။ ဖိနပ်များကို ခုတင်ခြေရင်းတွင် ချထားကာ ကိုယ်ပေါ်သို့ စောင်များ လွှမ်းခြုံပေးသည်။ စောင်ခြုံအောက်တွင် ကိုယ်သည် တဆတ်ဆတ် တုန်ယင်နေသည်။ မိသည် သူ့အိပ်ရာသို့ အပြေးအလွှားသွားကာ စောင်များ တစ်ထပ်ကြီး သယ်လာပြီး စောင်တွေကို ကိုသူရ ကိုယ်ပေါ်သို့ အထပ်ထပ် လွှမ်းခြုံလိုက်သည်။

"မိမိ"

"ရှင်"

"ရေနွေးရှိတယ် မဟုတ်လား"

"ဟုတ်ကဲ့. . အောက်ထပ် ဓာတ်ဘူးထဲမှာ ရှိပါတယ်"

"ကိုထူးဆီမှာ ကွီနိုင်ဆေး သွားတောင်းပြီး ရေနွေးပါယူခဲ့"

www.burmeseclassic.com


"ဟုတ်ကဲ့"

မိမိသည် အပြေးအလွှား အောက်သို့ဆင်းကာ မီးဖိုချောင်သို့ ဝင်လာသည်။ ဒေါ်အေးခင်သည် ဆီအိုးနှင့် ငါးကြော်နေသည်။

"မေမေရေ. . . ကိုထူး. . . ကိုထူးရော ဘယ်မှာလဲ"

"သူ့အခန်းထဲမှာ နေမှာပေ့ါ မောင်ထူးကို ဘာလုပ်မလို့လဲ"

"ကိုကြီး ဖျားလာတယ်၊ တစ်ကိုယ်လုံးတုန်ပြီး သိပ်ကို ဖျားလာတာ"

"ဟင်"

"အဲ. . အဲဒါကြောင့် ကိုထူးဆီက ဆေးတောင်းရမယ်"

"ဒီလိုဆို ဆေးမြန်မြန်တောင်းသွား၊ ကြည့်လုပ်ပေးလိုက်၊ မေမေ ဆီအိုးတန်းလန်းနဲ့မို့၊ ပြီးရင် တက်လာခဲ့မယ်"

မိသည် ရေနွေးအိုးကို ကိုင်းပန်းကန်လုံးနှင့် ထည့်ကာ ဆေးကို လက်တစ်ဖက်မှ ယူလာသည်။ ကိုင်းပန်းကန်မှ ရေနွေးသည် အငွေ့ဟပ်ကာ ပူနေသဖြင့် ပါးစပ်နှင့် တဖူးဖူးမှုတ်လာရသည်။ မိ၏စိတ်ထဲတွင် ဗျာများကာ ပူပင်၍ ကိုသူရ၏ ရောဂါကို ယူပစ်လိုက်သလို ချက်ချင်းပျောက်သွားစေချင်သည်။

အခန်းထဲ ဝင်သွားသောအခါ ကိုသူရ၏ ညည်းညူသံကို ကြားရသည်။ သို့သော် ညည်းညူသံသည် ယခင်လောက် မပြင်းထန်တော့။

စောင်ကို လွှမ်းခြုံထားသော ခန္ဓာကိုယ်သည် အနည်းငယ် တုန်ယင်နေသေးသည်။ မိသည် ကိုသူရ၏ ခုတင်ခေါင်း ရင်းသို့ အသာအယာ တိုးကပ်သွားကာ. . .

"ကိုကြီး"

www.burmeseclassic.com


ကိုသူရသည် မှိတ်ထားသော မျက်စိကို ဖွင့်ကြည့်လိုက်သည်။

"မိမိလား"

"ဟုတ်ကဲ့ . . . ရေနွေးနဲ့ ကွီနိုင်ဆေးပြား ယူလာတယ်"

"အေး . . . အေး"

ကိုသူရသည် အိပ်ရာထက်မှထရန် အားယူလိုက်သည်။ ကိုသူရတွင် ထနိုင်ရန် အင်အားလုံးဝမရှိတော့ပေ။ ခေါင်းကို မထူနိုင်အောင် ဖြစ်နေသည်။ မိသည် ခုတင်ဘေးရှိ စားပွဲငယ်ပေါ်သို့ ဆေးနှင့် ရေနွေးပန်းကန်ကို တင်ကာ ကိုသူရအနီးသို့ ကပ်၍ ဆွဲထူပေးရန် ဘယ်လက်ကို ကိုသူရကျောမှ သိုင်းဖက် ပြီး သူ၏ ညာလက်နှင့် ကိုသူရ ညာလက်မောင်း အိအိကို ဆွဲကိုင်လိုက်သည်။ ကိုသူရ၏ တစ်ကိုယ်လုံးမှာ အငွေ့များ ပျံကာ ပေါင်းအိုးကို ဖွင့်လိုက်သကဲ့သို့ ပူလွန်းလှပေသည်။

"ကိုကြီးရဲ့ ကိုယ်တွေကလဲ ပူလိုက်တာ အရမ်းပဲ"

"အင်း . . . အဖျား တော်တော်ပြင်းတယ်"

ကိုသူရသည် သက်ပြင်းချကာ မိပေးသော ဆေးပြားကို ပါးစပ်ထဲသို့ထည့်လိုက်ပြီး ရေနွေးပူပူကို မှုတ်သောက်လိုက်သည်။ ရေနွေးပန်းကန် ကိုင်ထားသောလက်သည် တဆတ်ဆတ် တုန်ယင်နေသဖြင့် မိက ထိန်းကိုင်ပေးထားရလေသည်။ မိ၏ကိုယ်လေးသည် ကိုသူရဆီမှ အပူရှိန်ကြောင့် ချွေးများ ပြန်လာသည်။

မိက ကိုသူရ၏ ကိုယ်ကို ထိန်းထားစဉ် ကိုသူရသည် ရေနွေးကိုမှုတ်ကာ သောက်နေသည်။ မိသည်သူ၏မျက်နှာကို ငေးကာကြည့်နေသည်။ လေဒဏ် နေဒဏ် မိုးဒဏ် ရေဒဏ်

www.burmeseclassic.com


တို့ကြောင့် ယခင်က ကိုသူရ၏ လတ်ဆတ်စိုပြည်သော အသားများသည် ညှိုး၍နေသည်။ မကျဉ်းမကျယ် နဖူး၊ နားရွက်ကားနှင့် လုံးသောမျက်နှာသည်ကား ယခင်ကအတိုင်းပင် ကြည့်ပျော်ဆဲတည်း။ ထူထဲသော မျက်ခုံးအောက်မှ စူးရှတောက်ပြောင်သော မျက်လုံးများကား မျက်တွင်းချောင်ကျနေသဖြင့် ပြူးကြောင်နေသလို ထင်ရသည်။ နှုတ်ခမ်းတို့မှာ ယခင်ကလို သွေးရောင်လျှမ်းကာ နီမြန်းခြင်း မရှိတော့။

"ကဲ. . . တော်ပါပြီ"

မိသည် ကိုသူရအား တိုက်ပြီးသော ရေနွေးပန်းကန်ကို ယူကာ စားပွဲပေါ် တင်ထားလိုက်သည်။ ပြီးနောက် ကိုသူရ၏ ကိုယ်ကို ဖေးမကာ အိပ်ရာပေါ်သို့ အသာအယာ လှဲချပေးလိုက်လေသည်။ ကိုသူရ၏ ကိုယ်ပေါ်သို့ စောင်များကို အထပ် ထပ် လွှမ်းခြုံပေးလိုက်သည်။

ကိုသူရ၏ကိုယ်သည် ယခင်ကလောက် တဆတ်ဆတ် မတုန်တော့ပေ။ မိသည် ရေနွေးပန်းကန်ကို စားပွဲပေါ်မှ လှမ်းယူကာ အခန်းဝသို့ တစ်လှမ်းချင်း လှမ်းလာခဲ့သည်။

"မိမိကို ကျေးဇူးတင်တယ်"

မိ၏ ခြေလှမ်းများသည် တုံ့ခနဲ ရပ်ကာ ကိုသူရကို လှည့်ကြည့်လိုက်သည်။ ကိုသူရမှာ မျက်စိများကို ပိတ်ထားမြဲဖြစ်သည်။ မိသည် ကိုသူရ သက်သာပုံရသည်ကို ဝမ်းမြောက်ကာ အခန်းထဲမှ သွက်သွက်လေး ထွက်သွားလေသည်။

* * *

www.burmeseclassic.com


# (၁၃)

ဝသန်နှောင်း၍ တစ်ဆောင်းသစ်ခဲ့ပြန်လေသည်။

နှင်းရည်ငွေစက် ဖျန်းအပက်တွင် မြသစ်ရွက်တို့သည် လူးလွန့်ကာ တောက်ပလာကြသည်။

ကိုရန်နောင်တစ်ယောက် ပဲခူးစံပြတပ်သို့ ရောက်လာသဖြင့် ထွေးနှင့်မိတို့ အိမ်ထောင်စုသည် ပို၍စိုစိုပြည်ပြည် ဖြစ်လာပြန်သည်။

တနင်္ဂနွေနေ့နံနက်ဖြစ်၍ ထမင်းစားပွဲကို ဝိုင်းကာ ကောက်ညှင်းပေါင်း အငွေ့တထောင်းထောင်းနှင့် ငါးခူကြော်များကို တစ်လုံးတစ်စည်းတည်း ဝိုင်းစားနေကြသည်။ ငချိပ်ကောက်ညှင်းအနံ့မှာ ပို၍သင်းပျံ့နေသည်။ ဦးဘကျော်က စားပွဲထိပ်တွင်ထိုင်ကာ ဘေးတစ်ဖက်တစ်ချက်တွင် ကိုသူရနှင့် ကိုရန်နောင်တို့ ထိုင်နေကြသည်။ ကိုသူရ၏ဘေးတွင် ဒေါ်နှင်းထိုင်ကာ၊ ကိုရန်နောင့်ဘေးတွင် ထွေး၊ ထွေးဘေးတွင် မိမိတို့အသီးသီး ထိုင်နေကြသည်။ စာဖတ်စားပွဲထိပ်တွင်ကား ဒေါ်အေးခင် ထိုင်နေသည်။

"သြော်. . . ဖေဖေတို့က ရန်ကုန် လွတ်လပ်ရေးပွဲကို ကြည့်ရသေးတာကိုး"

www.burmeseclassic.com


ကိုရန်နောင်သည် ကောက်ညှင်းပေါင်းများကို ပလုတ်ပလောင်းနှင့်စားကာ ဝင်ပြောလိုက်သည်။ ဦးဘကျော်က ရန်ကုန်တွင် နေစဉ်က လွတ်လပ်ရေးပွဲသဘင် အကြောင်းကို ပြောပြနေသည်။ ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်က မြန်မာပြည်ကို လွတ်လပ်ရေးပေးကြောင်း ကြေညာသည်။ ကန်တော်ကြီးတစ်ဝိုက်တွင် လွတ်သဘင် ပွဲတော်ကြီးကို အကြီးအကျယ် ကျင်းပခဲ့လေသည်။

"အမယ်လေး. . . သိပ်စည်တာပဲ ကိုလေးရာ၊ ထွေးတို့သွားတော့ ကြိတ်ကြိတ်တိုးလို့"

"မိတို့ ပထမဦးဆုံးအကြိမ် ရုပ်သေးကြည့်ခဲ့ရဖူးတယ်၊ ရုပ်သေးလေးတွေက ချစ်စရာကောင်းလိုက်တာနော်"

ကိုရန်နောင်သည် ထွေးကိုတစ်လှည့် မိကိုတစ်လှည့် ကြည့်နေသည်။ ကိုသူရသည် လက်ဖက်ရည်ကြမ်းပန်းကန်းကို ကိုင်ကာ ငိုင်နေသည်။ ထွေးသည် ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ. .

"နောက်ပြီး ပွဲအဆန်းတစ်ခု လုပ်သေးတယ်၊ ကိုလေးကို ပြချင်လိုက်တာ၊ မိန်းမတွေ ဖင်ပေါက်ပွဲတဲ့"

"ဖင်ပေါက်ပွဲ. . . ဘယ်လို"

ကိုရန်နောင်သည် အဝေးသို့ လွင့်နေသူဖြစ်သဖြင့် နားမလည်သလို မေးလိုက်သည်။ ဒေါ်နှင်းက ထွေးအား "တယ်. . ဒီကောင်မလေးဟာ"ဟု ဟန့်သည်။ ဦးဘကျော်က သမီးငယ်ကို ကြည့်ကား ပြုံးနေသည်။

"လွတ်လပ်ရေးပွဲကို ဂျပန်အုပ်ချုပ်ရေးမှူးတွေက လူစည်စေချင်တော့ ကော်မတီလူကြီးတစ်ဦးက ကြံကြံဖန်ဖန် ထွင်

www.burmeseclassic.com


တာဟော့၊ ဖင်ပေါက်ပွဲတွေမှာ နိုင်တဲ့မိန်းမကို ငွေ ၅ကျပ် လား ၁၀ကျပ်လား မသိဘူး ဆုချတယ်၊ ခပ်ရဲရဲ မိန်းမတွေက ငွေလိုချင်တော့ ဝင်လုပ်တာပေါ့၊ တချို့လဲ မိန်းမကောင်းတွေ ဟုတ်ပါဘူး ထင်ပါရဲ့”

ဒေါ်အေးခင်က စိတ်ရှည်လက်ရှည်နှင့် ဝင်ရှင်းပြနေသည်။

“မိန်းမဝဝကြီးကလေ ဖင်အကြီးကြီးနဲ့ ပေါက်ချလိုက်တာကို ထွေးတို့တွေ့ရတယ်၊ အဲဒီပွဲမှာ လူတွေ တိုးနေတာပဲ၊ တဝါးဝါးနဲ့ လူတွေ ရယ်လိုက်ကြတာလေ မိကဖြင့် ရှက်လို့ တဲ့၊ သေသေချာချာ မကြည့်ဘူး”

“ပေါက်ပေါက်ရှာရှာတော်. . သူတို့ပဲ ထွင်တတ်တယ်”

ဒေါ်နှင်းက နှုတ်ခမ်းမဲ့ကာ ပြောလိုက်သည်။ မိသည် ကိုသူရအား လှမ်းကြည့်ရာ ကိုသူရသည် မပြုံးမရယ် မျက်နှာထားတည်တည်နှင့် တွေ့ရသည်။ ကိုရန်နောင်ကမူ စိတ်ပါဝင်စားစွာ နားထောင်နေသည်။

“ဒီပွဲမှာ ဝတဲ့လူက ဟန်တာပဲ၊ ကိုလေး မြင်ရင်တော့ အူ အနှိပ်ပဲ၊ ဟော. . . ပြောရင်းဆိုရင်း သွားရည်လေးများ သိမ်းလိုက်ပါဦး”

“ဟဲ့. . . ကောင်မလေး”

ဒေါ်နှင်းက ထွေးကို မျက်စောင်းထိုးလိုက်သည်။ ကျန်လူများက ရယ်မောကြသည်။ ကိုသူရသည် နှုတ်ခမ်းကိုစေ့၍ သွားမပေါ်စေဘဲ ပြုံးကာ အကြမ်းခွက်ကို ပါးစပ်နှင့် တေ့သောက်နေသည်။

“ဩော်. . လူဆိုတာမျိုးဟာ ပျော်စရာရှိ ပျော်ကြတာပဲ၊

www.burmeseclassic.com


ဘာမှ လေးလေးနက်နက် တွေးတာမဟုတ်ဘူး၊ အထူးသဖြင့် ကျွန်တော်တို့ မြန်မာတွေက သာပြီး အပျော်အပါး ဝါသနာပါသေးတယ်"

ကိုသူရသည် မည်သူနှင့်မှ အဆက်အစပ်မရှိဘဲ စကားဝင်ပြောလိုက်သည်။

"စစ်အတွင်း လွတ်လပ်ရေးဟာ ကျွန်တော်တို့အဖို့ ဘာတန်ဖိုးရှိမှာလဲ၊ လွတ်လပ်ရေး မရခင်ကနဲ့ ရပြီးဘဝဟာ ဘာများ ပိုထူးခြားလာလို့လဲ"

ကိုရန်နောင်သည်အစ်ကို့စကားကို စဉ်းစားမိကာ ဆက်ပြောလိုက်သည်။

"ဒီစကားကို ဒီအိမ်မှာပဲ ပြောပါ ရန်နောင်ရာ"

ဦးဘကျော်က သားအား ဝင်၍ သတိပေးလိုက်သည်။

"ခု တို့များဘဝဟာ ဘယ်လောက်ဆင်းရဲသလဲ၊ ကော်ဖီ သကြားမရှိ နို့ဆီမရှိနဲ့ ထန်းလျက်နဲ့ ဖျော်သောက်ရတယ်၊ ငွေစက္ကူ က အဆမတန် ပေါပြီး ပစ္စည်းက ရှားလိုက်လာတယ်၊ မနက် က ချည်ကြမ်းလုံချည် တစ်ထည်ကို ငွေ ၅ဝိ နဲ့ ပေးဝယ်ခဲ့ရတယ်၊ ဘာမှ စားချင်တာ မစားရ၊ ဝတ်ချင်တာ မဝတ်ရနဲ့ ကြာရင် လူတွေ ဆင်းရဲမွဲတေပြီး ငတ်သေဖို့ ရှိတော့တယ်"

ဒေါ်နှင်းက လက်တွေ့ဒုက္ခကို ရှင်းပြနေသည်။

"ကျွန်မတော့ အင်္ဂလိပ်မင်းကြီးလက်ထက်က ဘဝနဲ့ ခုဘဝ မိုးနဲ့မြေကြီး ကွာတယ် မှတ်တာပဲ"

"ဒါကတော့ ဘယ်မင်းလက်ထက်မဆို စစ်အတွင်း ဒီလိုပဲ ခံရမှာပဲ ဒေါ်လေးခင်"

www.burmeseclassic.com


ကိုရန်နောင် ဒေါ်လေးခင်အား ရှင်းပြစဉ် မိက အမေလုပ်သူ၏ စကားကို အမြော်အမြင်နည်းသည်ဟု မကျေနပ်နိုင်အောင် ရှိသည်။

"ဘာပဲပြောပြော ကျွန်မဖြင့် ဘုရားရှိခိုးရင် အင်္ဂလိပ်မင်း ပြန်လာပါစေလို့ ဆုတောင်းတာပဲ"

"အို့ . . မေမေကလဲ စကားနောက် တရားပါ"

မိက ဒေါ်အေးခင်အား အော်ပြောလိုက်သည်။ ဒေါ်အေးခင်သည် သူ့ရင်ထဲရှိတာတွေ ထုတ်ပြောသည်။ နိုင်ငံရေးရာတွေ ဘာတွေလည်း သိမြင်သူမဟုတ်။

"ဒေါ်လေးခင်လိုချင်တဲ့ အခြေအနေမျိုး ကျွန်တော်တို့ မြန်မာတွေ တစ်နေ့ရရမှာပေါ့၊ လူတိုင်းလူတိုင်းအဖို့ လုံခြုံရေး၊ သက်သာချောင်ချိရေး ရှိရမယ်၊ လူတန်းစေ့ နေနိုင်ရမယ်၊ ဒါတွေအားလုံးရဖို့ဟာ မဝေးတော့ပါဘူး၊ မရရအောင် ကျွန်တော်တို့ ကြိုးစားနေကြတာပဲ၊ အင်္ဂလိပ်နဲ့ ဂျပန်နယ်ချဲ့စစ်ခင်းရာမှာ ကျွန်တော်တို့ မြန်မာတိုင်းရင်းသားတွေ မြေဇာ မြက်အဖြစ်မခံနိုင်ဘူး၊ ဒါကို ကျွန်တော်တို့ တတ်နိုင်သမျှ ကြိုးစားကာကွယ်ရမှာပဲ"

ကိုသူရသည် ငြိမ်နေရာမှ ဝင်၍ စိတ်ရှည်စွာ ပြောပြနေသည်။ ကိုသူရ၏မျက်နှာမှာ တည်ငြိမ်ကာ အသံမှာ ခံ့ညား၍ တည်ကြည်ပြတ်သားလေသည်။ သူသည် သံသြဇာ ကောင်း၍ ပြောသော စကားလုံးတိုင်းမှာ ပီပီသသရှိသည်။

"ကျွန်တော်တို့ ရဲဘော်တွေအားလုံးလဲ ဒီအတိုင်း နားလည်ကြတယ်၊ ခု ကျွန်တော်တို့ရဲ့ တပ်မတော်ဟာ မြန်မာ့လွတ်လပ်ရေး

www.burmeseclassic.com


အတွက် တိုက်ဖို့ဆိုတာကို သိနေကြတယ်”

ကိုရန်နောင်သည် အစ်ကို့စကားကို ထောက်ခံပြဆို လေသည်။

*

မိနှင့်ထွေးတို့သည် ရေထဲလွှတ်လိုက်သော ငါးကလေး များလို ပျော်နေကြသည်။

နွားလှည်းသည် လမ်းကြမ်းများကို ဆောင့်ကာ အပြင်း နှင်လေသည်။ ကိုရန်နောင်သည် ထွေးနှင့် မိတို့နှင့် အတူထိုင် ကာ မပျော်စဖူး ပျော်နေသည်။ လှည်းသမား၏ ဘေးတစ်ဖက် တစ်ချက်၌ ဗိုလ်ဘသင်းနှင့် ဗိုလ်အောင်ဇေယျတို့ ထိုင်နေကြ သည်။

ပေါင်းမိုးမိုးထားသော နွားလှည်းသည် ဝါးရုံပင်များ ပေါက်ရောက်နေသော တောလမ်းကိုဖြတ်ကာ သွားနေသည်။ လှည်း၏နောက်မြီးမှ ဖုန်များ တထောင်းထောင်းထကာ ကျန် ရစ်သည်။ ဒေါ်အေးခင်၊ မိ၊ ထွေးနှင့် ကိုရန်နောင်တို့သည် ပဲခူးဘုရားများကို မရောက်ဖူးသဖြင့် သွားရောက်ဖူးရန်လှည်းနှင့် ခရီးနှင်လာခြင်း ဖြစ်သည်။

ဗိုလ်ဘသင်းနှင့် ဗိုလ်အောင်ဇေယျတို့က လိုက်၍ပို့ကြ သည်။ ဗိုလ်အောင်ဇေယျသည် အသက် ၂၈နှစ်ခန့် ရှိပြီဟု ထွေးတို့က ခန့်မှန်းကြသည်။ အသားညိုညို၊ ပိန်ပိန်ပါးပါးနှင့် မျက်နှာလုံးလုံးသေးသေး၊ မေးချွန်ကာ မျက်လုံးပြူးသည်။ သူ၏ ခိုင်ခန့်သော မေးရိုးများမှာမူကား ယောကျ်ားပီသသော ရုပ် အသွင်ကို ထင်ရှားစေသည်။ သူသည် ပျော်တတ်ပါးတတ်ပုံ

www.burmeseclassic.com


ရကာ အာဝဇ္ဇန်း ရွှင်လေသည်။ တစ်လမ်းလုံး ရယ်စရာ မော စရာများ ပြောလာသည်။

ထွေးတို့တစ်ခုမှတ်မိသေးသည်မှာ ဗိုလ်အောင်ဇေယျ၏ လက်တွင် ယောကျ်ားပတ်နာရီအစား မိန်းမပတ်နာရီ ပတ်ထား သည်ကို အထူးအဆန်းသဖွယ် တွေ့ရသည်။ လေးထောင့် နာရီလေးတွင် ရွှေကြိုးဖြင့် ပြုလုပ်ကာ ချိန်းကြိုးလေးသည်တွဲ လောင်းကျနေသည်။

ထွေးတို့ နောက်မှသိရသည်မှာ ဗိုလ်အောင်ဇေယျ၏ ချစ်သူမှာ သေဆုံးသွားသဖြင့် ချစ်သူအား အမှတ်တရ ဖြစ်စေ ရန် ချစ်သူ၏ နာရီလေးကို အမြဲမပြတ် ပတ်ထားသည်ဟူ၏။

ကိုးသိန်းကိုးသန်းဘုရားအထိ လှည်းမောင်း၍ မရသဖြင့် လှည်းသည် သစ်ပင်တစ်ပင်အောက် ဝင်နားလေသည်။ ဘုရား မရောက်မီ ဗောဓိညောင်ပင်အောက်တွင် ဈေးသည်အချို့ကို တွေ့ရသည်။

မိသည် စာထည့်ရန် ဝါးခြင်းလေးကို ဝယ်လေသည်။

"ဦးလေးဘသင်းတို့ ရေသောက်မလား၊ ရေသိပ်အေးတာပဲ"

ထွေးက ဗောဓိညောင်ပင်အောက်ရှိ ရေအိုးစင်မှ ရေခပ် သောက်ပြီး လှမ်းပြောလိုက်သည်။

"နင့်နှယ်ဟယ် . . . နင့်အခေါ်က အောက်ဆန်လိုက်တာ၊ ဦးလေးလဲ ခေါ်ရဲ့၊ ဘသင်းလဲ ခေါ်ရဲ့"

ဗိုလ်ဘသင်းက ထွေးခပ်ပေးသောရေကို လှမ်းယူကာ ပြောလိုက်သည်။ ထွေးက ရယ်မောနေသည်။ ဒေါ်အေးခင် သည် ဘုရားတင်ရန် ပန်းများ ဝယ်နေသည်။

www.burmeseclassic.com


ချောင်းကလေးတစ်ခုကို ဖြတ်ဆောက်ထားသော သစ်သား တံတားကို ဖြတ်ကျော်သွားကြသည်။ ကုန်းမြင့်ပေါ်သို့တက်လာ လေလေ အရိပ်အာဝါသကောင်း၍ အေးမြလေလေ ဖြစ်လာ သည်။

ဗိုလ်အောင်ဇေယျ၊ ဗိုလ်ဘသင်းနှင့် ကိုရန်နောင်တို့သည် စစ်ယူနီဖောင်းများကို ဝတ်ထားကြသဖြင့် စစ်ဖိနပ်ကြီးများကို လေးလံစွာ ကိုင်တွယ်လာကြသည်။ (ထိုစဉ်ကစစ်သားများ သည် စစ်ဝတ်စစ်စားများကို အမြဲဝတ်ရသည်။)

ကုန်းတော်တစ်ဝိုက်သည် သာယာကြည်နူးဖွယ် ကောင်း သည်။ ကံ့ကော်ပင်များ၊ ထန်းပင်များသည် ကုန်းကမူ များ၌ ပေါက်ရောက်နေသည်။ ချိုင့်ဝှမ်းသော နေရာတစ်ခုတွင် စေတီ တစ်ဆူကို လှမ်း၍မြင်နေရသည်။ စေတီပတ်လည်တွင် ထန်းပင် များ ပေါက်နေသည်။ လမ်းခုလတ် ဗောဓိညောင်ရိပ်အောက်၌ ကား တဲငယ်တစ်ခုတွင် နတ်ရုပ်ကြီးရှိသည်။ နတ်ရုပ် ရှေ့တွင် ကျောက်တုံးများ ချီရန် ချထားသည်။

ထွေးနှင့်မိတို့သည် ကျောက်ချီနေကြသည်။

"အံမယ်. . . နင်တို့မှာ ဘာတွေများ အဓိဋ္ဌာန်စရာများ ရှိလို့လဲ"ဟု ဗိုလ်ဘသင်းက တဲတိုင်ကို ကိုင်ကာ မေးလိုက်သည်။

"ရှိတာပေါ့ ဦးလေးကလဲ၊ ထွေးကကြီးလာရင် တိုင်း ပြည်ပြုအမျိုးသမီး စာရေးဆရာမကြီး ဖြစ်မဖြစ် အဓိဋ္ဌာန်ပြီး ချီကြည့်နေတာ"

"အလို. . တယ်ဟုတ်ပါလား၊ နို့. . ချီလို့ကောရသလား"

"ရတာပေါ့၊ လေးပါစေဆိုရင် အတော်မ ယူရတယ်၊

www.burmeseclassic.com


ပေါ့ပါစေဆိုရင် ပေါ့ပေါ့လေး ဖြစ်သွားရော၊ ဦးလေး မ ကြည့်ပါလား”

“မိမိတစ်ယောက်ကော ဘာတွေတိုင်တည်ပြီး ကျောက်ချီသလဲ”

မိသည် သွားတက်လေးပေါ်အောင် ပြုံးလိုက်သည်။

“မဖြေဘူးဟော့ ဒီကောင်မလေးကြည့်ရတာ တယ်မရိုးဘူး”

“အို . ဦးလေးကလဲ မိ စဉ်းစားနေတာက ဒီကျောက်တုံးဟာ ဘာကြောင့်လေးသွား၊ ပေါ့သွားရတာလဲဆိုတာ”

“အံမယ် . . မိမိ စဉ်းစားပုံက Scientific (သိပ္ပံနည်းကျ) ဖြစ်ပါကလားဟော့”

ထိုစဉ်က မိနှင့်ထွေးတို့သည် ဗိုလ်ဘသင်း၏ အင်္ဂလိပ်စကား အဓိပ္ပာယ်ကို နားမလည်လိုက်ပေ။

ဘုရားရင်ပြင်ပေါ်သို့ ရောက်လျှင် ဒေါ်အေးခင်က “သွက်သွက်လေး ဖူးကြဟော့၊ နေပူလာရင် နေမကောင်း ဖြစ်ကြမယ်” ဟု ပြောသည်။

အားလုံး ကုန်းမြင့်မှ ဆင်းလာကြသည်။

ကိုးသိန်းကိုးသန်းဘုရား၏ တောင်ခြေတစ်ဝိုက်တွင် ခိုနားစရာ နေရာများရှိလေသည်။ အေးချမ်းသောအခါမျိုး၌ ပျော်ပွဲစားထွက်ရန် ဒေသကောင်း ဖြစ်သည်။ သစ်ပင်တစ်ပင် အရိပ်အောက်ဝယ် ဂျပန်စစ်သားအချို့ကို တွေ့ရသည်။

“ဟဲ့ . ဟိုမှာကြည့်စမ်း၊ ဂျပန်စစ်သားတွေ၊ ဒီဘက်နားကလှည့်သွားရအောင်ကွယ်”

“အို . . ဘာဖြစ်လို့လဲ ဒေါ်လေးခင်”

www.burmeseclassic.com


"မင်းနှမတွေ ပါလာတယ်ဟဲ့ ရန်နောင်ရဲ့၊ ဒီကောင်တွေက မိန်းမမြင်ရင် ခေါ်တောကျပါဘိသနဲ့၊ မိနဲ့ထွေးကို မြင်ရင် ဒုက္ခ"

"ကိစ္စမရှိပါဘူး မမခင်ရာ၊ လာသာလာပါ၊ ဒီကောင်တွေ ကျွန်တော်တို့ကို ရီးတီးယားတား မလုပ်ရဲပါဘူး"

"သူတို့ကြည့်ရတာ အရက်မူးနေပုံလဲ ရတယ်"

"မပူနဲ့၊ လာသာလာပါ၊ ကျွန်တော့်ဓားက ဂျပန် အသား ပြတ်ပါတယ်ဗျ"

ဗိုလ်ဘသင်းသည် ခါးတွင် ချိတ်ထားသော ဓားရှည်ရိုးကိုကိုင်ကာ မိုက်ကန်းကန်းနှင့် ဆိုလိုက်သည်။ ဒေါ်အေးခင်ကလည်း "လာပါကွယ်၊ ဘေးကင်းရန်ကင်း ဟိုဘက်သွား မနေနဲ့တော့"ဟု ဆိုကာ တောင်ခြေမှ လက်ဝဲဘက်သို့ လှည့်ချိုး လိုက်သည်။ လက်ဝဲဘက်၌ ရွှေဂူလေးစေတီရှိသည်။ ရွှေဂူလေးဘေး လိုဏ်ဂူပေါက်ဝလေးဆီသို့ ဗိုလ်အောင်ဇေယျသည် ရှေ့မှ ဦးဆောင်ကာ လျှောက်သွားသည်။

"လိုဏ်ဂူအထဲကို ဝင်မလား"

ဗိုလ်အောင်ဇေယျသည် ဒေါ်အေးခင်တို့ဘက်သို့ လှည့်မေးလိုက်သည်။ သူ၏မျက်နှာမှာ ချိုပြုံးနေသည်။ သူ့အပြုံးသည် နှစ်လိုဖွယ် ရှိသည်။

အထဲတွင် လိုဏ်ဂူအပေါက်လေးများဘက်သို့ မျက်နှာလှည့်လျက် ထိုင်ကိုယ်တော် ရုပ်ပွားတော်များရှိသည်။

"ဘုရားဘယ်နှစ်ဆူလဲ ရေကြည့်ရအောင်"

ဗိုလ်အောင်ဇေယျသည် ထွေးနှင့်မိတို့ဘက်သို့ လှည့်

www.burmeseclassic.com


ပြောကာ ဘုရားရုပ်ပွားတော်များကို ရေတွက်ကြည့်ကြသည်။

"တစ်ဆူ. . . နှစ်ဆူ. . . သုံးဆူ"

မိ၊ ထွေးနှင့် ကိုရန်နောင်တို့ကပါ ရေတွက်လာကြသည်။ ဒေါ်အေးခင်၊ ဗိုလ်ဘသင်းတို့က စကားပြောရင်း လိုက် ပါလာကြသည်။

သူတို့ တစ်ပတ်ပြည့်သောအခါ ဗိုလ်အောင်ဇေယျက "၆၄ ဆူရှိတယ်"ဟု အရင်ဦးဆုံး ပြောလိုက်သည်။

မိက "၆၅ ဆူ"ဟု ဆိုလိုက်သည်။

ထွေးက "၆၃ ဆူ"ဟု ဆက်ပြောပြီး ကိုရန်နောင်က ၆၄ ဆူဟု ဆိုသည်။ ဗိုလ်အောင်ဇေယျနှင့် ကိုရန်နောင်တို့က ၆၄ ဆူဟု အတူတူ ရေတွက်ရသဖြင့်. . .

"နင်တို့ပဲမှားမှာပဲ၊ မိန်းမတွေကိုက မစေ့စပ်ဘူး"ဟု ကိုရန်နောင်က ပြောလိုက်သည်။ မိနှင့်ထွေးက မခံချင်သဖြင့် တစ်ပတ်ကျော့၍ ရေတွက်သော် ၆၄ဆူ ရေတွက်ရကြသည်။

"ကဲ. . . ငါမပြောလား"

ကိုရန်နောင်က မခံချင်အောင် ထပ်ဆင့်ဆိုလိုက်သည်။ ထွေးနှင့်မိတို့သည် လိုဏ်ဂူထဲမှ မထွက်ချင်အောင်ပင် ဖြစ်ကာ ပျော်နေကြသည်။ လိုဏ်ဂူနံရံတွင် မီးသွေးခဲများနှင့် ခြစ်၍ ရေးထားသော စာများကို လှည့်ပတ်ကြည့်ရှုကာ အသံထွက်ဖတ်ကြသည်။

"ခင်ရေ. . မောင်တော့ ခင့်စိတ်ကြောင့် ဗုံးမှန်သေပြီ"

"ကိုယ့်ချစ်သူရည်စား ဂျပန်မယား ဖြစ်သော်၊ စိန်စားသေဖို့ပင် ကောင်းပါ၏"

www.burmeseclassic.com


"အချစ်ရေ ဒီတစ်ခါဖြင့် ဝေးပေါ့. . . ဝေးပါပေါ့"

"မြမြနှင့် ရဲဘော်စိန်အောင်တို့ သစ္စာဆိုခဲ့ကြတယ်"

တချို့နေရာ၌ ညစ်ညမ်းသော စကားများ သုံးထားသဖြင့် မိနှင့်ထွေးတို့ ကမန်းကတမ်း ကျော်ဖြတ်သွားကြသည်။

* * *

www.burmeseclassic.com


# (၁၄)

၁၉၄၅ ခု - နှစ်ဦး။

ညနေရီ၌ တိမ်ရောင်စုံတို့သည် ဆေးပန်းချီ ရေးဆွဲထားသည့်ပမာ ဖြစ်နေသည်။ ညနေခင်း လေပြည်သည် ညှင်းညှံ့ညှံ့နှင့် အေးမြလေသည်။

ညနေခင်း၌ မိနှင့်ထွေးတို့သည် ခြံထဲသို့ ဆင်း၍နေတတ်သည်။ ဗိုလ်ဘသင်းနှင့် ဗိုလ်အောင်ဇေယျတို့သည် ထွေး တို့ထံ ရံဖန်ရံခါတွင် လာလည်တတ်ပေသည်။

ကိုရန်နောင်အားသော တစ်နေ့တွင် မိတို့သည် ဟသ်ာကုန်းဘုရားပေါ်သို့ တက်ခဲ့ကြသည်။ ဟသ်ာကုန်းဘုရားသည် ကုန်းမြင့်ပေါ်တွင် တည်ရှိသည်။ စေတီရင်ပြင်သည် ကျယ်ပြန့်၍ သာယာကြည်နူးဖွယ်ကောင်းသည်။ လေတဟူးဟူး တိုက်ခတ်သဖြင့် လေကောင်းလေသန့် အလွန်ရသောနေရာလည်း ဖြစ်သည်။

ကုန်းအမြင့်မှ မြို့ရပ်ဝန်းကျင်ကို ဆီး၍ မြင်ရသည်။ အုပ်ဆိုင်းသော သစ်တောများ၊ ဝါးရုံပင်များ၊ စေတီ၏ ကုန်းမြင့်ကမူကို ပတ်ရံဝိုင်းလျက် ပေါက်ရောက်နေသည့် နီလွင်လွင်လက်ပံပွင့်များ ဖူးပွင့်ချိန် ဖြစ်သည်။

ထွေးနှင့် မိတို့သည် ရှေ့မှ ပြေးတက်ကာ စေတီရင်ပြင်ပေါ်သို့ အရင်ရောက်နှင့်လေသည်။ ကိုရန်နောင်က နောက်မှ

www.burmeseclassic.com


ဖြည်းဖြည်းချင်း တက်လာသည်။ ကိုရန်နောင်မှာ ယူနီဖောင်းကို အဝတ်များသဖြင့် လုံချည်ဝတ်ထားတော့ ဘိုသီဘတ်သီဖြစ်နေသည်။ ချည်လုံချည်မှာ ခါးပုံပွနေကာ ဒူးနား အထိ တိုန့်နန့်ဖြစ်နေသည်။ ရှပ်အင်္ကျီလက်ရှည်ကိုမူ သေသေသပ်သပ် လက်ခေါက်ကာ ဝတ်ဆင်ထားသည်။

မိတို့အား နောက်ကျောမှ ငေးကြည့်နေသည်။ မိသည် အဝါနုရောင် ရှိုးသားအင်္ကျီရင်ဖုံးနှင့် အဝါရင့်ရောင်ခံတွင်အနီပွင့်ခတ်ထားသော သရက်ထည်လုံချည် ဝတ်ထားသည်။ ခေါင်းတွင် အပျိုကြီးများစတိုင် ဆင်စွယ်ဘီးဖြူလေးကို နောက်ပြန် ပတ်ထားသည်။ ထွေးကမူ အဖြူရောင် ပဒုမ္မာအင်္ကျီရင်စေ့နှင့် မိနှင့် လုံချည်ဆင်တူ ဝတ်ထားသည်။ ထွေးခေါင်းတွင် ဖဲပြားအဝါရောင်ကို အပွင့်ထိုးကာ ချည်ထားသည်။

သူတို့အားလုံး သံတိုင်ကာထားသော ဘုရားရင်ပြင် အစွန်းတွင် ဝင်ထိုင်ကြသည်။

“ဒီလိုဆိုတော့ လောကကြီးဟာ မသာယာဘူးလား၊ ကြည့်စမ်း”

ထွေးတို့သည် ကိုရန်နောင် ညွှန်ပြရာသို့ လှမ်းမျှော်ကြည့်လိုက်သည်။ ရွှေမောဓောဘုရားကြီးကို မြင်နေရသည်။ ရင်ပြင်ဘေးတွင် လက်ပံပင်နှစ်ပင်တွဲလျက် ပေါက်နေသည်။ လက်ပံပင်ပေါ်တွင် ဆက်ရက်ငှက်များ တကျီကျီ တကျာကျာနှင့် ကျနေသည်။

“ဗုံးစာမမိတဲ့ နေရာတွေကတော့ ဒီလိုပဲ သာယာတာပေါ့ ကိုလေးရယ်၊ မိဖြင့် စစ်အတွင်း ပဲခူးမှာ နေရတာ လွတ်

www.burmeseclassic.com


ပျော်တာပဲ”

မိသည် လက်ပံပင်ကို မော့ကြည့်ကာ ဆိုလိုက်သည်။ ထွေးသည် သံတိုင်ကို လက်နှစ်ဖက်နှင့် ကိုင်မှီလျက်. . .

“လက်ပံဖူးချိန် ငါရှူးချိန်၊ လက်ပံပွင့်ချိန် ငါလွင့်ချိန်”

ပါးစပ်မှ တွေ့မိတွေ့ရာ ဆိုနေသည်။ တောင်ခြေအောက်၌ ဆီးချုံပင်ငယ်များ၊ သရက်ပင်ပုပုဝိုင်းဝိုင်းလေးများကို တွေ့ရသည်။ အထူးသဖြင့် မိုးသားကင်းစင်သော ကောင်းကင်အပြာရောင် နောက်ခံလျက်ရှိသော လက်ပံပင်ကြီး နှစ်ပင်သည် အလွန်လှပသည်ကို တွေ့ရသည်။

“လက်ပံပွင့်ရင် ခွေးရူးတာဟ၊ နင်လဲသတိထား ထွေးထွေးရူးပြီး တို့ကို လိုက်မကိုက်နဲ့ဦး”

“အံမယ် ထွေးက ခွေးဆိုရင် ကိုလေးလဲ ခွေးပေါ့”

“တော်ကြပါ. . မောင်နှမနှစ်ယောက် ကိုက်မနေကြပါနဲ့”

မိသည် သွားတက်ကလေးများပေါ်အောင် ပြုံးကာ ဝင်ပြောလိုက်သည်။

“အံမယ်. . ဒီခွေးမလေးက တစ်မူးပိုရှူတယ်ဟေ့”

ကိုရန်နောင်သည် မိ၏ခေါင်းကို လှမ်းပုတ်ရင်း ပြောလိုက်သည်။ ထိုနောက်ပြုံး၍ ကိုယ်လေးကို ယိမ်းကာ ရှောင်လိုက်သော မိကို ငေးမောကြည့်နေပြီး. . .

“မိမိက ဇာတ်လိုက်မင်းသမီး လုပ်ဖို့ကောင်းတယ်၊ ရုပ်ကလဲ ချော၊ အသံလဲကောင်းတယ်”

“အောင်မယ်. . . လူကို ခွေးဆိုပြီးမှ လာမြှောက်မနေစမ်းပါနဲ့”

www.burmeseclassic.com


"ဟုတ်တယ်. . . မိက ငယ်ငယ်ကထက် ပိုပိုလှလာတယ်၊ ထွေးကသာ ရုပ်မပြောင်းတာ"

ထွေးက သံတိုင်ကို ကိုင်ကာ မတ်တတ်ထလိုက်သည်။

"ထွေးရေ. . လက်ပံပွင့် သွားကောက်ချိရအောင်"

မိသည် ထွေးလက်ကိုတွဲကာ ပြောလိုက်သည်။ မိနှင့် ထွေးတို့သည် ဘုရားရင်ပြင်ပေါ်မှ လှေကားထစ်များကို ကျော်လွှား ပြေးဆင်းကာ လက်ပံပင်အောက်သို့ သွားကြသည်။

ကိုရန်နောင်သည် စေတီရင်ပြင် အတွင်းဘက်သို့ လျှောက်လာကာ နီစွေးစွေး ပလ္လင်အမြင့်ထက်တွင် အရုပ်ထွင်း ထားသော ဘုရား မတ်တတ်ရုပ်ကိုယ်တော်ကို စေ့စေ့စပ်စပ် ဖူးမြော်ကြည့်ရှုနေသည်။ ထို့နောက် ပန်းအိုးများ တန်းစီလျက် ကပ်ထားသော ဘုရားရုပ်ပွားတော်ရှေ့တွင် ကန်တော့လိုက်သည်။ ဦးသုံးကြိမ်ချပြီးနောက် 'ဘုရားတပည့်တော်သည် မိမိ၊ ထွေးထွေး တို့နှင့် ဥမကွဲသိုက်မပျက် အမြဲတမ်း အတူနေရသော ဘဝမျိုးကို အမြန်ဆုံးရပါစေလို၏ အရှင်ဘုရား' ဟု ဝမ်းထဲမှ ကျိတ်၍ ဆုတောင်းလိုက်သည်။

ကိုရန်နောင် သံတိုင်ကာရံထားသော နေရာမှ မိနှင့်ထွေးတို့အား လှမ်းမျှော်ကြည့်ရှုလိုက်သည်။ မိတို့သည် လက်ပံပွင့်ခြောက်များကို စက္ကူစပိုင်းပေါ်တွင် တင်ကာ ကောက်လျက်ရှိကြသည်။

"လက်ပံပွင့်တွေ ဒါလောက်အများကြီး ဘာလုပ်ဖို့လဲ"

"ငါးခေါင်းနဲ့ ချဉ်ရည်ချက်ချက်၊ အမဲခြောက်နဲ့ ချက်စားစား ဟင်းချက်ရအောင်ပေါ့ ကိုလေးရဲ့"ဟု ထွေးက လှမ်း

www.burmeseclassic.com


ဖြေသည်။

“ထို့ . . နင်တို့ကောက်တဲ့နေရာက ခွေးချေး အရောရောနဲ့”

မိသည် ပြုံးလိုက်သည်။ မိအပြုံးသည် ဝင်းပ၍ ညီညာဖြူဖွေးသော သွားတက်ကလေးများမှာ ပုလဲရောင် ပြက်သကဲ့သို့ ရှိသည်ဟု ကိုရန်နောင်သည် တင်စားမိလိုက်သည်။

*

ညဘက်၌ ကိုသူရသည် တော်တော်နှင့် မအိပ်ဖြစ်ဘဲ ရှိသည်။

အရေးကြီးသော မိန့်ခွန်းများနှင့် စာရွက်စာတမ်းများကို လက်နှိပ်စက်နှင့် တချောက်ချောက် ရိုက်နှိပ်နေသည်။ နာရီစက်သံ တစ်ချက်ချက်နှင့် အတူ တိုက်(ပ်)ရိုက်သံသည် ကာရန်ညီစွာ ည၏ တိတ်ဆိတ်ခြင်းမှ ပေါ်ထွက်လာသည်။

“သူရ”

“ဖေဖေ”

ဦးဘကျော်သည် လက်ကို နောက်ပစ်ကာ ကိုသူရဆီ လျှောက်လာသည်။ စွပ်ကျယ်အင်္ကျီနှင့် ပုဆိုးအကွက်ကြီးကြီးကို ဝတ်ဆင်ထားသည်။ ဦးဘကျော်သည် ချမ်းအေးသော ရာသီပေသည့် အနွေးထည် ဝတ်လေ့မရှိပေ။

“ခုတစ်လော ညဉ့်နက်လှပါကလား”

ပါးစပ်တွင် တပ်ထားသော ဆေးပြင်းလိပ်ကို ဖြုတ်ကာ ဦးဘကျော်သည် သားအား ကရုဏာပြည့်လျှမ်းသော မျက်နှာနှင့် ကြည့်နေသည်။ ကိုသူရသည် စကားပြန်မပေးသေးဘဲ တစ်စုံတစ်ခုကို လေးလေးနက်နက် တွေးနေသည်။

www.burmeseclassic.com


"ကိုယ့် ကျန်းမာရေးကိုလဲ ဂရုစိုက်ပါဦး၊ တိုင်းပြည်မှာ လူ့အဖိုးတန်တစ်ယောက်ဟာ အသက်ရှည်လေလေ အကျိုးရှိလေလေပဲ သား"

"ဟုတ်ကဲ့ အလုပ်တွေက လက်စသတ်လုပ်ရင်းနဲ့ အချိန်ကုန်သွားလို့ပါ"

"ခုတစ်လော သားတို့ အလုပ်များကြတာကို ဖေဖေ စဉ်းစားမိပါတယ်"

ကိုသူရသည် ဖအေလုပ်သူ ဦးဘကျော်ကို အံ့အားသင့်နေသည်။ ဦးဘကျော်သည် ဘယ်အရာမဆို အကင်းပါးသည်။ ဖျတ်လတ်သည်။ ကွက်ကျော်မြင်တတ်သည်။ ရှေ့ဖြစ်မည့် အရာများကို ကြိုတင်သိနေတတ်သည်။ ချက်ဆို နားခွက်က မီးတောက်သူပေတည်း။

"ဖေဖေ ထိုင်ပါဦး"

ဦးဘကျော်သည် သားပြောသည့်အတိုင်း ကိုသူရနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်ကာ ကိုသူရအား စေ့စေ့စပ်စပ်ကြည့်ပြီး အကဲခတ်နေသည်။ ကိုသူရသည် ကာကီရောင် ရှပ်အင်္ကျီလက်တိုနှင့် ကျူထရံကွက်စိပ် အစိမ်းရင့် ပိုးတွဲလုံချည် တစ်ပတ်နွမ်းကို ဝတ်ထားသည်။ လက်တွင် ပတ်ထားသော နာရီဒိုင်ခွက်မှာ အတော်ဝါကျင့် ဟောင်းမြည့်ကာ လက်ပတ်သားရေကြိုးမှာ တွန့်ခေါက်၍ အနားစုတ်နေသည်။

"ခု ဖေဖေနဲ့ ဆွေးနွေးမယ့် ကျွန်တော့်စကားတွေကို ဖေဖေ့ဝမ်းထဲမှာ ထားပါ၊ ဘယ်သူ့ကိုမှ မပြောပါဘူးလို့ ကတိပေးပါ"

www.burmeseclassic.com


ကိုသူရသည် လေးနက်တည်ကြည်စွာ ပြောလိုက်သည်။

“ဖေဖေ ကတိပေးဖို့တောင် လိုသေးသလား သား၊ ဖေဖေဟာ တိုင်းပြည်အတွက်ဆိုရင် အသေခံဖို့ ဦးမလေးပါဘူး၊ ဖေဖေ့ တစ်ကိုယ်လုံးကို အရှင်လတ်လတ် အရည်ခွံခွာ အဆုတ်ကိုသာ ရဲရဲကြီးခံမယ်၊ တိုင်းပြည်ကို တစ်သက် ဘယ်တော့မှ သစ္စာမဖောက်ဘူးမှတ်”

ဦးဘကျော်သည် ရဲဝံ့ပြတ်သားစွာ ပြောလိုက်သည်။ မြန်မာပြည်တွင် ဦးဘကျော်ကဲ့သို့သော ဖခင်မျိုးများစွာ ပေါ်ပေါက်ခဲ့လျှင် နောင်တစ်ခေတ်တွင် ‘ကျယ်ပြန့်သော အမျိုးသားစိတ်’ရှိသည့် လူငယ်များ ပေါ်ထွန်းလာလိမ့်မည်ဟု ကိုသူရစိတ်ထဲ၌ တွေးထင်မိလေသည်။

“ဖေဖေ့အကြောင်းကို ကျွန်တော်သိပါတယ်လေ၊ ခုဟာက အလွန်အရေးကြီးလွန်းလို့ ဖေဖေ စောင့်စည်းဖို့ လိုလိုမည်မည် မှာရတာ”

“ကိုင်း. . . ဆိုစမ်းပါဦး”

“၁၉၄၃ခု၊ ဩဂုတ်လ ၁ရက်နေ့က ဂျပန်တွေက မြန်မာတွေကိုပေးတဲ့ လွတ်လပ်ရေးကို ဖေဖေ ဘယ်လိုသဘောရသလဲ”

“အဲဒီ လွတ်လပ်ရေးဟာ မှုမမှန်ဘူးလို့ ဆိုရမှာပဲ၊ အဓိပတိ ဒေါက်တာဘမော်ဟာလဲ ဂျပန်စစ်အာဏာပိုင်တို့ ကြိုးဆွဲရာကနေတဲ့ ရုပ်သေးရုပ်ပဲ၊ ပါလီမန်ရယ်လို့ မရှိဘူး၊ နောက်ပြီး ကာကွယ်ရေးဌာန ဝန်ကြီး သခင်အောင်ဆန်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး သခင်သန်းထွန်း၊ နိုင်ငံခြားရေးဝန်ကြီး သခင်နု၊ ဒုတိယဝန်ကြီးချုပ် သခင်မြ အစရှိတဲ့ သခင်ဝန်ကြီးများနဲ့ တခြား

www.burmeseclassic.com


ဝန်ကြီးများမှာလဲ ဩဇာမရှိဘူး၊ သူတို့ လုပ်ကိုင်သမျှကို ဂျပန်စစ်အာဏာပိုင်တို့က ပယ်ချတယ်၊ စင်စစ်တော့ လွတ်လပ်ရေးဆိုတာကို ဂျပန်တို့က သူတို့ကတိအတိုင်း ပေးတယ်ဆိုတဲ့ နာမည်ပဲရှိတာပဲ၊ ခု မြန်မာပြည်ကို တကယ်အုပ်ချုပ်နေတာက ဂျပန်စစ်အာဏာပိုင်တွေပဲ မဟုတ်လား"

ဦးဘကျော်သည် ခရေစေ့တွင်းကျ ဒက်ခနဲနေအောင် ပြောလိုက်သည်။ ကိုသူရသည် ဦးဘကျော်၏ စကားများကို နားထောင်ရင်း မိမိလိုချင်သောအဖြေကို ရသဖြင့် မျက်လုံးများမှာ စူးရှတောက်ပြောင်လာသည်။ ဦးဘကျော်အား ဆက်၍ ရှည်ရှည်ဝေးဝေး ပြောရန် မလိုတော့ပေ။

"ဟုတ်တယ် ဖေဖေ၊ ဂျပန်တွေဟာ အစကနဦး အာရှတိုက်ကို ဝင်သိမ်းစဉ်က မဟာအရှေ့အာရှတိုက် အကျိုးစီးပွားဖြစ်ထွန်းရေးဆိုတဲ့ ဝါဒကို ကြွေးကြော်လာခဲ့တယ်၊ အာရှတိုက်သားအားလုံး၊ သွေးတူသားတူ၊ ညီမျှရေးဆိုတာကို ဘယ်သူလက်မခံဘဲနေမလဲ၊ နောက်ပြီး ဂျပန်တွေဟာ အရှေ့အာရှတိုက်မှာ တစ်-စက်မှုလက်မှုထွန်းကားတဲ့ နိုင်ငံဖြစ်တယ်၊ နှစ်-လွတ်လပ်တဲ့နိုင်ငံဖြစ်တဲ့အပြင် စီးပွားရေးအားဖြင့် ကုန်သွယ်မှုလုပ်ငန်းတွေမှာ အနောက်နိုင်ငံများနဲ့ ယှဉ်ပြိုင်ရောင်းဝယ်ဖောက်ကားနိုင်ခဲ့တယ်၊ သုံး-အာရှတိုက်ရဲ့ လက်နက်နိုင်ငံကြီးတစ်နိုင်ငံဖြစ်တယ်၊ ဒါကြောင့် သူတို့ကို ကျွန်တော်တို့က အားကိုးတယ်၊ ဥရောပနယ်ချဲ့ကို တိုက်တဲ့နေရာမှာ ဂျပန်အကူအညီကို ယူခဲ့တယ်"

www.burmeseclassic.com


ကိုသူရသည် စကားကို ခေတ္တရပ်ကာ အမိုးပေါ်သို့ မျက်လုံးလှန်ကြည့်နေသည်။ ဦးဘကျော်သည် သား ကိုသူရအား ငေးကြည့်ကာ အသက် ၂၄ နှစ်အရွယ်သို့ ရောက်သည့်တိုင်အောင် ဆေးလိပ်မသောက်တတ်သော သား၊ အရက်သေစာ ရှောင်ကြဉ်သော သား၊ မမှု မပွေသည့်အပြင် မိန်းမများနှင့် အလွန်ကင်းရှင်းအောင် နေတတ်သော သား၊ တစ်ခုတည်းသော အာရုံတွင် ဝင်စားကာ ခန္ဓာကိုယ်နှင့် ဦးနှောက်တို့ကို မနားတမ်း အလုပ်ပေးနေသော သား၊ ဤကဲ့သို့သော သားထူးသားမြတ်မျိုးကို အတိဇာတ သားဟု ဝမ်းထဲတွင် ကျိတ်၍ ချီးကျူးကာ တင်စားနေမိသည်။

"နောက်တော့ ဂျပန်ဟာ ကျွန်တော်တို့ထင်သလို မဟုတ်တော့ဘူး၊ သူပြောတာနဲ့ လုပ်တာက တခြား ဖြစ်လာတယ်၊ သူတို့ဟာ ကျွန်တော်တို့ကို ကူညီဖို့ မဟုတ်တော့ဘဲ စီးပွားရေးနယ်ချဲ့ဈေးကွက်ရှာလိုတဲ့ သဘော၊ သယံဇာတပစ္စည်း ပေါများလှတဲ့ ကျွန်တော်တို့ တိုင်းပြည်လေးမျိုးကို သွေးစုပ်လိုတဲ့ သဘောတွေကို တွေ့လာရတယ်"

"နေရာတိုင်းမှာ အာဏာရှင်ဆန်တာတွေ၊ ဖက်ဆစ်ဆန်တာတွေကော"

ဦးဘကျော်က ကြားဖြတ်ဝင်ပြောလိုက်သည်။

"ဒါတွေကိုလဲ ထည့်ပြောရမယ်၊ ကျွန်တော်တို့ မြန်မာပြည်မှာ သူတို့ဟာ စစ်အာဏာရှင်ပဲ၊ ဘာမဆို စစ်ဖြစ်တာကို အကြောင်းပြပြီး ပစ္စည်းကို ဓားပြတိုက်ယူတန် ယူတယ်၊ လူကိုလဲ ယူတယ်၊ ချွေးတပ်ဆွဲခံရတဲ့ အလုပ်သမား၊ လယ် သမား

www.burmeseclassic.com


လူတန်းစားတွေဟာ ဘယ်လောက်ခံရသလဲ၊ ဒါတွေဟာ ထုတ်ပြောဖို့တောင်မလိုဘူး၊ လက်တွေ့ခံစားရတာတွေပဲ၊ သံဖြူဇရပ်မှာရှိတဲ့ ချွေးတပ်သားတွေ၊ ဆင်းရဲသားတွေ မွဲတေ ငတ်ပြတ်တာတွေကိုများ တွေးမိရင် ကျွန်တော် အသက်ရှူလို့ မဖြောင့်ဘူး”

ကိုသူရသည် အသက်ကို ခပ်ပြင်းပြင်း ရှူလိုက်ကာ ပင့်သက်ဖြာနေသည်။ မျက်မှောင်ကုပ်ကာ မျက်လုံးများသည် ရီဝေလာသည်။

“တစ်မြန်နှစ် (၁၉၄၃ ခု) ဩဂုတ်လကတည်းက ဂျပန်လွတ်လပ်ရေးဆိုတာ အလကားပဲဆိုတာ ကျွန်တော် သိခဲ့ ပါတယ်၊ ၁၉၄၁-၄၂ စစ်သင်တန်းတွေ တက်စဉ်ကလဲ သူတို့ဟာ ယုံကြည်ကိုးစားထိုက်သူများ မဟုတ်ကြောင်းကို သိခဲ့ပါတယ်၊ ဂျပန်ကို ပြန်တော်လှန်ဖို့ ၁၉၄၃ ခုနှစ်ကတည်းက စဉ်းစားခဲ့ကြပါတယ်”

“အေး. . . ဒါပေမဲ့ ဂျပန့်အင်အား မြန်မာ့မြေပေါ်မှာ တပ်စွဲနေတာ အတော်ကြီးမားနေတယ်ဆိုတာကော သားတို့ စဉ်းစားမိရဲ့လား”

“ဟုတ်ကဲ့. . . ဒါကို စဉ်းစားမိလို့ ကျွန်တော်တို့ရဲ့ စစ်ခေါင်းဆောင်နဲ့ နိုင်ငံရေးခေါင်းဆောင်များက အချိန်ကိုစောင့်နေကြပါတယ်၊ ချက်ကောင်းကို ကြည့်နေကြတယ်၊ ဗရုန်းဗရင်းကြားထဲမှာ တိုင်းသူပြည်သားတွေ ဒုက္ခရောက်မှာကိုလဲ ထည့်စဉ်းစားနေရတယ်၊ ကျွန်တော်တို့ကို ငြိုးပြီး ကြားကလူ တွေကို လုံ့စွပ်က စားသွားမှာ၊ အမျိုးမျိုး ညှင်းပန်းမှာ၊ မိန်းမတွေကို မုဒိမ်းကျင့်မှာတွေကိုလဲ အလွန်စိုးရိမ်ရပါတယ်၊ ဒါကြောင့်

www.burmeseclassic.com


ကျွန်တော်တို့ လုပ်ကိုင်စရာတွေကို ပိပိရိရိလုပ်ရမယ်၊ ဂျပန်တွေ မရိပ်မိလေအောင် ကျွန်တော်တို့က စစ်ပရိယာယ် သုံးရမယ်၊ ကျွန်တော်တို့ရဲ့ မြားဦးဟာ သူတို့ဘက် လှည့်နေတယ် ဆိုတာ မသိအောင် လုပ်ရမယ်"

"အေး. . . သားပြောတာ သိပ်မှန်တယ်၊ မင်းကြီးရန်နောင်တို့၊ သိုဟန်ဘွားရှမ်းကို တော်လှန်တဲ့အခါမှာ ပိပိစီးစီး ရှိသလို ရှိရမယ်၊ မပေါက်ကြားဖို့ အရေးကြီးတယ်၊ အလုပ်လုပ်တဲ့အခါ သေချာပစေ၊ စေ့စပ်ပစေ"

"ဟုတ်တယ် ဖေဖေ၊ ဒီအကြောင်းတွေကို တာဝန်ယူ ဦးစီးရမယ့် ထိပ်ပိုင်းလောက်ပဲ သိသေးတယ်၊ ဗိုလ်တွေတောင် မသိသေးဘူး"

ကိုသူရသည် လေသံသဲ့သဲ့နှင့် စကားပြောသည်။ အသံမှာ တဖြည်းဖြည်း တိမ်ဝင်လာသည်။ ပြတင်းတံခါးပေါက်များသို့ မကြာခဏ လှမ်းကြည့်နေသော မှန်အိမ်ငယ်သည် မီးစာနည်းသွားသဖြင့် အလင်းရောင်မှာ အားပျော့နေသည်။

ဦးဘကျော်သည် နာရီဆီသို့ လှမ်း၍ အချိန်ကို ကြည့်လိုက်သောအခါ နံနက် ၃နာရီပင် ထိုးနေပေပြီ။

"ကဲ. . . ကဲ အိပ်ဦး သူရ၊ ဖေဖေက တစ်ရေးနိုး၊ ကိစ္စမရှိဘူး၊ ၃နာရီတောင် ထိုးပြီ၊ သားက မအိပ်ရသေးဘူး၊ နောက်နေ့မှ ဆက်လုပ်တာပေါ့"

ကိုသူရသည် အဖေ့စကားကို နားထောင်ကာ စာရွက်စာတမ်းအချို့ကို စားပွဲအံဆွဲထဲသို့ ထည့်ပြီး စာရွက်သုံးရွက်ကို အသေအချာခေါက်၍ တိုင်တွင် ချိတ်ထားကာ ဖော့ဦးထုပ်ကို

www.burmeseclassic.com


လှမ်းယူသည်။ ဖော့ဦးထုပ်တွင် ခံထားသော အလွှာကို ခွာကာ စာရွက်သုံးရွက်ကို ညှပ်ပြီးအလွှာကို ပြန်၍ ဖိထားသည်။ ဦးထုပ်ကို ဟန်မပျက် တိုင်တွင် ချိတ်ထားလိုက်သည်။

ဦးဘကျော်သည် သားအား ပြုံး၍ကြည့်ကာ ခေါင်းကို ခါယမ်းလိုက်သည်။ သား၏ဘဝကို ဂုဏ်လည်းယူ၊ သနား ကြေကွဲလည်း ဖြစ်မိသည်။

*

**၁၉၄၅ ခုနှစ်၊ မတ်လ။**

သဲသာခင်းဝယ်၊
သီတာကြည်လှဲ့၊ ငှက်သံနွဲ့နှင့်၊
လွှမ်းဘွဲ့မြိုင်ခြေ၊ မြူခိုးဝေခဲ့၊
လေခမြေသက်၊ စျာန်ဝိတက်သို့၊
သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်၊
သိင်္ဂီတစ်ဝက်၊ ဖက်၍ဆေးစုံ၊
ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊
တောလုံးလင်းသား။

(ရှင်ဥတ္တမကျော်)

ဆန်းစခါနွေ သာတပေါင်း၌ ညှာညောင်းကြွေကာ၊ ရော် ရွက်ဝါတို့သည် လေတွင် ဝေ့ဝိုက် ဝန်းလည်၍ မြေသို့သက် ကြသည်။ တပေါင်းလရာသီကို သာယာသည်ဟု ရှေးစာဆိုများ က စပ်ဆိုကြသည်။ သစ်ရွက်ဝါကလေးတို့မှာ ဆေးပန်းချီခြယ်

www.burmeseclassic.com


ရေးသကဲ့သို့ ရွှေရောင်ရောယှက် ဖက်စပ်ကာ တောတစ်ခွင်လုံး လင်းထိန်နေသည်ဟု ဆို၏။

နွေလဆန်းသည် သာယာသလား၊ မသာယာသလားဆိုသည် မဆန်းစစ်မိ။ သတိမထားမိ။ ကိစ္စများ မပြီးပြတ်ခင် ကိုသူရ၏ ရင်ထဲတွင် တင်းကျပ်နေသည်။ နေထိုင်ရသည်မှာလည်း စိတ်အေးလက်အေး မဖြစ်။

မတ်လ ၇ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း၏ အိမ်၌ တော်လှန်ရေးကောင်စီ အစည်းအဝေး ရှိသည်။

မသွားမီရက်တွင် စားမဝင် အိပ်မရ ဖြစ်နေသည်။ ရှေ့ကို ဆက်လုပ်စရာများ ရှိသဖြင့်သာ ဝင်အောင်စား၊ ပျော်အောင် အိပ်ရသည်။

ဦးဘကျော်သည် ကိုသူရ ထိုင်နေရာသို့ အသားတိုးကပ်ကာ "ရန်ကုန်သွားရင် သတိဝီရိယနဲ့သွား"ဟု သတိပေးလိုက်သည်။ ကိုသူရမှာ ခေါင်းသာညိတ်ပြပြီး စကားပြန်မပြောနိုင်ဘဲ ငြိမ်နေသည်။ မျက်လုံးများသည် တစ်နေရာတည်းကိုသာ စူးစိုက်ကြည့်နေသည်။ အပြင်ပန်းက တည်ငြိမ်နေသလောက် ဝမ်းထဲတွင် ဗလောင်ဆန် လှုပ်ရှားနေသည်။

*

ကိုရန်နောင်သည် "ဖလ်နေဝန်းသို့ညီ" သီချင်းအလိုက်ကို လေချွန်နေသော်လည်း ရင်ထဲ၌ကား အေးချမ်းခြင်း မရှိပေ။ သူ့စိတ်ထဲတွင် အရေးအခင်းများကြောင့် မတင်မကျ ဖြစ်နေသည်။ ယခင်က ရွှင်ပျပျနှင့် သူ့မျက်နှာမှ အပြုံးသည် လျော့

www.burmeseclassic.com


ပါးစပြုလေသည်။

အထက်မြန်မာပြည်၌ အင်္ဂလိပ်တပ်တို့သည် ဝင်တိုက်နေပြီ ဖြစ်သည်။ ၁၉၄၅ ခုနှစ်၊ မတ်လ ၄ ရက်နေ့က မိတ္ထီလာမြို့သည် အင်္ဂလိပ်တပ်များ လက်တွင်းသို့ သက်ဆင်းကျရောက်သွားသည်။

တပေါင်း၏ နေ့လယ်နေသည်ပူပြင်းလှသည်။ ကိုရန်နောင်သည် ရေဇတ်တိုင်း ရေချည်းထသောက်နေသည်။

မိနှင့်ထွေးတို့ကာ စာအုပ်ကိုယ်စီနှင့် ငြိမ်သက်နေကြသည်။

မိက "ရွှံ့နှင့်စစ်သား" အမည်ရှိ စာအုပ်ကို ဖတ်နေသည်။ ဖျာပေါ်တွင် ကျုံ့ကျုံ့လေးထိုင်နေသော သူ့ဘေးတွင် "ပင်လယ်နှင့်စစ်သား"၊ "ပန်းနှင့်စစ်သား" အစရှိသော စာအုပ်များချထားသည်။ ဤစာအုပ်များကို ဂျပန်အမျိုးသား စာရေး ဆရာကရေး၍ လူထုဦးလှနှင့် ဒေါ်အမာတို့က မြန်မာပြန် ထားသည်။ စစ်သားတို့၏ဘဝ ပင်ပန်းဆင်းရဲပုံများကို စစ်ထွက်သူ အစ်ကိုက ဂျပန်ပြည်ရှိ ညီထံ စာရေးထာဟန် လှပစွာ ဖွဲ့နွဲ့ထားသည်။ စာရေးသားပုံမှာ ခံစားမှုအပြည့်ပါလေသည်။

ထွေးက "သက်တံ့ရောင်" အမည်ရှိ ဒေါ်အမာ ဘာသာပြန် ရုရှဝတ္ထုကိုဖတ်နေသည်။ ရုရှတို့ တော်လှန်တိုက်ခိုက်ပုံကို သရုပ်ဖော်ထားသည်။ ဝတ္ထုထဲ၌ ရန်သူစစ်သားတို့က ရုရှကလေးငယ် လသားလေးကို အပေါ်သို့မြှောက်ပစ်ကာအောက်မှ လှံစွပ်ထိုးခံသော ရက်စက်မှုကြီးကို ဖတ်ရင်းဖတ်ရင်း ကျောထဲတွင် စိမ့်လာသည်။

"အမလေး. . . ဘုရား. . . ဘုရား"

www.burmeseclassic.com


ထွေးသည် စာဖတ်ရင်း ညည်းညူလိုက်သည်။ မိသည် ထွေးအား လှမ်းကြည့်၍. . .

"ဘာဖြစ်လို့လဲ ထွေး" ဟု မေးလိုက်သည်။

ကိုရန်နောင်သည် မိတို့ခင်းထားသော ဖျာပေါ်သို့ ဝင်ထိုင်ကာ စာအုပ်များကို ကောက်ကိုင်ကြည့်ရှုနေသည်။

"ရက်စက်လိုက်တာ မိရယ်၊ လသား ကလေးငယ်ကို အပေါ်မြှောက်ပစ်ပြီး အောက်က လှံစွပ်နဲ့ ထိုးခံသတဲ့ကွယ်"

"အို. . . ကျွတ်. . . ကျွတ်" မိက စုတ်သပ်နေသည်။

"ငါ စိတ်ထဲမှာ တစ်ခုစဉ်းစားမိတယ်၊ ဘာသာရေးတိုင်းမှာ ငရဲဘုံဆိုတာ ရှိတယ်လို့ဆိုတယ် မဟုတ်လား၊ ငါကတော့ ငရဲဘုံရယ်လို့ သတ်သတ်ရှိတယ် မထင်ဘူး"

"လာပြီ၊ ကိုလေးက ဖေဖေတို့ ကိုသူရတို့ လေအတိုင်းပဲ"

"ငါ့ဘာသာ စဉ်းစားမိတာပါ၊ အခု စစ်အဖြစ်မှာ အညှဉ်းခံရတာတွေ၊ သတ်ဖြတ်ခံရတာတွေဟာ ငရဲပေါ့၊ လောကငရဲလေ၊ ပြီးတော့ နှုတ်ဆွံ့တာတွေ၊ ခြေပြတ်လက်ပြတ်ဖြစ်တာတွေ၊ ရူးတာတွေ အဲဒါတွေက ပြိတ္တာဘုံလိုမျိုးပေါ့၊ ဝဋ်လို့လဲ ဆိုနိုင်တယ်၊ နောက်ပြီး ကောင်းကင်မှာ နတ်ဘုံရယ်လို့လဲ သတ်သတ်ရှိမှာ မဟုတ်ပါဘူး၊ ခု ဆိုဖာ မွေ့ရာတွေနဲ့ အိပ်လိုက်ကြတာတွေ သူဌေးတွေရဲ့ဘဝဟာ နတ်ပြည်စည်းစိမ်ခံစားရတာမျိုးပေါ့"

"တော်စမ်းပါ၊ သူများ စာဖတ်ပြီး စိတ်ရှုပ်ရတဲ့အထဲ"

ထွေးသည် ကိုရန်နောင်ကို တွန်းထုတ်လိုက်သည်။ ကိုရန်နောင်သည် မသွားသေးဘဲ ဇွတ်ပေထိုင်နေသည်။

www.burmeseclassic.com


"ငါပြောတာ မဟုတ်ဘူးလားဟ"

"မသိဘူး"

ထွေးသည် ဆောင့်ဆောင့်အောင့်အောင့် ပြောကာ စာကို ဆက်ဖတ်နေပြန်သည်။ ထိုအခိုက် မိသည် စာကိုသာ သဲသဲမဲမဲ ဖတ်နေသည်။ မိ၏နဖူးတွင် ခြင်တစ်ကောင်သည် အမြီးထောင်ကာ ကိုက်ခဲနေသည်။ ကိုရန်နောင်သည် "မိမိ ငြိမ်ငြိမ်နေစမ်း"ဟု ဆိုကာ မိနဖူးကို လက်ဝါးနဲ့ ဖြတ်ခနဲ ရိုက်သည်။ မိနှင့်ထွေးရှေ့ လက်ဝါးကို ဖြန့်ပြရာ မိ၏နဖူး တွင် သွေးစများ ပေနေသည်။ မိသည် နဖူးကို လက်ချောင်းကလေးများနှင့် ပွတ်သပ်နေသည်။

"အာသာတရားမရှိတဲ့ စစ်သားပီပီ အင်မတန် ရက်စက်တယ်"

ထွေးက အစ်ကိုအား မာန်သလို ပြောလိုက်သည်။

"ခြင်မို့ သတ်တာပါဟာ၊ စစ်သားလဲလူပဲဟာ၊ ဘာသားနဲ့ ထုထားတာမို့လဲ၊ ခုနေ လူတစ်ယောက်ကို သွေးအေးအေးနဲ့ သတ်ဆိုရင် ဘယ်သတ်ရဲမလဲ"

"ဒီလိုဆိုရင် ကိုလေး ရန်သူတစ်ယောက်ကို သတ်တော့မယ်ဆိုရင် ကြောက်သေးတာပေါ့"

မိက ဝင်မေးလေသည်။

"ကြောက်တာပေါ့ဟာ၊ နင်တို့က ငါတို့စစ်သားတွေကို လူမိုက် လူရမ်းတွေ ထင်နေသလား၊ ကိုယ်မသတ်ရင် ရန်သူက လက်ဦးမှာစိုးလို့သာ သတ်ရတယ်၊ တကယ်တမ်းတွေ့ရင်တော့ ဘယ်သက်ရက်မလဲ"

www.burmeseclassic.com


“သြော်. . . ဒီလိုစိတ်မျိုးရှိရင် တော်သေးတာပေါ့”

ထွေးက “သက်တံ့ရောင်” ဖတ်နေသဖြင့် စစ်သားများကို စိတ်နာကာ ငေါ့တော့တော့ ပြောလိုက်သည်။

“ဒီမှာ ငါ့နှမတွေမှတ်ထား၊ တို့ဟာ ဦးနှောက်မရှိတဲ့ တိရစ္ဆာန်တွေ မဟုတ်ပါဘူးကွာ၊ သူများကိုသတ်ရမှာ ကြောက်သလို၊ တို့လဲ သေရမှာ ကြောက်တာပဲ၊ ဒီလို ကြောက်ရဲ့သားနဲ့ ဇွတ်တိုးပြီး အသေခံနေရတာတွေဟာ ငါတို့မှာ ယုံကြည်ချက်ရှိလို့ပေါ့၊ ယုံကြည်ချက်ကြောင့် တို့ တိုက်နေတာပါ”

“ဒီလိုဆိုရင် ကိုလေးမှာ အသည်းနှလုံးရှိသေးတယ်”

ထွေးက ပြောင်ချော်ချော်နှင့် ဆိုလိုက်သည်။

“အသည်းနှလုံးရှိလို့ ငါအသက်ရှင်နေတာပေါ့ဟ” ဟု ကိုရန်နောင်က ပြန်နောက်ပြောင်နေသည်။

မိသည် စာအုပ်ကို ကြမ်းပေါ်သို့ချကာ ဒူးနှစ်ဘက်ကို လက်နှစ်ဘက်နှင့် ပိုက်၍ဒူးပေါ် မေးတင်ထိုင်ကာ ငိုင်နေရင်း. .

“ကိုကြီး ကိုသူရမှာတော့ အသည်းနှလုံး ရှိပုံ မရဘူးနော်”ဟု ဝင်ပြောလိုက်သည်။

“သူလဲဘာမို့လဲ လောကီသားပဲဟာ”

ကိုရန်နောင်က မိစကားကို ဖြေသည်။

“သြော်. . . ဒါပေမဲ့ ကိုကြီးနေပုံထိုင်ပုံက အသည်းနှလုံးမရှိသလိုချည်းရယ်”

မိသည် သက်ပြင်းချကာ ခပ်ဖြည်းဖြည်း ပြောလိုက်သည်။

* * *

www.burmeseclassic.com


# (၁၅)

တော်လှန်ရေးကောင်စီမှ တော်လှန်ဖို့ ရက်ချိန်းနှင့်တကွ အမိန့်ပေးလိုက်သည်။

ရက်ချိန်းအတိုင်း တော်လှန်ရန် အောက်မြန်မာပြည် အတွက် တိုင်း ၇တိုင်း ခွဲလိုက်လေသည်။

(၁) သာယာဝတီနှင့် ပြည်၊

(၂) မြစ်ဝကျွန်းပေါ် အရှေ့ပိုင်း၊

(၃) မြစ်ဝကျွန်းပေါ် အနောက်ပိုင်း၊

(၄) ပဲခူးခရိုင်၊ သထုံခရိုင်၊ ဖာပွန်ခရိုင်၊ တောင်ငူ တောင်ပိုင်းနယ်၊

(၅) တနင်္သာရီ၊

(၆) ပျဉ်းမနား၊ မိတ္ထီလာနှင့် ရှမ်းပြည်၊

(၇) အာလံ၊ သရက်၊ ရေနံမြေ စသည်တို့ ဖြစ်သည်။

အထက်မြန်မာပြည်ကို ဗိုလ်မှူးဗထူးက တာဝန်ယူရ လေသည်။

တိုင်း ၄ ကိုမူကား၊ ယခု ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော နှင့်အတူ နိုင်ငံရေး လူထုစည်းရုံးရေး တာဝန်ခံ သခင်ချစ်တို့က တွဲဖက်တာဝန်ယူရသည်။ ဗိုလ်ကျော်ဇောက စစ်တပ်တွေကို

www.burmeseclassic.com


တိုက်ဖို့ပြင်ဆင်ကာ သခင်ချစ်က ဖက်ဆစ်တိုက်ဖျက်ရေး ခေါင်းဆောင်တွေနှင့် တော်လှန်ရေးမှာ တပ်မတော်နှင့် ဘယ်သို့ပူးပေါင်းဆောင်ရွက်မည် ဆိုသည်ကို စိုင်းပြင်းကြလေသည်။

ကိုသူရသည် အပေါ်ထပ်တွင် ဘယ်သူမှ မရှိခိုက် ဦးဘကျော်အား ခေါ်ကာ တိုင်ပင်လေသည်။

"ဖေဖေ ကျွန်တော်တို့ကို တစ်ခုအကူအညီပေးပါ"

"ဆိုပါဦး"

ကိုသူရသည် လေသံမှုလောက်နှင့် ပြောသဖြင့် ဦးဘကျော်မှာ အတော် နားစိုက်ထောင်နေရသည်။

"၂၇ ရက်နေ့မှာ ရက်ချိန်းပေးတယ်၊ ဒီရက်မတိုင်မီ ဘယ်တပ်သားတွေမှ မသိစေရဘူး၊ ဘယ်သူ့ကိုမှလဲ မပြောဘူး၊ ကျွန်တော်တို့ တော်လှန်တဲ့ အချိန်မှာ ဖေဖေက လူတွေကို တော်လှန်ရေးမှာ ရဲရဲဝံ့ဝံ့ ပါလာအောင် လှုံ့ဆော်စည်းရုံးပေးပါ။ ခု ကျွန်တော်တို့ဟာ လူနည်းစု တော်လှန်ရေး မဟုတ်ဘူး၊ မြန်မာလူမျိုး တစ်မျိုးလုံးရဲ့ တော်လှန်ရေးပဲ"

**"မြန်မာလူမျိုး တစ်မျိုးလုံးရဲ့ တော်လှန်ရေး"**

ဦးဘကျော်သည် ကိုသူရ၏ စကားလုံးများကို ပွဲတင်ထပ်လိုက်ဆိုကာ ခေါင်းညိတ်နေသည်။

"ဟုတ်တယ်ဖေဖေ၊ ခု ကျွန်တော်တို့ရဲ့ နယ်မြေမှာ ဂျပန်အင်အားက အတော်ကြီးတယ်၊ တပ်မတော်ထက် ၅ ဆလောက်မက အင်အားများတယ်၊ အရေးကြီးတာက ရန်သူတွေကို အားပေးရာရောက်တဲ့ ရိက္ခာ ကန်ထရိုက်တာသမားတွေ၊ ရွာသူကြီး စပါးအဝယ်တော်တွေကို ရန်သူနဲ့ အဆက်ပြတ်အောင်

www.burmeseclassic.com


လုပ်ပေးရမယ်၊ ထောက်ပံ့ရေးအတွက် ဆန်၊ ဆား၊ ငရုတ်၊ အသီးအနှံ အသုံးအဆောင်တွေကို ဂျပန်လက်ထဲ မရောက်အောင် နည်းအမျိုးမျိုးနဲ့ လုပ်ရမယ်၊ ဒါကြောင့် လူတစ်စုတည်း တော်လှန်လို့ မရဘူး၊ လူမျိုးတစ်မျိုးလုံး ညီညွတ်မှ တော်လှန်ရေးဟာ အောင်မြင်မှာ”

စိတ်အားထက်သန်သဖြင့် ကိုသူရ၏ မျက်လုံးများသည် ဝင်းပြောင်နေသည်။

“အေး. . . ခုချိန်မှာ ညီညွတ်ရေးဟာ အရေးအကြီးဆုံး ပေါ့ကွ”

“ဒါကြောင့် ဖေဖေ့ကို တော်လှန်ရေးခေါင်းဆောင်တွေနဲ့ ဆုံပေးဦးမယ်၊ ဒီနေရာမျိုးမှာ ဖေဖေက လာဘ်မြင်တယ်၊ နောက်တစ်ချက်က ကျွန်တော်တို့ဟာ လူထုကို အဓိကထားပြီး ရန်သူကို သုတ်သင်ရမယ်၊ ဥပမာ-ကျွန်တော်တို့ တပ်သားတွေ ရွာထဲကနေပြီး ရန်သူကို ဘယ်တော့မှ မတိုက်စေရဘူး၊ တိုက်ရင် ရန်သူဟာ ရွာတွေကို မဲပြီး မီးရှို့မယ်၊ ကလေးတွေကို လှံစွပ် ကစားသွားမယ်၊ အမျိုးသမီးတွေကို မုဒိမ်းကျင့်မယ်၊ ဒီလို လူထု ဒုက္ခရောက်အောင် ကျွန်တော်တို့ စစ်ပရိယာယ်အရ ကျင့်သုံး တိုက်ခိုက်ရမှာပဲ”

“ဒါပွိုင့်ပဲ၊ လူတွေ ဒုက္ခမရောက်ဖို့ အရေးကြီးတယ်၊ ခု တောင် တချို့ဂျပန်ကင်ပေတိုင်ရဲ့ အညှဉ်းဆဲ အသတ်ဖြတ်ကို အတော်ခံနေရတယ်”

“နောက်ပြီး ဒီကောင်တွေက အင်မတန်ပါးတာ၊ ကျွန်တော် တို့တွေ တော်လှန်လို့ တော်လှန်မှန်း မသိအောင် လုပ်ရမယ်၊

www.burmeseclassic.com


တတ်နိုင်သမျှ ပရိယာယ် သုံးရမယ်”

“ဖေဖေ နားလည်ပါတယ်လေ၊ ဖေ့ဖေ့အတွက် စိတ်ချပါ”

ဦးဘကျော်သည် အသက် ၅၀ ပတ်ဝန်းကျင်တွင် ရှိပြီ ဖြစ်သော်လည်း သန်မာနုပျိုဆဲ ဖြစ်သည်။ ကျန်းမာရေးကို ငယ်စဉ်က လိုက်စားခဲ့သဖြင့် သွားဟန်လာဟန်မှာ ဖျက်လတ်၏။

“ခုတောင် အချို့ ဝေးတဲ့နယ်တွေကို တပ်တွေဖြန့်ပြီး ကြိုလွှတ်ထားရတယ်၊ ဒီလွှတ်ရတဲ့တပ်တွေက အတော်စွန့်စား သွားရမှာ၊ ဂျပန်မိရင် အသေဆိုး ဒုက္ခဆိုးနဲ့ ရင်ဆိုင်ရမှာပဲ၊ ရန်နောင်တို့တပ်တောင် နက်ဖြန်ခါ သထုံကို သွားရမယ်”

“ရန်နောင်ဟာ အရေးရှိရင် စွန့်စားမယ့် အကောင်ပါပဲ၊ ဒီအကောင် သတ္တိကလဲ မသေးဘူးနော်”

*

တစ်စတစ်စ မတ်လ ၂၀ ရက်ကျော်ခဲ့လေပြီ။

လဆန်းရက်ဖြစ်သဖြင့် လသည် ထိန်ထိန်သာနေသည်။ လဆန်းလသည် ကောင်းကင်ယံတွင် ထွန်းလင်းနေသည်။ မိန့်ရှင့်ထွေးတို့သည် မသိလိုက်ဘာသာပင် ဝရန်တာတွင် ထွက်ထိုင်ကာ မယ်ဒလင် တီးဆိုနေကြသည်။ သူတို့မှာ ဘာမှလည်း သိရှိရိပ်မိခြင်း မရှိပေ။ လေရူးသည် သစ်ပင်တို့ကို ဝှေ့ယမ်းလိုက်သဖြင့် သစ်ပင်တို့သည် လေတွင်ယိမ်းကကာ တရှဲရှဲ အော်မြည်နေကြသည်။

ဦးဘကျော်သည် ပက်လက်ကုလားထိုင်ပေါ်တွင် မှီထိုင်

www.burmeseclassic.com


ကာ ဒေါ်နှင်းကား ကြမ်းပြင်ပေါ်တွင် ထိုင်၍ ပုတီးစိပ်နေသည်။ ဒေါ်အေးခင်က အိပ်ခန်းထဲတွင် လှဲနေကာ၊ ရန်နောင်ကား တပ်မှအိမ်သို့ ပြန်လာ၍ ဗီရိုဖွင့်ကာ လိုအပ်သောပစ္စည်းများကို ယူနေသည်။

ကိုသူရကား အိမ်တွင်မရှိပေ။ တပ်ထဲတွင် အနေများသည်။

ထွေးကား ကာလပေါ်သီချင်း တီးနေရာမှ ရှေးသီချင်းသို့ အတောဒြန့်များနှင့်အတူ ကူးပြောင်းကာ တီးနေသည်။

ထွေးတီးသော သီချင်းကြီးမှာ မြဝတီမင်းကြီး ရေး "သာဆန်းရဂုံတွေ" အစရှိသော တောဘွဲ့ပတ်ပျိုး ဖြစ်လေသည်။ မိက စည်းကိုင်ကာ လိုက်ဆိုသောအခါ ဦးဘကျော်သည် ခြေထောက်ကို ကြမ်းပြင်တွင် ချကာ စည်းလိုက်နေသည်။

သာဆန်းရယ်တည့် ရဂုံတွေ x x ညှင်းပြေပြေ လေပြည်
လောင်း၊ ညှာခြေစိမ်းရင့်မောင်း၊ ညောင်ရွက်ကယ်တည့်
ကြွေလေဟန်၊ မြညှာရွှေရည်လျှံ x x x

မိ၏ အသံသည် အေးမြသည် ချိုလွင်သည်။ မိ၏ ပီသကြည်အေးသောအသံကို ကိုရန်နောင်သည် အိမ်ခန်းထဲမှကြားနေရသည်။

မိ၏အသံသည် ချိုလွင်အေးမြ၊ ပီသပြတ်သားသော်လည်း ကိုရန်နောင်၏ ရင်ပူခြင်းကို အေးငြိမ်းခြင်းငှာ မတတ်စွမ်းနိုင်ပါချေ။

ကိုရန်နောင်၏ မျက်စိထဲ၌ ဂျပန်ကင်ပေတိုင်တို့၏ ငရဲခန်း

www.burmeseclassic.com


များကို မြင်ယောင်နေသည်။ ဂျပန်ကင်ပေတိုင်တို့ ဖမ်းဆီးချုပ်နှောင်ထားသော ရဲဘော်ရဲဘက်သဏ္ဍာန်များကို ထုပ်တန်းပေါ်မှ ဇောက်ထိုး ညှဉ်းပန်းထားပုံ၊ လက်သည်းခွံကို သွေးစိမ်းရှင်ရှင် ယိုစီးအောင် ပလိုက်ယာညှပ်နှင့် ခွာနေပုံ၊ ဆီပူ၊ ရေနွေးပူနှင့် အသားကို ပတ်ကာ ဆီပူ၊ ရေနွေးပူ လောင်သော အဖူးများကို သံဘရွက် (တံပွတ်တံ) များနှင့် တိုက်ချပုံ စသည်တို့ကို မျက်စိထဲတွင် မြင်နေသည်။

အကယ်၍ ရက်ချိန်းမတိုင်မီ သူတို့မိသွားခဲ့သော် သူ့ကြမ္မာကား "ကင်ပေတိုင်" လောကငရဲမင်းကြီး၏ လက်ထဲတွင်သာရှိတော့သည်။ သူသည်တကယ့်အရေး၌ ဤသို့ညှဉ်းပန်းနှိပ်စက် မေးမြန်းခြင်းခံရသော် မိမိ၏ လျှို့ဝှက်ချက်များကို လုံခြုံစွာ သိမ်းဆည်းနိုင်ပါမည်လား။ သို့သော် သူသည် တိုင်းပြည်အား ဘယ်တော့မှ သစ္စာဖောက်မည်မဟုတ်။ သူ့ကို တိုင်းပြည်အတွက် မွေးဖွားလာခဲ့သည်။ ဘယ်တော့မှ မရိုးနိုင်သော စကားလုံးလေးကို ရေရွတ်နေမိသည်။ "တိုင်းပြည်သည် ရဲဘော်အတွက် မဟုတ်၊ ရဲဘော်သည်သာ တိုင်းပြည်အတွက် ဖြစ်သည်"

> သင်းကျုံကျုံလေတည့် ဝင်းတဲ့လျှံလျှံ ကျူးကြော်ညံ
> သည်နှင့်သာ၊ မြူးပျော်စံ x x မြရွှန်းဘုံတိမ်ယံက ဖန်လာမြူး
> ခိုး x x ဖြိုးဖြိုးမှုန်ရီ အံ့ညီတည့် ထွေထူးဆန်း x x

ထွေး၏ လက်ကလေးများသည် မယ်ဒလင်ကြိုးပေါ်သို့

www.burmeseclassic.com


နှိပ်ကာ ပြေးနေသည်။

မိ၏ အသံကလေးများသည် အဖျားခတ် တုန်ယင်သွားသည်။ သူတို့၏ စိတ်များသည် အနာဂတ်ကာလကို ကြိုတင်မှန်းဆနိုင်ခြင်း မရှိသဖြင့် အေးချမ်းနေသည်။ မိမှာ သီချင်းသားထဲတွင် နစ်မျောနေသည်။

လရောင်သည် မိတို့ထိုင်နေသော ဝရန်တာပေါ်သို့ ဖြာလျက် ကျရောက်နေသည်။ ဝါးရုံတောသည် ငွေလရောင်ကြောင့် ရွှန်းစိုတောက်ပနေသည်။ မယ်ဒလင်လက်သံနှင့် တေး သီသံသည် သာယာငြိမ့်ညောင်းကာ လသာသော ညအခါ၌ သာယာခြင်းအပေါင်းနှင့် ပြည့်စုံနေသည်။

"နောင် ၃-၄ရက်ကြာရင် မြန်မာပြည် သွေးချောင်းစီးတော့မယ်၊ ကိုယ့်နှမတွေ မသိရှာသေးဘူး"

ကိုရန်နောင် ရင်ထဲတွင် မှတ်ချက်ချကာ စိတ်လှုပ်ရှားနေသည်။

သီချင်းစာသားများသည် မိ၏ အဟိုက်အဟဲ၊ အဆွဲအငင်များနှင့် ကြည်လင်ပြတ်သားစွာ ပေါ်ထွက်လာပြန်သည်။

ညိုမှောင်ရော်ဝါx xရွှေကြာမြသား၊ နီလာစိန်ကြောင်ရွှေxx
ရွှာစေလိုလိုx xပြိုဟန်ကလဲ၊ ခါမိုးဟုတ်ပါပဲx x x

ကိုရန်နောင်သည် အိမ်ရှေ့ဝရန်တာသို့ ထွက်လာသည်။ အိမ်သားတွေကို တစ်လှည့်စီ အကြာကြီးစိုက်ကြည့်နေမိသည်။ "ငါ သူတို့ကို တစ်သက်လုံး ခွဲတာ ဖြစ်ချင်ဖြစ်နေမှာ" ဟု

www.burmeseclassic.com


ထွေးမိကာ ရင်ထဲတွင် စစ်ခနဲ နာကျင်သွားသည်။ ဖေဖေသည် စွပ်ကျယ်၊ ပုဆိုးကွက်ကျဲကျဲ ဝတ်လျက် ပါးစောင်တွင် ဆေးပြင်းလိပ် ခဲထားသည်။

မေမေကမူ ပါးလျသော ကိုယ်တွင် ထုံးစံအတိုင်း ခပ်ရိုးရိုးပင် ဝတ်ဆင်ထားသည်။ အင်္ကျီမှာ စုတ်ပြဲနေသဖြင့် ဖာထေးထားရသည်။ စစ်မဖြစ်ခင်က အဝတ်အစားများကိုပဲ ဝတ်နေရသည်။ နောက်ထပ် ဘာမျှ ဝယ်နိုင်ခြင်း မရှိခဲ့။

မိနှင့်ထွေးတို့ လရောင်အောက်တွင် ချစ်စရာ အရွယ်ပျိုလေးများကြောင့် ကျက်သရေရှိကြပေသည်။ အထူးသဖြင့် မိ၏ အလှသည် ပို၍ တောက်ပသည်။

"တော်ပါတော့ဟာ. . . နင်တို့သီချင်းကြီးကလဲ လွမ်းစရာကြီး"

တပ်ထဲသို့ ပြန်ရန်နှုတ်ဆက်ဖို့ ရုတ်တရက် စကားစရှာမရသဖြင့် ကြံဖန်ပြီး ထွက်မိထွက်ရာ ဝင်ပြောလိုက်ရသည်။

"ကိုလေး ထုပ်ပိုးပြီးပြီလား၊ နက်ဖြန်မနက် အစောကြီးနော်၊ သထုံကို သွားရမှာ"

ထွေးသည် ရိုးရိုးခရီးထွက်သွားသလိုပင် ခပ်အေးအေး ပြောလိုက်သည်။

"သထုံက မြသပိတ်ဘုရားကို မိ သိပ်ရောက်ဖူးချင်တာပဲ"

မိသည် ထွေးကဲ့သို့ပင် ဘာမျှမသိသဖြင့် ခပ်ပေါ့ပေါ့ ပြောနေသည်။

ကိုရန်နောင်သည် သူတို့၏ ပြောစကားများကို စကားပြန်မပေးနိုင်ဘဲ ခပ်လေးလေး ငိုင်နေမိသည်။ "ငါသေသွားရင်

www.burmeseclassic.com


တော့ ဒင်းတို့လေးတွေ လိုမ့်လို့ငိုရှာမှာပဲ” ဟု ထွေးမိကာ ထွေးနှင့်မိတို့ ငိုရှုပ်ကလေးများကို ပုံဖမ်းနေမိသည်။

“စစ်ပြီးရင်တော့ သမီးတို့ကို ဖေဖေ မြန်မာပြည် နေရာအနှံ့ လိုက်ပို့ပါ့မယ်ကွယ်”

ဦးဘကျော်သည် ထွေးတို့အား ရသေ့စိတ်ဖြေ ဝင်ပြောလိုက်သည်။

“ကဲ . . ကျွန်တော် သွားမှပဲ၊ ရဲဘော်တွေ ကျွန်တော့်ကို စောင့်နေရော့မယ်”

“သတိဝီရိယနဲ့ သွားနော် သား၊ စစ်အတွင်း ခရီးသွားရတာ ဘေးရန်များသနဲ့”

ဒေါ်နှင်းသည် ပုတီးစိပ်နေရာမှ စိုးရိမ်ပူပန်စွာ သတိပေးလိုက်သည်။ ဒေါ်နှင်း စိုးရိမ်ပူပန်ခြင်းမှာ ရိုးရိုးခရီးသွားမျိုးကို စိုးရိမ်ခြင်းဖြစ်သည်။ အကယ်၍ ကိုရန်နောင် သွားမည့်ဘေးအန္တရာယ် ဆူးငြောင့်ခလုတ် များပြားလှသော အသွားမျိုး ဂျပန်မိသွားလျှင် အရည်ခွံခွာ၊ သံပူကပ် အမျိုးမျိုး ညှင်းပန်းနှိပ်စက်ခံရမည့် အသွားမျိုး၊ ဂျပန့်လုံ့စွပ်ချက်၊ ကျည်ဆံဖျား တွင် အသက်ပါမည့် အသွားမျိုးကိုသာ သိရှိခွင့်ရလျှင် သားအား မသွားနိုင်ရန် အတင်းဖက်ဆွဲထားလိမ့်မည် ထင်သည်။

“ကျွန်တော်တို့ မနက်အစောကြီး သွားရမှာ၊ အချိန်မရလို့ မနက်ကို ဝင်နိုင်မှာမဟုတ်ဘူး၊ ဖေဖေနဲ့ မေမေ့ကို ကျွန်တော် ကန်တော့ပါရစေ”

ဦးဘကျော်၏ ရင်ထဲတွင် သွေးများ တဒိန်းဒိန်းတိုးနေသည်။ ဦးဘကျော်တစ်ယောက်သာလျှင် ကိုရန်နောင် သွားမည့်

www.burmeseclassic.com


ခရီးမျိုးသည် မည်သည့်ခရီးမျိုးဆိုသည်ကို သိရှိနေသည်။

ဒေါ်နှင်းကမူ သားတွေနှင့် ခွဲရဖန်များသဖြင့် အရေထူကာ ခါတိုင်းလို ရှိုက်ကြီးတငင် ငိုကြွေးခြင်းမရှိတော့။ စီးလာသော မျက်ရည်ကိုသာ အင်္ကျီလက်ဖျားနှင့် အသာအယာ တို့နေသည်။

ထွေးနှင့်မိတို့ကား မျက်ရည်လေး အဝိုင်းသားနှင့် ကြည့်နေကြသည်။ အမြဲ ဥမကွဲသိုက်မပျက် နေချင်ရှာသော်လည်း စစ်ကြောင့် အဝေးသို့ ခွဲသွားရရှာမည့် အစ်ကိုကို ကရုဏာသက်နေကြသည်။

ဝရန်တာမှ အိပ်ခန်းကို ဖြတ်လာကြသည်။ ဒေါ်အေးခင် အိပ်နေရာသို့ "ဒေါ်လေးခင် ကျွန်တော်မသွားခင် ကန်တော့မလို့" ပြောကာ ဦးချကန်တော့လိုက်သည်။ ဒေါ်အေးခင်သည် အိပ်ရာမှ လူးလဲထကာ "ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပါစေ၊ သွားလေရာတွင် ခလုတ်မထိ ဆူးမငြိဘဲ ရန်အပေါင်းတို့ကို ကျော်နိုင်ပါစေ"ဟု ဆုပေးလိုက်သည်။

ကိုရန်နောင်၏ အထုပ်အပိုးသည် လွယ်အိတ်လေး တစ်လုံးမျှသာတည်း။ လွယ်အိတ်ကို လွယ်ကာ အောက်ထပ်သို့ ဆင်းခဲ့သည်။

ထွေးနှင့်မိတို့က ကိုရန်နောင်ကို အောက်အထိ လိုက်ပို့ကြလေသည်။

တံခါးဝနားရောက်လျှင် ကိုရန်နောင်သည် ရပ်ကာ မိတို့ဘက်သို့ လှည့်ကြည့်လိုက်သည်။ မိနှင့်ထွေးတို့သည် ကိုရန်နောင်၏ မျက်နှာကို မော်ကြည့်လိုက်ကြသည်။ ကိုရန်နောင်၏ မြင့်

www.burmeseclassic.com


မားသော အရပ်သည် မိတို့ကို မိုးနေသည်။ ထိုနေ့ညက ကိုရန်နောင်၏ မျက်နှာသည် တင်းမာနေသယောင် ထင်ရသည်။

မိနှင့်ထွေးတို့၏ လက်ဖဝါးလေးများကို သူ၏ ညာလက် ဘယ်လက်တို့နှင့် တစ်ဖက်တစ်ချက်စီ ကိုင်ကာ ဆုပ်လိုက်သည်။ မိနှင့်ထွေးတို့၏ မျက်နှာကို စိုက်ကြည့်ကာ. . .

"ကိုင်း. . . သွားမယ်နော်၊ နောက်တော့ ပြန်တွေ့ကြသေးတာပေ့ါ"

အသံကိုထိန်း၍ ပြောလိုက်သည်။

"အရင်တုန်းကလို ကိုလေး စာတွေအရှည်ကြီးရေးနော်"

ထွေးက ရှိုက်ရင်းပြောလိုက်သည်။ မိမှာ မျက်ရည်အဝိုင်းသားနှင့် ငိုင်နေသည်။ ကိုရန်နောင်သည် မိနှင့်ထွေးတို့၏ နူးညံ့သော လက်ကလေးများကို မလွှတ်သေးဘဲ တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။ မိ၏လက်ကလေးများသည် သူ၏ရင်ကို နွေးစေသည်။

"ငါ အားတဲ့အချိန်မှာ ရေးလိုက်ပ့ါမယ်ဟာ"

လက်များကို ဆတ်ခနဲ လွှတ်ချကာ ကျောခိုင်း၍ ခေါင်းငိုက်စိုက်ချပြီး ထွက်ခွာသွားတော့သည်။

* * *

www.burmeseclassic.com


# (၁၆)

## ၁၉၄၅ ခုနှစ်၊ မတ်လ ၂၃-၂၄-၂၅ ရက်များ။

မတ်လ ၂၃ရက်နေ့မှစ၍ ကိုသူရတို့သည် မအိပ်ရတော့ပေ။ တပ်မှူးများသည် အမြဲတမ်း သတိထားနေကာ အသင့်ပြင်ထားကြသည်။ သည်တော်လှန်ရေးကိစ္စကြီးကို ဂျပန်အာဏာပိုင်အား တစ်စုံတစ်ဦးက သစ္စာဖောက်၍ သွားသတင်းပေးလိုက်လျှင် အခြေအနေ မည်မျှဆိုးဝါးသွားမည်နည်း။

မတ်လ ၂၃ ရက်နေ့ည။

တန်ခူးလဆန်း ၁၁ရက်နေ့ည ဖြစ်သဖြင့် ပြည့်လုဆဲလသည် တိမ်တိုက်ကို ထွင်းလျက် သာနေသည်။ လဝါရောင်သည် မြေပြင်အလုံးကို နှံ့နေအောင် လင်းနေလျက်၊ သစ်ပင်များ မိုးကာဆီးသော နေရာများ၌ မြေပြင်တွင် အဖြူပေါ်အမည်းစက်ပြောက်များသည် အရိပ်ထင်လျက်ရှိသည်။

သည်နေ့ညမှစ၍ ပဲခူးတပ်ထဲတွင် ပွဲတခြိမ့်ခြိမ့် ခံလျက်ရှိသည်။ အငြိမ့်စင်ကို တောင်ကုန်းကမူတွင် ထိုးကာ၊ ဆင်ခြေလျှောနေရာလေးများတွင် ကုလားထိုင်များ ချထားသည်။ အငြိမ့်စင်တွင် အောက်ဆွဲဓာတ်မီးများ လင်းနေလျက်၊ တောင်ကုန်းနောက်ဘက် မီးရောင်မရောက်သည့် နေရာများတွင် ပိန်းပိတ်

www.burmeseclassic.com


အောင် မည်းမှောင်နေသည်။

လူပြက် ပျက်လုံးထုတ်သောအခါ ဝါးခနဲ ဝါးခနဲ ရယ်မောသံများသည် ဟိန်း၍သွားသည်။ ကုလားထိုင် ရှေ့တန်းတွင် ဂျပန်စစ်ဘက်အရာရှိ ထိုင်နေကြသည်။ သူတို့မျက်နှာ များတွင် ဆာကေအရက်ရှိန်ကြောင့် နကို အဝါရောင် အသား မှာ ပန်းသွေးရောင် ထနေသည်။

မြန်မာ့တပ်သားလေးများသည် လက်ခေါက်မှုတ်သူမှုတ်၊ "ဟေး"ဟု ညာသံပေးသူပေးကာ အော်သူအော်ကြသည်။ သူတို့ကာ ထိုနေ့တိုင် သူတို့၏ကံကြမ္မာကို မမြင်နိုင်ကြသေးပေ။ သူတို့၏ တပ်မှူးများရင်ထဲတွင် ဗလောင်ဆန်လျက် နှောင်လေးရက်ကြာလျှင် ဖက်ဆစ်ဂျပန်ကို တော်လှန်တိုက်ခိုက်တော့မည်ဆိုတာကို မသိကြသေးပေ။

ကိုသူရသည် ကုလားထိုင်တွင် ဝင်မထိုင်ဘဲ ကြိုးဝိုင်းထားသောနေရာ ဘေးဘက်တွင်ရပ်ကာ ပျော်ရွှင်မြူးတူးနေကြသော မြန်မာ့တပ်မတော်သားများအား ကြည့်၍ ရင်ထဲတွင် နာနေသည်။ သူ့ခေါင်းထဲတွင် ဘာအာရုံမှ မရှိ။ လူပျက် ပျက်သော ပျက်လုံးများကိုလည်း မကြား၊ အငြိမ့်မင်းသမီးက ဆိုနေသည်ကိုလည်း ဝိုးတိုးဝါးတားသာ မြင်နေသည်။ သူ့စိတ် ထဲတွင် အငြိမ့်ကနေသည်ကို အိပ်မက်လို ထင်ယောင်မှားမိသည်။

အငြိမ့်မင်းသမီး ကသည့်အခိုက်၊ အမဲခြောက်ဖုတ်သလို တွန့်လိမ်ကောက်ကွေးကာ ကိုးရိုးကားရားနှင့် လိုက်ကနေကြသော လူပြက်များကိုကြည့်ကာ အားလုံး တအုန်းအုန်း ဖြစ်နေသည်။ လူပြက်များ၏ မျက်နှာများသည် ဟာသဉာဏ်ရွှင်လျက်

www.burmeseclassic.com


ဝင်းပြောင်နေကြသည်။ စစ်ဘက်အရာရှိ စုံစုံညီညီနှင့် ဂျပန်စစ်ဗိုလ်များပါ ကြည့်ကြသဖြင့် ကြိုးစားကကြသည်။

အငြိမ့်မင်းသမီးသည် အသံကောင်းကာ ဟစ်လိုက်တိုင်း အသံမှာ အားလုံး၏ဘဝင်ကို ငြိစေသည်။ မကြာမီ ဆုများ တဖွဲဖွဲရောက်လာသည်။

"လူပျိုသိုး ဗိုလ်ကြီးတစ်ဦးက ချစ်သက်လက်ဆောင်တဲ့"

"အညာသား မျက်ခန်းစပ်ထံမှ အောက်သူ လှပျိုဖြူနဲ့ ဖူးစာဆုံအောင် ဆုတောင်းပေးပါတဲ့ ခင်ဗျား" စသည့် အချင်းချင်း လည်း နောက်ပြောနေကြရင်း အငြိမ့်မင်းသမီးထံ စာများပို့ကြသည်။

*

၂၄ ရက်၊ ၂၅ ရက်နေ့များတွင် ဂျပန်စစ်အရာရှိများသည် မြန်မာ့တပ်မတော်သားများထံမှ လက်နက်သိမ်းရန် ချိန်နေကြသည်။

မြန်မာ့တပ်မှူးများက အတော်လေး ပရိယာယ်သုံးကာ ဟန်မပျက် နေကြရသည်။ ညစဉ်လို ပွဲများတခြိမ့်ခြိမ့်ခံကာ "မြန်မာတွေ ဘာအစီအစဉ်မှမရှိဘူး၊ ပျော်ပါးနေတယ်"ဟု ထင်အောင် နေပြကြရန် တပ်မှူးများက လိမ္မာပါးနပ်စွာ စီမံကြရသည်။

ကိုသူရ၏ ရင်ထဲတွင် လှုပ်ရှားနေသည်။

တတ်နိုင်လျှင် ပြက္ခဒိန်မှ နေ့စွဲများကို တစ်ရွက်ပြီး

www.burmeseclassic.com


တစ်ရွက် ဆုတ်ချကာ အချိန်ရက်များကို ကုန်လွန်စေချင်သည်။

သည်လိုအခါမျိုး၌ အချိန်များသည် အဘယ်ကြောင့် ကုန်ခဲရသနည်း။

ညဘက်၌ လေသည် တဟူးဟူးတိုက်ခတ်သဖြင့် နွေ၏ အပူဒဏ်ကို တတ်နိုင်သမျှ ကာကွယ်ထားသည်။ ကြယ်ပွင့်များ သည် လမ်းနှင့်ယှဉ်ကာ ပြိုးပြက်တောက်ပနေသည်။ ကိုသူရသည် မားရှည်ရိုးကို လက်နှင့်ကိုင်ကာ ခပ်သွက်သွက်လျှောက်၍ အိမ်သို့ ပြန်ခဲ့သည်။ အငြိမ့်ပွဲမှ ဆိုင်းသံသည် လေနှင့်အတူ ပြန့်လွင့် လာသည်။

အိမ်ရောက်သော် မိနှင့်ထွေးတို့အား မအိပ်သေးဘဲ တွေ့ရပေသည်။ ကိုသူရသည် ထွေးနှင့်မိအား တစ်လှည့်စီ ကြည့်ကာ. . .

"ဟင်. . . မအိပ်ကြသေးဘူးလား"

"ဟင့်အင်း. . . အိပ်လို့မရတာနဲ့ ဖေဖေ့ကိုလဲ စောင့်ရင်း ထိုင်စကားပြောနေကြတာ"ဟု ထွေးက ဖြေလိုက်သည်။

"ဖေဖေ ဘယ်သွားသလဲ"

"မသိဘူး၊ ဗိုလ်ဘသင်းလာခေါ်လို့ လိုက်သွားတယ်"

"သြော်"

ကိုသူရသည် ဗီရိုကိုဖွင့်ကာ အထုပ်တစ်ခုကို ယူ၍ "ကဲ. . . အပြင်သွားဦးမယ်၊ ညီမလေးတို့ တံခါးပိတ်လိုက်ကြဦး" ဟု ဆိုကာ လှေကားမှ အပြေးအလွှား ပြန်ဆင်းလေသည်။

*

www.burmeseclassic.com


မတ်လ ၂၆ ရက်နေ့။

ဂျပန်တပ်များသည် တစ်မြို့လုံးကို ကင်းချထားသည်။ မြန်မာ့တပ်မတော်သားများ၏ တန်းလျားတွေအနီးတွင် အမြောက်တပ်တွေ ချထားပြီးမျက်ခြည်မပြတ် ကြည့်နေကြသည်။

မြန်မာ့အကြံကို သိကြလို့တော့ မဟုတ်။ သို့သော် စစ်အရေးများ လှုပ်လှုပ်ရှားရှား ဖြစ်ကြသောအချိန်၌ တစ်ဦးကိုတစ်ဦး ယုံကြည်စိတ်ချခြင်း မရှိ၊ မြန်မာတပ်များကို ဂျပန်ကင်ပေတိုင်များက စစ်ဆေးမည် ကြံစည်ကြသည်။

မြန်မာတပ်မှူးများသည် ၂၃ရက်နေ့မှစပြီး သည်နေ့သည်ရက်အထိ အိပ်လို့မရချေ။ တစ်ပြည်လုံး ချိန်းထားသောရက်မရောက်မီ သူတို့လက်ဦးမှာ စိုးသဖြင့် အမြဲ အသင့်ပြင်ထားသည်။ ညဘက်၌ 'ချွတ်ခနဲ' အသံများကြားတိုင်း ခါးတွင် အမြဲချိတ်ထားသော ဓားများကို ခဏခဏ စမ်းမိသည်။

သို့သော် အပြင်ပန်းအားဖြင့် နေထိုင်ကြပုံမှာ တစ်မျိုးဖြစ်သည်။

ဂျပန်စစ်ဘက်အရာရှိတို့အား အငြိမ့်ပွဲမပြတ် ခံပေးသည့်အပြင် မတ်လ ၂၈ရက်နေ့တွင် ထမင်းစားပွဲကြီးတစ်ခု ပြုလုပ်ပေးမည့်ဟန်နှင့် ဂျပန်တို့အား ဖိတ်ထားသည်။

တန်ခူးလဆန်း ၁၄ရက်နေ့ညမို့ လရောင်သည် ဖွာ ၍ လင်းနေသည်။

ထိုည အငြိမ့်မှာပို၍ လူစည်သလို ထင်ရသည်။ လူအုပ်ကြီးမှာ ကြိုးဝိုင်းအပြင်ဘက်တွင် မဲနေသည်။ ကုလားထိုင်တန်းများ ပြည့်သည့်အပြင် မတ်တတ်ရပ်ကြည့်နေသူများလည်း

www.burmeseclassic.com


မနည်းလှပေ။

ရဲဘော်လေးများသည် သောက်စားမူးယစ်သူ မူးကြ ကာ တဝါးဝါးနှင့် ပွဲကျနေကြသည်။ လူပြက်တစ်ယောက်က ကုလား မလေးသဏ္ဍာန်နှင့် တူအောင် လုပ်ပြကာ တစ်ဦးက တရုတ်ပြည် ကြီးသားအတိုင်း တူအောင် လုပ်ပြနေသည်။

ကိုသူရသည် ထောင့်စွန်းကုလားထိုင်တစ်ခုတွင် ဝင်ထိုင် ကာ သက်ပြင်းချနေသည်။ သူ့မျက်နှာမှာ နဂိုအတိုင်း မရယ် မပြုံးနှင့် တည်လေသည်။ "ဒီနေ့ ပျော်ရတာ နောက်ဆုံးညပဲ" စိတ်ထဲတွင် တွေးမိကာ ရင်ထဲတွင် လှိုက်ဆူနေသည်။ "နောက်နေ့ ဒီအချိန်မှာ သေနတ်သံ တဒိန်းဒိန်းနဲ့ ဒီနေရာတွေမှာ သွေး ချောင်းစီးရော့မယ်"

ကိုသူရဘေးတွင် ဗိုလ်မှူး၊ ဗိုလ်ကြီးအချို့သည် မူးနေကြ သည်။ နောက်နေ့တွင် သေချင်သေမှာ၊ သည်နေ့အဖို့ရာ အတိုး နှင့်ပျော်မည်ဟု သဘောပိုက်မိနေကြလေရော့သလား။ သို့ သော် တာဝန်ဝတ္တရားများက ရှိနေသဖြင့် သတိလက်လွတ် မမူးကြပေ။

ဗိုလ်ဘသင်းသည် ဇာတ်စင်အောက်တွင် အငြိမ့်မင်းသမီးနှင့် ပြိုင်လျက် ကနေသည်။ ဂျပန်တို့သည် သဘောကျစွာ ရယ် မောနေကြသည်။

"ဗိုလ်မှူးသူရ"

ကိုသူရအနီးသို့ ဗိုလ်မှူးတစ်ယောက် လျှောက်လာသည်။

"ဒီနေ့တော့ မရဘူး၊ သောက်ရမယ်ဗျို့"

အရက်ခွက်ကို ကိုင်ကာ ကိုသူရအား အတင်းထိုးပေးနေ

www.burmeseclassic.com


သည်။

"ကျွန်တော် မသောက်တတ်လို့ပါ၊ မသောက်ပါရစေနဲ့"

ကိုသူရသည် ပြုံး၍ လက်ကာပြသည်။

"ဟာ. . . သောက်ရမယ်ဗျာ၊ ဒီနေ့တော့ မရဘူး"

"တောင်းပန်ပါတယ်၊ ကျွန်တော် တစ်ခါမှ မသောက်ဖူးလို့ပါ"

"မသောက်ဖူးလို့ သောက်ဖူးတယ်ရှိအောင် သောက်ပါဦးလို့ ပြောနေတာပါ၊ များများမဟုတ်ဘူး၊ ဒီတစ်ခွက်ပဲ ကိုင်း. "

ဂျပန်စစ်ဗိုလ်တစ်ယောက်သည် ကိုသူရတို့ စကားအချီအချ ပြောနေသည်ကို လှမ်းမြင်ကာ အနီးသို့ ထလာသည်။ ကိုသူရအား သောက်ရန် တောင်းပန်နေသည်။

"ကဲ. . . သောက်လိုက်ပါဗျာ"

ကိုသူရသည် မျက်နှာလေးထောင့်၊ နှုတ်ခမ်းမွှေးရေးရေးနှင့် ဂျပန်၏မျက်နှာကို စေ့စေ့ကြည့်ကာ "နက်ဖြန်ညက စပြီးမင်းတို့နဲ့ ရန်သူပဲ"ဟု စိတ်ထဲတွင် တွေးမိပြန်တော့ စိတ်မကောင်းဖြစ်မိပြန်၏။ ပုဂ္ဂိုလ်တစ်ယောက်ချင်း အနေနှင့်ကြည့်မည်ဆိုလျှင် ၎င်းဂျပန်ဗိုလ်မှာ လူကောင်းတစ်ယောက် ဖြစ်သည်။ ရဲဘော်များအား စစ်သင်တန်းများကို မကွယ်မဝှက် စိတ်ရှည်လက်ရှည် ပေးခဲ့ပေသည်။

သူတို့ပေးခဲ့သော စစ်ပညာဖြင့် သူတို့အား ပြန်ချရ တော့မည်။ "ငါကြင်းဆီနှင့် ငါးကြင်းပြန်ကြော်ရတော့မယ်၊ ဒါပေမဲ့တို့ဟာ လူတွေကို တိုက်တာမဟုတ်ဘူး၊ မြန်မာ့လွတ်လပ်ရေးအတွက် ဖက်ဆစ်စနစ်ကို တိုက်တာပဲ"ဟု တောင်တောင်

www.burmeseclassic.com


အီအီ တွေးမိပြန်သည်။

ဂျပန်သည် ဂျပန်စကားနှင့် ကိုသူရအား အရက်သောက်ရန် အတန်တန် တောင်းပန်နေသည်။ ကိုသူရမှာ မတတ်သာသည့်အဆုံး အရက်ခွက်ကိုကိုင်ကာ တစ်ခါတည်း မော့ချလိုက်သည်။ တစ်ခါမှ မသောက်ဖူးသဖြင့် လည်ချောင်းမှာ ပူရှကာဝမ်းထဲတွင် မီးရှို့လိုက်သကဲ့သို့ ပူသွားလေသည်။ ဂျပန်သည်သဘောကျစွာ ကိုသူရလက်ကို ကိုင်လှုပ်ကာ ရယ်မောနေသည်။

"ဒီလိုမှပေါ့ဗျ၊ ကဲ. . . ကဲ နောက်တစ်ခွက်"

"တော်ပါပြီဗျာ"

"လုပ်ပါဗျာ၊ ဒီတစ်ခွက်. . . ဒီတစ်ခွက်တင်"

ဆာကေပုလင်း၏ ဘူးစို့ဖွင့်ကာ ကိုသူရ၏ ဖန်ခွက်ထဲသို့ ထပ်ထည့်လိုက်သည်။

အငြိမ့်စင်မှ ပျက်လုံးများကြောင့် လူတို့သည် ဝေါခနဲဝေါခနဲ ပွဲကျနေသည်။

ကိုသူရသည် ဖန်ခွက်ကို ကိုင်ထားကာ ပါးစပ်နှင့်တေ့၍ဟန်မျှ တစ်စက်နှစ်စက် သောက်လိုက်သည်။ ဂျပန်သည်ရယ်မောကာ သူ့နေရာသို့ ပြန်သွားသည်။ အရက်တိုက်သောဗိုလ်မှူးသည် အငြိမ့်စင်ဘက်သို့ မျက်နှာအလှည့်တွင် ကိုသူရသည် အရက်ကို သွန်ပစ်လိုက်သည်။ မြေကြီးထဲတွင် အရည်များ စိမ့်ဝင်သွားသည်။

*

www.burmeseclassic.com


မတ်လ ၂၇ ရက်နေ့။

သည်နေ့ မိနှင့်ထွေးတို့ အိမ်ထောင်စုသည် ခံတွင်းခြံရွာဘက်သို့ သွားကြသည်။ လေးငါးရက်စာ အဝတ်အစားများ ထည့်ယူလာကာ အခြေအနေမကောင်းလျှင်လည်း မပြန်ကြဟူသော သဘောနှင့် သွားနေကြခြင်း ဖြစ်သည်။

ခံတွင်းခြံရွာသို့ လှည်းနှင့်လာခဲ့ကြသည်။ ဗိုလ်ဘသင်းက အဘွားကြီး ညီအစ်မနှစ်ယောက်နေသော အိမ်သို့ ပို့ပေးသည်။ အိမ်မှာ ရေနံချေးများ မည်းနက်နေသော တစ်ထပ်ပျဉ်ထောင်အိမ် ဖြစ်သည်။ သက်ကယ်မိုးကာ မြေစိုက်အိမ်လည်း ဖြစ်သည်။

"ဗိုလ်မှူးလဲ တပ်ထွက်ရမယ်၊ ဗိုလ်မှူးမရှိတဲ့ အခိုက်မှာတော့ မမနှင်းတို့ ဒီမှာပဲနေတာ ပိုပြီး လုံခြုံပါတယ်"

ဗိုလ်ဘသင်းက လှည်းပေါ်မှ ပစ္စည်းများကိုချကာပြောလိုက်သည်။

"မင်းကော မသွားရဘူးလား မောင်ဘသင်း"

ဒေါ်နှင်းကား လွယ်အိတ်ကို အိမ်အဖီထုတ်ထားသောနေရာတွင်ချကာ မေးလိုက်သည်။

"ကျွန်တော်လဲ သွားရမှာပဲထင်တယ်၊ ခုကျွန်တော် တပ်ကို ပြန်ရဦးမယ်"

ဦးဘကျော်သည် ပါးစောင်တွင် ဆေးပြင်းလိပ်ခဲကာ တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေသည်။

မိနှင့်ထွေးတို့ကား သူတို့ အလွန်ပျော်ခဲ့သော အိမ်ကြီးမှ ခွဲခွာပြီးလာခဲ့ရသဖြင့် စိတ်မကောင်းကြပေ။ စိတ်များသည်

www.burmeseclassic.com


အိမ်ကြီးတွင် ကျန်ရစ်၍ ဝါးရုံပင်များ၊ စံပယ်ဖူး၊ ဇလပ်ဖူးများ နှင့် ဖွန်ပန်းရုံများကို မျက်စိထဲတွင် မြင်ယောင်နေသည်။

မိတို့နေသော အိမ်မှ အဘွားကြီးမှာ နှစ်ဦးစလုံး ပိန်ပိန်မြင့်မြင့် ဖြစ်ကြသည်။ အသက် ၆၀ ခန့်ရှိကြ၍ တစ်ဦးက ဖြူ၍ တစ်ဦးက ညိုသည်။ သူတို့နှစ်ယောက်မှာ ညီအစ်မ ဖြစ်၍ တစ်ဦးက မုဆိုးမ၊ တစ်ဦးက အပျိုကြီး နှစ်ဦး စလုံး သားသမီး ကျောထောက်နောက်ခံ မရှိကြပေ။ သူတို့အိမ် တွင် ကုန်စုံဆိုင်လေး ဖွင့်ထားသည်။

ဒေါ်နှင်းနှင့် ဒေါ်အေးခင်တို့သည် အဘွားကြီးများနှင့် စကားကောင်းနေကြသည်။

နေ့လယ် ၁ နာရီရှိပြီဖြစ်၍ နေ့ခင်းနေသည် ခြစ်ခြစ် တောက် ပူလွန်းလှသည်။ ကောင်းကင်တွင် တိမ်သားကင်းစင် ကာ နေ၏ အရှိန်အဝါသည် ပြင်းထန်လွန်းလှပေသည်။

“အကြီးမြ ရေနံဆီရှိသလား”

ထွေးတို့သာသာ အသက် ၁၇နှစ်ခန့် မိန်းမငယ်တစ်ဦး သည် ကလေးငယ်ကို ခါးတစ်ခွင်ချီကာ ရေနံဆီပုလင်းကို လက်တစ်ဖက်မှ ကိုင်စွဲလျက် အိမ်ရှေ့တွင် လာရပ်နေသည်။ အဘွားကြီးတစ်ဦးက စကားစပြောမှ ထလာသည်။

မိန်းမငယ်မှာ အသားညိုစိမ့်စိမ့်နှင့် ပုပြတ်ပြတ်လေး ဖြစ်သည်။ ကလေးလေးမှာ ဖြူဖြူဝဝ တုတ်တုတ်လေး ဖြစ် သည်။

“ဟယ်. . . မိရေ ကြည့်စမ်း၊ ကလေးလေးက ချစ်စရာ ကလေးကွယ်”

www.burmeseclassic.com


တစ်နှစ်ခွဲခန့်ရှိသော ကလေးငယ်ကို ကြည့်ကာ ထွေးက ပြောလိုက်သည်။ မအေ အသားညိုသလောက် ကလေးလေးမှာ ဖြူဖွေးသည်။

"အေးကွယ်. . . ထွေးရယ် ကလေးလေးက ဖြူတယ်နော်"

ကလေးငယ်သည် ထွေးတို့ဘက်လှည့်ကာ ချစ်စဖွယ် ပြုံးပြသည်။

"ပြုံးတယ်ဟေ့. . . ကြည့်စမ်း ပြုံးရင် မျက်ပေါက် မရှိတော့ဘူး၊ ချစ်စရာလေး၊ ဘာလေးလဲဟင်"

ထွေးသည် လက်ဝါးလေးများ တီးကာ ကလေးငယ် မေးစေ့ကို ဆွဲပြီး မေးလိုက်သည်။

"မိန်းကလေးပါရှင်"

သတိထားမိမှ မိန်းမငယ်၏အသံသည် ကရင်သံဝဲ မှန်း သိရသည်။

အဘွားကြီးသည် ရေနံဆီပုလင်းဆွဲကာ အခန်းထဲမှ ထွက်လာခဲ့သည်။

"ကလေးလေးမျက်နှာကို ထွေးကြည့်ဟေ့၊ ဂျပန်ခေတ် မွေးတာမို့ ဂျပန်မျက်နှာလေးအတိုင်းပဲ"

မိန်းမငယ်သည် အဘွားကြီးလက်မှ ရေနံဆီပုလင်းကို ဇတ်ခနဲလှမ်းယူကာ "ပိုက်ဆံမရှိသေးဘူး၊ အကြွေးမှတ်ထားလိုက်ပါ"ဟု ခပ်မာမာဆိုကာ ထွေးတို့အား မျက်စောင်းထိုးပြီး ချာခနဲ လှည့်ထွက်သွားလေသည်။

"မိန်းကလေးတို့က အေးရင် အကြောင်း မသိသေးဘူး"

အဘွားကြီးက စကားစလိုက်သည်။

www.burmeseclassic.com


"ဘာဖြစ်လို့လဲ ကြီးကြီး"

"အေးကွယ်. . . သူ့အဖြစ်က သနားစရာပဲ၊ သူတို့က ထုံးကြီးရွာက ကရင်တွေပဲ၊ ဒီပြောင်းလာခါစက ကောင်မလေး က တမှိုင်မှိုင် တတွေတွေနဲ့ တစ်နေ့ ရေထဲကို ခုန်ဆင်းတယ်၊ လယ်သမားတစ်ယောက်က တွေ့လို့ ဆယ်လိုက်ရတယ်၊ ဘာ့ကြောင့် ခုန်ဆင်းသလဲဆိုတာ နောက်မှသိရတယ်၊ သူ့မှာ ဂျပန်နဲ့ ကိုယ်ဝန်ရှိနေတားကိုး၊ ထုံးကြီးရွာမှာနေတုန်း မိန်းကလေး တစ်ယောက်တည်း ငါးမျှားသွားတော့ ဂျပန်စစ်သား သုံးယောက်နဲ့ တွေ့ရာက ကံဆိုးသွားရှာတာပဲကွယ်"

"အို"

မိနှင့်ထွေးတို့သည် စိတ်မကောင်းစွာ တွေနေကြသည်။ မျက်စိထဲတွင် ရန်ကုန်တိုက်ခန်းတစ်ခန်းတွင် ဂျပန်များနှင့် ဗလုံးဗထွေးနေကြသော မြန်မာမများကို မြင်ယောင်နေသည်။ "လူတွေကလဲ အမျိုးမျိုး၊ အဖြစ်တွေကလဲ အမျိုးမျိုးနော်" မိသည် စစ်အတွင်း အတွေ့အကြုံလေးများမှ သင်ခန်းစာများကို တစ်စတစ်စ ဝမ်းထဲတွင် သိုလှောင်ထားလေသည်။

*

**ညနေ ၅ နာရီခန့်။**

မြင်းခွာသံ တဖျောက်ဖျောက်နှင့် မြင်းနှင်လာသံကိုကြား နေရသည်။

ခံတွင်းခြံရွာကလေး၏ ညနေခင်းသည် နေ၏ ရွှေခြည်

www.burmeseclassic.com


မျှင်များတန်းနေကာ မြသစ်ရွက်တို့တွင် ရွှေမှုန်ကြဲနေတော့၏။

မြင်းခွာသံသည် ဆိုင်းချက်ညီစွာ မိနှင့်ထွေးတို့ နေအိမ်ရှိရာသို့ တစ်စတစ်စ တိုးကပ်လာလေသည်။

"အစ်ကိုကြီးများ လာမလား မသိဘူး"

ထွေးသည် အိမ်ရှေ့ သရက်ပင်ကိုမှီကာ ပြောလိုက်သည်။ မိသည်လက်နှင့်သရက်ပင်ကို မှီထောက်ကာ ထွေးနားရပ်နေသည်။ "ကိုသူရ" လာမယ်ဆိုသဖြင့် ရင်ထဲတွင် ခုန်နေသည်။ ကိုသူရနှင့် ကြာရှည် မျက်နှာချင်းဆိုင် မနေခဲ့ရသည်မှာ ကြာခဲ့ပေပြီ။ ဖြုတ်ခနဲ ဖြုတ်ခနဲ တွေ့လိုက်ရသော်လည်း ကြာရှည်စကားပြောရသည် မရှိ။

တစ်အိမ်တည်းတွင် အတူတူနေခဲ့သော်လည်း တစ်ရေတည်းသောက်၊ တစ်စားပွဲတည်း စားရန် ခဲယဉ်းခဲ့သည်။ စင်စစ်သူတို့အိမ်သားအားလုံးသည် ကိုသူရနှင့် ဆိုင်ရုံသာ ဆိုင်ခဲ့ကြသည်။ မပိုင်ပေ။

"သူ့တပ်မထွက်ခင် လာတော့ နှုတ်ဆက်ဦးမှာပေါ့ ထွေးရယ်"

"ဘယ်ကို တပ်ထွက်ရမယ် မသိဘူး၊ မေမေတောင် မသိဘူးထင်တယ်၊ လာတော့ နှုတ်ဆက်မယ်လို့ ဦးလေးဘသင်းနဲ့ မှာလိုက်တာပဲ မိရယ်"

"သူပြောရင် ဦးကြီးကိုပဲ ပြောတာ ထွေး"

ထွေးသည် မတ်တတ်ရပ်နေရာမှ သရက်ပင်ရင်းတွင် ဖိနပ်ကိုခုကာ ထိုင်ချလိုက်သည်။

"သူတို့ တပ်ချီပြီး အင်္ဂလိပ်တွေကို တိုက်မယ်ထင်

www.burmeseclassic.com


တယ်နော်၊ အင်္ဂလိပ်တွေက မန္တလေးတောင် သိမ်းပြီးပြီတဲ့”ဟု ထွေးက စဉ်းစားကာ ပြောလိုက်သည်။

“ဟုတ်မှာပေါ့. . ကိုကြီးတို့က အခမ်းအနားနဲ့ စစ်ချီပြီး သပြေပန်းတွေ ဘာတွေ ကမ်းမယ်ဆိုလားပဲ”

မိသည် ထွေး၏အနီးတွင် ထွေးလိုပင် ထိုင်ချကာ သရက်ပင်ကိုမှီရင်း ပြောလိုက်သည်။

“မိရယ်. . . အစ်ကိုကြီးကလေ ထွေးတို့ကို ဘာမှပြောပြဖို့ အချိန်မရှိဘူးနော်”

မိသည် ထွေးပြောလိုက်သောစကားကို နားစိုက်ထောင်ကာ ငြိမ်နေသည်။ ဒူးပေါ်တွင် တတောင်နှစ်ဖက်တင်ကာ အဖြူနှင့်ပန်းရောင်အကွက် လက်ကိုင်ပဝါလေးကို လက်နှင့် ရစ်ပတ် ကစားနေသည်။ လက်ကိုင်ပဝါ၏ ထောင့်စွန်းတွင် ‘M’ ဆိုသော မိ၏နာမည် အတိုကောက်ကို ပန်းထိုးချည် အနီရောင်လေးနှင့် ထိုးထား၏။

“ကိုကြီးက မိတို့အပေါ် စိမ်းကိုစိမ်းပါတယ်လေ”

မိသည် ဝမ်းနည်းစွာ ပြောနေသည်။ ထွေးသည် မိအား ငေးစိုက်နေသည်။ ကိုသူရသည် သူတို့အပေါ်တွင် စိမ်းသလား၊ မစိမ်းသလား မိပြောသကဲ့သို့ ထွေးသည် တစ်ခါမှ မတွေးခဲ့မိပေ။

“အစ်ကိုကြီးက အချိန်ပြည့် အလုပ်လုပ်နေတဲ့ လူတစ်ယောက်ကိုး မိရယ်”

ထွေးသည် မိစိတ်ကောင်းစေရန် ပြေလည်အောင် ပြောလိုက်ရသော်လည်း တပ်ချီခါနီး မိမိတို့နှင့် စကားဝိုင်းဖွဲ့

www.burmeseclassic.com


မပြောနိုင်လောက်အောင် ဖြစ်နေသော အစ်ကိုကြီးအား သံယောဇဉ်ကြိုးကို ဖြတ်တောက်လွန်းသည်ဟု ထင်နေပြန်သည်။

"ထွေးကိုမှ နှမအရင်းမို့ အရေးပေးသေးတယ်၊ မိကျတော့ ထွေးအပေါ်မှာ နေတာထိုင်တာထက် ပိုပြီးစိမ်းသေးတယ်"

"ဒါတော့ မိ သက်သက် အထင်လွဲတာပါကွယ်"

မိသည် ထွေးကို ထပ်ချေပခြင်း မရှိဘဲ ငိုင်နေသည်။ မိသည် ခရမ်းရင့်ရောင် အင်္ကျီ၊ အနက်ခံတွင် အဖြူနှင့်ခရမ်းရောင် အပွင့်စိပ်စိပ် လုံချည်ကို ဝတ်ထားသဖြင့် ခါတိုင်းထက် ပိုလှပလေသည်။ ဆံပင်ကို နောက်တွဲထုံးကာ ဆံမြိတ်ချထားသည်။ မိသည် ဖြူဝင်းစိုပြည်သော အသားဆောင်သဖြင့် မည်းနက်တောင်ပြောင်သော ဆံပင်များနှင့် မှိုင်းသော အရောင်များနှင့် လိုက်ဖက်လေသည်။

ထွေးကမူ ပန်းရောင်အင်္ကျီနှင့် အနီရဲရောင် လုံချည်များ ဝတ်ထားသဖြင့် ပို၍နုပျိုကာ ကလေးဆန်နေသည်။

အုန်းခွံရောင်မြင်းသည် ထွေးတို့ရှိရာဘက်သို့ ပြေးလာကာ အိမ်နားရောက်လျှင် ကိုသူရသည် မြင်းပေါ်မှ လွှားခနဲ ခုန်ချလိုက်သည်။ ရွာထဲမှ ကလေးငယ်များသည် မြင်းနားတွင် မယောင်မလည် ရပ်ကာ စစ်ဝတ်စစ်စားနှင့် ခံ့ညားသော ကိုသူရကို ဝိုင်းကြည့်နေကြသည်။

"ဟော. . . ပြောရင်းဆိုရင်း အစ်ကိုကြီးတော့ အသက်ရှည်ဦးမယ်၊ ရောက်လာပြီ"

ထွေးသည် ဝမ်းသာစွာ ပြုံးခနဲ ထလိုက်သည်။ မိသည် မလှုပ်မယှက် ထိုင်မြဲထိုင်နေသည်။ ထိုအခိုက် ကိုသူရသည်

www.burmeseclassic.com


အိမ်တိုင်တွင် မြင်းချည်ကာ အိမ်ထဲသို့ ဖိနပ်ချွတ်ပြီး ဝင်သွားသည်။

"လာလေ မိ၊ အိမ်ထဲသွားရအောင်"

မိသည် ခေါင်းခါကာ ထိုင်မြဲထိုင်နေသည်။

ထွေးသည် စိတ်အိုက်သလိုနှင့် မိလက်ကို ဆွဲကိုင်ကာ "ဪ. . . ခက်လိုက်တာ မိကလဲ လာပါ အိမ်ထဲသွားရအောင် ဆိုနေတာ" ဟု ပြောသော်လည်း မိသည် ခေါင်းခါမြဲ ခါနေသည်။ ငိုလည်းမငို၊ ရှိုက်လည်းမရှိုက်ဘဲနှင့် မျက်ရည်ပေါက်များသည် မိ၏ပါးပေါ်သို့ လိမ့်ဆင်းကျလာသည်။

"အိုး. . . မိကလဲ ကလေးကျနေတာပဲ၊ လာပါ အစ်ကိုကြီးကို ခရီးသွားခါနီးမှာ ဒီလို မလုပ်ကောင်းဘူး၊ လာပါ အစ်ကိုကြီးကို သွားနှုတ်ဆက်ချေရအောင်"

ထွေးက ဘယ်လိုပင် ခေါ်ခေါ် မိသည် ထိုင်ရာမှ မထဘဲ ဇွတ်ပေနေသည်။

"ထွေး သွားပါ၊ မိ မနှုတ်ဆက်ချင်ပါဘူး"

နောက်ဆုံး ထွေးသည် လက်လျှော့ကာ အိမ်ထဲသို့ ဝင်သွားသည် မိသည် သစ်ကိုင်းခြောက်တစ်ခုနှင့် မြေကြီးကို တောင်ခြစ်မြောက်ခြစ် လုပ်ကာ ကျန်ရစ်ခဲ့သည်။

"မိမိ"

မိရှေ့တွင် စစ်ဖိနပ်ကို တွေ့ရသည်။ တစ်စတစ်စ မော့ကြည့်ရာ ကိုသူရ၏ တည်ငြိမ်သော မျက်နှာကို တွေ့ရသည်။ မိသည် ထိုင်ရာမှ ဖြည်းညင်းစွာ ထကာ၊ ကိုသူရကို ကြည့်နေရာမှ မျက်နှာလွှဲကာ ရွှေလိုင်းများနှင့် ကြယ်ပွင့်ရှိရာ ရင်ဘတ်

www.burmeseclassic.com


ဆီသို့ ငေးမောနေသည်။

ထွေးက မိ နှုတ်မဆက်ချင်ကြောင်းကို ကိုသူရအား ပြောထားခဲ့ဟန် ရှိသော်လည်း ကိုသူရ၏ အမူအရာမှာ မသိကျိုးကျွံပြုလျက်နေသည်။

"ကိုကြီးသွားမယ် မိမိ"

ငယ်စဉ်က ဂျပန်ပြည်သွားခါနီးတွင် နှုတ်ဆက်သလို ပင် ခပ်တိုတိုပင် ပြောလိုက်သည်။ ထွေးကမူ ဘေးမှရပ်နေ ကာ ငယ်ငယ်ကလိုပင် ရှိုက်ငိုကာ မျက်ရည်များကို လက်ဖမိုး နှင့် သုတ်နေသည်။

မိသည် ဘာမျှပြန်မပြောဘဲ နှုတ်ခမ်းကို တင်းတင်းစေ့ထား ကာ ကျလာသောမျက်ရည်စများကို လက်ညှိုးလေးနှင့် သုတ်နေသည်။ မိ၏ရင်ထဲတွင် မာနနှင့် ကြေကွဲခြင်းတို့သည် တိုက်ခိုက်ကာ အသည်းနှလုံးသို့ ထိအောင် နာကျင်မိလေသည်။

ကိုသူရသည် ထွေးကိုတစ်လှည့် မိကိုတစ်လှည့် ကြည့်ပြီး လှည့်ထွက်ရန် ခြေလှမ်းလိုက်သည်။

"ကိုကြီး. . . နေပါဦး"

မိသည် ကိုသူရ၏လက်ကို လှမ်းမိလှမ်းရာ ဇတ်ခနဲ ဆွဲလိုက်သည်။ ကိုသူရ၏လက်ကို သူ၏လက်ကလေးနှစ်ဖက် နှင့် ဆွဲကိုင်ကာ အောက်နှုတ်ခမ်းသားများ တဆတ်ဆတ်တုန်နေ ရင်း မျက်ရည်ဖြိုင်ဖြိုင် ကျလာသည်။ ကိုသူရသည် ဘာမှမပြော နိုင်ဘဲ ငေးငိုင်ကာ မိမျက်နှာကို စိုက်ကြည့်နေမိသည်။

မိ၏ဝမ်းထဲတွင် အပြိုင်စစ်ခင်းနေကြသော မာနနှင့် ကြေကွဲခြင်းတို့သည် နောက်ဆုံး၌ မာနမှာ အရှုံးပေးလိုက်ရသည်။

www.burmeseclassic.com


မိ၏ရင်ထဲမှ မာနစိတ်တို့သည် လွင့်ပြေးလေသည်။

"မိ. . . မိတို့တစ်အိမ်သားလုံးကိုရောက်လေရာမှာ သတိရနေအောင် ဒါလေးကို ယူသွားပါ"

မိသည် ရှိုက်ရင်း အသံကို မနည်းထိန်းကာ ပြော၍ လက်ထဲမှ လက်ကိုင်ပဝါ ပန်းရောင်ကွက်ကလေးကို ကမ်းပေးလိုက်လေသည်။ ကိုသူရသည် မိပေးလိုက်သော ပဝါငယ်ကလေးကို ယူပြီး. . .

"ကိုယ် တိုက်ပွဲမှာ ကျမသေလို့ အသက်နဲ့ကိုယ် မြဲနေရင် ညီမလေးတို့ကို သတိရနေမှာပေါ့ကွာ"

အိတ်ထဲသို့ ထည့်ကာ ပြောလေသည်။

"ကိုင်း. . . သွားမယ်"

မိနှင့်ထွေးတို့၏ ခေါင်းကို တစ်ချက်စီပုတ်သွားကာ မြင်းရှိရာသို့ လှမ်း၍ ကြိုးဖြေပြီး မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည်။

မိနှင့်ထွေးတို့သည် မြင်းကို အပြေးနှင်သွားသော ကိုသူရ၏ နောက်ကျောကို ငေးမောကာ ကျန်ရစ်သည်။

* * *

www.burmeseclassic.com


# (၁၇)

၂၇ ရက်နေ့ ညနေ ၆နာရီတွင် တပ်တွေ အသင့်တန်းစီထားသည်။ စစ်ဝတ်စစ်စား အစုံအလင်နှင့် ရဲဘော်များအားလုံး သတိအနေအထား ရပ်နေကြသည်။

တပ်မှူးများသည် ရဲဘော်များအား "ဂျပန်ကို ငါတို့ စတင်တော်လှန်ပြီ"ဆိုသော ဗိုလ်ချုပ်၏ ကြေညာချက်ကို ဖတ်ပြပြီးနောက် "လိုက်လိုသူမှ လိုက်ပါ၊ မလိုက်လိုသူများ နေရစ်ခဲ့နိုင်ပါတယ်"ဟု ဗိုလ်များက ဆိုသော် အားလုံးပင် "လိုက်မယ်"ဟု တညီတညာတည်း အသံများ ထွက်ပေါ်လာသည်။

ကိုသူရ၏ စိတ်ထဲ၌ သည်မြင်ကွင်းသည် သူ့တစ်သက်တွင် ဘယ်တော့မှ မမေ့နိုင်သော မြင်ကွင်းဟု တွေးမိသည်။

ကျမ်းသစ္စာကို တစ်ပြိုင်တည်း ကျိန်ဆိုသော အသံများသည် ကိုသူရ၏ နားထဲတွင် ပဲ့တင်ထပ်နေသည်။

"ငါတို့သည် မြန်မာ့လွတ်လပ်ရေးအတွက် မသေမချင်းတိုက်ခိုက်ပါမည်"

ဤသို့ ကျမ်းသစ္စာ ကျိန်ဆိုပြီးနောက် အမျိုးသားသီချင်းကို တစ်ပြိုင်တည်း သီဆိုကြလေသည်။

မြန်မာ့တပ်မတော်သားအနေနှင့် သည်တစ်ခါတွင် တကယ့်

www.burmeseclassic.com


တိုက်ပွဲများ ဝင်ရတော့မည်။ အရင်က တိုက်ပွဲတွေတွင် ဂျပန်နှင့် ပူးတွဲတိုက်ရသည်က များသည်။ ယခုတော့ ကိုယ့်ခြေထောက်ပေါ်တွင် ကိုယ်ရပ်ကာ မြန်မာတွေအနေနှင့် တိုက်ပွဲများ ဝင်ရတော့မည်။

ဂျပန်၏ အင်အားမှာ ကြီးမားလှသည်။ ပြီးနောက် သူတို့၏ ဇွဲနှင့်သတ္တိသည် မသေးပေ။ သေနင်္ဂဗျူဟာတွင်လည်း ဆိုစရာမရှိ။ လက်နက်အင်အားကလည်း သာပေသည်။

တန်ခူးလပြည့်နေ့ ဖြစ်သဖြင့် လသည် ထိန်ထိန်သာနေသည်။ ပြည့်ဝန်းလျက် ဝိုင်းစက်သာယာသော လမင်းသည် ထင်းထင်းကြီး ပေါ်ထွက်နေသောအခါ ညသည် ကြည်လင်အေးမြနေသည်။ နွေလယ်အခါမို့ ရိုးပြတ်လယ်ကွင်းများသည် ရှင်း၍နေသည်။ ညဘက်တွင် တိုက်ခတ်လာသော လေသည် ညှင်းညှံ့ညှံ့နှင့် အေးနေသည်။

တန်းဖြုတ်ပြီးသည့်နောက်၌ တပ်အသီးသီးတို့သည် ဆိုင်ရာနယ်မြေကို ချီတက်ကြလေသည်။ လယ်ကွင်းပြတ်ကြီးကို ဖြတ်ကျော် ချီတက်နေကြသော တပ်များ၊ မြင်းများကို လသာဖွေးဖွေးအောက်တွင် မြင်နေရသည်။

သည်ရှုခင်းသည် မြန်မာ့တပ်မတော်သားများ၏ အသည်းထက်တွင် စွဲလျက် ကျန်ရစ်သည်။ သူတို့၏ ရင်ထဲတွင် စစ်ချီသီချင်းများသည် ပဲ့တင်မြည်ဟီးနေသည်။

တို့ဗမာတွေ ရဲစွမ်းပြမည်၊ အာဇာနည်ပီပီ၊ တို့ရဲဘော်များ အားလုံးညီညီ၊ သက်စွန့်ကာတိုက်မည်၊ မျိုးရိုးနှင့် ရာဇ

www.burmeseclassic.com


ဝင် မော်ကွန်းတည်၊ သူရဲကောင်းများ ထွန်းကားသည်၊
မင်းရဲကျော်စွာ တပင်ရွှေထီးပုံညီ၊ ဘုရင့်နောင်ပါ အလောင်း
ဘုရားတို့သည်၊ ဗမာရဲသွေး မွေးခဲ့သည်၊ ရဲဇာနည်၊
အောင်တပ်မတော်ချီ၊ ဖွဲ့နဲ့ ဒို့များ တိုက်ခိုက်မည် xxx

*

ဤသို့ ချီတက်သွားသော တပ်တွေနှင့် စောစောက ကြိုတင်လွှတ်ထားသော တပ်တွေသည် မတ်လ ၂၇ရက်နေ့ညက စပြီး နေရာအနှံ့အပြား တိုက်ပွဲများ ဖြစ်ကြသည်။ ဒိုက်ဦးမြို့၊ ဖောင်တော်သီနှင့် ပရွက်ရွာ၊ ဝေါ၊ မြစ်ကျိုး၊ အုပ်ဖို၊ ရွှေကျင်၊ အုန်းနဲ၊ ကဝ စသည်များကို မြန်မာ့တပ်မတော်သားများက တစ်ပြိုင်တည်း ဝင်စီးကြသည်။ ထိုနေ့ညမှာပင် ဒါးပိန် တယ်လီဖုန်းရုံးကို ဝင်ရောက်စီးနင်း မီးရှို့လိုက်ကြသည်။

တပ်မတော်သားများ၏ အဓိကတိုက်ပွဲများမှာ ရန်သူ များ ဆက်သွယ်ရေးလမ်းကြောင်းများ ဖြစ်သော. . .

ကြေးနန်းကြိုး၊ ကြေးနန်းရုံး၊ တယ်လီဖုန်းရုံး၊ မီးရထား ခေါင်းတွဲ၊ မီးရထား၊ ရထားလမ်း၊ မော်တော်ကားလမ်းနှင့် မော်တော်ကားများ ချောင်းပစ်တန်ပစ်၊ ဖျက်ဆီးတန် ဖျက်ဆီးပစ်ကြသည်။

ရန်သူစစ်ဆင်ရေး ပျက်ပြားအောင် ရန်သူ၏ ဗဟိုအချက်အချာ စစ်ဌာနချုပ်တွေကို ရွေးပြီးမှ တိုက်ကြသည်။

ဤသို့ ရန်သူများ အငိုက်မိတုန်း မြန်မာ့တပ်မတော်

www.burmeseclassic.com


သားများသည် တရှန်းရှန်း တိုက်စစ်ဆင်နေကြသည်။

*

တော်လှန်ရေးအစဥ် ကိုသူရတို့အဖွဲ့ အတော်ပဲ ကသီလင်တ နိုင်သည်။

ရဲဘော်များသည် တိုက်ဖူးတိုက်စ မရှိကြသေး၍ သွေးမရဲသေးပေ။ ထို့ပြင် သေနတ်များမှာ မက္ကဇင်းမပါဘဲ အပျက်များဖြစ်သည်။ ကိုသူရနှင့်အတူ ဌာနချုပ် လက်နှိပ်စက်စာရေး၊ နိုင်ငံရေးတာဝန်ခံများနှင့်တကွ လူ ၁၆ ယောက် ပါလာကြသည်။ သည်အထဲတွင် သေနတ်ပစ်တတ်သူများမှာ ၆ ယောက်ပဲပါ သည်။

နေရာကား "ဝေါ"။ အချိန်ကား ညနေ ၅နာရီခွဲခန့်ဖြစ်သည်။ လူငါးယောက်ကိုခွဲ၍ သူကြီးအိမ်ကို ဝင်စီးရန်လွှတ်လိုက်သည်။

ကိုသူရတို့က ဘူတာကို ဝင်စီးရန် ကြံသည်။ ဘူတာရုံနှင့် သူကြီးအိမ်မှာ ကိုက် ၁၅၀ ခန့် ဝေးသည်။

ဘူတာတွင် ရထားတစ်စီးဆိုက်ထားသည်။ ဂျပန် ၁၂ ယောက်ကို တွေ့ရသည်။ ကိုသူရသည် အဝေးမှ တစေ့တစောင်းကြည့်ကာ ရဲဘော် ၂ယောက်အား ခေါ်၍. . .

"ရထားအဝကို ပစ်ဖို့ အသင့်ပြင်ထား" ဟု အမိန့်ပေးထားသည်။ အရေးထဲမှာ သေနတ်မှာ "မီးကျိုးမောင်းပျက်" ဆိုသကဲ့သို့ ဖြစ်နေ၍ တစ်ပြိုင်တည်း ပစ်လို့မရ။ ကျည်ဆံကိုတစ်ချက်ချင်းထိုး၍ ပစ်ရမည် ဖြစ်သည်။

ထို့ပြင် ဂျပန်တွေက တော်လှန်ရေးမတိုင်မီကတည်းက

www.burmeseclassic.com


မြန်မာတွေကို မယုံကြည်သဖြင့် သေနတ်ချိန်သီးများကို လွှဲထား ခဲ့သည်ကို နောက်မှ သိရသည်။

ရဲဘော်လေး ၂ ယောက်သည် သေနတ်ကို အသင့်ပြင် ထားကာ ပစ်မိန့်ကို စောင့်နေကြသည်။

ကိုသူရသည် ကျည်ဆံ ၆တောင့် အပြည့်ပါလာသော ခြောက်လုံးပြူးကို စမ်းကာ ခါးရှည်စွပ်ထဲမှ ကြိုးနီလေးကို အဆင်သင့် မထားသည်။

ထိုအခိုက်. . .

"ဂျပန်တွေ. . . ဂျပန်တွေ"

ရဲဘော်လေးတစ်ဦးက လေသံနှင့် တုန်ယင်စွာ ပြော လိုက်သည်။ ဂျပန်တွေမှာ ကိုသူရ ကနဦးက ထင်ထားသလို ၁၂ ယောက်တည်း မကတော့ဘဲ ဂျပန်များ ရထား ၅ တွဲလုံး အပြည့်ပါလာသည်။

ကိုသူရသည် တစ်သက်နှင့်တစ်ကိုယ် ကြက်သီးမွေးညင်း မထစဖူး ထတော့သည်။ ရင်ထဲတွင် တဒိန်းဒိန်းခုန်၍ ခေတ္တ ကြက်သေသေကာ ငိုင်နေမိသည်။ "ဒီလိုဆို ခဏနေဦး ခဏ" ရဲဘော်လေးတွေအား အသံကိုထိန်း၍ တီးတိုးပြောကာ အကြံယူ နေသည်။ ကိုယ့်မှာရှိသော လူစုလေးနှင့် တွဲ၅တွဲလုံး အပြည့် ပါသော ဂျပန်တို့အား မည်သို့ရင်ဆိုင်နိုင်ပါမည်နည်း။

သည်ကြားထဲ သူကြီးအိမ်မှ သေနတ်သံများ ကြားရ သည်။ အလို ကိုသူရတို့၏ အသက်ကို လက်တွင် ကိုင်ထားရ သကဲ့သို့ ရှိသည်။

ဂျပန်အချို့သည် တွဲမှ ဆင်းလာကာ ကိုသူရတို့ထံသို့

www.burmeseclassic.com


လျှောက်လာသည်။ ကိုသူရသည် ရဲဘော်လေး ၂ ယောက်အား သေနတ်အဖယ်ခိုင်းကာ ဂျပန်များရှိရာသို့ ရင်ဆိုင်ရပ်လိုက်သည်။ ဂျပန်ဘာသာစကားဖြင့် ဟန်မပျက် ဘူတာရုံသို့ ကင်းစောင့်လှည့်လာဟန် ခပ်တည်တည်နှင့် ပြောနေသည်။ (ထိုစဉ်က မြန်မာတော်လှန်သည်ကို မြန်မာအတိုက် မခံရသေး၍ သတင်းပို့ပေးခြင်းမခံရသော ဂျပန်များက မသိရှိသေးပေ။)

"ရွာထဲမှာ သေနတ်သံ ကြားပါလား"ဟု ဂျပန်စစ်ဗိုလ်တစ်ယောက်က မေးလိုက်သည်။

"ဟုတ်ပါတယ် ခုပဲ ကျုပ်တို့ သွားကြည့်မလို့ပဲ"

ကိုသူရသည် ကြန်ခြေရစွာ ပြောလိုက်သည်။ ဂျပန်တို့သည် သံသယကင်းစွာပင် ရထားတွဲပေါ်သို့ ပြန်တက်ကြသည်။ ရထားမှာ ထွက်လုဆဲ ဖြစ်သည်။

အရေးထဲ သူကြီးအိမ်ကို တိုက်ခိုက်ကာ ပြန်လှည့်လာကြသော သကောင့်သားတို့သည် သီချင်းသီဆိုကာ ကိုသူရတို့ထံ လာကြသည်။ ကိုသူရတို့အား မြင်သော် "အောင်ပြီ အောင်ပြီ"ဟု လက်သီးလက်မောင်းတန်းကာ ကြွေးကြော်ကာ နေသဖြင့် ကိုသူရမှာ ခေါင်းကြီးသွားတော့သည်။

ကံအားလျော်စွာ ဂျပန်ရထားကား ထွက်ခွာသွားလေပြီ။

သည်တော့မှ ကိုသူရသည် သက်မ ချနိုင်တော့သည်။ "သေနေ့မစေ့သေးဘူးကွ"ဟု ရဲဘော်များအား ပြောနိုင်တော့သည်။

*

www.burmeseclassic.com


နောက်ပိုင်းတွင် တိုက်ပွဲများသည် ပြင်းထန်သွားလေပြီ။

အထူးသဖြင့် ဂျပန်များ ဗရမ်းဗတာ ဆုတ်ခွာချိန်တွင် ဒလကြမ်း တိုက်ကြခိုက်ကြသည်။

လမ်းမြောင်းများ၏ ဘေးနှစ်ဖက်တွင် တောင်စောင်းလေးများနှင့် တောစပ်များဖြစ်ကာ ရာဘာပင်နှင့် သစ်ပင်ကြီးများ ပေါက်ရောက်နေသည်။ လမ်းမြောင်းကို ဘေးနှစ်ဖက်မှ သစ်ပင်ကြီးများသည် ယှက်ကူးမိုးကာလျက် တောကြီးပမာ ပိတ်ဆီးကာသန်းလျက်ရှိသည်။

သည်တောင်စောင်းနေရာကို မြန်မာ့တပ်မတော်သားများက နေရာအသင့်ယူထားကြသည်။

ရန်သူများ ထိုတောလမ်းကိုဖြတ်လျှင် သူတို့သည် မြန်မာ့တပ်မတော်သားများ၏ ပစ်ကွင်းထဲသို့ ဝင်လာမည်ဖြစ်သည်။ ထို့ကြောင့် လက်ပစ်ဗုံး၊ ရိုင်ဖယ်၊ စက်သေနတ်၊ စတင်းဂန်း၊ တော်မီဂန်း အစရှိသော ရှိသမျှ လက်နက်ခဲယမ်း မီးကျောက်များဖြင့် စောင့်နေကြသည်။

ထိုအခိုက် ရန်သူများသည် လှည်း၊ မြင်းများနှင့် တောလမ်းကိုဖြတ်လာရာ ပစ်ကွင်းထဲ ဝင်လာသမျှကို တဒိန်းဒိန်း တဒိုင်းဒိုင်း ပစ်ခတ်ကြသည်။ ရန်သူမှာ ၁၅၀ လောက် ရှိမည်။ ရန်သူအများအပြားပင် အတုံးအရုံး ကျဆုံးကြသည်။

ကိုသူရသည် တောင်ကုန်း ကျောက်တုံးကြီးတစ်ခုကို အကာအကွယ်ယူကာ မှန်ဘီလူးနှင့် ကြည့်နေသည်။

“ဗိုလ်မှူး. . . ငပုတွေ အတော်ကျတယ်ဗျ”

ကိုသူရသည် လှည့်မကြည့်သော်လည်း ကချင်သံဝဲနေ

www.burmeseclassic.com


သော အသံကို ကျက်မိနေသည်။

အောက်ရန်သူဘက်မှလည်း ပစ်ခတ်ကြသဖြင့် ကျည်ဆံများသည် တရှိုးရှိုးနှင့် တောင်စောင်းနေရာသို့ ရောက်လာသည်။

ကျည်ဆံတစ်ခုသည် ရွှီခနဲ ကြောက်ခမန်းလိလိ မြည်ဟိန်းကာ ကိုသူရ အကာအကွယ်ယူထားသော ကျောက်တုံးကို ထိပြီး ခေါင်းမှ ကျော်ဖြတ်သွားလေသည်။

များမကြာမီ ကျည်ဆံများ စဲသွားသည်။ ရန်သူဘက် မှ အကျအဆုံးများသည်။ ရန်သူအနည်းငယ်သာ လွတ်သွား၍ ကျန်ရစ်သူများသည် အတုံးအရုံးသေကာ အလောင်းကောင်များမှာ စုပုံလျက် ကျန်ရစ်သည်။

*

စစ်တောင်းမြစ်ကမ်း တစ်ဝိုက်. . .

၁၉၄၅ ခုနှစ်၊ ဇွန်လ။

သည်နေရာတွင်ရှိသော မြန်မာ့တပ်မတော်သားများ ၏ အခြေအနေသည် ဆိုးသည်ထက် ဆိုးလာသည်။

၁၉၄၅ ခု၊ မေလ ၂ရက်နေ့တွင် မဟာမိတ်တို့ ရန် ကုန်ကို သိမ်းပြီးနောက် မဟာမိတ်တပ်တွေ သထုံ၊ မော်လမြိုင်ကို ဆက်လက်လာလိမ့်မယ် ထင်ပြီး ဂျပန်တို့သည် မော်လမြိုင်ကို တောက်လျှောက် ဆုတ်ခွာခဲ့ကြသည်။ မဟာမိတ်တို့ကား ဆက် မလိုက်လာ။

ပဲခူးမြို့တွင် ကျန်နေသော ဂျပန် ၂ သောင်းခန့် စစ်တောင်း

www.burmeseclassic.com


မြစ်ကို ဖြတ်ကူးနိုင်ရန်အတွက် စစ်တောင်းမြစ်ကမ်း တစ်ဝိုက်တွင်နေသော မြန်မာ့တပ်များကို ချေမှုန်းပစ်ရန်။ တိုက်ရန်သူ ၁၈နံပါတ်တပ်မနှင့် ၅၃ နံပါတ်တပ်မ၊ ဒီဗီဇံတပ်ကြီး နှစ်ခုကို မော်လမြိုင်က ပြန်လွှတ်ကာ မြန်မာ့တပ်မတော်ကို ခြေမှုန်းလေသည်။

စစ်တောင်းမြစ်ကမ်းပေါ်မှာရှိသော မြန်မာ့တပ်မတော်၏ အင်အားစုမှာ စုစုပေါင်း ၅၀လောက်သာ ရှိသည်။ ရန်သူ့အင်အားမှာ တစ်သောင်းလောက် ရှိသည်။ မြန်မာတပ်တွေသည် ဤမျှကြီးမားသော ရန်သူအင်အားစု အလယ်တွင် ပိတ်ဆို့ခံနေရ၏။

မိုးသည် သဲသဲမဲမဲ ရွာချလိုက်သည်။ မိုးပေါက်မိုးသီးများသည် တဖြုန်းဖြုန်းနှင့် အညှာအတာမရှိ ရွာလိုက်သောအခါတွင် ရဲဘော်တို့သည် ခိုက်တုန်ချမ်းအေးကာ အဝတ်အစားများသည် ရေစိုသဖြင့် လေးလံနေသည်။

စစ်တောင်းမြစ်ကမ်းနှင့် ဘီးလင်း-ဖာပွန် လမ်းအကြားရှိ တောနက်ကြီးတွင် ရဲဘော်များသည် ရန်သူ၏ ပိတ်ဆို့ခြင်းကို ခံနေရသည်။

ကိုသူရသည် ထမင်းမစားရသည်မှာ ၂ နပ်ပင် ရှိခဲ့သဖြင့် လူတစ်ကိုယ်လုံး ချိနဲ့နေသည်။ ဝမ်းထဲကလည်း ဟာလွန်းကာ ခေါင်းထဲတွင် မိုက်ခနဲ မိုက်ခနဲ ဖြစ်သွားကာ မျက်စိများသည် တစ်ချက်တစ်ချက် ပြာဝေနေသည်။

သစ်ပင်များအောက်တွင် တပ်စခန်းချနေသောအခါ ပို၍ ခိုက်ခိုက်တုန်ဟီးကာ ချမ်းလာကြသည်။ မိုးပေါက်မိုးသီးတို့ သည်

www.burmeseclassic.com


သစ်ကိုင်း သစ်ခက် အရွက်များကြားမှ ကျလာသည်။ လေတိုက်ခတ်သောအခါ သစ်ကိုင်းတို့သည် တရှဲရှဲအော်မြည်ကာ မိုးပေါက်များ တဖောက်ဖောက်တိုး၍ ကျလာပြန်သည်။

ကိုသူရ၏ မျက်စိထဲ၌ လမ်းခုလတ်တွင် မဟန်နိုင်၍ လဲကျန်ရစ်ခဲ့သူများ၊ အေးလွန်းကာ တစ်ကိုယ်လုံးတောင့်၍ သေခဲ့သူများ၊ ငှက်ဖျားရောဂါ ဖိစီးကာ တဟီးဟီး ခိုက်တုန်ရင်းမှ အသက်ထွက်ခဲ့သူများ စသည့် ရဲဘော်များ၏ အလောင်းများကို ထမင်းလုံးတစ္ဆေ ခြောက်သကဲ့သို့ မြင်ယောင်နေမိသည်။

ကိုသူရသည် ပင်စည်ကို မှီထိုင်ကာ မျက်စိမှိတ်ထားသည်။ အသားများလည်း ဝါကျင့်ကျင့် ဖြစ်နေကာ မျက်တွင်းများ ဟောက်နေသည်။

"ဗိုလ်မှူး"

အနားမှ မရဲတရဲနှင့် ခေါ်လိုက်သောအသံကို ကြားရသည်။ မျက်စိကို အားယူဖွင့်ကြည့်လိုက်သည်။ အသားနီစပ်စပ်တွင် ပါးရိုးမြင့်မြင့်နှင့် မျက်ပေါက်ကျဉ်းသော မျက်နှာဝိုင်းဝိုင်းလေးကို မြင်လိုက်မိသည်။ မိုးရေစက်များသည် ခေါင်းနှင့်နဖူးတွင် စက်လက်ခိုနေကာ ကိုယ်သည် ဆတ်ဆတ်တုန်နေသည်။

"ဗိုလ်မှူး အားဖြစ်သွားအောင် စားဖို့ ယူလာတယ်"

လက်ထဲမှ သတ္တုခွက်ကို ကမ်းလိုက်သည်။

"ဘာတွေလဲ"

ထမင်းခြောက်ကို ရေနွေးနဲ့ ပြုတ်ထားတာ"

ကိုသူရသည်ဝမ်းထဲက ဟာနေသဖြင့် သတ္တုခွက်ကိုယူကာ ခွက်စောင်းမော့လိုက်သည်။

www.burmeseclassic.com


"တခြားရဲဘော်တွေကော"

"သူတို့လဲ ဒါပဲစားကြတယ်၊ တချို့က အရွက်ပြုတ်တွေ စားနေတယ်၊ ထမင်းခြောက်ရေနဲ့ မတင်းတိမ်လို့တဲ့"

ရဲဘော်လေး၏ အသံမှာ တုန်ယင်မေးရိုက်နေသော ကြားထဲမှပင် ကချင်သံဝဲနေသည်။

"အရွက်တွေ ပြုတ်စားတာ အရေးမကြီးဘူး၊ စားကောင်းရဲ့လားကွာ"

"ဒါမစားလဲ ငတ်သေမှာပဲ. . . မထူးပါဘူး"

"အင်း"

ကိုသူရသည် ရင်ထဲ၌ စစ်ခနဲ နာကျင်သွားသည်။

*

သေနတ်သံ၊ အမြောက်သံ၊ လက်ပစ်ဗုံး ပေါက်ကွဲသော အသံများသည် ကမ္ဘာပျက်လုခမန်း ရှိသည်။

ရန်သူနယ်မြေကို ဒလကြမ်း ဖြတ်ကာ ခဲယဉ်းပင်ပန်းစွာ ဖောက်ထွင်းခဲ့ရသည်။ ရန်သူများက ဝိုင်း၍ပစ်ကြခတ်ကြသည်။

ကိုသူရသည် ရှေ့မှ စက်သေနတ် ခြေထောက်ကို ကိုင်ပြီး တိုက်ခိုက်ချီတက်လာသည်။

ရွံ့ဗွက်ထူသော နေရာများ၌ အပြေးအလွှားသွားလို့ မရ၊ ခြေထောက်များကို အတော်ဆွဲရုန်းကာ သွားနေကြရသည်။

အတုံးအရုံး သွေးအလူးလူးနှင့် သေခဲ့သော မြန်မာ့ တပ်မတော်သားများသည် မရေတွက်နိုင်ပေ။

www.burmeseclassic.com


ကိုသူရ၏ဘေးမှ ရဲဘော်တစ်ယောက်ကို ထိကာ ထိုးလဲသွားသည်။ အုပ်ဆက်နေရာတွင် သွေးများယိုစီးကာ နားရွက်လည်ပင်းတို့တွင် သွေးတို့ဖြင့် ရွှဲရွှဲစိုနေသည်။ ကိုသူရသည် မှောက်လျက်လဲ ဒဏ်ရာရသူအနီးတွင် ဒူးထောက်ထိုင်ကာ ပက်လက်လှန်ကြည့်လိုက်သည်။

"ရဲဘော် အောင်ထွန်း"

အသားနီနီ၊ ပါးရိုးမြင့်မြင့်နှင့် မျက်နှာဝိုင်းဝိုင်းလေးနှင့် ဒဏ်ရာရသူမှာ မလှုပ်မယှက် ငြိမ်သက်နေသည်။ လက်ကောက်ဝတ်ကို သွေးစမ်းကြည့်လျှင် ရဲဘော်လေးမှာ အသက်ပျောက်နေသည်။ သူ့ရင်ဘတ်မှ ဒိုင်ယာရီစာအုပ်ငယ်လေး ထွက်နေသဖြင့် ဆွဲယူလိုက်ရာ ဒိုင်ယာရီကြားမှ ဓာတ်ပုံတစ်ပုံ ထွက်ကျလာသည်။

ဓာတ်ပုံမှာ ကိုသူရ၏ ဓာတ်ပုံငယ်လေး ဖြစ်သည်။ ကိုသူရ မြင်းစီးအဝတ်အစားနှင့် မြင်းဘေးတွင်း ရပ်ကာ ရိုက်ထားသော ပုံဖြစ်သည်။ ဓာတ်ပုံကို ဘယ်နည်းနှင့်ရသည်မသိ။ "ငါ့ဓာတ်ပုံကို တရိုတသေ သိမ်းထားရှာပါလား" ဟူသော အသိကြောင့် ရင်ထဲတွင် နင့်သွားလေသည်။ ငယ်မည် "မနော်"၊ တပ်အမည် "အောင်ထွန်း"ဟူ၍ လူချစ်လူခင်ပေါ်များသော ကချင်ရဲဘော်လေးကား ရန်သူ့လက်ချက်ဖြင့် လောကကို ကျောခိုင်းသွားရှာပေပြီ။

ရဲဘော်လေး၏ မျက်နှာသည် သေသည့်တိုင်အောင် ပကာ တိအပြစ်ကင်းစင်သော ကလေးငယ်၏ မျက်နှာလေးမျိုး ဖြစ်သည်။ ရဲဘော်လေးသည် အသက် ၁၈နှစ်မျှသာ ရှိသေးသည်။

www.burmeseclassic.com


ကိုသူရသည် ဓာတ်ပုံကို အိတ်ထဲထည့်လိုက်ကာ ရဲဘော်၏ လက်နှစ်ဖက်ကို ရင်ဘတ်ပေါ်သို့ ယှက်တင်ပေးလိုက်သည်။

မျက်နှာပေါ်သို့ ဦးထုပ်ကို ဆွဲချဖုံးပေးလိုက်ကာ. . .

"ရဲဘော်ရယ်. . မင်းသေတဲ့ အသေမျိုးဟာ မြတ်တဲ့ အသေပါပဲ၊ မင်းအတွက် ကိုယ် ဂုဏ်ယူပါတယ်"

တုန်ယင်အက်ကွဲသော အသံကြီးနှင့် ပြောလိုက်ကာ မျက်ရည်များ ဝိုင်းနေသည်။ ဒိုင်ယာရီစာအုပ်ငယ်ကလေးကို တယုတယကိုင်ကာ ကိုသူရသည် ထလာသည်။ မျက်စိထဲတွင် သူ့အား ရဲဘော်လေး အနွံ့အတာခံ၍ ပြုစုပုံများ ပြန်လည်မြင်ယောင်ကာ မျက်ရည်များလည်း မျက်လုံးများထဲမှ ပြည့်လျှံကျလာသည်။

လမ်းလျှောက်ရင်း ဒိုင်ယာရီစာအုပ်ငယ်လေးကို လှန်လိုက်လျှင် ပိပြားနေသော ပိတောက်ပန်းခြောက် ကလေးကို တွေ့ရပေသည်။

*

လမိုက်နေသော်လည်း ကိုရန်နောင်မှာ အိပ်မပျော်ဘဲ ရှိသည်။

နက်ပြာရောင်တိမ်ခံတွင် ကြယ်ပွင့်တို့သည် မမှိန့်တမှိန် လင်းနေသည်။ ကတ္တီပါအနက်တွင် စိန်ပွင့်လေးများ စီခြယ်ထားသည်နှင့် တူတော့သည်။

နေ့လယ်က မိုးရွာထားသဖြင့် ကိုရန်နောင် အိပ်ရန် လှဲ

www.burmeseclassic.com


လျှောင်းနေသော မြေချိုင့်မှာ စိုထိုင်းနေသည်။ မြေမှုန့်များ သည် ကိုယ်ထဲဝင်ကာ တစ်ကိုယ်လုံး ယားနေသည်။ လက်နှစ် ဖက်ကို ယှက်လျက် လည်ကုပ်အောက်မှာ ခံထားပြီး ခေါင်းတင် ထားသည်။ လည်ကုပ်မှာ နာနေကာ အိပ်လို့လည်း မရပေ။ စိတ်ပျက်လက်ပျက်နှင့် တောက်ခေါက်လိုက်သည်။

"ဗိုလ်လေး မအိပ်သေးဘူးလား"

အနီးတွင်ရှိသော ရဲဘော်တစ်ယောက်က လှမ်းမေးလိုက် သည်။

"အေး. . . အိပ်လို့မရဘူး"

"ကျွန်တော့်မှာလဲ ဒုက္ခ ဗိုလ်လေး၊ ခြေထောက်မှာ မျှော့သုံးကောင်း တွယ်နေတယ်၊ ဘယ်လိုမှ ခွာလို့မရဘူး၊ ဓား မြှောင်နဲ့ခွာတာ တစ်ကောင်က ပြတ်သာထွက်သွားတယ်၊ နဂိုက အစာအာဟာရမရှိလို့ အားနည်းရတဲ့အထဲ ဒီကောင်တွေ သွေးစုပ် တာနဲ့ အားပြတ်တော့မှာပဲ"

"မင်းဟာကလဲ အရေးထဲကွာ၊ ဆေးလိပ်မီးနဲ့ တို့ရတယ်ကွ"

"ခုနေအခါမျိုး ဆေးလိပ် ဘယ်ကရမလဲ"

"ဆေးလိပ် သောက်တတ်တဲ့လူဆိုရင် ဆေးလိပ်ကို ကြံဖန် စုဆောင်းတတ်ပါတယ်၊ သွားရှာချေကွာ"

ရဲဘော်၏ အသံသည် တိတ်သွားပြန်သည်။

ညဥ့်လေသည် အေးမြစူးရှလွန်းသည်။ တစ်ခါတစ်ရံ မိုးသက်လေများ ပါလာတတ်သည်။ ကြယ်များကို သေချာစွာ ကြည့်လျှင် စုံစုံညီညီ ညီလာခင်းသကဲ့သို့ ရှိသည်။ ကိုရန်နောင် သည် ကြယ်ပွင့်များကို သေချာစွာ စိုက်ကြည့်ကာ ဖျောက်ဆိတ်

www.burmeseclassic.com


ကြယ်သုံးလုံးတန်းနှင့် ခုနှစ်စင်ကြယ်ကို မျက်မှန်းတန်းနေသည်။ ခုနှစ်စဉ်ကြယ်မှာ အမြီးထောင်နေ၍ အချိန်ကား သန်းခေါင်ထက် မနည်းတော့ပေ။

ဖြုတ်ခနဲ ကြယ်ပွင့်လေးနှစ်ပွင့်သည် ရှေ့ဆင့်နောက်ဆင့် ကြွေကျလာသည်။ ရှေးလူကြီးများကတော့ ကြယ်ကြွေတာ တွေ့ရလျှင် နိမိတ်မကောင်းဟု ယူဆကြသည်။ ကိုရန်နောင်၏ စိတ်ထဲကမူ "တို့ရဲဘော်တွေ ကျဆုံးကြတာ ဖြုတ်ခနဲ ဖြုတ်ခနဲ ကြယ်ကြွေတာထက်တောင် မြန်သေးတယ်"ဟု တွေးမိလေသည်။ "ငါလဲသေရင် ကြယ်ပွင့်ကြွေသလို ပြုန်းခနဲ သေလိုက်ချင်ပါရဲ့၊ မချိမဆန့်ကြီး လက်ဖြတ် ခြေဖြတ်နဲ့ ဂျပန် အညှဉ်းခံရပြီးတော့ မသေပါရစေနဲ့"ဟု ရင်ထဲနင့်စွာ တွေးနေမိ၏။

"ဗိုလ်လေး"

"ဟေ"

"တစ်မှေးမှ မအိပ်ရသေးဘူးလား"

"အေးပေါ့ကွ"

"ကျွန်တော်က စောစောက တစ်ရေးရပြီးသား၊ ခြင်လဲကိုက်၊ မျှော့လဲတွယ်တာနဲ့ လန့်နိုးသွားတာ"

"ငါ အိပ်ချင်တယ်. . . အမှန်က၊ ဒါပေမဲ့ စိတ်က အိပ်မပျော်ဘူး၊ ဗိုလ်အောင်ဇေယျကို မျက်စိထဲမှာ မြင်နေတယ်၊ သူ့အတွက် ငါ့ရင်ထဲမှာ ဆို့နေတယ်၊ ဒါကြောင့် ငါ အိပ်မရတာ သိလား"

ကိုရန်နောင်သည် အက်ကွဲသောအသံကြီးနှင့် ပြောလိုက်

www.burmeseclassic.com


သည်။ ရဲဘော်လည်း ကိုရန်နောင်စကားကြောင့် ငြိမ်နေသည်။

ကိုရန်နောင်သည် ဗိုလ်အောင်ဇေယျအဖြစ်ကို မျက်စိထဲတွင် အရိပ်ကားပမာ မြင်ယောင်နေမိသည်။

မြန်မာတပ်များသည် စစ်တောင်းမြစ်ကမ်းနှင့် ဘီးလင်း-ဖာပွန် လမ်းအကြားရှိ တောနက်ကြီးထဲတွင် ၁၀ရက်ကျော်ကျော်မျှ အငတ်အပြတ်ခံပြီး ရန်သူတို့၏ ပိတ်ဆို့ခြင်းကို ခံနေခဲ့ရသည်။ ဤတွင် တပ်များသည် "ဗိုလ်ချုပ်အောင်ဆန်း" ၏ အမိန့်အရ စစ်တောင်းမြစ် အနောက်ဘက်ကမ်းသို့ တစ်သောင်းသော ရန်သူအကြားက ခဲခဲယဉ်းယဉ်း ဖောက်ထွင်းထွက်ခဲ့ကြလေသည်။

ယင်းတိုက်ပွဲ၌ နောက်ခံတပ်အဖြစ်နှင့် ကျန်ရစ်သောတပ်တွင် သထုံနယ် ဒုတိယစစ်ခေါင်းဆောင်ကြီး ဗိုလ်အောင်ဇေယျသည် တိုက်ပွဲတွင် ဒဏ်ရာရသွားသည်။

ဗိုလ်အောင်ဇေယျသည် ဂျပန်ပစ်လိုက်သော သေနတ်ဒဏ်ရာနှင့် ချိုင့်ဝှမ်းတစ်ခုထဲတွင် ကျသွားခဲ့သည်။ ရန်သူနယ်တွင်ရှိနေ၍ ဗိုလ်အောင်ဇေယျသည် သေနတ်ဒဏ်ရာကြီးနှင့် လေးဘက်တွားကာ ကိုက်အနည်းငယ်မျှဝေးသော ဘုန်းကြီးကျောင်းရှိရာသို့ ဦးတည်လာခဲ့သည်။ ကျောင်းထိုင်ဘုန်းကြီးကား ဗိုလ်အောင်ဇေယျကို သေတ္တာထဲတွင် ဝှက်ထားလိုက်လေသည်။

ဂျပန်တို့သည် ဗိုလ်အောင်ဇေယျ ဒဏ်ရာနှင့်လဲကျသော ချိုင့်နေရာမှ ဘုန်းကြီးကျောင်းအထိ တစ်စက်စက်ကျကာ အရာ

www.burmeseclassic.com


ထင်နေခဲ့သော သွေးစက်များကို ခြေရာကောက်ပြီး ဘုန်းကြီးကျောင်းအထိ လိုက်ကြသည်။ နောက်ဆုံး သေတ္တာထဲဝှက်ထားသော ဗိုလ်အောင်ဇေယျကို တွေ့သွားကြသည်။ ဤမချိမဆန့် ဒဏ်ရာနှင့် ရန်သူ့လက်ထဲသို့ ပါသွားရရှာလေသည်။

"ငါတော့ ရန်သူ့လက်ချက်နဲ့ ဒိုင်းခနဲ သေလိုက်ချင်သေးတယ်၊ ဒါကြောင့် ငါတွေးမိရင် ဗိုလ်အောင်ဇေယျအတွက် စိတ်မကောင်းဘူး သိလား"

ကိုရန်နောင်သည် ရင်ထဲလှုပ်ရှားမှုကို ထပ်ခါပြောနေသည်။

"ဟုတ်တယ် ဗိုလ်လေး၊ ဂျပန် အရှင်ဖမ်းသွားရင်တော့ မသက်သာဘူးမှတ်ပေတော့"

"ဒီလို ရန်သူဖမ်းသွားပြီး မချိမဆန့်နဲ့ အပိုင်းပိုင်း အပြတ်ပြတ် သေတဲ့ဗိုလ်တွေ ရဲဘော်တွေတော့ အများကြီးပါပဲ၊ သူ့ကျတော့ ခင်တဲ့လူဆိုတော့ မျက်စိထဲက မထွက်ဘူး"

မျက်စိထဲတွင် အသားညိုညို့ ပိန်ပိန်ပါးပါး၊ မျက်နှာလုံးလုံးသေးသေး၊ မျက်လုံးပြူးပြူးနှင့် ဗိုလ်အောင်ဇေယျကို မျက်စိထဲတွင် ထင်းခနဲ စွဲမြင်နေသည်။ သူ၏ ကိုယ်ဟန်သည် နွဲ့နှောင်းဟန်ရှိသော်လည်း သူ၏စိတ်ဓာတ်သည် သံမဏိကဲ့သို့ တင်းမာသည်။ အရေးကြုံလျှင် စွန့်စားရဲသော သတ္တိရှိသည်။ တိုင်းပြည်အတွက် ရှပ်ရှပ်ချွံချွံ တိုက်ရင်းနှင့်ပင် ရန်သူ့လက်ထဲသို့ သက်ဆင်းရရှာလေသည်။ ကိုရန်နောင်သည် သက်ပြင်းရှိုက်ကာ ပါးစပ်မှ လေများကို ဖူးခနဲ မှုတ်ထုတ်လိုက်သည်။

www.burmeseclassic.com


“ထွေးထွေးနဲ့ မိမိသိရင် သိပ်စိတ်မကောင်းဖြစ်မှာ”

“ဘယ်သူရယ်. . . ဗိုလ်လေး”

“ဩော်. . . ငါ့နှမတွေပါ၊ သူတို့က ဗိုလ်အောင်ဇေယျနဲ့အတူ ဘုရားဖူးတယ်၊ ခင်လဲခင်ကြတယ်၊ သူတို့သာသိရင် စိတ်ကောင်းကြမှာ မဟုတ်ဘူး”

ညသည် တိတ်ဆိတ်နေသည်။ ကြယ်ရောင်များ ပျောက်ကာ မိုးသားများ တက်လာသည်။

“ဒီနေ့ည မိုးရွာရင်တော့ အမိုးအကာမရှိနဲ့ ဒုက္ခပဲ ဗိုလ်လေးရေ”

“ဒုက္ခရောက်စမ်းပါစေကွာ၊ ငါတို့ကို ဒုက္ခအပေါင်းကပဲ ဖိနှိပ်ညှဉ်းဆဲနိုင်မလား၊ ငါတို့ကပဲ ခံနိုင်ရည်ရှိမလားကွာ ကိုင်း”

ကိုရန်နောင်သည် ဒေါနှင့်မဲ၍ ကြုံးဝါးနေသည်။

တစ်နေရာမှ ရဲဘော်တစ်ယောက်သည် သီချင်း တစ်ပုဒ်ကို မတိုးမကျယ် ညည်းသည်။ သီချင်းသားက ဘာမှန်း မသိသော်လည်း “အမေရယ်. . . ဒုက္ခအပေါင်းဝယ် စစ်ဒုက္ခက ပိုလို့ဆိုးပါတယ်”ဆိုတာလည်း ပါသည်။ “ချမ်းလှပါတယ် မွေးမေသိ ရင် အသည်းကြွေမှာပဲကွယ်”ဟု ဆိုသည်ကိုလည်း ကြား နေရသည်။

မကြာမီ မိုး တစ်ဖြိုက်နှစ်ဖြိုက် ကျလာလေသည်။

* * *

www.burmeseclassic.com


## (၁၈)

ထွေးနှင့်မိတို့ ရန်ကုန်သို့ ပြန်ရောက်သောအချိန်၌ ကိုရန်နောင့်ထံမှ စာတစ်စောင် ရလေသည်။ သည်စာမှာ ကိုရန်နောင်တို့ သထုံသို့ တပ်ချီထွက်သွားကတည်းက ပထမဆုံး အကြိမ်ရသော စာ ဖြစ်ပေသည်။

အချိန်မှာ ၁၉၄၅ ခုနှစ်၊ ဇူလိုင်လဆန်းတွင် ဖြစ်သည်။

**ထွေးထွေးနဲ့ မိမိတို့ရေ. . .**

နင်တို့ဆီကို စာမရေးတာကြာလို့ ဘယ်ကစပြီး ရေးရမယ် တောင် မသိဘူး၊ ဒါပေမဲ့ ငါ့ရင်ထဲမှာ ရေးစရာတွေ ပြည့်နေ တာပဲ။

နင်တို့နဲ့ ခွဲခွာသွားပြီးတဲ့နောက်မှာ ငါဟာ လောကငရဲဆို တဲ့ ငရဲတိုင်းပြည်ကို ရောက်ခဲ့တယ်၊ ငါ့တစ်သက်မှာ အပြင်း အထန်လဲ ဖျားခဲ့ဖူးပြီ၊ ဒဏ်ရာလဲ ရခဲ့ဖူးပြီ၊ ငတ်လဲငတ်ဖူးပြီ၊ နင်တို့ပါးစပ်က ပေါ့ပေါ့လေး ညည်းညူတတ်တဲ့ ဒုက္ခဆိုတဲ့ စကားကို ငါတို့မှာ လက်တွေ့ခါးစည်းပြီးတော့ ခံခဲ့ရတယ်။

မြန်မာ့လွတ်လပ်ရေးအတွက် ဂျပန်ကို တော်လှန်တဲ့ အတောအတွင်းမှာ ငါတို့နဲ့ သွေးတူသားတူ ရဲဘော်များဟာ

www.burmeseclassic.com


ကြယ်ကြွေသလို ဖြုတ်ခနဲ ဖြုတ်ခနဲ သေဆုံးခဲ့ကြတယ်။

ဗင်တန်လမ်းမှာနေတုန်းက နင်တို့နဲ့ မကြာခဏ စကားပြောတတ်တဲ့ 'ကိုညီလေး' မှတ်မိသေးလား၊ သူလဲ အာရှလူငယ်အထွေထွေအတွင်းရေးမှူး အဖြစ်နဲ့ သထုံကို ရောက်လာတော့ တော်လှန်ရေးအတွင်းမှာ ဂျပန်တွေက ဖမ်းသွားပြီး၊ အမျိုးမျိုးအညှဉ်းပန်းခံရပြီး ဆုံးသွားရှာပြီ၊ ဂျပန်ကင်ပေတွေက သူ့ရုပ်ကို သခင်သန်းထွန်းနဲ့ တူတယ်ဆိုပြီး၊ သခင် သန်းထွန်းအမှတ်နဲ့ ဖမ်းသွားတာတဲ့၊ သူကိုယ်တိုင်ကလဲ တော်လှန်ရေးမှာ အထင်ကရ ဆောင်ရွက်သူဆိုတော့ သူ့ကို ဘာအရှင်ထားတော့မလဲ။

နင်တို့ မိတ်ဆွေကြီး ဗိုလ်အောင်ဇေယျလဲ ရန်သူ့သေနတ်ဒဏ်ရာ မချိမဆန့်နဲ့ ရန်သူ့လက်ထဲကို ပါသွားရှာတယ်၊ အဲဒါဖြစ်စက ငါလေ ၂ရက်၊ ၃ရက် အိပ်လို့မရဘူး သိလား၊ နင်တို့ ဗိုလ်အောင်ဇေယျနဲ့အတူ ရွှေဂူလေးဘုရားဖူးပြီး ဘုရားရုပ်ပွားတော်တွေကို ရေကြည့်တာ မှတ်မိသေးလား၊ ဒီတုန်းက ဗိုလ်အောင်ဇေယျဟာ ဒီလိုအသက်အရွယ်မျိုးမှာ သေမယ်လို့ နင်တို့ ဘာတွေးမိမလဲနော်။

နောက်ပြီး ညီမလေးတို့ရေ. . . နင်တို့ အချစ်တော်ကြီး "ဗိုလ်ဘသင်း"လဲ ဆုံးရှာတယ်၊ သူကတော့ တိုက်ပွဲမှာ ကျတာ မဟုတ်ဘူး၊ လမ်းမှာဖျားပြီး ဆုံးရှာတာ၊ သူ မသေခင် က ပြောဖူးတယ်၊ "သေမယ့်သေလဲ ရန်သူ့ကျည်ဆံထိပြီး သေချင်ပါရဲ့၊ ဖျားနာ ဝတ်ပြတ်ပြီး မသေချင်ပါဘူး ရန်နောင်ရာ" တဲ့၊ ဒါပေမဲ့ တောကြီးမျက်မည်းမှာ ဆေးဝါးမရှိ ဘာမရှိနဲ့ ဖျားပြီး သေသွားရှာတယ်၊ သူ့ဆန္ဒ မပြည့်သွားရှာဘူး။

www.burmeseclassic.com


စစ်ကလဲပြီးတော့မယ်၊ မြန်မာပြည်ကို အင်္ဂလိပ်တွေလဲ ပြန်ဝင်ပြီ၊ နိုင်ငံရေးခေါင်းဆောင်တွေကလဲ လွတ်လပ်ရေး အတွက် အင်္ဂလိပ်နဲ့ စကားပြောနေပြီ၊ မြန်မာပြည်ရဲ့ ကံကြမ္မာ ဟာ ဘယ်လိုရှိဦးမယ် မသိဘူး၊ ငါတို့ကတော့ မြန်မာပြည် လွတ်လပ်ရေးအတွက် မသေမချင်း တိုက်နေမှာပဲ။

သတင်းစာတွေထဲမှာ ဖတ်ရတာတော့ နိုင်ငံရေးပါတီတွေ အလျှိုအလျှို ပေါ်လာတာတွေ၊ နိုင်ငံရေးသမားတွေကလဲ ဘယ်သူက တိုင်းပြည်အတွက် ဘယ်လောက်ဆောင်ရွက်တယ်၊ တော်လှန် ရေးမှာ ဘယ်သူက ဂျပန့်လက်က သီသီကလေး လွတ်ခဲ့တာ ဘာတွေညာတွေ ကြွေးကြော်နေတာကို တွေ့နေရတယ်။

ဩော်. . . လူဆိုတာ အပြောကတော့ ဖြူးဖြောင့်ပါရဲ့၊ တကယ် လက်တွေ့မှာတော့ "ကိုညီလေး"၊ "ဗိုလ်အောင်ဇေယျ"၊ "ဗိုလ်ဘသင်း" အစရှိတဲ့ လူတွေက အသက်ဆုံးရှုံးခဲ့ ရပြီ၊ ဒီလူတွေ သေရကျိုးနပ်အောင် အားလုံးညီညီညွတ်ညွတ်နဲ့ လွတ်လပ်ရေးကို တောင်းယူရမယ်၊ ဒါတွေကို ငါဟာ စစ်သား တစ်ယောက်မို့ နင်တို့ကို ရှင်းအောင် ပြောမပြတတ်ပါဘူးဟာ။

စစ်သားတစ်ယောက်အနေနဲ့ နိုင်ငံရေးတို့ ဘာတို့ကို တို့ နားမလည်ပါဘူး၊ တို့တိုင်းပြည်ကို ခလုတ်မထိအောင် ကာကွယ် မယ်၊ တိုင်းပြည်နဲ့လူမျိုးကို ထိလာရင်ချမယ်၊ ဒါပဲ တို့ နားလည်တယ်။

ကဲ. . . ငါ့စာလဲ အတော်ရှည်သွားပြီ၊ ခုနင်တို့ ရန်ကုန်

www.burmeseclassic.com


မှာ အေးအေးချမ်းချမ်းရှိရောပေ့ါ၊ ငါတို့လဲ မကြာခင် ရန်ကုန်ကို ပြန်ရောက်ပါတော့မယ်၊ ဒီတော့မှာ ပြန်တွေ့ကြသေးတာပေ့ါ၊ ဒီတစ်ခါ မသေလို့ တွေ့ရတာမို့ အင်မတန် ကံကောင်းတဲ့ အတွေ့မျိုးပေ့ါဟာ၊ ငါ့ညီမတွေ ရေစင်လို အေးပြီး၊ ပန်းလေး များလို လန်းဆန်းပါစေ။

**ရန်နောင်**
**တပ်စခန်း တစ်နေရာမှ -**

စာကို ဆုံးအောင် ဖတ်ပြီးနောက် မိနှင့်ထွေးတို့၏ ရင်ထဲတွင် ဟာနေကြသည်။

ဇူလိုင်လတိုင်အောင် ကိုသူရနှင့် ကိုရန်နောင်တို့ကား အိမ်ပြန်မရောက်သေး။ သူတို့ညီအစ်ကို နှစ်ယောက်စလုံး တိုက်ရသည့် နေရာမှာလည်း ရန်သူများ ဒလကြမ်း ဆုတ်ခွာရာ လမ်းဆုံနေရာလည်း ဖြစ်သည်။ ဂျပန်များကလည်း အာရှတိုက် တစ်ခွင်တစ်ပြင်၌ အဘက်ဘက်မှ အရေးနိမ့်သော်လည်း လက်နက်မချကြသေး။ ဖွဲ့နှင့် ခုခံတိုက်ခိုက်ဆဲပင်။

ကိုရန်နောင်၏ စာထဲ၌ ကိုသူရ၏ အကြောင်းကို ထည့်မရေးလိုက်သဖြင့် မိနှင့်ထွေးတို့သည် အလွန်ပင် စိတ်ပူနေကြသည်။ ဒေါ်နှင်းမှာ စစ်တောင်း စစ်မျက်နှာအကြောင်းများ သတင်းစာထဲတွင် ဖတ်ရလျှင် အစာစားလို့မရ၊ အိပ်လို့ မရဘဲ ရှိသည်။

www.burmeseclassic.com


မိ၏ မျက်စိထဲ၌မူ ကိုသူရ၏ နောက်ဆုံးစစ်ထွက်ခါနီး တွင် ပဲခူးခံတွင်းခြံရွာလေးသို့ မြင်းနှင့် အပြေးနှင်ကာ လာ နှုတ်ဆက်သည်ကို မျက်စိထဲတွင် မြင်ယောင်နေမိသည်။ "သူ့ခမျာ သွားခါနီး လာခါနီး ဆိုရင် အမြဲ လူစေ့တကာစေ့ နှုတ်ဆက်ရှာ တယ်၊ အဲဒီတုန်းက ငါလေ သိပ်ရူးတာပဲ၊ တစ်ပြည်လုံး အရေးကြီးလွန်းလို့ ကိုယ့်ကိုယ်ကိုတောင် မပိုင်ရှာတဲ့ သူ့ကိုမှ ငါ စိတ်ကောက်ခဲ့မိတယ်" ပြန်တွေးမိကာ ရှက်လည်းရှက်၊ စိတ်မကောင်းလည်း ဖြစ်သည်။

* * *

www.burmeseclassic.com


## (၁၉)

မိသည် တတ်များတတ်နိုင်လျှင် “၁၉၄၅”ခုနှစ်ကို အလျှင်အမြန် ကျော်ဖြတ်လိုက်ချင်သည်။

၁၉၄၅ ခုနှစ်သည် မြန်မာပြည်သားတွေအဖို့ ကံဆိုးသောနှစ်၊ ကသီလင်တနိုင်သောနှစ်၊ ဗရမ်းဗတာ ဖြစ်ရသောနှစ် ဖြစ်သည်။ သည်နှစ် မတ်လ ၂၇ ရက်နေ့တွင် မြန်မာ့မျိုးချစ်တပ်မတော်များ ဂျပန်ကို တော်လှန်တိုက်ခိုက်ကြသည်။ ဂျပန်များကို တော်လှန်တိုက်ခိုက်ရင်း မြန်မာ့သားကောင်းများစွာ ကျဆုံးခဲ့သည်။

၁၉၄၅ ခု၊ မေလ ၂ရက်နေ့တွင် မဟာမိတ်တပ်တို့ မြို့တော်ရန်ကုန်ကို ပြန်လည်သိမ်းပိုက်ခဲ့သည်။

မေလ ၁၇ရက်နေ့တွင် အင်္ဂလိပ်တို့က မြန်မာပြည်သို့ စက္ကူဖြူကြေညာစာတမ်း ထုတ်ဝေသည်။ စက္ကူဖြူကြေညာ စာတမ်းအရ မြန်မာပြည်ကို အနည်းဆုံး ၃နှစ် အင်္ဂလိပ်တို့က တိုက်ရိုက် ပြန်လည်အုပ်ချုပ်မည်။ တစ်နည်းအားဖြင့်ဆိုရသော် မြန်မာပြည်သည် အင်္ဂလိပ်တို့ လက်အောက်တွင် ကျွန်ဖြစ်မြဲပင် တည်း။

ဇူလိုင်လကုန်အထိ ကိုသူရနှင့် ကိုရန်နောင်တို့ တပ်များ

www.burmeseclassic.com


သည် တနင်္ဂနွေရှိ ဂျပန်များကို တော်လှန်မောင်းထုတ် ဆဲဖြစ်သည်။

၁၉၄၅ ခုနှစ်၊ မိ၏ဒိုင်ယာရီတွင် အရေးကြီးသော အမှတ်အသားအဖြစ် ကြက်ခြေနီများ ထပ်၍နေပေပြီ။

"မိ"

"ဩော်. . . ထွေး"

"မိ ဘာတွေ တွေးနေသလဲ၊ ထွေးခေါ်တာ တော်တော်နဲ့ မကြားဘူး"

"ဟုတ်လား. . . ထွေး ခေါ်သေးသလား"

ထွေးသည် မိရှိရာ လသာခန်း အုတ်ဘောင်ခတ်ထားရာသို့ လျှောက်လာခဲ့သည်။ လသာခန်းသည် အမိုးမရှိ၊ အပေါ်ဆုံး ထပ် လဟာပြင်တွင် ရှိသဖြင့် ကောင်းကင်မိုးသားအပြာကို တိုက်ရိုက်တွေ့နိုင်သည်။ ၃ ပေခန့်မြင့်သော ပတ်ပတ်လည် ကာရံထားသည့် အုတ်ဘောင်မှာ ထိုးနှင့် မတွေ့တာ ကြာသဖြင့် ရေညှိတက်ကာ မဲနေသည်။

"အင်း. . . ထွေးခေါ်တာ သုံးခါလောက်ပဲ၊ မိဟာ ခုတစ်လော သိပ်တွေးတာပဲ"

"တစ်ခါတစ်ခါ ငိုင်နေတယ်၊ ခုလဲ မျက်လုံးလေးစိုက်ပြီး ငိုင်လို့ ဘာတွေများ ဒါလောက်တွေးနေတာလဲ၊ ထွေးကိုပြောစမ်း"

အရွယ်ရောက်သည့်နောက် မိနှင့် ထွေးတို့တွင် ပြောင်းလဲခြင်းများကို တွေ့ရသည်။ ငယ်စဉ် ကလေးဘဝက ထွေးသည် လေးနက်၍ လူကြီးဆန်သည်။ မိကပေါ့၍ ကလေးဆန်သည်။

ကြီးလာသောအခါ မိက ပို၍ လေးနက်လာသည်။

"မိလား. . . ဩော်. . . တွေးမိနေတယ်၊ ဒီနှစ် မိတို့မြန်မာတွေ ကံဆိုးတဲ့နှစ်ပဲရယ်လို့"

"မြန်မာတွေ ကံမဆိုးတဲ့နှစ်ရယ်လို့များ ရှိသေးလား မိရယ်"

သည်တစ်ခါ ထွေးက ကြီးကြီးကျယ်ကျယ် ပြောလိုက်လေသည်။

"ဒါတော့ ဒါပေါ့ ထွေး၊ ဒါပေမဲ့ ခုလို မင်းပြောင်းမင်းလွဲ လုပ်တဲ့အချိန်က ပိုမဆိုးဘူးလား၊ နောက်ပြီးတော့ ကိုကြီးနဲ့ ကိုလေးတို့ ပြန်မလာမချင်း မိတို့အိမ်သားစုရဲ့ စိတ်ထဲက ဘာမဆို လွတ်လွတ်ကျွတ်ကျွတ် ပျော်ပျော်ပါးပါး နေလို့ မရဘူး၊ စိတ်တွေက အမြဲတမ်း မတင်မကျကြီး ဖြစ်နေကြတယ်"

မိသည် အဝေးသို့ မျှော်ကြည့်ကာ ပြောလိုက်သည်။ ထွေးကမူ မိစကားအတွက် စိတ်ရှုပ်သွားဟန်နှင့် လသာဆောင်တွင် တွေ့မြင်နေကျဖြစ်သော သွပ်မိုးပေါ်သို့ တစ်လှမ်းချင်း အပေါ်တက်ကာ ထိုင်နေလိုက်သည်။

"ထွေးဖြင့် ကိုကြီးတို့အကြောင်း တယ်တောင် မတွေးချင်ပါဘူး၊ ကိုလေးဆီကမှ စာလာဖော်ရသေးတယ်၊ ကိုကြီးဆိုတာ ဘယ်လိုဖြစ်တယ်၊ ဘယ်မှာရောက်နေတယ်ဆိုတာ သိတောင်မသိရဘူး"

"မိကတော့ ကိုကြီးတို့ကို တွေးလိုက်ရင် ညညကျ အိပ်မပျော်ဘူး သိလား"

မိ၏အသံ တုန်ယင်နေသည်ကို ထွေးက သတိမထားလိုက်မိပေ။

www.burmeseclassic.com


လသာဆောင်မှ အောက်ရပ်ဝန်းကျင်ကို စီး၍ မြင်နေရသည်။ တောင်ဘက်တစ်ခိုတွင် မိုးသားများသည် ပြိုမလို အုံ့မှိုင်းလာလေသည်။ မိတို့နေသော တိုက်ခန်းမှာ ရန်ကုန်မြို့ အရှေ့ဘက်ပိုင်းတွင် ရှိသည်။ လသာဆောင်မှ အိမ်နောက်ဘက်လမ်းတွင် စိမ်းစိုမြမှိုင်းသော သရက်၊ ပိန္နဲ၊ မရမ်း၊ အုန်းပင် အစရှိသော သစ်ပင်ကြီးများ ပတ်ခြံရံထားသော ဘုန်းကြီးကျောင်းဝင်းကို တွေ့ရသည်။ မြင့်မားသော ထန်းပင်ကြီးများနှင့် သရက်ပင်များမှာ မိုးစပ်နှင့်ထိနေသည့်ပမာ ထင်ရပေသည်။

ထွေးသည် သွပ်မိုးပေါ်မှ လျှောဆင်းကာ မိရှိရာသို့ ပြန်လာသည်။ မိ၏သေးနွဲ့သော ခါးကလေးကိုဖတ်ကာ မိငေးမောကြည့်ရှုရာသို့ လိုက်ငေးမိသည်။ နှစ်ထပ်ပျဉ်ထောင်နှင့် ဆောက်ထားသော ဘုန်းကြီးကျောင်းရှိရာသို့ မြေလမ်းအတိုင်း အချို့က ယောဂီတဘက်၊ အချို့က ပဝါပါးလေးများ စလွယ်သိုင်းခြုံကာ မိန်းမကြီးငယ်တို့သည် ဘုန်းကြီးကျောင်းသို့ ဦးတည်လျှောက်သွားကြသည်။

“ဘာလိုလိုနဲ့ ဥပုသ်နေ့ ရောက်လာပြန်ပြီ မိရေ”

“ဒေါ်ကြီးတောင် ဥပုသ်ရသေးတယ်လေ ထွေး”

“အဲဒါသာကြည့်တော့ ထွေးဖြင့် သတိမထားမိဘူး”

“ဒီအပတ် မိလဲ မေ့နေတယ်၊ နောက်တစ်ပတ်ကျမှ ကိုကြီးတို့အတွက် ဘေးကင်းအောင် ရည်မှန်းပြီး မိနဲ့ထွေးတို့ စောင့်ကြတာပေါ့”

ဝါတွင်းဖြစ်သဖြင့် အမြဲလိုလို မိုးရိပ်မိုးသား မကင်းဘဲရှိသည်။ ကောင်းကင်၌ ညိုမှောင်အထပ်ထပ် အုံ့ပျမှိုင်းရီနေသည်။

www.burmeseclassic.com


"ဟော. . . မိုးရွာတော့မယ် ထင်တယ်"

ထွေးသည် မိုးသားများကို ကြည့်ကာ ပြောလိုက်သည်။ မိုးသားများသည် မကာရိကွက်ကြီးများနှင့် အလိပ်လိပ်တက်လာသည်။ မိသည် မိုးကိုချစ်လေသည်။ မိုးရွာသောနေ့များ သည် မိအဖို့ အမှတ်ရစရာများသာ ဖြစ်တော့သည်။

"ထွေးတော့ အောက်ဆင်းတော့မယ်၊ မိ မဆင်းသေးဘူးလား"

"ဟင့်အင်း. . . မိ မိုးရွာတာကို စောင့်ကြည့်ဦးမယ်၊ မိကိုယ်ပေါ်ကို မိုးပေါက်ကျတာ သိပ်သဘောကျတာပဲ၊ မိုးပေါက်လေးတွေက သိပ်အေးတာပဲ. . . ကြည်လဲကြည်တယ်"

"အို. . . မိကလဲ ဖျားနာနေမှဖြင့်. . . လာပါ၊ တော်နေ ဒေါ်လေးခင်နဲ့ မေမေတို့ ဆူနေဦးမယ်"

"ဒီမှာ ခဏလောက် နေပါရစေ ထွေးရယ်၊ ဒေါ်ကြီးနဲ့ မေမေ့ကို သွားမပြောပါနဲ့နော်၊ မိ မိုးရေစိုတာကို သဘောကျလို့ပါ"

"ကိုင်း. . . ဒါဖြင့် ထွေးဆင်းတော့မယ်"

"အင်း"

မိသည် သွားတက်ကလေးများပေါ်အောင် ပြုံးလိုက်သည်။

"မိဟာ အရူးမလေးပဲ"

ထွေးသည် မိအား ပြောပြီးနောက် အောက်ထပ်သို့ အပြေးအလွှား ဆင်းသွားလေသည်။

မိ၏မျက်နှာတွင် အပြုံးကလေးများ ပျောက်ကွယ်သွားကာ၊ ရုတ်ခနဲ တည်သွားလေသည်။ "ဟုတ်တယ် ငါဟာ ထွေးပြောသလို ရူးတာပဲ"ဟု စဉ်းစားမိလေသည်။ ကိုသူရကို

www.burmeseclassic.com


တော်လှန်ရေးနေ့က သူတို့အား နှုတ်ဆက်စဉ်က လက်ကိုင်ပဝါလေး ပေးလိုက်သည်ကို သွားသတိရမိသည်။ "ဒီလက်ကိုင်ပဝါလေးဟာ ကိုကြီးအဖို့ ဘာအသုံးကျမှာလဲ၊ သူတို့မှာ သေရေးရှင်ရေး အင်မတန်အရေးကြီးနေတဲ့ အချိန်၊ ငါကတော့ ကလေးကစားသလို" မိသည် ဆက်မတွေးရဲဘဲ ရှက်ပြုံးနှင့် နှုတ်ခမ်းလေးကို မဲ့လိုက်သည်။ "ဒီတုန်းက ငါ သက်သက်ရူးတာပဲ၊ ကလေးသိပ်ဆန်တာပဲ" ဟု တွေးရင်း ရှက်မဆုံးနိုင်အောင် ရှိတော့သည်။

မိုးသက်လေသည် အေးမြစူးရှစွာ တိုက်ခတ်လာသည်။ မိုးပေါက်လေးများသည် အပေါ်မှ လိမ့်လာကာ အောက်သို့ ဖွဲခနဲခုန်ဆင်းကြသည်။

မိုးပေါက်ထိသော မိ၏ပါးပြင်လေးများသည် အေးမြစွတ်စိုလျက်ရှိသည်။ မိုးရိပ်များအကြားတွင် မိ၏ မျက်စိထဲ၌ ကိုသူရကိုပဲ မြင်နေမိသည်။ ဟောင်းနွမ်းသော စစ်ဝတ်စစ်စားများ၊ နွမ်းလျဖျော့တော့သော မျက်နှာ စသည်တို့ကို သဲသဲကွဲကွဲလည်း မြင်ရသည်မဟုတ်။ တိမ်တိုက်တွေကြားထဲက လိုလို၊ သစ်ပင်များတွေမှာလိုလိုနှင့် ဝိုးတိုးဝါးတား မြင်မိသည်။

မိုးသည် တဖြည်းဖြည်း သဲလာသည်။ မိသည် လသာခန်းမှဆင်းခဲ့ရန် လှေကားဆီသို့ လျှောက်လာသည်။ လှေကားတံခါးဝတွင် အရိပ်တစ်ခု လာထင်သည်။ မိုးရိပ်မည်းမည်းအောက်မှ တံခါးဝတွင် ရပ်နေသောသူ တစ်ယောက်ကို တွေ့လိုက်ရသည်။

*

www.burmeseclassic.com


မိမျက်စိများသည် ဝေဝေတေတေဖြစ်နေသဖြင့် တံခါးဝတွင် ရုတ်တရက် လာရပ်သူကို သဲသဲကွဲကွဲ မမြင်ရပေ။ သို့သော် မိ၏ရင်ကတော့ တဆတ်ဆတ်ခုန်နေသည်။ "ကိုကြီး ပြန်လာပြီ" ဟု မိ၏ရင်ထဲတွင် ပဲ့တင်ထပ်ကာ မြည်ဟီးနေသည်။ မိသည် အပြေးလေး တံခါးဝဆီသို့ လာသည်။ တံခါးဝသို့ ရောက်လျှင် မိ၏ခြေလှမ်းလေးများကို တုံ့ခနဲရပ်ကာ မျက်နှာကို မော့ကြည့်လိုက်သည်။

"မိ"

"ဟင်"

မိ၏ရင်ထဲ၌ ဖော်မပြနိုင်သော ဝမ်းသာဝမ်းနည်းမျိုးဖြင့် တုန်လှုပ်ကာ လှေကားထိပ် အမိုးအောက်သို့ ဝင်လာသည်။ တံခါးဝတွင် ရပ်နေသူကား မိ ထင်သလို ကိုသူရ မဟုတ်ဘဲ ကိုရန်နောင် ဖြစ်နေသည်။

ကိုရန်နောင်သည် မိ၏ပခုံးလေး နှစ်ဖက်ကို သူ့လက်နှစ်ဖက်နှင့် တင်းကျပ်စွာ ဆုပ်ကိုင်ထားပြီးနောက် မိမျက်နှာကို စိမ်းစိမ်းကြည့်နေသည်။

"မိုးရွာကြီးထဲ ဘာများလုပ်နေတာလဲ မိမိရာ"

ကိုရန်နောင်၏ အောင်မြင်ပြတ်သားသော အသံကို ပြန်လည်ကြားနေရသည်။

"မိ ဘာမှ . . . မလုပ်ပါဘူး"

မိသည် မပွင့်တပွင့်နှင့် ဆုတ်ဆိုင်းဆိုင်း ဖြေလိုက်သည်။ မိ၏မျက်နှာလေးမှာ မိုးရေတို့ကြောင့် လန်းဆန်းနေသည်။ ပကတိ ဖြူစင်သော အသားအရည်မှာ ပြုပြင်ခြင်းမရှိဘဲ စိုပြည်

www.burmeseclassic.com


နေသည်။ နဖူးပေါ်တွင် ဆံယဉ်နုကလေးများသည် မိုးရေဖြင့် စိုကာ ကပ်နေသည်။

ကိုရန်နောင်၏ ရင်ထဲတွင် ဖော်မပြနိုင်လောက်အောင် ဝမ်းသာနေသည်။ မိ၏မျက်နှာလေးကို မြင်ရလျှင် သူ့ရင်ထဲ၌ စိမ့်ကာအေးသွားသည်။ သူ၏စိတ်သည် အဘယ့်ကြောင့် ဤမျှ တုန်လှုပ်နေရသနည်း။ မစဉ်းစားတတ်ပေ။

"ငါဖြင့် လွမ်းလိုက်ရတာဟာ"

လျှပ်စီးများသည် ကြောက်ခမန်းလိလိ ဝင်းလက်ကာ ပြိုးပြက်နေသည်။ မိုးခြိမ်းသံသည် သိမ့်သိမ့်တုန် မြည်ဟီးလျက် မိုးပေါက်များသည် ပြင်းထန်စွာကျလာသည်။ မိ၏ကိုယ်မှာ ရေအနည်းငယ်စိုလျက် အဝတ်များသည် ကိုယ်မှာကပ်နေသည်။ မိသည် သူ့ပခုံးကို ကိုရန်နောင် ဖိကိုင်ထားသော လက်များကို မသိမသာ လှမ်းကြည့်လိုက်သည်။ ကိုရန်နောင်က လက်များကို အသာဖြေချလိုက်သည်။

"မိတို့လဲ လွမ်းတာပဲ၊ ကိုလေးတို့ မလာမချင်း နေရတာ မပျော်ဘူး"

ကိုရန်နောင်၏ခေါင်းသည် ဂျပန်ခေတ်ကလို ကတုံး မဟုတ်တော့ဘဲ ဆံစမတိုမရှည်နှင့် ကြည့်ပျော်လာသည်။ ဟောင်းနွမ်း၍ အရောင်မှိန်နေသော စစ်ရှပ်အင်္ကျီမှာ ယခင်ကလိုပင်။ ချည်လုံချည်အကွက်မှာ တန်ဖိုးပေါ၍ ပုဆိုးဖြစ်သည် ဆိုရုံသာ။

မိသည် ကိုသူရအကြောင်းကို မေးချင်သော်လည်း နှုတ်မှမထွက်နိုင်ဘဲ ရှိသည် ကိုကြီးသူရသည် ဘေးကင်းရန်ကင်းမှ ရှိပါလေစ။ ကိုရန်နောင်ကဲ့သို့ချောမောစွာ ဆိုက်ဆိုက်မြိုက်မြိုက် အိမ်သို့

www.burmeseclassic.com


ရောက်လာပါ့မလား။

"ငါ့ စိတ်ထဲမယ် အစ်ကိုကြီးတောင် ရောက်နေမလား လို့ ထင်နေတာ"

စိတ်ဓာတ်များ အလွန်ပြင်းထန်ပါကလား။ မိမေးချင်သော အကြောင်းအရာများကို ကိုရန်နောင်က အစဖော်ပေးလေသည်။

"ကိုကြီးက ဘယ်မှာလဲ. . . ကိုလေးနဲ့အတူတူ လာတာ လား၊ ဘယ်နေရစ်ခဲ့သလဲ"

မိသည် စိတ်ထဲက လှုပ်ရှားမှုများကို မအောင့်အည်း နိုင်တော့ဘဲ ပျာပျာသလဲ မေးလိုက်မိလေသည်။ ကိုရန်နောင် သည် မိမျက်နှာကို စိုက်ကြည့်နေသည်။ မိကမူ ကိုရန်နောင် အား မကြည့်ဘဲ ငေးနေ၏။

"အစ်ကိုကြီးက ငါနဲ့အတူတူ လာတာတော့ မဟုတ်ပါဘူး၊ သူတို့တပ်ရင်းကလဲ ရန်ကုန်ကို လာကြတယ်၊ ငါတို့နဲ့ ရှေ့ ဆင့်နောက်ဆင့်ပဲ"

"ဒါဖြင့်. . . ဒါဖြင့်. . . အစ်ကိုကြီးလဲ"

မိသည် ဝမ်းသာလွန်းသဖြင့် စကားကို ဆုံးအောင်မပြော နိုင်ဘဲ ရှိသည်။

"အေး. . . ငါတို့ညီအစ်ကို နှစ်ယောက်စလုံး သေတွင်း ထွက်ချည်းပဲ"

ကိုရန်နောင်သည် မိအား ငေးစိုက်ကြည့်နေဆဲ ဖြစ်သည်။ မိသည် အပေါ်ထပ်တွင် ရပ်နေသည်မှာ အတန်ကြာခဲ့သည်ကို သတိရကာ. . .

"မိတို့ အောက်ထပ်ဆင်းကြရအောင် ကိုလေး"

www.burmeseclassic.com


"မိ နေပါဦး"

မိသည် လှေကားထစ်ကို ကျော်ဆင်းမည် လုပ်ပြီးမှ ကိုရန်နောင်ကို လှမ်းကြည့်လိုက်သည်။ ကိုရန်နောင်သည်တစ်စုံ တစ်ခုကို ပြောလိုဟန်နှင့် မိအား ရပ်ကြည့်နေသည်။

"ဘာပြောမှာလဲ ကိုလေး"

ကိုရန်နောင်သည် ပြောရန် ပါးစပ်ပြင်ပြီးမှ တံတွေးကို ဂွတ်ခနဲ မျိုချလိုက်သည်။ သူပြောမည့် စကားလုံးများပါ မျိုချ လိုက်ပြီ ထင်သည်။

"နောက်မှ ပြောပါတော့မယ်ဟာ ဆင်း. . . ဆင်း"

"ဟင်. . . ကိုလေးကလဲ ဘာမှန်းလဲ မသိဘူး"

မိသည် လှေကားထစ်မှ ဆင်းလာသည်။ လှေကားမှာ စောက်မတ်သဖြင့် သတိထားဆင်းလာရသည်။

ကိုရန်နောင်သည် လှေကားထိပ်တွင် ကျန်ရစ်သည်။

*

ကိုသူရ ပြန်လာသောအချိန်၌မူကား မိတို့အိမ်၌ ပို၍ ထူးခြားပြောင်းလွဲလာခဲ့သည်။

မိတို့အိမ်ရှေ့ ဝရန်တာသို့ ထွက်ရပ်ကာနေစဉ် အိမ်ရှေ့တွင် မြင်းလှည်းတစ်စီး ထိုးရပ်လာသည်။ အချိန်ကား တိမ်တောက် သော ညနေခင်းဖြစ်သည်။ တိမ်ရောင်စုံတောက်သော ကောင်း ကင်တွင် သက်တံ့တံတား ခုံးခုံးကလေးကို တွေ့မြင်နေရသည်။

မြင်းလှည်းပေါ်မှ အရပ်မြင့်မြင့် အသက်အစိတ်ခန့် လူ

www.burmeseclassic.com


ငယ်တစ်ယောက်သည် ခုန်ဆင်းလိုက်သည်။

"အစ်ကိုကြီး လာပြီဟေ့"

ထွေးသည် အိမ်သားများ ကြားရလေအောင် သံကုန် အော်ဟစ်ကာ လှေကားပေါ်မှ တဒိုးဒိုးနှင့် ခုန်ပေါက်ဆင်းသွား လေသည်။

မိ၏ ရင်ထဲတွင် လှိုင်းများထနေသည်။ နှလုံးသွေးများ ကား တဒိန်းဒိန်းတိုးကာ ဖော်မပြနိုင်လောက်အောင် ဝမ်းသာ နေသည်။ ထွေးနောက်မှ ဣန္ဒြေရစွာ လိုက်သွားသော်လည်း စိတ်များကာ အလွန်လှုပ်ရှားနေသည်။ ကိုသူရ ပြန်လာမည်ကို သိလျက်သားနှင့် အဘယ်ကြောင့် ဤသို့ စိတ်လှုပ်ရှားရသည်ကို မတွေးတတ်ပေ။

အိမ်အောက်ထပ်သို့ ရောက်သော် ကိုသူရ၏ လူကြီးဆန် သော သိမ်မွေ့သည့် အပြုံးကို တွေ့မြင်ရသည်။

ကိုသူရက အခပေးပြီးနောက် မြင်းလှည်းသည် ထွက်ခွာ သွားသည်။

ကိုသူရသည် စကြာပန်းချုံနားတွင် ရပ်နေသည်။ ရှပ်ဖြူ အင်္ကျီမှာ ဝါကျင့်ကျင့် ဖြစ်ကာ မသေမသပ်ရှိသည်။ ချည်ကျူ ထရံကွက် အစိမ်းရင့်ရောင်ကို ဝတ်ထားသည်။ အသားမှာ ညိုနေကာ ပိန်သွားသဖြင့် ဒေါင်ရှည်ကြီးကဲ့သို့ ထင်ရသည်။

"ဟေး. . . ညီမလေးတွေ"

ထွေးသည် ကိုသူရ၏ ညာလက်မောင်းကို ဖက်တွဲ လိုက်သည်။ မိက အောက်တွင်ချထားသော လက်ဆွဲအိတ်ကို လှမ်းကိုင်သည်။ ကိုသူရသည် မိလက်ကို ဆွဲဖယ်ကာ "နေ . . .

www.burmeseclassic.com


နေ ညီမလေးမိမိ၊ ကိုယ်ယူခဲ့မယ်”ဟု ဆိုပြီး လက်ဆွဲအိတ် ကို ယူလိုက်သည်။ မိသည် သူ့လက်ဖဝါးလေးချင်း ဆုပ်နယ် ကာ စကြာပင်ရိပ်အောက်တွင် ကျန်ရစ်သည်။

ကိုသူရနှင့် ထွေးတို့က ရှေ့မှသွားကာ မိက နောက်မှ လိုက်လာသည်။

“အားလုံး နေကောင်းကြတယ်နော်”

“ဟုတ်ကဲ့ အစ်ကိုကြီး၊ ဖေဖေရော၊ မေမေရော၊ ဒေါ်လေးခင်ရော နေကောင်းကြပါတယ်၊ ဒေါ်လေးခင်က သိမ်ကြီး ဈေးမှာ ဆိုင်ဖွင့်တယ်၊ ဖေဖေကတော့ အလုပ်မလုပ်ရသေးဘူး၊ ခုနေတော့ ထိုင်စားပဲ”

လှေကားထစ်ကို ချိုးကွေ့ရင်း ထွေးက စုံလင်စွာ သွက် သွက်လက်လက်နှင့် ဖြေလိုက်သည်။ မိစိတ်ထဲ၌မူကား ကိုသူရက “အားလုံးနေကောင်းကြတယ်နော်”ဟု မေးပုံမှာ သူစိမ်းဆန် တယ်ဟု တွေးနေမိသည်။

“ပြီးတော့ ကိုလေးလဲ မနေ့မနက်ကပဲ ရောက်လာတယ်”

ထွေးတစ်ယောက်သာ သွက်လက်လှုပ်ရှားနေသည်။ မိမှာ ငြိမ်လျက် လှေကားကို ဖြည်းလေးစွာ တက်လာခဲ့သည်။

“ရန်နောင်လဲ ရောက်လာပြီလား”

“ဟုတ်တယ်၊ ဒါပေမဲ့ ကိုလေးက အစ်ကိုကြီးလို မပိန်ဘူး၊ အစ်ကိုကြီးကတော့ ပိန်လိုက်တာ”

“အေးကွာ. . . ကိုယ်က ဒီမလာခင်လေးမှာပဲ ငှက်ဖျားမိ လာလို့”

ကိုသူရသည် ငြိမ်နေသော မိအား လှည့်ကြည့်ကာ ဖြေ

www.burmeseclassic.com


လိုက်သည်။ မိသည် မျက်လုံးအဝင်းသားနှင့် ကိုသူရအား ငေးကြည့်နေမိသဖြင့် ကိုသူရ လှည့်ကြည့်သော မျက်လုံးများဖြင့် ရင်ဆိုင်ကာ သူ့မျက်လုံးများကို ဘေးသို့ လွှဲဖယ်လိုက်သည်။ မိသည် သူ၏ရင်ထဲတွင် အဘယ်ကြောင့် ဒိတ်ခနဲ ခုန်သွားရသည်ကို မစဉ်းစားတတ်ပေ။

အိမ်ပေါ်ထပ်သို့ ရောက်သော် ဦးဘကျော်၊ ဒေါ်နှင်း၊ ကိုရန်နောင်နှင့် ဒေါ်အေးခင်တို့က ဝိုင်း၍ဆီးကြိုကြသည်။

ဒေါ်နှင်းမှာ ဝမ်းသာလွန်းသဖြင့် မျက်ရည်ပေါက်များ ပါးပေါ်သို့ လိမ့်ဆင်းလာသည်။

"ဒီအိမ်သားတွေနဲ့ မသေလို့ တွေ့ရတာ"

"အေးကွယ် . . . တွေ့ရပါမှပဲ၊ မင်းတို့အတွက် မမနှင်းမှာ ဖြင့် မစားနိုင် မသောက်နိုင်နဲ့၊ မင်းတို့ ပြန်မလာမချင်းတို့များ လဲ စိတ်မချမ်းသာဘူး သူရရယ်"

ဒေါ်အေးခင်က ဝင်ပြောလိုက်သည်။ ကိုသူရကမူ ဘာမှ ပြန်မဖြေဘဲ ပြုံးနေသည်။ မိကမူ ကိုသူရပြုံးနေသည်ကို စေ့စေ့ စပ်စပ်ကြည့်ကာ . . . "ဒီအပြုံးဟာ သံန္နိဋ္ဌာန် ခိုင်မာတဲ့ အပြုံး၊ သံယောဇဉ်ပြတ်တဲ့အပြုံး၊ ဘယ်သူ့မှ မခင်တွယ်တဲ့ အပြုံး၊ အို . . . စိမ်းကားတဲ့အပြုံးပါပဲလေ"ဟု ဝမ်းထဲမှကျိတ်၍ မှတ်ချက်ချနေသည်။

* * *

www.burmeseclassic.com


# (၂၀)

ကိုသူရတို့ ပြန်မလာခင် အရင်က မိသည် ရက်များကို ကုန်လွန်စေချင်သည်။

ယခုတော့လည်း ရက်များ ကုန်လွန်မှာကို စိုးရိမ်နေမိသည်။ ရက်မြန်မြန်ကုန်လေလေ ကိုသူရတို့ နားရရက်တွေကို ကျော်လာလေလေ ဖြစ်ရချေတော့မည်။

ဒုတိယကမ္ဘာစစ်ကြီးကား ပြီးခဲ့လေပြီ။

၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် အမေရိကန်လေတပ်က ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ပေါ်သို့ ပထမဦးဆုံး အကြိမ် အနုမြူဗုံးတစ်လုံး ကြဲချလိုက်သည်။

၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် နောက်ထပ် အနုမြူဗုံးတစ်လုံးကို နဂါးစကီးမြို့ပေါ်သို့ ကြဲချလိုက်သည်။

မြို့ကြီးနှစ်မြို့ (သုံးပုံနှစ်ပုံခန့်) ပြာဖြစ်သွားသည်။

ဩဂုတ်လ ၁၄ ရက်နေ့တွင် ဂျပန်တို့ လက်နက်ချကာ စက်တင်ဘာလ ၂ရက်နေ့တွင် ဂျပန်တို့ လက်နက်ချ စာချုပ် လက်မှတ်ရေးထိုးသည်။

ဤသို့နည်းအားဖြင့် စစ်ကြီးပြီးခဲ့သည်။ "စစ်ပြီးပေမဲ့ ကျွန်တော်တို့ရဲ့ ရာဇဝင်သမိုင်းဟာ မတည်ငြိမ်သေးဘူး၊ အနည်

www.burmeseclassic.com


မကျသေးဘူး၊ ရှေ့ဆက်ပြီး ကျွန်တော်တို့မှာ လုပ်စရာတွေ ကျန်နေသေးတယ်”

ထွေးတို့အိမ်ရှေ့ဝရန်တာတွင် ညဘက် လက်ဖက်ရည်ကြမ်းဝိုင်းသည် ပြန်လည်စည်ကားလာသည်။ လရောင်၏ အရိပ်သည် ဝရန်တာပေါ်သို့ လင်း၍ဖြာကျနေသည်။ အကြမ်းဝိုင်းတွင် ဦးဘကျော်၊ ကိုသူရ၊ ကိုရန်နောင်တို့က တစ်ဖက်။ ဒေါ်နှင်း၊ ဒေါ်အေးခင်၊ ထွေးနှင့်မိတို့က တစ်ဖက်။ စိုစိုပြည်ပြည် ရှိလှသည်။

ဤသို့ သာယာစိုပြည်ခြင်းသည် အိမ်၏ ကျက်သရေပါတကား။ သာယာစိုပြည်ခြင်းသည် အသက်ထက်ဆုံး တည်တံ့သွားမည်ဆိုပါက ဘယ့်လောက်များ ဖြောင့်ဖြူးမည်နည်းဟု မိက တွေးနေမိသည်။

အထူးသဖြင့် မိသည် ကိုသူရ၏ စကားကို လေးလေးနက်နက် စဉ်းစားနေမိသည်။

“စစ်ပြီးပေမယ့် ကျွန်တော်တို့ မြန်မာတွေရဲ့ ရာဇဝင်သမိုင်းဟာ မတည်ငြိမ်သေးဘူး၊ အနည်မကျသေးဘူး၊ ရှေ့ဆက်ပြီး ကျွန်တော်တို့မှာ လုပ်စရာတွေ ကျန်သေးတယ်”

“ရှေ့ဆက်ပြီး ကျွန်တော်တို့မှာ လုပ်စရာတွေ ကျန်သေးတယ်” ဆိုသည့် စကားအတွက် မိမှာ ရင်လေးနေသည်။

“အိမ်း. . . စက္ကူဖြူစာတမ်းအရ ဆိုရင်တော့တို့ မြန်မာပြည်ဟာ အနည်းဆုံး သုံးနှစ်အတွင်း အင်္ဂလိပ်လက်အောက်မှာ နေရမှာပဲ”

ဦးဘကျော်သည် ဆေးပြင်းလိပ်တိုကို ပါးစပ်မှ ချွတ်ကာ သက်ပြင်းမှုတ်ထုတ်လိုက်သည်။

www.burmeseclassic.com


"ဖေဖေ သိတဲ့အတိုင်းပဲ၊ အင်္ဂလိပ်တွေ မြန်မာပြည်ကို ဝင်လာခါစက ကျွန်တော်တို့ မျိုးချစ်တပ်မတော်ကို ဖျက်သိမ်းပြီး ဗိုလ်ချုပ်အောင်ဆန်းကို ဂျပန်ခေါ်မှုနဲ့ သစ္စာဖောက်အဖြစ် စွပ်စွဲအပြစ်ပေးမလို့"

"တောက်. . . ခွေးမသားတွေက ယုတ်မာမှုမှာ ကမ်းကုန်ရော"

ဦးဘကျော်သည် ဆေးပြင်းလိပ်တိုကို စိတ်ဆိုးမာန်ဆိုးနှင့် လွှတ်ပစ်လိုက်သည်။

"ဒါပေမဲ့ ဒီအထိ သူတို့ မကြမ်းရဲဘူး၊ ဒီအကောင်တွေက အင်မတန် လိမ္မာပါးနပ်တာ၊ ကမ္ဘာမှာ နာမည်အပျက် မခံဘူးဖေဖေ၊ ဒီတော့ ဗိုလ်ချုပ်ကို ဂျပန်ကို ပြန်တိုက်ပေးတဲ့ အတွက် ခုနက သစ္စာဖောက်အပြစ်ကို လျှော်ပစ်မယ်၊ မြန်မာကတော့ ခု သုံးနှစ်အတွင်း အင်္ဂလိပ်လက်အောက်မှာ နေပေဦး၊ သုံးနှစ်ကြာသွားတဲ့ အခါကျမှ အခြေအနေကြည့်ပြီး ဒိုမီနီယံအဆင့်၊ နို့မဟုတ် လွတ်လပ်ရေး ပေးမယ်တဲ့"

ကိုသူရသည် ဝရန်တာ သံဆန်ကာကွက်ကို မှီထိုင်ကာ မေးကို လက်နှင့်ထောက်၍ ထိုင်နေသည်။ သူသည် စကားပြောသည့်အခါ ဘယ်သူ့မှ မကြည့်၊ ဘယ်ကိုမှ အာရုံမစိုက်ဘဲ ပြော လေ့ရှိသည်။ မျက်မှောင်ကုတ်ကာ နှုတ်ခမ်းကို တင်းတင်း စေ့ထားသည်။ မိသည် ကိုသူရကို ကြည့်ကာ မောနေသည်။

ကိုရန်နောင်သည် အားလုံးထဲတွင် စိတ်ပါဝင်စားဟန်နှင့် နားထောင်နေသော မိ၏မျက်နှာလေးကို ငေးစိုက်ကာ "တယ် အဖိုးတန်တဲ့ မိန်းကလေးပဲ" ဟု မိအား ချီးကျူးစိတ်ဖြင့်

www.burmeseclassic.com


ရင်ထဲ အပြည့်သိပ်နေခဲ့သည်။

"အမှန်က နန်းရင်းဝန် ချာချီအလိုအရ တို့မြန်မာပြည် ကို လွတ်လပ်ရေးပေးချင်တဲ့စိတ် ဆိုလို့ နှမ်းစေ့လောက်တောင် မရှိဘူး သားရဲ့"

"ဟာ. . . ဒီချာချီဆိုတဲ့ လူကြီးက ကမ္ဘာကျော်ပြီး တခြား နေရာတွေမှာ အမြော်အမြင်ကြီးပေမယ့် ကျွန်တော်တို့ မြန်မာ တွေအပေါ် ထားရှိတဲ့ သူ့စိတ်ဓာတ်ဟာ သိပ်ကျဉ်းမြောင်းတာပဲ"

ကိုရန်နောင်က ကြားဖြတ်ဝင်ပြောလိုက်သည်။ ဦးဘကျော် သည် သားငယ်အား သဘောကျစွာ ပြုံးနေသည်။

"ခုနကစကား ဆက်ရဦးမယ် ဖေဖေ၊ ကျွန်တော်တို့ မျိုးချစ်တပ်မတော်အနေနဲ့ကလဲ လွတ်လပ်ရေးအတွက် ဒါလောက် အပင်ပန်းခံပြီး တိုက်လာလက်စနဲ့ ဘယ်အလျှော့ပေးနိုင်မလဲ ဖေဖေ၊ ကျွန်တော်တို့ သွေးချောင်းစီးခဲ့တာတွေဟာ အလကား မဟုတ်ဘူး၊ လွတ်လပ်ရေးကို အနုနဲ့ရရင်ရ၊ မရရင် တိုက်ယူရမှာပဲ၊ ကျွန်တော်တို့မှာ ကိုယ်ပိုင်စစ်တပ် ရှိနေပြီ၊ ချရင် အဆင်သင့်ပဲ ဒါကို အင်္ဂလိပ်က လန့်ဟန်တူတယ်"

လရောင်၏အေးမြခြင်းသည် ကိုသူရ၏ရင်ထဲသို့ ထိုးဖောက်ဝင်စွမ်းနိုင်ဟန် မတူ။ ကိုသူရ၏ နဖူးတွင် ချွေးများ သီးနေသည်။ လက်ကိုင်ပဝါထုတ်ကာ မကြာခဏသုတ်ပစ် နေသည်။

"ဗိုလ်ချုပ်နောက်မှာလဲ လူထုတစ်ရပ်လုံးက ရှိတယ်၊ အဲဒီလူက လုံးဝလွတ်လပ်ရေးကို ချက်ချင်း လိုချင်တယ်၊ ဒါပေမဲ့ အင်္ဂလိပ်ကလဲ လွတ်လပ်ရေးကို ချောချောမောမော မပေး

www.burmeseclassic.com


ချင်ဘူး၊ ဗိုလ်ချုပ်မှာ အကျပ်ရိုက်ခဲ့ရှာတယ်၊ လွတ်လပ်ရေးကို တိုက်ယူတာတော့ ဟုတ်ပါပြီ၊ ဒါလောက် ကြီးမားတဲ့ အင်္ဂလိပ် အင်အားကို မြန်မာတွေအနေနဲ့ တိုက်နိုင်ပါ့မလား၊ လေတပ်၊ ရေတပ်၊ ဟုတ်တိပတ်တိ မရှိဘဲ မြန်မာ့တပ်မတော်ရဲ့ အင်အားဟာ စုစုပေါင်းမှ တစ်သောင်းကျော်လောက်ပဲရှိတာ အောင်မြင်ပါ့မလားလို့ ဘုရင်ခံ ဒေါ်မန်စမစ်က မေးတော့ ဗိုလ်ချုပ်အောင်ဆန်းဟာ တစ်သက်မှာ စိတ်မထိခိုက်စဖူး ထိခိုက်ခဲ့တယ်"

"အောင်မာ ဒါတော့ အင်္ဂလိပ်တွေက လူလည်လုပ်တာပါ အစ်ကိုကြီးရာ၊ မြန်မာပြည်မှာ အင်အားကြီးမားပြီး အင်မတန်ဖွဲ့သတ္တိကောင်းတဲ့ ဂျပန်တွေကိုတောင် ကျွန်တော်တို့ ခံချခဲ့သေးတာပဲ၊ ကျွန်တော်တို့ ခုခံရတဲ့ ဗိုလ်မှူးကျော်ဇော တာဝန်ကျတဲ့ တိုင်း ၄ တိုင်းမှာ စတိုက်တဲ့အချိန်က ဂျပန်လက်နက်ချတဲ့ ဩဂုတ်လအချိန်အထိ တိုက်ပွဲပေါင်း ၃၂၄ ပွဲ တိုက်ရပြီး၊ ရန်သူပေါင်း ၂၂၇၄ ယောက် ကျဆုံးတယ်၊ ၁၁၈၄ ယောက်က ဒဏ်ရာရရှိတယ်၊ ဒါတွေကို သူတို့မသိဘူးလား၊ ကျွန်တော်တို့က သူတို့ကို ခံမချနိုင်ဘူး ထင်သလား"

ကိုရန်နောင်သည် ဒေါ်နှင့်ကြမ်းကို လက်ဝါးနှင့်ပုတ်လိုက်သည်။ ဦးဘကျော်သည် ကိုရန်နောင်ဘက်သို့ လှည့်၍. .

"သေသေချာချာ စဉ်းစားလိုက်ပြန်တော့လဲ ဒေါ်မန်စမစ် ပြောတာ မဆိုးဘူးကွ၊ ဂျပန်တိုက်တုန်းကလဲ တို့မြန်မာပြည်မှာ သွေးချောင်းစီးခဲ့တယ် မဟုတ်လား၊ ခု နောက်တစ်ခါ သွေးချောင်းစီးရဦးမယ်ဆိုတာ. . ."

www.burmeseclassic.com


"စီးရပါစေပေါ့ ဖေဖေ၊ သူများကျွန် ဖြစ်ရမယ့်အတူတူတော့ သေရတာက မြတ်ဦးမယ်၊ ဒီအတိုင်းသာဆို ကျွန်တော်တို့ ဂျပန်ကိုတိုက်ခဲ့တာ အလကားပေါ့၊ ကျွန်တော်တို့တော့ မနေဘူး၊ လွတ်လပ်ရေးမရမချင်း တိုက်မှာပဲ"

ကိုရန်နောင်သည် ပြောရင်း မျက်ရည်များ ဝဲလာသည်။ ကိုရန်နောင်မှာ စိတ်လှုပ်ရှားစရာရှိလျှင် အလွန်လှုပ်ရှားတတ်သောလူငယ်ဖြစ်သည်။

"သားတို့ရယ်. . . သားတို့မှာ နားရတဲ့အချိန်မှ ရှိပါသေးရဲ့လားကွယ်"

ဒေါ်နှင်းမှာ စိတ်မကောင်းစွာ ဝင်ပြောသည်။ ဒေါ်အေးခင်သည် စကားဝိုင်းတွင် တစ်ခွန်းတစ်ပါဒမျှ ဝင်မပြောဘဲ ငိုက်မြည်းနေသည်။ ထွေးမှာ စိတ်မပါ့တပါနှင့် သမ်းနေသည်။ မိသာလျှင် စိတ်အားတက်ကြွစွာ နားထောင်နေသည်။

"နေပါဦးကွာ. . . ငါပြောပြပါဦးမယ်၊ မင်းကလဲ တယ်လောကြီးတာကိုး၊ ဒီလိုနဲ့ အင်္ဂလိပ်က ကျွန်တော်တို့ မျိုးချစ်တပ်မတော်ကို ဖျက်သိမ်းဖို့ စီစဉ်တယ် ဖေဖေ၊ ဒါကို ဖျက်သိမ်းပြီး Regular Burma Army (အမြဲတမ်း မြန်မာ့တပ်မတော်) ဖွဲ့စည်းဖို့ စီစဉ်တယ်၊ ပြီးတော့ ဗိုလ်ချုပ်အောင်ဆန်းကို အင်မတန်သွားရည်ကျစရာကောင်းတဲ့ ဘရီးဂေးဒီးယား ရာထူးကို အင်္ဂလိပ်တွေက ပေးအပ်တယ်၊ ဒါပေမဲ့ ဗိုလ်ချုပ်က မလက်ခံဘူး၊ ၁၉၄၅ ခု၊ စက်တင်ဘာလမှာ သီဟိုဠ် (သီရိလင်္ကာ) ကျွန်း၊ ကန္ဒီမြို့မှာ အရှေ့အာရှတောင်ပိုင်း မဟာမိတ်တပ်ပေါင်း ဗိုလ်ချုပ်မောင့်ဘတ်တန်က ဗိုလ်ချုပ်အောင်ဆန်းကို ခေါ်

www.burmeseclassic.com


မြန်မာ့ မျိုးချစ်တပ်မတော် ဖျက်သိမ်းကြောင်း ကန္ဒီစာချုပ်အရ ကြေညာတယ်၊ စင်စစ်မတော့ ကျွန်တော်တို့ တပ်မတော်ကို အမျိုးသားစိတ် ကင်းမဲ့လေအောင် ကန္ဒီစာချုပ်အရ ဖန်တီးလိုက်တာပဲ”

ကိုရန်နောင်မှာ မြန်မာ့တပ်မတော်သည် သမိုင်းအရ၊ အဆင့်ဆင့်ပြောင်းလဲလာပုံကို ရင်နာစွာ တွေးနေမိသည်။

ဘီအိုင်အေခေါ် မြန်မာ့လွတ်လပ်ရေးတပ်မတော်. .

ဘီဒီအေခေါ် မြန်မာ့ကာကွယ်ရေးတပ်မတော်. . .

မြန်မာ့မျိုးချစ်တပ်မတော် သို့မဟုတ် အမျိုးသား တပ်မတော်. . .

ဗြိတိသျှ၏ အမြဲတမ်း တပ်မတော်. . .

မျိုးချစ်စိတ်နှင့် အရင်းတည်ကာ ဖွဲ့စည်းတည်ထောင်ပြီး မြန်မာ့တပ်မတော်ကို အင်္ဂလိပ်နယ်ချဲ့ကာ မြွေစွယ်ချိုးသကဲ့သို့ လုပ်လိုက်သဖြင့် ရင်ထဲတွင် ကြေကွဲမိသည်။

*

မိုးရာသီသည် မကုန်တတ်သေး။

မိုးတဖွဲဖွဲနှင့် စိမ့်အေးသော ရာသီမျိုးမှာ အိပ်ရာထဲတွင် ဇိမ်နှင့် ကွေးနေရမည့်ဘဝကို မည်သူမတောင်းတဘဲ ရှိသနည်း။

သည်ဘဝမျိုးကို မိသည် မတောင်းတဘဲရသော်လည်း သူ့ဘဝကိုသူ စက်ဆုတ်မိသည်။ လောကကြီးတွင် ရိုးရိုးနေခြင်း၊ ရိုးရိုးသေခြင်းသည် အချည်းနှီးသာတည်း။

www.burmeseclassic.com


ထွေးတစ်ယောက်တည်း သူ့ခုတင်ဘေးမှာ စားပွဲခုံတစ်ခုပေါ်တွင် စာကုန်းရေးနေသည်။ ထွေးသည် ကြီးပြင်းလာသောအခါ စာရေးဆရာမကြီး တစ်ယောက်ဖြစ်လိုသောသူ ဖြစ်ရာ သူ့ရင်ထဲတွင် ရည်မှန်းချက်များနှင့် ပြည့်ဝနေသည်။

ကိုသူရနှင့် ကိုရန်နောင်တို့သည် မိုးသဲကြီးမဲကြီး ရွာသည့် အထဲကပင်လျှင် အပြင်သို့ ထွက်တတ်သည်။ မြန်မာပြည် လွတ်လပ်ရေး၏ မှတ်တိုင်တစ်ခုဖြစ်သော "နေသူရိန်" ပြည်လုံးကျွတ် လူထုစည်းဝေးပွဲကြီး ရှိကတည်းက အိမ်၌ မြဲမနေတတ်ပေ။ နေသူရိန်စည်းဝေးပွဲကို ၁၉၄၅ ခု၊ ဩဂုတ်လက ကျင်းပခဲ့သည်။ နေသူရိန်၏ အဓိကရည်ရွယ်ချက်မှာ "အားလုံးညီညွတ်ရေး" ဖြစ်သည်။ "ညီညွတ်ရေး" သည် နယ်ချဲ့ကို ခံတိုက်ရန် လက်နက်ကောင်းတစ်ခု မဟုတ်ပါလော။

တစ်ည. . .

အောက်ဆွဲဓာတ်မီးသည် ကိုသူရအိပ်ခန်း၌ လင်းနေသည်။ ဦးဘကျော်သည် ဆေးပြင်းလိပ်တိုကို ပါးစပ်တွင် တပ်ကာအိမ်ရှေ့ခန်းတွင် လက်နောက်ပစ်၍ ခေါက်တုံ့ခေါက် ပြန်လျှောက်နေသည်။

ကိုရန်နောင်သည် ကုလားထိုင်ပေါ်တွင် ခေါင်းကိုနောက်ပစ်မှီထိုင်ကာ စာအုပ်တစ်အုပ်ကို မလွှတ်တမ်းဖတ်နေသည်။ စာအုပ်မှာ ပါးလ်ဘတ်ရေး၍ ဒဂုန်ခင်ခင်လေး ဘာသာပြန်ထားသော "မြေပဒေသာဝတ္ထု" ဖြစ်သည်။

ကိုသူရသည် ကုလားထိုင် လက်ရန်းကို လက်ထောက်မှီကာ တွေးနေသည်။ ကိုသူရကား အသက် ၂၅ နှစ်ကျော်ခဲ့လေ

www.burmeseclassic.com


ပြီ။ စစ်မဖြစ်ခင် ၁၀တန်းအောင်ပြီးနောက် ဆရာဖြစ်ကောလိပ်သို့ ရောက်သည့်နှစ်မှာပင် နိုင်ငံရေးအတွက် ပညာရေးကို စွန့်လွှတ်ခဲ့ရသည်။ သူ ပြောခဲ့သလို မြန်မာနိုင်ငံ သမိုင်း အနည်မထိုင်သေးသရွေ့ သူ့ဘဝသည်လည်း အနည်ထိုင်ဦးမည် မဟုတ်ပေ။

မိနှင့် ထွေးတို့သည် ဧည့်ခန်းထောင့် ကြမ်းပြင်ပေါ်တွင် ထိုင်ကာ သိုးမွှေးကိုယ်စီ ထိုးနေကြသည်။ ဟိုတုန်းကဆိုလျှင် သူတို့လေးတွေသည် လူမမယ်ကလေးများ အရွယ် အရုပ်နှင့် ကစားကြတုန်း ဖြစ်သည်။ ယခုမူကား သူတို့လည်း အသက် ၁၇ နှစ် အရွယ်ရောက်ကာ အပျိုကြီးဖားဖား လူးလားမြောက်ခဲ့ကြပေပြီ။

"ဖေဖေ"

ဦးဘကျော်သည် ကိုသူရ လှမ်းခေါ်လိုက်သံကြောင့် ခြေလှမ်းများရပ်ကာ ကိုသူရရှိရာသို့ လှည့်လာသည်။

"ကျွန်တော်တို့ မျိုးချစ်တပ်မတော် ဖျက်သိမ်းပြီးတဲ့ နောက် ဗိုလ်ချုပ်က ရာထူးလည်း လက်မခံဘဲ တပ်ထဲကနေ ထွက်လိုက်တယ်၊ ပြီးတော့ မြန်မာတွေအနေနဲ့ သီးခြား "ပြည်သူ့ရဲဘော်" တပ်ဖွဲ့ဖွဲ့တယ်၊ P.V.O (People Volunteers Oragnizationf) ပေါ့ဖေဖေ"

ဦးဘကျော်သည် ကိုသူရနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

"ကျွန်တော်တို့ အားလုံးလိုလိုပဲ ဗိုလ်ချုပ်နောက်လိုက် ပြီး တပ်ထဲက ထွက်ဖို့အသင့်ပဲ ဖေဖေ၊ ဘယ်သူမှ အင်္ဂလိပ်က ဖွဲ့ပေးတဲ့ အမြဲတမ်း မြန်မာ့တပ်မတော်ကို ဝင်လိုမှာ မဟုတ်

www.burmeseclassic.com


ဘူး၊ ကျွန်တော်တို့ စစ်တပ်ထဲမှာ အမှုထမ်းကြတာဟာ ထမင်းစားဖို့ သားမယားကျွေးဖို့ မဟုတ်ဘူး၊ ဂျပန်ခေတ် တစ်လျှောက်လုံးကလဲ ကျွန်တော်တို့ ဆင်းရဲခဲ့ပါတယ်၊ ငတ်ပြတ်ခဲ့ပါတယ်၊ ဒီတုန်းက ကျွန်တော်တို့ဟာ ကြေးတန်းစား စစ်သား မဟုတ်ပါဘူး”

“ဒါတွေကို ဖေဖေသိပါတယ်လေ၊ မင်းတို့ဟာ ရတဲ့နည်းနဲ့ လွတ်လပ်ရေးကို ယူကြရတော့မယ်၊ စက္ကူဖြူစာတမ်းဟာလဲ အင်မတန် ကောက်ကျစ်စဉ်းလဲတာကို မင်းတို့ တွေ့ရပြီ၊ ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ အုပ်ချုပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃၉ အတိုင်း မြန်မာတွေကို ကျွန်ခေတ်ပြန်သွင်းတဲ့ အပြင် မြန်မာပြည်ရဲ့ ကံကြမ္မာကို စဉ်းစားတော့ တောင်တန်းသားတွေ မပါ၊ တောင်းတန်းသားတွေဟာ သူတို့သဘောအတိုင်း ဆုံးဖြတ်ပါစေဆိုပြီး တို့များ တစ်ရေတည်းသောက်၊ တစ်မြေတည်းနေတဲ့ ငါတို့ သွေးရင်းသားရင်းတွေကိုလဲ သွေးခွဲထားတယ်ကွ”

“ဒါကြောင့်ပေါ့ ဖေဖေ၊ ကျွန်တော်တို့ဟာ လွတ်လပ်ရေးကို မရရတဲ့နည်းနဲ့ တိုက်ယူရတော့မယ်”

ကိုသူရ၏အသံသည် အလွန်ပင် ပြတ်သားလေသည်။ မိဇ၏နားထဲသို့ တစ်လုံးစီ ဝင်ရောက်သွားတော့သည်။ ကိုရန်နောင်သည် လက်ကြားညှပ်ထားသော စာအုပ်ကို စားပွဲပေါ် တင်ကာ. .

“ဖေဖေ အမှန်က ကျွန်တော်တို့ဟာ အင်္ဂလိပ်တွေဖွဲ့တဲ့တပ်ထဲကို မဝင်ချင်ပါဘူး၊ ဒါပေမဲ့. . .” ဟု ဖခင်နှင့်အစ်ကိုကြားဝင်၍ ပြောလိုက်သည်။ “ဟုတ်ပါတယ် ဖေဖေ၊ ရန်နောင် ပြောသလိုပဲ ဘယ်သူမှ အင်္ဂလိပ်တပ်ထဲ မဝင်ချင်ကြ

www.burmeseclassic.com


ဘူး၊ အင်္ဂလိပ်တွေက ကျွန်တော်တို့ မျိုးချစ်တပ်မတော် ဖျက်သိမ်းလိုက်စဉ်က လက်နက်တွေအားလုံး သိမ်းယူလိုက်တယ်”

“ဟာ. . . ဒီလိုဆိုရင် မင်းတို့မှာ လက်နက် မရှိတော့ဘူးပေါ့”

ဦးဘကျော်က စိုးရိမ်ပူပန်စွာ ဖြတ်မေးလိုက်သည်။ ကိုသူရမှာ လျှို့ဝှက်သော အပြုံးမျိုးဖြင့် ပြုံးလိုက်သည်။

“ကျွန်တော့်စကား မဆုံးသေးဘူး ဖေဖေ၊ သူတို့တောင်းတဲ့အတိုင်း ကျွန်တော်တို့ လက်နက်အကုန်မအပ်ဘူး၊ တချို့ ကိုဝှက်ထားတယ်”

ကိုသူရ၏အသံသည် တိုးလွန်းသဖြင့် ဦးဘကျော်မှာ အတော် နားထောင်နေရသည်။

“နောက်ပြီး ဗိုလ်ချုပ်ရဲ့ ညွှန်ကြားချက်အရ ကျွန်တော်တို့က အမြဲတမ်း မြန်မာ့တပ်မတော်ထဲဝင်ရမယ်၊ ဒါမှ ကျွန်တော်တို့. . .”

ကိုရန်နောင်သည် စကားဆက်ရန် စဉ်းစား၍ မရသ ဖြင့် တစ်ပိုင်းတစ်စ ဖြတ်ထားလိုက်သည်။

“အေး. . . ဒီလိုဖြစ်စေရမယ်၊ အင်္ဂလိပ်ဖွဲ့ပေးထားတဲ့ တပ်မှာ သူတို့ တပ်ဆင်ပေးထားတဲ့ လက်နက်ဟာ သူတို့ကို ပြန်တိုက်ဖို့ ဖြစ်လာရမှာပေါ့”

ကိုရန်နောင်သည် ဦးဘကျော်၏ မျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်သည်။ ဦးဘကျော်သည် သူတို့ထင်တာထက် လျင်မြန် ပါးနပ်ပေသည်။

“ဟုတ်တယ် ဖေဖေ၊ ဒီရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ အမြဲတမ်း မြန်မာ့တပ်မတော်ကို ဝင်ရမယ်၊ သူတို့ကတော့

www.burmeseclassic.com


ကျွန်တော်တို့ ရာထူးနဲ့ မှိန်းသွားအောင် လခအများကြီးပေးမယ်၊ ကြီးစဉ်ငယ်လိုက် အရှိအသေ အလွန်ပေးရတဲ့ ဗျူရိုကရက်စနစ်ကို သွင်းပေးမယ်၊ ဒါကို ကျွန်တော်တို့ သတိထားရမယ်”

ကိုသူရ ပြောသည်များကို ဦးဘကျော်သည် ခေါင်းတညိတ်ညိတ် နားထောင်းရင်း. . .

“မင်းတို့ ဒီလို အမြဲတမ်း မြန်မာ့တပ်မတော်ထဲကို ဝင်မှာ အရေအတွက် ဘယ်လောက်ရှိသလဲ သိလား”

“၄၀၀၀ (လေးထောင်) လောက်ရှိမယ် ဖေဖေ”

“ဒီလိုဆိုရင် ပြည်သူ့ရဲဘော်က ၆၀၀၀(ခြောက်ထောင်) လောက်ရှိမယ်ပေါ့”

“ဟုတ်တယ် ဖေဖေ၊ မြန်မာ့တပ်မတော်ရဲ့ အင်အားကို ဖေဖေ မှတ်မိသားပဲ”

ဦးဘကျော်သည် ပြုံး၍ ဆေးပြင်းလိပ်တိုကို ဆေးလိပ်ခွက်ထဲသို့ ထိုးချေကာ ထားလိုက်သည်။ ကိုရန်နောင်သည် ဆေးလိပ်ထည့်ရာ ယွန်းခွက်မှ ဆေးပေါ့လိပ် တစ်လိပ်ကို နှိုက်ယူကာ မီးညှိသောက်လိုက်သည်။ ဆေးလိပ်ကို စမ်းတဝါးဝါးနှင့် ဖွာနေသည်။ ရှိုက်သည့်အခါ၌ တဟွတ်ဟွတ်နှင့် သီးသွားသည်။

“မသောက်တတ်ရင်လဲ အကျင့်မလုပ်ပါနဲ့ ရန်နောင်ရာ”

ကိုရန်နောင်သည် ဆေးပေါ့လိပ်ကို ပြန်ချကာ. . .

“ကျွန်တော်တို့က နိုင်ငံရေးဆိုလို့ ဘာမှမသိဘူး၊ တိုင်းပြည်အတွက်ဆိုရင် လာခဲ့၊ ရှေ့ဆုံးက အသက်နဲ့လဲမယ်ပဲ ဖေဖေ၊ ဒါကြောင့် ကျွန်တော်တို့က စစ်သင်တန်းတွေနဲ့ ကင်းကွာ မနေသင့်ဘူး၊ အရေးကြုံရင် တိုင်းပြည်အတွက် အဆင်သင့်

www.burmeseclassic.com


ရှိနေရမယ်၊ ဒီတော့ ကျွန်တော်တို့ တပ်ထဲဝင်တာ မမှားပါဘူး နော်ဖေဖေ” ဟု ဦးဘကျော်၏ အကြံဉာဏ်ကို တောင်းလိုက်သည်။

“ဒီမယ် သား၊ မင်းတို့ဟာ မြန်မာပြည်အတွက် အမြဲတမ်း အနစ်နာခံပါ့မယ်ဆိုတဲ့ အမြုတေစိတ်သာဝမ်းထဲထား၊ မင်းတို့ ဘယ်နေရာမှာနေနေ မမှားဘူး”

“တိုင်းပြည်အကျိုးအတွက် ဆောင်ရွက်ရာမှာ နှစ်မျိုးရှိ တယ်၊ လူထုကို စည်းရုံး၊ တရားဟော၊ လူထုခေါင်းဆောင် နာမည်ခံပြီး ဆောင်ရွက်တာက တစ်မျိုး၊ ခု ကျွန်တော်တို့လို ချွေးရော သွေးရော ရင်းနှီးပြီး ဆောင်ရွက်တာက တစ်မျိုး၊ နှစ်မျိုးရှိတယ်၊ ဥပမာ ဗိုလ်ချုပ်အောင်ဆန်းကတော့ ၂မျိုးလုံး နည်းနဲ့ ဆောင်ရွက်နိုင်စွမ်းရှိတယ်၊ ကျွန်တော်တို့ကတော့ နိုင်ငံရေး သဘောတရားများ မကျွမ်းကျင်တော့ ဒုတိယနည်းနဲ့ ပဲ တိုင်းပြည်အကျိုးကို ဆောင်ရွက်ရမှာပဲ”

ကိုသူရသည် ခပ်လေးလေး ဝင်ပြောလိုက်သည်။

“အင်း. . . ကျွန်တော်တို့ဟာ စစ်သားဘဝနဲ့ မွေးလာပြီး စစ်သားဘဝနဲ့ အရိုးထုတ်ရတော့မယ် ထင်ပါရဲ့”

“အို”

ကိုရန်နောင်၏ ပြောစကားကြောင့် ဦးဘကျော်၏ ရင်ထဲတွင် သားငယ်အပေါ်၌ ကရုဏာရေအလျှဉ် တသွင်သွင် စီးမိတော့သည်။

မိမှာလည်း ရင်ထဲ၌ နင့်သွားကာ ကိုရန်နောင်အား လှမ်းကြည့်လိုက်သည်။

*

www.burmeseclassic.com


ကိုသူရ၏ ဒိုင်ယာရီစာအုပ် ငယ်ကလေးကို တစ်ရွက်ပြီး တစ်ရွက် လှန်လှော၊ကြည့်ရှုသောအခါ၌ အချိန်များသည် တစ်ရှိန်ထိုး ကုန်ဆင်းလာခဲ့သည်ကို မိသည် သတိထားမိလာခဲ့ပေသည်။

ရထားကြီးသည် တရွေ့ရွေ့ ခုတ်မောင်းလာခဲ့သလို အချိန်သည်လည်း တဖြည်းဖြည်း ကုန်မှန်းမသိ ကုန်ခဲ့သည်။

၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့။

ဒီနေ့ မြန်မာပြည်ကို အင်္ဂလိပ်တို့ တိုက်ရိုက် အုပ်ချုပ်ရန် ဘုရင်ခံ ဒေါ်မန်စမစ် ရောက်ခဲ့သည်။

ကျုပ်တို့ ဂျပန်ကို ကြိုးစားပမ်းစား တိုက်လေသမျှ သဲရေကျရပြီဟု စိတ်ထိခိုက်မိသည်။

ကျုပ်တို့မြန်မာပြည် မလွတ်လပ်သေးဟူသော အသိ သည် ကျုပ်အား အမြဲတမ်း ထမင်းလုံးတစ္ဆေ ခြောက်လှန့်နေ ခဲ့ပေသည်။ ကျုပ်နေရတာ စိတ်မဖြောင့်ပါတကား။

မိသည် ကိုသူရ၏ ဒိုင်ယာရီစာရွက် တစ်နေရာကို ကြည့်ကာ ရင်ထဲမောနေမိသည်။ စာရွက်များကို တဖျတ်ဖျတ်ကျော်ကာ လှန်နေမိသည်။ တချို့နေရာများတွင် ရေးမထားဘဲ ကွက်လပ်များ ဖြစ်နေသည်။

မိသည် ၁၉၄၅ ခုနှစ်အတွက် ဒိုင်ယာရီစာအုပ်ကို ဖတ်၍ ကုန်သွားသည့်အခါ ဗီရိုအောက်ဆင့်ထဲသို့ ထည့်လိုက်ကာ နောက်တစ်အုပ် ဆွဲယူဖတ်ပြန်သည်။

www.burmeseclassic.com


၁၉၄၆ ခုနှစ်၊ ဖွန်လ ၁၄ ရက်နေ့။

ဘုရင်ခံ ဒေါ်မန်စမစ်ကို ဘိလပ်မှ ပြန်ခေါ်သဖြင့် ပြန်သွားရသည်။

သူ့ကို ကျုပ်တို့ အစက မုန်းခဲ့သည်။ နောက်မှ သူသည် အိုင်းရစ်အနွယ်ဝင်ပီပီ ကျုပ်တို့လူမျိုးအပေါ် ရိုင်းပင်းလိုစိတ်ရှိကြောင်း သိရတော့ ကျုပ် သူ့ကိုခင်လာသည်။ အင်္ဂလိပ်အစိုးရကို ကျုပ်တို့ မြန်မာပြည်အတွက် အနည်းဆုံး ဒိုမီနီယံ အုပ်ချုပ်ရေးအဆင့်ရအောင် အတိုက်ခံ ပြောပေးသူအနေနှင့် သူ့ကို ကျုပ် လေးစားပါသည်။

ဇူလိုင် ၃၁ ရက်နေ့။

ဘုရင်ခံသစ် ဆာဟူးဗတ်ရန့်(စ်) ရောက်လာသည်။

ကျုပ်တို့ လွတ်လပ်ရေးရရန်ကား အကန့်အသတ်မရှိသေး။

မိသည် ဗီရိုကိုဖွင့်လျက် တန်းလန်းထားကာ ဒူးထောက်နေရာမှ ညောင်းလာသဖြင့် ကြမ်းပြင်ပေါ်သို့ ထိုင်ချလိုက်သည်။ ဗီရိုအောက်ဆုံးဆင့်တွင် ရှိသော ကိုသူရ၏ မှတ်စုစာအုပ်များကို မွှေနှောက်မိသည်။

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့။

ဗိုလ်ချုပ်တို့လွတ်လပ်ရေးအတွက် အရေးဆိုရန် အင်္ဂလန် သို့ သွားသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ သခင်မြ၊ ဦးတင်ထွတ်နှင့် ဦးစောတို့ ပါသွားသည်။

www.burmeseclassic.com


ဇန်နဝါရီလ ၂၇ ရက်နေ့။

ဗိုလ်ချုပ်တို့ အက်တလီနှင့် လက်မှတ်ရေးထိုးသည်။ အခြေအနေ အလွန်ကောင်းသည်ဟု ဆိုရပေမည်။ ကျုပ် တို့ လွတ်လပ်ရန် လမ်းစပေါ်ပြီ။ အောင်ဆန်း-အက်တလီ စာချုပ်အရတိုင်းပြည်ပြု လွှတ်တော်ကို အမြန်ဆုံးခေါ်ယူပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲ၍ မြန်မာပြည်ကို လုံးဝလွတ်လပ်ရေးပေးရန် ဆုံးဖြတ်လိုက်သည်။

ပင်လုံအစည်းအဝေးကို ရှမ်းပြည်တွင် ကျင်းပ၍ ပြည်နယ်သားတွေ၏ စည်းရုံးညီညွတ်မှုကို ပြသည်။ ပြည်နယ်သားများသည် မြန်မာ့ပြည်ထောင်စုထဲတွင် ကိုယ်ပိုင် အုပ်ချုပ်ရေးဖြင့် ဝင်ရောက်ကြမည်။

ပြည်နယ်သားအားလုံး၏ ညီညွတ်ရေးသည် ကျုပ်တို့၏ အဓိကလက်နက်ပင် မဟုတ်ပါလား။

ဤသို့ လွတ်လပ်ရေးကို အသာတကြည်ပေးရန် ဆုံးဖြတ်ခြင်းသည် ကျုပ်တို့ကို သနားလို့ ဟုတ်ဟန်မတူ၊ မပေးရင် ကျုပ်တို့က သူတို့အား တိုက်တော့မည်ဆိုတာကို သိသည်။ သူတို့မှာလည်း စစ်ဒဏ်ကြောင့် ကျုပ်တို့အား နှိမ်နင်းရန် ဘဏ္ဍာရေးက မဖူလုံ၊ စစ်ကြောင့် သူတို့မှာ မောနေပေပြီ။ ဒီလိုအခါမျိုးမှာ ကျုပ်တို့ မြန်မာပြည်သည် ကံအားလျော်စွာ အိန္ဒိယတိုင်းပြည်ကြီးထက် စော၍ လွတ်လပ်ရေး ရခဲ့သည်။ မဟုတ်မခံတတ်သော ကျုပ်တို့၏ သတ္တိကိုလည်း သိရှိနားလည်ဟန် တူသည်။

www.burmeseclassic.com


ကျုပ် ဝမ်းသာသည်။ လွတ်လပ်သော မြန်မာပြည်တွင် ကျုပ်တို့အနားယူကာ အေးအေးဆေးဆေး ပညာသင်ကြား ခွင့်ရတော့မည်။

ဇူလိုင်လ ၁၉ ရက်နေ့။

နံနက် ၁၁နာရီခွဲ၊ အတွင်းဝန်များရုံးတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အပေါင်းပါတို့သည် လုပ်ကြံခံရသည်။

ဇူလိုင်လ ၂၀ ရက်နေ့။

ခုနေခါ ကျုပ် သေလိုက်ချင်သည်။ ကျုပ်တို့ခေါင်းဆောင်ကြီးများအတွက် ဖြေဆည်လို့မရ။

ဩော် ဗိုလ်ချုပ်. . ကျွန်တော်တို့နှင့် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲကို အတူတူတိုက်ခဲ့ရသည့် ဗိုလ်ချုပ်၊ ကျွန်တော်နဲ့ အသက်ချင်းလဲလို့ရရင် လဲလိုက်ချင်ပါရဲ့၊ ကျွန်တော်တို့ကို အမြဲတမ်း လိမ္မာလာအောင် ဆုံးမဩဝါဒပေးခဲ့တာတွေကို ကျွန်တော် မေ့လို့မရပါဘူး။ ကျွန်တော် ဗိုလ်ချုပ်အတွက်. .

စာကြောင်းကို အဆုံးသတ်မထားပေ။ သည်နေရာတွင် ကိုသူရသည် မျက်ရည်ပေါက်ကြီးငယ်ကျကာ ရေးထားဟန်တူသည်။ မင်များသည် ပြန့်၍ စာလုံးများ ဝါးနေသည်။ မိသည် စာဖတ်ရင်း မျက်ရည်များစို့ကာ စာအုပ်ကို ချထား လိုက်သည်။

* * *

www.burmeseclassic.com


# (၂၁)

ဆောင်းလပြာသိုတွင် အအေးဓာတ်သည် ပို၍ ပြင်းထန်လာသည်။

ငွေနှင်းမြူများ ဆိုင်းကာ ချစ်စရာ ဝေလီဝေလင်း ဆောင်းလယ် နံနက်ခင်း၌ အားလုံး စောင်ကြားထဲတွင် ကွေးကာ အိပ်မောကျနေချိန်လည်း ဖြစ်သည်။

မိနှင့်ထွေးတို့သည် အမြောက်များ တဒိန်းဒိန်း ပစ်ခတ်သံကြောင့် အိပ်ရာမှ ဖျတ်ခနဲ နိုးကြသည်။

အချိန်ကား နံနက် ၄ နာရီ မိနစ် ၂၀။

"ထကြတော့ဟေ့. . . တို့မြန်မာပြည်ကြီး လွတ်ပြီ၊ ကျွတ်ပြီ၊ ကျွန်ဘဝက လွတ်မြောက်ပြီ"

ဦးဘကျော်၏ အသံသြကြီးကို ကြားနေရသည်။ အစောကြီးက နိုးနေဟန်တူသည်။

မိနှင့်ထွေးတို့သည် အိပ်ရာမှ လူးလဲထကာ အိမ်ရှေ့သို့ ပြေးထွက်လာကြသည်။ ဥသြမှုတ်သံများသည် ဆွဲဆွဲငင်ငင်နှင့် ရှည်လျားစွာ ထွက်ပေါ်လာသည်။ ဥသြမှုတ်သံများကြားထဲမှ အမြောက်သံ တဒိန်းဒိန်းကို တစ်ချက်တစ်ချက် ကြားနေရသည်။ အိမ်ရှေ့၌ နှင်းများ ဝေနေသည်။ မြောက်လေသည် အေးစက်လွန်း

www.burmeseclassic.com


ကာ အသည်းနှလုံးထဲသို့ စူးဝင်သွားသည်။

ထွေးသည် အိမ်ထဲသို့ ပြန်ပြေးဝင်ကာ စောင်တစ်ထည်ကို သူ့ကိုယ်ပေါ်တွင် လွှမ်းခြုံ၍ တစ်ထည်ကို မိအား လှမ်းပေးလိုက်သည်။ သူတို့နှစ်ယောက် စောင်ခြုံကြားထဲတွင် ခိုက်ခိုက်တုန်ဆဲပင်။

မြန်မာတို့၏ ပထမဦးဆုံး လွတ်လပ်ရေးသည် လှုပ်လှုပ်ရှားရှား ရှိလှသည်။ အိမ်တိုင်းစေ့မှ လူတိုင်းလိုလို နိုးကာ အိမ်တိုင်း အလံများ လွှင့်ထူထားကြသည်။

ထွေးတို့အိမ်ရှေ့မှ မြန်မာဆေးဆရာအိမ်ကမူ အလံကိုကြိုးနှင့်ဆွဲတင်ကာ "ကမ္ဘာမကြေ" သီချင်းကို အိမ်သားများ အကျအန သီဆိုနေကြသည်။ မှုန်မွှားသော အလင်းရောင်အောက်တွင် နီရဲသော အလံသည်လည်း တလူလူလွင့်နေသည်။ အပြာကွက်မှ ကြယ်ဖြူများကိုတော့ ထင်ထင်ရှားရှား မမြင်ရပေ။

မိသည် တွေးနေမိသည်။ လွတ်လပ်သည် ဆိုသည်မှာ နံနက်စောစော ထကာ အလံတော် အလေးပြုခြင်းမှလွဲလို့ ထူးခြားသော ဝိသေသများ ရှိသေးသလော။ လောလောဆယ်အားဖြင့်တော့ ကိုသူရနှင့် ကိုရန်နောင်တို့ လွတ်လပ်ရေးတိုက်ပွဲ မဝင်ရတော့သဖြင့် သူတို့၏ အသက်ရန်သည် တစ်ထစ်အေးပြီ ထင်သည်။ ကိုရန်နောင် ပြောသလို "စစ်သားဘဝနှင့် မွေးလာပြီး၊ စစ်သားဘဝနဲ့ အရိုးထုတ်တော့မယ်" ဆိုသည့် ဘဝမျိုးကလည်း ကင်းလွတ်တော့မည်။

ကိုသူရကတော့ စစ်တပ်ကို သံယောဇဉ်ငင်ကာ "လွတ်လပ်ရေး ရပြီးရင် လုပ်စရာတွေက ကျန်နေသေးတယ်၊ စစ်တပ်တွေ

www.burmeseclassic.com


အသစ်တိုးချဲ့ရမယ်၊ စစ်သင်တန်းတွေ ပေးရဦးမယ်၊ ချက်ချင်း တပ်က ထွက်ခဲ့လို့တော့မဖြစ်ဘူး”ဟု ဆို၏။ ဒေါ်နှင်းကမူ သားတွေအား စစ်တပ်မှ ထွက်စေကာ တစ်ပိုင်းတစ်စဖြစ်နေသော ပညာရေးကို ဆက်စေချင်သည်။

အိမ်အချို့၌ လျှပ်စစ်မီးရောင်စုံများသည် ပန်းကုံးများ သဖွယ် သွယ်တန်းကာ ပြိုးပြက်နေသည်။ ကောင်းကင်မှာ မိုးသားများ ကင်းစင်ကာ ကြည်နေသည်။ ခံ့ညားလှပသော သောကြာကြယ်ပွင့်သည် ကောင်းကင်တွင် ထင်းထင်းကြီး ဝင်းပလျက် နေသည်။

ဒေါ်နှင်းနှင့် ဒေါ်အေးခင်တို့သည် နောက်ဖေးချောင်၌ ကောက်ညှင်းထပေါင်းရင်း အလုပ်ရှုပ်နေကြရာမှ “လာကြ ဟေ့ ကောက်ညှင်းပေါင်း စားကြရအောင်”ဟု လှမ်းခေါ်လိုက် သည်။ ဒေါ်နှင်းက ဦးဘကျော်အတွက် အိမ်ရှေ့သို့ လင်ပန်း နှင့်ထည့်ကာ သယ်သွားသည်။ ထွေးနှင့်မိတို့က အိမ်နောက် ဖေး စားပွဲဝိုင်းတွင် ထိုင်ကာ စားသောက်ကြသည်။

အငွေ့တထောင်းထောင်းနှင့် ငချိပ်ကောက်ညှင်းပေါင်း မှာ မွှေးနေသည်။ ကောက်ညှင်းကို နှမ်းဆီမွှေးများဆမ်းကာ နှမ်း ထောင်းများ ဖြူးထားသည်။ မနေ့ညက ကြော်ထားသော ငါးခူကြော်ကို ဆီပူနှင့် ထပ်နွှေးထားသဖြင့် ကျွတ်နေသည်။

“လွတ်လပ်တဲ့နေ့မှာ ပထမဦးဆုံး စားရတဲ့ အစာပဲ၊ အလိုလေး. . . အရသာရှိပါပေ့”

ထွေးသည် ကောက်ညှင်းပေါင်းတစ်လုတ်ကို ပါးစပ် ထဲသို့ ပလုတ်ပလောင်းသွပ်၍ ငါးကြော်ကို ကျွတ်ခနဲ ကိုက် ဝါးရင်း

www.burmeseclassic.com


ပြောလိုက်သည်။

"ခုချိန် အိမ်တော်မှာ အင်္ဂလိပ်အလံဖြုတ်ပြီးတော့ မြန်မာ့အလံတင်ပြီးလောက် ရှိရောပေါ့နော်၊ ဘုရင်ခံလဲ ပြန်ရတော့မယ်"

မိသည် လက်ဖက်ရည်ကြမ်းကို ပန်းကန်ထဲသို့ ငှဲ့ထည့်ကာ ပြောလိုက်သည်။

"အံမယ်လေး. . . လွမ်းလိုက်ပါသေးတယ်ကွယ်လေ"

ထွေးသည် ရွှတ်ပျက်ပျက်နှင့် နှုပ်ညှစ်ဟန်ပြနေသည်။

"ဒီတစ်ခါ အင်္ဂလိပ်တွေပေးတာ လွတ်လပ်ရေးအစစ်လားဟင်"

"အို. . . မေမေကလဲ နားဝေးလိုက်တာ"

မိက ဒေါ်အေးခင်အား ဝင်ဟန့်လိုက်သည်။

"ငါ မသိလို့မေးတာပါဟဲ့၊ ဂျပန်ခေတ်တုန်းကလို အတုကြီးများလားလို့ပါ"

ဒေါ်အေးခင်သည် မိအား မျက်စောင်းချိတ်ကာ ဆောင့်ဆောင့်အောင့်အောင့်နှင့် ပြောလိုက်သည်။

"လွှတ်တော်တွေ ဘာတွေ ခေါ်ပြီး အကျအန လုပ်ထားတာ ဒေါ်လေးခင်ရဲ့၊ ဘုရင်ခံကလဲ အုပ်ချုပ်ရေးကို မြန်မာတွေလက်ထဲ လွှဲပြီးပြန်မှာ၊ ဒီတစ်ခါလာရတာဟာ အင်မတန် မွန်မြတ်တဲ့ လွတ်လပ်ရေးပေါ့ ဒေါ်လေးခင်ရဲ့"

ထွေးသည် တတ်သမျှ မှတ်သမျှနှင့် ဒေါ်အေးခင်အား ရှင်းပြနေသည်။ ဒေါ်အေးခင်သည် သနပ်ခါးဘဲကြား လိမ်းထားသော မျက်နှာတွင် နားမလည်သော အရိပ်အယောင်များ ထင်

www.burmeseclassic.com


ဟပ်နေသည်။ သူ့စိတ်ထဲ၌ "လွတ်တော်" ဆိုသော စကားအတွက် တယ်မရှင်းပေ။ သမီး မိက ဆူမှာစိုး၍ ဆက်မမေးတော့ဘဲ ခေါင်းအေးအေးထားလိုက်သည်။

"အေးပါကွယ်. . . ငါ့ ဈေးရောင်း ဈေးဝယ် အလုပ်ကလေး ကောင်းကောင်းလေး လုပ်ရရင် တော်ပါပြီကွယ်၊ နင်တို့ ပြောသလို မြန်မာပြည်လွတ်လပ်ပြီဆိုတော့ ကောင်းရောင်း ကောင်းဝယ် လုပ်စားသူတွေအဖို့ အကျိုးဆက်လေးတော့ ရှိဦးမှာပေါ့၊ ငါ့အနေနဲ့ မမနှင်းတို့ဆီမှာ တစ်သက်ပန်လုံး စားသောက် နေရတော့ မိမိနှင့်ထွေးထွေးကို ပညာသင်ဖို့ တာဝန်ယူချင်လို့ပါအေ"

*

နေပွင့်လာသောအခါ နှင်းထုကြီးသည် တစ်စတစ်စ ပြိုကွဲသွားလေသည်။ ဆူးလေဘုရားလမ်း၌ လူတွေကြိတ်ကြိတ်တိုး စည်ကားနေသည်။ မိတို့လာတာ နောက်ကျသဖြင့် လူအုပ်ကြားထဲ အတော်တိုးနေရသည်။ ဒေါ်အေးခင်က ရှေ့မှ ဦးဆောင်ပြီး လူတွေကို အတင်းဖယ်ကာ တိုး၍တိုး၍ သွားသည်။ စောစောက ခိုက်ခိုက်တုန် ချမ်းနေသော ထွေးနှင့်မိတို့သည် အိုက်၍ပင် လာတော့သည်။ လူကြားထဲ ရောက်နေသဖြင့် ဆွယ်တာများကို မချွတ်အား။

ဘင်သံနှင့် ခရာသံများကို နားထဲတွင် တဖွဲဖွဲ ကြားနေရသည်။ ကြည်း၊ ရေ၊ လေ မြန်မာ့တပ်မတော် စုံစုံညီညီ အသီးသီး ချီတက်လာကြသည်။ မိနှင့်ထွေးတို့သည် မမီမကမ်း

www.burmeseclassic.com


နှင့် ခြေဖျားထောက်ကာ မော်ကြည့်နေရသည်။ ရှမ်း၊ မြန်မာ၊ ကရင်၊ ချင်း၊ ကချင်၊ ပြည်ထောင်စု တပ်သားများကိုလည်း ညီညာစွာ ချီတက်လာသည်ကို တွေ့ရသည်။

"ဟော. . မိရေ တွေ့လား၊ တွေ့လား. . အစ်ကိုလေးရယ်"

အမြောက်တပ်ဆင်ထားသော တင့်ကားကြီးရှေ့မှ ဦးဆောင်သောတပ်ကို တွေ့ရသည်။ တင့်ကားဘီးများသည် တလိမ့်ချင်း လိမ့်၍လာသည်။ တင့်ကားပေါ်၌ ကိုရန်နောင်သည် မားမားမတ်မတ် ရပ်လာသည်ကို တွေ့ရသည်။

မိနှင့်ထွေးတို့သည် လက်ကိုင်ပဝါလေးများကို ဝှေ့ယမ်းကာ ပြနေသည်။ ထွေးသည် "ကိုလေးရေ" ဟု အသံထွက် ခေါ်ကာ ကလေးငယ်လို ခုန်နေသည်။ ဘေးမှလူများက ထွေးတို့အား ကြည့်နေကြသည်။

"တွေ့တယ်ဟေ့. . . ကိုလေးက မိတို့ကို တွေ့တယ် ကြည့်နေ. . . ကြည့်နေ"

ကိုရန်နောင်၏ အပြုံးရိပ်ကို တွေ့ရသည်။ ကိုရန်နောင်သည် တောက်ပသစ်လွင်သော စစ်ဝတ်စစ်စားနှင့် ခံ့ညားနေသည်။

မိုးပြာရောင်ဆွယ်တာ ဝတ်ထားသော မိနှင့် ပန်းရင့်ရောင်ဆွယ်တာ ဝတ်ထားသော ထွေးတို့ကို လူအုပ်ကြားထဲ တွင် ဝင်းပစွာ တွေ့လိုက်မိသည်။ လွတ်လပ်သော နံနက်ခင်း တွင် တောက်ပသစ်လွင်သော နှမငယ်များကို တွေ့ရသဖြင့် ရင်ထဲတွင် အေး၍သွားလေသည်။

မိတို့သည် တင့်ကားဆုံးသည်အထိ မျက်စိတဆုံး ငေး

www.burmeseclassic.com


မောကြည့်နေမိသည်။

"ဟော"

ညီညာစွာ ချီတက်နေသော တပ်တစ်တပ်၏ နောက်ဝယ် အုန်းခွံရောင် မြင်းစီးလာသူအား တွေ့လိုက်ရသည်။

"ကိုကြီး. . ဟော့. . ထွေးရေ ကိုကြီးကို တွေ့လား"

မိနှင့်ထွေးတို့သည် မြင်းစီး၍လာသော ကိုသူရအား လက်ကိုင်ပဝါများကို အားပါးတရ ဝှေ့ယမ်းပြလေသည်။ ကိုသူရသည် မိတို့အား မမြင်ဘဲ ရှေ့တည့်တည့်ကို မျှော်ကြည့်နေသည်။ ကိုသူရစီးလာသော အုန်းခွံရောင်မြင်းသည် ဂျပန်ခေတ်က သူစီးနေကျ မြင်းထက် ပို၍ ထွားကျိုင်းသည်။ အမွေးများ ပြောင်၍ တောက်ပနေသည်။

ကိုသူရ မိတို့အား မမြင်ဘဲကျော်သွားသဖြင့် မိ၏ ရင်ထဲတွင် ဟာနေသည်။

"အစ်ကိုကြီးတစ်ယောက်ကတော့ အုန်းခွံရောင်မြင်းနဲ့ကို ရေစက်ဆုံတယ်"

မိသည် ထွေး၏စကားကို ခွန်းတုံ့မပြန်ဘဲ နှုတ်ဆိတ်ကာ ငြိမ်နေသည်။ နောက်မှ တပ်များ ချီတက်လာသော်လည်း မိသည် မမြင်သလို ငေးနေသည်။ တော်လှန်ရေးနေ့က ကိုသူရသည် မြင်းကို ဒုန်းစိုင်းစီးသွားသည်ကို အမှတ်ရမိသည်။ မိ၏ နားထဲတွင် မြင်းခွာသံ တဖျောက်ဖျောက်ကို ကြားနေသည်။

* * *

www.burmeseclassic.com


# (၂၂)

၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ။

နှင်းရိပ်မြူမှုန်များသည် မကုန်သေးပေ။ ဆောင်းနှောင်းရာသီ၏ သာမောဖွယ် နံနက်ခင်းကို တက္ကသိုလ်၏ ပတ်ဝန်းကျင်တွင် တွေ့နိုင်ပေသည်။ နှင်းစက် ငွေ့ရည်များသည် လမ်းတွင် ပေါက်ရောက်နေသော တရုတ်စကားရွက်များ၊ ရေတမာပင်များတွင် တွဲလွဲခိုနေသည်။

ကတ္တရာစေး လမ်းနက်လေးများသည် နက်ပြောင်ကာ တောက်ပနေသည်။ ခံ့ညားသစ်လွင်သော ကားကြီးကားငယ် အသွယ်သွယ်တို့သည် လျှောခနဲလျှောခနဲ ဖြတ်သန်းသွားလာနေသည်။ အားလုံးသော အရာများသည် နှင်းရည်ပက်ဖျန်းသောကြောင့် ရွှန်းစိုတောက်ပနေသည်။

ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီးသာလျှင် ရေညှိများတက်ကာ မည်းနေသည်။ ဟောင်းနွမ်းအိုရင့်နေပြီဖြစ်သော ရဲတိုက်ကြီးနှင့်သာ တူနေပေတော့သည်။

မိသည် စာအုပ်များပိုက်ကာ တက္ကသိုလ်ရုံးခန်းမှ ထွက်လာ၍ ဂျပ်ဆင်(ယုဒသန်) ခန်းမဆောင်သို့ ဦးတည်လာနေသည်။

www.burmeseclassic.com


"မိမိ"

"ဟင်. . . ကိုလေး"

လမ်းဘေးနှစ်ဖက်တွင် အုတ်ခုံလေးများရှိသည်။ အုတ်ခုံလေး၏ တစ်ဖက်ဘေး မြေနေရာတွင် တရုတ်စကားပင်များသည် လှပစွာ ပေါက်ရောက်နေကြသည်။ ကျောင်းသားအချို့ အုတ်ခုံရောတွင် ထိုင်နေကြသည်။ မိသည် အုတ်ခံနေရာကို ကျော်ကာ ရပ်လိုက်သည်။ ကိုရန်နောင်သည် မိရှိရာသို့ ခြေလှမ်းကျဲကြီးများနှင့် လျှောက်လာသည်။

"တော်ပါသေးရဲ့ဟာ. . . ငါဖြင့် နင့်ကို တန်းတန်းမတ်မတ်မှ တွေ့ရပ့ါမလားလို့"

ကိုရန်နောင်သည် စစ်ဝတ်စစ်စားကို ဝတ်ထားသည်။ ပင်ပန်းခြင်းဒဏ်ကြောင့် သူ၏ မျက်နှာသည် နွမ်းနယ်နေ သည်။ အေးသောရာသီမှာပင် သူ၏ ကျယ်ပြန့်သော နဖူးတွင် ချွေးများ စို့နေသည်။

"မိ ကလပ်(စ်)တက်ချိန်မို့လို့ တွေ့တာ၊ နို့မဟုတ်ရင် မိက ဘင်တန်ဟောမှာ သွားစတဲချနေတတ်တာ၊ အဲလိုဆိုရင် ကိုလေး မိကို အရှာရခက်မှာ"

ကိုရန်နောင်သည် ဆွယ်တာအဝါရောင်လေးနှင့် ဝင်းပနေသော မိအား ငေးစိုက်နေသည်။

"နင် ဒီလိုအချိန်မှာ ကျောင်းတက်ဖို့ မကောင်းဘူး မိမိရာ"

"ကေ-အင်-ဒီ-အို အခြေအနေ အတော်ဆိုးသလား ကိုလေး"

www.burmeseclassic.com


"မပြောပါနဲ့တော့ဟာ. . . ရန်ကုန်ကို သိမ်းမလိုဖြစ်နေတယ်၊ နေ့လား ညလားမသိဘူး၊ အင်းစိန်မှာလဲ ကေ-အင်- ဒီ-အို လက်နက်ကိုင် ၂၅၀၀ကျော် ရောက်နေပြီ၊ သမိုင်း ၈ မိုင် လမ်းကနေပြီး ခုခံနေတဲ့ အစိုးရတပ်များကလဲ အခြေမခိုင် ဘူး၊ အင်အားနဲ့ ဖိတိုက်ရင် ရန်ကုန်ကို ထိုးဖောက်နိုင်မယ့် အခြေအနေရှိတယ်"

"ဒုက္ခပဲနော် ကိုလေးတို့ တိုက်ရဦးမှာပေါ့"

"တိုက်ရမှာပေါ့ဟာ၊ စစ်တိုက်ရမယ့် ဇာတာက မွေးကတည်းက ပါလာတာကိုး"

မိသည် စိတ်ထဲ၌ မကောင်းပေ။ စောစောက ဆောင်းနှောင်း၏ နံနက်ခင်းတွင် သာယာကြည်နူးနေသော စိတ်ဓာတ်ကလေးများသည် ကြက်ပျောက်ငှက်ပျောက် လွင့်ကုန်သည်။

"ထွေးကိုတောင် ကျောင်းမသွားခင်၊ အိမ်မှာတွေ့လို့ မသွားဖို့ တားလိုက်ရတယ်၊ ထွေးလဲ မနှစ်က မက်ထရစ်ကျတယ်ဆို"

"ဟုတ်တယ် ကိုလေး၊ မိတောင် ယူနီဗာစီတီကို တစ်ယောက်တည်း ခွဲပြီးကျောင်းတက်ရတာ စိတ်မကောင်းဘူး"

"ဒီလိုပေါ့ဟာ. . . လူဆိုတာ ဖြစ်ချင်တိုင်းလဲ မဖြစ်ရဘူး၊ မဖြစ်ချင်ပေမယ့် ကြုံဖန်ဖြစ်ရတာ"

"တိုင်းပြည်ကလဲ လွတ်လပ်ရေးရတာ ဘာမှမကြာသေးဘူးနော်၊ ဗရုတ်ဗရက်နဲ့ စိတ်ညစ်စရာကောင်းလိုက်တာ"

"အေး. . . နင်တို့က ပါးစပ်ကလေးနဲ့ စိတ်ညစ်ရုံညစ်ရတာ၊ ငါတို့မှာဖြင့် နေ့သေမလား၊ ညသေမလား မသိဘူး၊ ငါ

တို့ တပ်သားတွေလဲ ကျလိုက်တာ အတုံးအရုံးပဲ၊ ကေ-အင်-ဒီ-အို ဝင်စီးတဲ့ နယ်တွေမှာလဲ လူတွေ အတော် ဒုက္ခတွေ့တယ်၊ သေကြ၊ ကြေကြ၊ ပြေးရ လွှားရနဲ့ အိုးမဲ့အိမ်မဲ့ ဖြစ် ကုန်ပြီ”

မိသည် စကားမပြောနိုင်ဘဲ ငိုင်နေသည်။ ခုနေအခါ ကိုသူရ ဘယ်မှာရှိနေသည်ကိုလည်း တွေးနေမိသည်။ ယခုလို အရေးကြီးသော အချိန်မျိုး၌ ကိုသူရသည် မြေကြီးလက်ခတ် မလွဲ ရှေ့တန်းစစ်မျက်နှာမှာ ဝင်တိုက်နေမည် ဖြစ်သည်။ ကိုရန်နောင်ကိုတော့ လူကောင်းပကတိ တွေ့ရသဖြင့် ကိုသူရ အတွက် တစ်မျိုးတစ်ဖုံ တွေးကာ ပူရပြန်သည်။ ဘယ်ဝဋ်ကြွေမှာက ဖန်လာသည် မသိ။ သည်ညီအစ်ကိုနှစ်ယောက်သည် စစ်ဒုက္ခက လွတ်ပဲ မလွတ်နိုင်ဘဲ ရှိသည်။

ကျောင်းသူမိန်းကလေးတစ်သိုက်သည် မိတို့ရှိရာသို့ ဦးတည်လာသည်။ သူတို့သည် မိတို့ စကားရပ်ပြောနေသည်ကို အကဲခတ်ကာ တစ်ဦးကိုတစ်ဦး လက်တို့နေကြသည်။ သူတို့ တစ်သိုက်ထဲတွင် အသက်ခပ်ကြီးကြီး မိန်းကလေး တစ်ဦးက “ဟေး. . . မိမိ၊ ကလပ်(စ်) မတက်တော့ဘူးလားကွ” ဟု လှမ်းအော်ကာ ပြောင်တောင်တောင် မျက်နှာပေးနှင့် မိအား မျက်စပစ်လိုက်သည်။ ကိုရန်နောင်၏ စိတ်ထဲ၌ “ဒီကျောင်းသူလေးတွေရဲ့ ဘဝက တယ်အေးချမ်းတာပဲ၊ တိုင်းပြည်မှာ မီးခိုး တလူလူဖြစ်လဲ သူတို့ကို ဒီမီး မကူးဘူးဟ” သူတို့ဘဝကို အားကျသလိုလို ဖြစ်မိသည်။

“မိ မိတ်ဆွေတွေလေ ကိုလေး၊ ကိုလေးနဲ့ မိကို သူတို့

www.burmeseclassic.com


မောင်နှမမှန်းမသိလို့ တစ်ယောက်က မျက်စပစ်သွားတယ်"

မိက သဘောရိုးဖြင့် ခပ်ပွင့်ပွင့် ပြောလိုက်သော်လည်း ကိုရန်နောင်၏ ရင်ထဲတွင် ဒိတ်ခနဲခုန်ကာ ထူပူသွားသည်။ ပြီးနောက် မိ၏ လှပဖြူဖွေးသော မျက်နှာကလေးကို အတန်ကြာ ငေးစိုက်နေမိသည်။

"ကိုင်း. . ဒီမှာ တို့ စကားရပ်ပြောလို့ မသင့်ဘူး၊ နင်လဲ အိမ်ပြန်လိုက်ခဲ့၊ လမ်းသွားရင်း စကားပြောတာပေ့ါ. . . လာ"

"ဒီလိုဆိုရင် မိ ဘင်တန်ဟောမှာ လွယ်အိတ် သွားယူရဦးမှာ၊ ကိုလေး မိနဲ့ လိုက်ခဲ့ဦး"

မိက ရှေ့က သွားရာ ကိုရန်နောင်က နောက်မှ လိုက်သွားလေသည်။

ကိုရန်နောင်သည် "ဟော"ကို လိုက်ရမှာ "ကြောင်" သည်ဟုဆိုကာ ဘင်တန်ဆောင်ရှိရာ လမ်းတစ်ဖက်တွင် ရပ်စောင့်နေသည်။ မိ အပြေးအလွှား ထွက်လာတော့ ကိုရန်နောင်သည် နော့သ်ဟောလ် ရှိရာသို့ သွားကာ ဂျစ်ကားကို ယူမောင်း၍လာခဲ့သည်။

*

"ကိုကြီးတစ်ယောက်ကော ကိုလေး"

မိသည် ဂျစ်ကားရှေ့ ခုံတန်းဘေးတွင် ဝင်ထိုင်ရင်း စတင်မေးလိုက်သည်။

"စောစောက ငါပြောမလို့ပါပဲဟာ၊ နင် လန့်သွားမှာ စိုးလို့

www.burmeseclassic.com


ပြုန်းဒိုင်းမပြောတာ”

“ဟင်. . . ကိုကြီး ဘာဖြစ်လို့လဲ၊ ပြောပါ ကိုလေး မြန်မြန်”

မိသည် အသက်ကို မရှူဘဲနေမိသည် ထင်သည်။ စကားသံမှာ တုန်ယင်နေသည်။

“ဒါကြောင့်ပေါ့. . . ငါ တွေ့တွေ့ချင်း မပြောတာ၊ ဒါပေမဲ့ မစိုးရိမ်ရပါဘူး၊ မပူပါနဲ့ဟာ”

“ကိုကြီး တိုက်ပွဲမှာ ထိလာတယ်ပေါ့”

“အေး. . . ပဲခူးမြောက်ဘက် ဘုရားကြီးရွာ တိုက်ပွဲမှာ ပေါင်လယ်ကို နှစ်လက်မ မော်တာကျည်ဆံ မှန်တယ်”

“ဟယ်”

မိသည် ရင်ထဲတွင် ဆို့လာကာ မျက်ရည်များသည် မျက်လုံးအိမ်မှ ပြည့်လျှံကာ ကျလာသည်။ မျက်လုံးအိမ်ကို လက်ကိုင်ပဝါကလေးနှင့် တို့လိုက်သည်။

“အသက်တော့ မစိုးရိမ်ရပါဘူး၊ ကျည်ဆံကို ခွဲပြီး ထုတ်ရမယ်၊ ကံမကောင်းရင်တော့. . .”

ကိုရန်နောင်သည် စကားကို မဆက်ဘဲ ရပ်ထားလိုက်သည်။ ကိုရန်နောင်၏အသံမှာ အနည်းငယ် တုန်နေသည်ဟု မိ သတိထားလိုက်မိသည်။ ကိုရန်နောင်သည် မိ၏ သေးသွယ်ပျော့ပျောင်းသော လက်ကလေးများကို သူ့လက်တစ်ဖက်ဖြင့် တင်းကျပ်စွာ ဆုပ်ထားသည်။

“ပြောပါ ကိုလေး၊ မိ စိတ်ခိုင်ပါတယ်”

“ပေါင်များ ဖြတ်ရမလား မသိဘူး”

www.burmeseclassic.com


ကိုရန်နောင်၏အသံသည် တိုး၍တိမ်ဝင်သွားသည်။

"ဟင်"

မိသည် အံကြိတ်ကာ စိတ်ကိုတင်းထားသဖြင့် သူ၏ စိတ်ကို ပြန်လည် ထိန်းထားနိုင်ပေသည်။ နှုတ်ခမ်းသားများကား တဆတ်ဆတ်တုန်ယင်လျက် ရှိသည်။

"ဒါက အဆိုးဆုံးကို ပြောရတာပါ၊ ဆရာဝန်ကြီးက တော့ အတတ်နိုင်ဆုံး ကြိုးစားပြီး ကုသပေးမယ်လို့ ပြောတာ ပဲ၊ အကောင်းဆုံး ဖြစ်ရအောင်သာ ကိုကြီးအတွက် ဆုတောင်း ပေးပေါ့ မိမိရာ"

မိသည် တရိပ်ရိပ်ပြေးနေသော ကားမှ အပြင်သို့ ဝေရီ မှုန်မှိုင်းသော မျက်စိများနှင့် ငေးမောနေသည်။

"ဒီ ကေ-အင်-ဒီ-အို ဘာလို့များ သူပုန်ထရပါလိမ့် မလဲနော်"

မိသည် စကားလမ်းကြောင်းလွှဲကာ ပါးစပ်ထဲ တွေ့ရာ စကားများနှင့် မေးလိုက်သည်။

"နယ်ချဲ့တွေ သွေးခွဲထားတဲ့ စနက်ပေါ့၊ ခု တော်လှန် ပုန်ကန်တဲ့ အထဲမှာ ကရင်ကောင်းတွေ မပါပါဘူးဟာ၊ ခု သူတို့က ဒီလိုလုပ်တော့ ကရင်ကောင်းတွေက မြန်မာတွေ ကြားထဲ အနေရခက်တာပေါ့"

*

www.burmeseclassic.com


ဆေးရုံကြီးဝင်းထဲသို့ ဝင်လာသည်ဆိုလျှင်ပင် မိတို့၏ ရင်ထဲတွင် သွေးများ တဒိန်းဒိန်း တိုးလာသည်။ ဒေါ်နှင်းကမူ နှလုံးတုန်လွန်းသဖြင့် ထွေးကို မှီတွဲထားရသည်။ ရှူဆေး ဆွတ်ထားသော လက်ကိုင်ပဝါအထုံးကလေးကို မကြာခဏ ရှူနေရသည်။ ဦးဘကျော်သည် အပြင်ပန်းအားဖြင့် ဆေးပြင်းလိပ် တိုကို ခဲကာ ငြိမ်သက်နေသည်ဟု ထင်ရသော်လည်း ရင်ထဲ၌ လှုပ်ရှားနေသည်။

မိ၏ မျက်စိထဲတွင် အနိဋ္ဌာရုံများကိုသာ မြင်နေရသည်။ ဘယ်နေရာကြည့်လိုက်ကြည့်လိုက် သွေးအလိမ်းလိမ်း စီးကျနေသော ပေါင်ပြတ်ကြီးကိုသာ မြင်နေသည်။ မမြင်အောင် ဖျောက်သော်လည်း မရ။

ဆေးရုံဒုတိယထပ်သို့ တက်လာစဉ် ဆေးနံ့များကို ရှူရှိုက်နေရသည်။ မိနှင့်ထွေးတို့သည် ဆေးနံ့ကြောင့် ခေါင်းကိုက်လာကြသည်။ ကိုသူရရှိရာ အခန်းဝသို့ ရောက်တော့ မိ၏ လက်ဖျားမှာ အေးစက်နေသည်။ ထွေးသည် မေးရိုက်ကာတုန်နေသည်။ ဒေါ်နှင်းကမူ ဦးဘကျော်ကို မှီထားရသည်။

"ကျွိ"

တံခါးပွင့်ကာ အစိမ်းရောင်ဝတ် ဆရာမ ထွက်လာသည်။

"ဝင်ကြပါရှင်. . . လူနာ စိုးရိမ်စရာ မရှိတော့ပါဘူး၊ မနေ့ညကပဲ ဆရာဝန်ကြီးကိုယ်တိုင် ခွဲစိတ်ပြီး ကျည်ဆံကို ထုတ်ယူပါတယ်၊ မနက် ၁၀နာရီလောက်က မေ့ဆေးပြယ်ပြီး သတိရလာတယ်၊ ခုတော့ အိပ်ဆေးထိုးထားလို့ အိပ်နေပါတယ်၊

www.burmeseclassic.com


ခွဲတဲ့ဒဏ်ရာက ပြင်းတော့ ဒီလိုအိပ်တာကောင်းပါတယ်ရှင်”

ဆရာမကြီးမှာ စိတ်ရှည်လက်ရှည်နှင့် ရှင်းပြနေသည်။

“ဒီလိုဆို ပေါင်မဖြတ်ရဘူးပေါ့”

မိသည် စိုးရိမ်စိတ်နှင့် လွှတ်ခနဲ ဝင်မေးလိုက်သည်။

“မဖြတ်ရပါဘူး၊ ဘုရားသခင်က ဗိုလ်မှူးကို အလွန်တရာပဲ ကရုဏာထားပြီး စောင့်ရှောက်ပါတယ်၊ ဘုရားသခင် ကျေးဇူးပဲရှင်”

စစ္စတာမှာ ကရင်အမျိုးသမီး ဖြစ်သဖြင့် မျက်နှာပြား ပြားဝိုင်းဝိုင်းနှင့် အသားလတ်သည်။ သူ၏ ဖြူဖွေးသော အင်္ကျီနှင့် ခေါင်းစွပ်မှာ စိတ်ကြည်အေးစရာ ဖြစ်ပေသည်။

“စစ္စတာကြီးကိုလဲ ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မသားကို ကျွန်မတို့မရှိတဲ့အခါ အထူးဝီရိယထားပြီး စောင့်ရှောက်ပါနော်”

ဒေါ်နှင်းသည် စိတ်အေးသွားကာ စကားပြောနိုင်လာသည်။

“ဟုတ်ကဲ့ရှင် ကေ-အင်-ဒီ-အိုတွေက ဗိုလ်မှူးကို ပစ်ခတ်လိုက်တဲ့ ဒဏ်ရာကို ကျွန်မတို့ ကရင်ကောင်းတွေအနေနဲ့ အတတ်နိုင်ဆုံး ကြိုးစားကုပြီး အဖတ်ဆယ်ရမှာပေါ့ရှင်”

စစ္စတာသည် စကားကို လိမ္မာပါးနပ်စွာ ပြောပြီးနောက် ထွက်သွားလေသည်။

မိတို့အထဲဝင်တော့ ကိုသူရသည် အသက်မှန်မှန်ရှူကာ အိပ်ပျော်နေသည်။ မျက်နှာမှာ မျက်တွင်းများချိုင့်ကာ ရုပ်ကျနေသည်။ နှုတ်ခမ်းများမှာ အားနည်းပုံရသဖြင့် ဖြူဖျော့နေသည်။ မိသည် ကိုသူရကို ကိုယ်ချင်းစာကာ ရင်ထဲ၌ နင့်နေသည်။

www.burmeseclassic.com


"မနှင်း. . . အနားကို သိပ်မတိုးနဲ့၊ အိပ်ပါစေ၊ နိုးတာနဲ့ အနာက ကိုက်မှာ"

ဦးဘကျော်သည် ဒေါ်နှင်းအား တီးတိုးပြောကာ ဝင်ဟန့်လိုက်လေသည်။ ဒေါ်နှင်းသည် ကိုသူရ၏ ရင်ဘတ်ပေါ်သို့ လွှမ်းခြုံထားသော စောင်စကို လှမ်းကိုင်မည်ပြုရာမှ လက်ကို ရုပ်လိုက်သည်။

"ပိန်တော့ မပိန်လှပါဘူး၊ ဒါပေမဲ့ သိပ်အားနည်းပုံရတယ်"

"အားနည်းပေမယ့် ခုလို ပကတိအတိုင်း ဖြစ်တာပဲ ဝမ်းသာနေရတယ်"

မိသည် သူ့အဓိပ္ပာယ်နှင့်သူ တစ်ယောက်တည်း ပြောကာ သက်ပြင်းချလိုက်သည်။

* * *

www.burmeseclassic.com


# (၂၃)

၁၉၅၀ခုနှစ်သည် ထွေးအဖို့ ကံကောင်းသောနှစ်ပေလား မသိပေ။ သည်နှစ်မှာပင် ထွေး မက်ထရစ်အောင်သွားသည်။ မက်ထရစ်အောင်၍ တက္ကသိုလ်ရောက်သောနှစ်မှာပင် စာတို ပေစလေးများကို မဂ္ဂဇင်းများတွင် တွေ့ရတတ်ပေသည်။

ထွေး တက္ကသိုလ်ရောက်သောအချိန်၌ မိမှာ ဘီအေ ပထမနှစ်သို့ ရောက်နေပေပြီ။ သူတို့နှစ်ဦးစလုံး အသက် ၂၀ ပတ်ဝန်းကျင်တွင် တက္ကသိုလ်သို့ ပညာသင်ကြားချိန်မှာ အစ်ကို နှစ်ယောက်သည် တစ်ရပ်တစ်ကျေးသို့ လွင့်နေလေပြီ။ ကိုသူရ က ပြင်ဦးလွင်တွင် ဖြစ်၍ ကိုရန်နောင်က မိတ္ထီလာတွင် ဖြစ် သည်။

ဒေါ်နှင်းကမူ သားများနှင့် ဥမကွဲသိုက်မပျက် နေချင် သည်။ နေဖို့ အခွင့်မကြုံ၊ အခွင့်မသာ။ ဒေါ်နှင်းမှာ သားများကို ကြီးကြီးကျယ်ကျယ်လည်း မမှန်းလို။ ပညာကုန်အောင်သင် စေကာ ကျောင်းအုပ် သို့မဟုတ် ကျောင်းဆရာ လုပ်စေပြီး အိမ်ပါမည့် ချွေးမများနှင့် လက်ဆက်စေလိုသည်။

အိမ်၌ သားမြေးတွေ တစ်ပြုံကြီး ခြံရံလျက် တပျော် တပါးကြီးနေကာ အရိုးထုတ်သွားရမည်ဆိုလျှင် သေရကျိုး

www.burmeseclassic.com


နပ်ပေမည်။ သားအကြီးက ဗိုလ်မှူးကြီးအဖြစ်နှင့်သော် လည်းကောင်း၊ သားအငယ်က ဗိုလ်ကြီးအဖြစ်နှင့်သော် လည်းကောင်း လူတန်းစေ့ ဝင့်ဝါနိုင်သော်လည်း ဒေါ်နှင်း၏စိတ်ထဲတွင် သားများကို စစ်ဝတ်စစ်စားနှင့် မြင်တိုင်း ရင်မချဲ့ရပေသည်။ သားတွေ စစ်တိုက်ရပြီဆိုလျှင် ဒေါ်နှင်းမှာ ဘယ်တော့မှ ရင်မကျဘဲ ရှိသည်။

"မနှင်းရေ. . . သူရဆီက စာဟေ့"

မိသည် ခုတင်ခြေရင်းတိုင်ကို မှီထိုင်နေရာမှ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ ဒေါ်နှင်းသည် ကုလားထိုင်တစ်လုံး တွင်ထိုင်ကာ ဆေးလိပ်ဖွာနေရာမှ ဦးဘကျော်က ကမ်းပေး သောစာကို လှမ်းယူလိုက်သည်။

"ဒီကောင် စာရှည်ရှည် ရေးခဲ့တယ်၊ ဒီတစ်ခါ အတော်စိတ်ရှည်လက်ရှည် ရေးထားတယ်"

ထွေးသည် စာကူးနေရာမှ လှမ်း၍. . .

"ဘာအကြောင်းများပါလိမ့်၊ အစ်ကိုကြီးကလဲ ကေန္တမရိုးတော့ဘူး ထင်တယ်"

မိသည် ထွေး၏ စကားကြောင့် ဖျတ်ခနဲ ထွေး၏မျက်နှာကို လှမ်းကြည့်လိုက်သည်။ ဦးဘကျော်သည် ပြုံး၍ အိမ်ရှေ့ခန်းသို့ ထွက်သွား၏။

"အင်း. . . ဘာလိုလိုနဲ့ သားကြီးဟာ အသက် ၃၀ တောင် ရှိနေပြီ"

"ဟင်. . . ကိုကြီးက အသက် ၃၀ ရှိပြီ"

မိသည် အံ့ဩသလို မေးလိုက်သည်။

www.burmeseclassic.com


"အေးပေ့ါအေ. . . ညည်းတို့လဲ အသက် ၂၀ ကျော် ပြီဟာ တွက်ကြည့်ပါလား"

"သြော်. . . ဟုတ်ပါရဲ့နော်၊ အချိန်တွေကုန်လာလိုက်တာ"

ဒေါ်နှင်းသည် မျက်မှန်ထရှာနေရာမှ ပြောလိုက်သည်။

"ငါ့ မျက်မှန် ရှာလို့ မရပါဘူးအေ၊ မျက်မှန်က အရေးဆို ဒီလိုပဲ၊ လာဟဲ့. . . ထွေးထွေး သြော်. . . ထွေးမအားဘူး၊ မိ လာဖတ်စမ်း ကျယ်ကျယ်ဖတ်နော်"

မိသည် ကိုသူရစာကို တုန်ယင်သော လက်ကလေးများနှင့် လှမ်းယူကာ လေးတွဲသော အသံလေးနှင့် ဖတ်နေသည်။

**ဖေဖေနဲ့ မေမေတို့ ခင်ဗျား. . .**

ရိုသေစွာ စာရေးလိုက်ပါတယ်၊ ခုနေတော့ အလုပ်ကိစ္စများ မပြီးပြတ်သေးတဲ့အတွက် ရန်ကုန်ကို တော်တော်နဲ့ ဆင်းလာနိုင်မယ် မထင်သေးဘူး။

ကျွန်တော်ဟာ ဖေဖေနဲ့မေမေတို့ရဲ့ အလိုဆန္ဒကို ဘယ်တော့မှ ဖြည့်နိုင်မယ်ဆိုတာ တွေးလို့မရသေးဘူး၊ ဖေဖေတို့ သိတဲ့အတိုင်းပဲ လွတ်လပ်ရေးရပြီးတဲ့ ဒီဘက်ပိုင်းမှာ ကျွန်တော်တို့ မြန်မာပြည်ဟာ ပြည်တွင်းစစ်မှာ ရေစုန်မျောခဲ့တယ်၊ ဒီပြည်တွင်းစစ်ဟာ ကျွန်တော်တို့ မြန်မာ့သမိုင်းမှာ အမည်းကွက်ကြီးပဲ၊ ကျွန်တော်တို့ ရာဇဝင်အရ မညီညွတ်ဘဲ ကွဲပြတတ်တဲ့ လူမျိုးရယ်လို့ ဝိုင်းပြီး လက်ညှိုးထိုးကြမှာ အမှန်ပဲ။

ကျွန်တော်တို့ရဲ့ ဘဝကိုလဲ ကျွန်တော် နှမြောမိတယ်၊

www.burmeseclassic.com


ဖေဖေတို့ပဲ စဉ်းစားကြည့်ပါ၊ လက်နက်ကိုင်ပြီး နယ်ချဲ့ ကိုတော်လှန်လို့လဲ ပြီးရော ကိုယ့်လူမျိုး အချင်းချင်း တိုက်နေရတာပဲ၊ ၁၉၄၁ ခုနှစ်ကတည်းက ပင်ပင်ပန်း ပန်း ဆင်းဆင်းရဲရဲနဲ့ စစ်ဒုက္ခတွေခွဲရတဲ့ ကျွန်တော်ဟာ ခု ၁၉၅၀ ခုအထိ ၉နှစ်နီးပါး ရှိပြီ၊ ဘယ်မှာနားရတယ် ရှိလို့လဲ။

တစ်ခါတလေ အင်မတန် ရင်နာမိပါတယ်၊ ရှေးတုန်း က ကျွန်တော်နဲ့ ဂျပန်အတူသွားဘက်တွေ၊ ရဲဘော်ရဲဘက် တွေက တောခို လက်နက်ကိုင်ပြီး ပုန်ကန်ကြတယ်၊ ဒီလူ တွေကို ဘယ်လိုရင်ဆိုင်ပြီး ကျွန်တော် သွားတိုက်ရပါ့ မလဲ၊ အစိုးရဘက်ကနေ တာဝန်ရှိလို့သာ တိုက်ရတယ်၊ ကျွန်တော် စိတ်မပါဘူး၊ ကျွန်တော့်မှာ ဇာတ်တူသား စား ရတာလိုပါပဲ။

တော်လှန်ရေးတုန်းက ကျွန်တော်က ဝတ်ပြတ်ပြီး အင်အားချိနဲ့နေစဉ်က ကျွန်တော့်ကို တယုတယ တွဲခေါ် လာတဲ့ ရဲဘော်ဟောင်းတစ်ယောက်ဟာ ကျွန်တော်တို့ တပ်က ပစ်လိုက်တဲ့ ကျည်ဆံနဲ့ အသက်ပျောက်ရှာတယ်၊ ကျွန်တော် ဘယ်လောက် စိတ်ထိခိုက်တယ်ဆိုတာ ဖော် မပြနိုင်လောက်အောင်ပါပဲ။

လက်နက်ကိုင်ပြီး လူတွေ ဒုက္ခရောက်စေတဲ့ တော် လှန်ရေးမျိုးကိုလဲ ကျွန်တော် မထောက်ခံနိုင်ဘူး၊ အထူး သဖြင့် "တောင်လဲရာ မြက်ပြတ်" ဆိုတဲ့ စကားလို ခံစရာရှိရင် ကြားနေလူထုပဲ၊ ဒီတော့ လက်နက်ကိုင် ပုန်

www.burmeseclassic.com


ကန်သူများဟာ ကျွန်တော့် ရဲဘော်ရဲဘက်များ ဖြစ်ပေတဲ့ ဘယ့်နှယ့်လုပ်ပြီး ထောက်ခံနိုင်စရာ အကြောင်းရှိပါ့မလဲ။

တစ်ခါ အစိုးရဘက်ကနေ တိုက်ဖို့တာဝန် ရှိလာပြန်တော့လဲ ကျွန်တော့်စိတ်က မပါဘူး၊ ကျွန်တော်တို့ မတိုက်ရက်ဘူး၊ ကျွန်တော့်မှာ ရှုံးမလောက် စိတ်သောက ရောက်ရတယ်။

ကျွန်တော်ဟာ လူသားတစ်ယောက်ပါ၊ စစ်ကို မုန်းလဲ မုန်း၊ စက်လဲစက်ဆုတ်ပါတယ်၊ အခုလို အချင်းချင်းတိုက်ပြီး သေရမယ့် ဘဝမျိုးကိုလဲ ရွံရှာပါတယ်၊ ရှင်းရှင်းဝန်ခံရရင် လူတစ်ယောက် အနေနဲ့ သေရမှာကိုလဲ ကြောက်ပါတယ်၊ နယ်ချဲ့ကို တိုက်စဉ်တုန်းကတော့ လွတ်လပ်ရေး လိုချင်တဲ့ဇောနဲ့ နည်းနည်းမှ မကြောက်ခဲ့ပါဘူး၊ ခုတော့. ဒါလောက်ဆို ဖေဖေတို့ သိလောက်ပါပြီ၊ ဆက်မရေးပါရစေနဲ့တော့. . .

အချင်းချင်းမညီမညွတ် ဖြစ်နေတဲ့အချိန်မှာ ပြည်ပရန်ကိုလဲ စိုးရိမ်ရပါတယ်၊ ဒီလို အခြေအနေမျိုးမှာရှိတဲ့ မြန်မာပြည်မှာ တိုင်းပြည်ကို ကာကွယ်ဖို့ သားကောင်းများစွာ လိုပါတယ်၊ ဒါကြောင့် ခုလောလောဆယ်မှာ ဖေဖေတို့ မေမေတို့ရဲ့ အလိုဆန္ဒအတိုင်း မဖြစ်နိုင်သေးပါ ခင်ဗျား။

ပုထုဇဉ် လူတစ်ယောက်အနေနှင့် ကိုယ့်အိမ်ထောင်စု နဲ့ သိုက်သိုက်ဝန်းဝန်း နေလိုတဲ့ ဆန္ဒရှိတယ်ဆိုတာတော့ ယုံပါ။

www.burmeseclassic.com


ဖေဖေ၊ မေမေ၊ ထွေး၊ မိနှင့် ဒေါ်လေးခင်တို့ ကျန်းမာချမ်းသာစေရန် ရည်ညွှန်းလျက်. . .

သူရ
ပြင်ဦးလွင်မြို့တပ်ရင်း (  )

မိသည် စာဖတ်ပြီးသည်နှင့် တစ်ပြိုင်နက် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။ ဒေါ်နှင်းကမူ မျက်ရည်များဝိုင်းနေသည်။ မိသည် စာကို တစ်ခေါက်ထပ်ဖတ်နေသည်။ အိပ်ရာထက်သို့ လှဲချကာ စာကို ဆက်ဖတ်နေသည်။ ကိုသူရကိုယ်တိုင် နားနားကပ် ပြောနေသလို ထင်မိသည်။ စာကိုရင်ဘတ်ပေါ်သို့ တယုတယ တင်ကာ. . .

"ဩော်. . . ကိုကြီး. . . ကိုကြီး" ဟု တိုးတိုးလေးညည်းညူနေမိသည်။

＊ ＊ ＊

www.burmeseclassic.com


# (၂၄)

ရာသီအလိုအားဖြင့် ကြာမျိုးငါးပါး ပွင့်သော ရာသီ။

သီတင်းကျွတ်လ ရာသီတွင် ကြာဖြူ၊ ကြာညို၊ ကြာနီ၊ ကြာတံဆိပ်နှင့် ပဒုမ္မာကြာများသည် စိမ်းလဲ့ကန်သာတွင် မွှေးရနံ့သင်းပျံ့ကာ ပွင့်ကြသည်ဟု စာဆိုရှိပေသည်။

ရန်ကုန်မြို့ကြီးသည် လျှပ်စစ်မီးများနှင့် ထိန်ဝါလင်းနေတော့သည်။ ကောင်းကင်တွင် မိုးသားမိုးရိပ်များကား မကင်းသေးပေ။ အားလုံး၏ ဆုတောင်းမှာ "ဒီသီတင်းကျွတ်မှာ မိုးမဖျက်ပါစေနဲ့" ဟူသတည်း။

မိနှင့် ထွေးတို့သည် ဦးဘကျော်၏ အလိုဆန္ဒအရ ဆီမီးခွက်များတွင် မီးစာထည့်ကာ ထွန်းညှိရန် ပြင်ဆင်နေကြ သည်။ ကျယ်ပြန့်သော ဝရန်တာတစ်လျှောက်တွင် ထွေးက ဆီမီးခွက်များကို လိုက်၍စီချနေသည်။ မိက ချိုင့်တစ်ခုကိုယူကာ ဆီမီးခွက်များထဲသို့ ဆီများကို လိုက်လံ ဖြည့်ထည့်နေသည်။

"ထွေးရေ. . . မီးလိုက်ညှိတော့ကွယ်"

ထွေးသည် ဖယောင်းတိုင်ကိုယူကာ မီးညှိပြီးနောက် ဆီမီးခွက်များကို လိုက်လံထွန်းညှိနေသည်။ မိကလည်းထွေးကို

www.burmeseclassic.com


ကူ၍ လိုက်ထွန်းညှိသည်။ မိနှင့်ထွေးတို့၏ မျက်နှာလေးမှာ မီးရောင်ကြောင့် ပို၍ ဝင်းပနေသည်။

ကိုရန်နောင်သည် ဝရန်တာအထွက် တံခါးပေါက်ကို မှီရပ်ကာ မိတို့အား ငေးမောကြည့်နေမိသည်။ တစ်လမ်းလုံး လျှပ်စစ်မီးရောင်စုံတို့သည် ဝင်းလက်ပြိုးပြက်နေသည်။

ထွေးသည် ကိုရန်နောင်ဘက်သို့ လှည့်ကာ. . .

"ကိုလေးရယ်. . . အစ်ကိုကြီးတစ်ယောက် ရန်ကုန်မှာ သီတင်းကျွတ်နဲ့ လွဲရပြန်တာပေါ့နော်" ဟု မေးလိုက်သည်။ မိသည် ဆီမီးကိုညှိနေရင်း ခေါင်းကို ခါယမ်းလျက်. . .

"ကိုကြီးမှာ သီတင်းကျွတ်ဆိုတာ မရှိဘူး၊ တန်ဆောင်တိုင် မရှိဘူး၊ တပေါင်းပွဲတော် မရှိဘူး၊ သင်္ကြန်၊ ကဆုန်၊ ဝါဆို ဘာ ၁၂ရာသီ ပွဲတော်မှ ကိုကြီးရဲ့လောကမှာ မရှိဘူး၊ ထွေးရေ. . . ကိုယ့်အစ်ကိုကြီး အကြောင်း သိသားနဲ့၊ သူ့မှာ ထိုင်လဲ စစ်၊ ထလဲ စစ်၊ သွားလဲ စစ်၊ စားလဲ စစ်၊ စစ်-စစ်နဲ့ အချိန်ကုန်နေတာပဲ"

ကရုဏာဒေါသနှင့် ပြောလိုက်ကာ မေးကိုမော့လျက် နှုတ်ခမ်းကို တင်းတင်းစေ့ထားလိုက်သည်။ သို့သော် မိ၏ မျက်လုံးများကား ရီဝေလျက်ရှိသည်။

"သူလဲ လူတစ်ယောက်ပဲဟာ မပျော်ချင်ဘဲ ရှိမလား၊ ခု ကေ-အင်-ဒီ-အိုတို့ ရောင်စုံသူပုန်တို့အရေးက မပြီးပြတ်ခင် နယ်စပ်မှာ တရုတ်ဖြူကိစ္စက ပေါ်နေပြန်ပြီ၊ ငါတောင် မိတ္ထီလာကနေ နယ်စပ်ကို လွှင့်ရတော့မယ် ထင်တယ်"

"ဩော်. . ကိုလေးတို့နှယ်နော်၊ အရေးကိစ္စတွေက ပြီးပဲ

www.burmeseclassic.com


မပြီးနိုင်ဘူး၊ အဲဒီ တရုတ်ဖြူတွေက ဘာကိစ္စ နယ်စပ်မှာ ပေါ် ရပြန်တာလဲ”

ထွေးက မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။

“ချန်ကေရှိတ် တပ်မကြီးက အကြွင်းအကျန် တပ်သားတွေရဲ့ ကျူးကျော်မှုပေါ့ဟာ၊ မတ်လကတည်းက တရုတ်ဖြူတပ်သား စုစုပေါင်း ၁၇၀၀လောက်ဟာ အိမ်ထောင်သည် ၅၀၀ နဲ့အတူ ကျိုင်းတုံနယ်အတွင်းကို ရောက်လာကြတယ်၊ တော်ပါပြီဟာ ငါ ရှေ့ဆက်မပြောချင်တော့ဘူး၊ ခုလို သီတင်းကျွတ်မှာ ငွေ့ခါင်းက အေးအေးဆေးဆေး ကြည်ကြည်လင်လင်ဖြစ်နေတာ ကြည်နူးလက်စနဲ့ ကြည်နူးပါရစေတော့”

“ဟုတ်ပါရဲ့ . . . ထွေးကလဲကွယ် လူ့ဘဝဆိုတာ အင်မတန်တိုတောင်းပါတယ်၊ ဒီတိုတောင်းတဲ့ အချိန်တွေမှာ တတ်နိုင်သလောက် ပျော်ပျော်ကြီး နေကြပါစို့ကွယ်”

မိက တည်တည်ကြည်ကြည်နှင့် ဝင်ပြောလိုက်သည်။ ကိုရန်နောင်သည် သူ့နဖူးကို လက်ဝါးနှင့်ရိုက်လျက် . . .

“အမလေးဟဲ့လေး . . . ပါရှုန်း ကဗျာဆရာကြီး အိုမာခရမ်းရဲ့ တီကျွတ်ရဲ့ ကျွတ်ရောက်နေတာကိုး”ဟု စသည်နှင့် မိက ကိုရန်နောင်အား မျက်စောင်းပစ်ထိုးလိုက်သည်။ ကိုရန်နောင်၏ ရင်ထဲတွင် ဘယ်သို့မသိ နွေးခနဲ ရင်ဖိုတာကိုတော့ သတိထားလိုက်မိသည်။

*

www.burmeseclassic.com


ခုတစ်လော မိနှင့် စကားပြောတိုင်း ကိုရန်နောင် ရင်ဖိုရသည်မှာ အမြဲပင်တည်း။

သီတင်းကျွတ်တွင် ခွင့်ရက်နှင့်လာမှ ပို၍ စိတ်လှုပ်ရှားလေသည်။ ကိုရန်နောင်သည် မေတ္တာဆိုသော စကား၏ အနက်ကို ရင်ထဲတွင် ကျိတ်၍ ရှာဖွေနေသည်မှာ အတော်ကြာပေပြီ။ မေတ္တာဆိုသည်မှာ ခွင့်လွှတ်ခြင်းလား၊ ပိုင်ဆိုင်လိုခြင်းလား၊ ဝေခွဲမရနိုင်ပြီ။ ရင်ထဲတွင် ဖိုသည်၊ လှုပ်ရှားသည်များကို ယခင်က စာထဲတွင်သာ ဖတ်ဖူးသည်။ ယခုတော့ လက်တွေ့ကြုံရလေပြီ။

ကိုရန်နောင်သည် စိတ်အိုက်အိုက်နှင့် ဝရန်တာကို ထွက်လာသည့်အခါ မိအား အမှောင်ရိပ်ကျသော နံရံဘက်တွင် ကျောမှီကာ ရပ်နေသည်ကို တွေ့ရသည်။

သီတင်းကျွတ် လပြည့်ကျော် ၁ ရက်နေ့ ဖြစ်သဖြင့် လပြည့်ဝန်းသည် ဝင်းဝင်းပပနှင့် သာလျက်ရှိသည်။ သို့သော် လျှပ်စစ်မီးရောင်နှင့် နီယွန်မီးချောင်းသည် လမ်းအလင်းရောင်ကို ဖုံးလျက်ပြိုးပြက်တောက်ပနေသည်။ ဝရန်တာဆောင်နေရာတွင် သံစည်ပိုင်းများတွင် ထည့်စိုက်ထားသော အုန်းလက်တို့သည် လျှပ်စစ်မီးရောင်၏ ဝေးရာ မှောင်ရိပ်တွင် ကျနေသဖြင့် လရောင်ဆမ်းကာ ရွှန်းစိုတောက်ပနေသည်။ မိ၏ မျက်နှာသည် မှောင်ရိပ်ထဲကျနေသော တစ်ခြမ်းက မည်း လျက် လရောင်နှင့် တွေ့ထိသောဘက်မှာ ဝင်းစိုနေသည်။

"မိမိ"

မိသည် မျက်လုံးကြီးများကို ဝင့်ကာ ကိုရန်နောင်အား

www.burmeseclassic.com


မော်ကြည့်လိုက်သည်။ သည်အကြည့်မျိုးသည် ကိုရန်နောင်၏ ရင်ကို နွေးစေသော အကြည့်မျိုး ဖြစ်သည်ကို မိ မသိရှာပေ။

မိတို့အိမ်နှင့် မျက်စောင်းထိုးနေရာတွင် အငြိမ့်စင်ရှိသည်။ မိတို့အိမ် အောက်ထပ်တွင် ပရိသတ်များသည် အငြိမ့်ကြည့်ရန် နေရာယူထားသည်။

"မိမိ. . . နင် အောက်ဆင်းပြီး အငြိမ့်မကြည့်ဘူးလား"

"ကြည့်မယ် ကိုလေး၊ ကြယ်က ဖယောင်းတိုင်မီး မကုန်သေးလို့ စောင့်နေတာ၊ မနေ့ကလို ကြယ်ကြီး မီးလောင်သွား မှာစိုးလို့၊ ကိုလေးကော မဆင်းသေးဘူးလား"

"အင်း. . . ဆင်းတာပေါ့"

"ထွေးတို့တောင် ရှေ့ဆုံးက နေရာသွားယူနှင့်ကြတယ်၊ ဒေါ်ကြီးကော မေမေကော သွားကြလေရဲ့၊ ဦးကြီးတစ်ယောက်တော့ မကြည့်ဘူးထင်တယ်"

"ဖေဖေလား အိမ်ထဲမှာ စာဖတ်နေတယ်၊ ဖေဖေက ဝါသနာ မပါပါဘူးဟာ"

ကိုရန်နောင်သည် မိရှေ့တွင် ရပ်ကာ မိအား ငေးကြည့်နေမိသည်။ မိသည် ညဉ့်ဦးယံတွင် အလှသရဖူ ဆောင်းထိုက်သော လနတ်သမီးလေးပေလားဟု တင်စားမိသည်။

"ကိုလေး အောက်ကိုမဆင်းသေးရင် မီးစောင့်ပေး၊ မိ အောက်ဆင်းတော့မယ် နော်"

မိသည် ကိုရန်နောင်အား မော်ကြည့်ကာ ပြောလိုက်သော အခါ မိ၏ ပြူးကျယ်ဝိုင်းစက်၍ လှသော မျက်လုံးကြီးများ သည် အရည်လည်ကာ တောက်ပနေသည်။ မျက်တောင်များ သည်

www.burmeseclassic.com


ရှည်လျားကော့ထောင်ကာ မျက်တောင်ခတ်တိုင်း အောက်မျက်ခမ်းပေါ်သို့ အရိပ်များ ကျသလို ထင်ရသည်။

"အေး. . . ဆင်းတာပေ့ါဟာ၊ မီးငြိမ်းပါတော့မယ်၊ ငါလဲ တစ်လက်စာတည်း လိုက်ပို့မယ်၊ နင် တစ်ယောက်တည်း လူကြားထဲ ဖြတ်သွားလို့ တော်ပါ့မလား"

"ကိုလေးကလဲ စိတ်ပူရန်ကော၊ အငြိမ့်စပြနေပြီ ထင်တယ်"

"ပူရတာပေ့ါ နင်က လှတာကိုး မိမိရေ. . ."

"အံမယ်လေး. . . ခုမှဆန်းနေလိုက်တာ ကိုလေးနှယ်"

မိသည် ကိုရန်နောင်အား မျက်စောင်းလေး မသိမသာ ချိတ်ကာ ပြောလိုက်သည်။ မိသည် နံရံကို မှီထားရာမှ ကိုယ်ကို မတ်လိုက်သဖြင့် မိမျက်နှာတစ်ခုလုံးမှာ လရောင်ဖြင့် ဝင်းမှည့်စိုအီနေသည်။ မိ၏ အသားသည် ချောမွတ်ကာ စိုပြည်နေသည်။ နက်ပြောင် စိမ်းမှောင်သော ဆံစလေးများသည် နဖူးပေါ်သို့ ဝဲကျနေသည်။

"မိမိရယ် ငါလေ. . ."

ကိုရန်နောင်၏ အသည်းနှလုံးသည် အရည်ပျော်သွားသည် ထင်သည်။ ကိုယ့်ကိုယ်ကိုလည်း သတိမထားမိ။ ဖြုန်းဆို မိ၏ကိုယ်လေးကို ပွေ့ဖက်ကာ မိ၏ ချောမွေ့သော ပါးကလေးနှစ်ဖက်ကို နမ်းရှုပ်လိုက်မိသည်။

ဖြုန်းခနဲမို့ မိမှာ သတိလစ်သွားသည်။ တစ်သက်နှင့် တစ်ကိုယ် မတုန်လှုပ်စဖူး တုန်လှုပ်လေသည်။ မမျှော်လင့်ဘဲ ငလျင်ကြီး လှုပ်ရသလို လေမုန်တိုင်းကြီး ကျရသလို ထင်ရ ကာ

www.burmeseclassic.com


ခေါင်းထဲ၌ ရီဝေနေသည်။ အရာဝတ္ထုအားလုံး ပတ်ချာလည်နေကာ ရှက်လည်းရှက်၊ ဝမ်းလည်းနည်း၍ မျက်ရည်များ ပေါက်ပေါက်ကျလာပြီး ပြုန်းဆို ကိုရန်နောင်အား တွန်းဖယ်လိုက်သည်။

ကိုရန်နောင်မှာလည်း လန့်ဖျပ်ကာ မိအား ပွေ့ဖက်ထားသော လက်များကို ဖြုတ်ချလိုက်သည်။ သူ့ကိုယ်သူလည်း ဘယ်လိုဖြစ်သွားသည်မသိ။ ရင်ထဲတွင် တဆတ်ဆတ်တုန်ကာ မိအား ငေးငိုင်နေသည်။

"မိမိရယ်"

ကိုရန်နောင်၏ အသံသည် မူမမှန်ပေ။

"ငါ. . . ငါ ဒီလို ဖြစ်မယ်လို့ မရည်စူးတာ အမှန်ပါပဲဟာ၊ ငါ့စိတ်ကို ငါမနိုင်လို့ ဖြစ်တာပါ"

မိသည် စကားမပြောနိုင်ဘဲ ငိုရှိုက်နေသည်။ မျက်ရည်များကို လက်ချောင်းများနှင့် သုတ်နေသည်။

"မိမိ ငါပြောတာ ကြားလား၊ ငါ့ကို စိတ်မဆိုးပါနဲ့ ကွယ်၊ တောင်းပန်ပါတယ်"

ကိုရန်နောင်သည် မိ၏ပခုံးကို မထိရက် ထိရက် အသာကိုင်ကာ. . .

"မိမိ ဒီမှာ. . . ငါ့ကိုကြည့်ပါဦး"

မိသည် ကိုရန်နောင်အား မဝံ့မရဲနှင့် မော်ကြည့်ကာနေသည်။ မိ၏ မျက်လုံးဝိုင်းကြီးထဲမှ မျက်ရည်များသည် အံ၍ ကျလာသည်။ ရှပ်ဖြူလက်ရှည်နှင့် ချည်လုံချည် အပြာကွက် ဝတ်ထားသော ကိုရန်နောင်မှာ စစ်သားတစ်ယောက်၏ ခိုင်ခံ့

www.burmeseclassic.com


ကြမ်းတမ်းသော အမူအရာ မရှိတော့။ သိမ်မွေ့သော သူ့မျက်နှာတွင် များစွာ ညှိုးငယ်နေပေသည်။

"ငါ့ကို စိတ်ဆိုးသလား မိရယ်"

"စိတ်. . . စိတ်. . . တော့ မဆိုးပါဘူး၊ မိ ဝမ်း. . . နည်းတာ. . . ပါပဲ. . . "

မိသည် ဝမ်းနည်းပန်းနည်းနှင့် ရှိုက်နေသည်။ ကိုရန်နောင်သည် အင်္ကျီအိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်ကာ မိ၏ မျက်ရည်များကို သုတ်ပေးလေသည်။

"တိတ်ပါ. . . မိရယ်၊ ငါ တောင်းပန်ပါတယ်"

မိ၏ မျက်နှာလေးသည် ရှက်သဖြင့် ပန်းသွေးထကာ နေသည်။ ကိုရန်နောင်သည် ဒီမျက်နှာလေးကို စေ့စေ့ကြည့်၍ မဝနိုင်ဘဲရှိသည်။ တတ်နိုင်လျှင် မိအား တယုတယနှင့် ပွေ့ဖက်ထားကာ ချော့နေချင်သည်။ လောက၌ မိတစ်ယောက်သာ စိတ်ချမ်းသာမည်ဆိုလျှင် ဘာကိုပဲ လုပ်ရလုပ်ရ အတတ်နိုင်ဆုံးကို လုပ်ပေးချင်သည်။

"မိမိ ခဏထိုင်ပါဦးဟာ၊ ငါ အေးအေးဆေးဆေး စကားပြောပါရစေ"

မိ၏ လက်ကလေးကို ဆွဲကိုင်ကာ ကြမ်းပြင်ပေါ်သို့ ထိုင်စေသည်။ မိသည် ကလေးငယ်လို ဘာမှ မပြောဘဲ ထိုင်လိုက်သည်။

"ငါ ဒီလို မဖြစ်သင့်ဘူးလို့ နင် အပြစ်တင်ရင်လဲ ခံရမှာပဲ၊ ဒါပေမဲ့. . . "

ကိုရန်နောင်သည် မိဘေးတွင် ဒူးထောက်ထိုင်ချရင်း

www.burmeseclassic.com


ပြောလိုက်သည်။ မိသည် နှုတ်တွင် အာစေးထည့်ထားသလို စကားမပြောနိုင်ဘဲ ရှိသည်။

"ငါ့ရင်ထဲမှာ အလိုလို လှုပ်ရှားလာတာတော့ ငါ မတတ်နိုင်ဘူး မိမိရယ်၊ ငါ ဒီစကားကို ပြောလိုက်ရင် မညှာမတာ ပြောရက်လိုက်တာလို့ နင်က ထင်မှာစိုးတာက တစ်မျိုး၊ ငါ့ဘာသာငါ ပြောသင့် မပြောသင့် ချိန်ဆနေတာက တစ်မျိုး၊ ဒါကြောင့် တော်တော်နဲ့ မပြောဖြစ်ဘူး"

ကိုရန်နောင်၏ အသံသည် တိုးသွားကာ အံများကို တင်းကြိတ်ထားလေသည်။ သူ၏ လက်နှစ်ဖက်အချင်းချင်း ဆုပ်နယ်ကာ သက်ပြင်းရှိုက်လိုက်သည်။

"မိမိရယ် ဘာပဲဖြစ်ဖြစ် ငါ ဖေဖေ၊ မေမေနဲ့ ဒေါ်လေးခင်တို့ကို ဖွင့်ပြောလိုက်မယ်၊ ငါ သေသေချာချာ ရှင်းပြရင် သူတို့လဲ လက်ခံမှာပါ"

မိသည် ခေါင်းကို တွင်တွင်ခါယမ်းနေသည်။

"မဖြစ်ပါဘူး ကိုလေးရယ်"

"ဘာဖြစ်လို့လဲ မိရယ်"

"မိ ကိုလေးအပေါ်မယ် အစ်ကိုရင်းလို အောက်မေ့ပါတယ်"

မိသည် ရှိုက်သံများ တိတ်သွားကာ ညင်သာစွာ ပြောလိုက်သည်။ မိ မျက်လုံးများမှ မျက်ရည်စများသည် မခြောက်သေးပေ။

"မိမိရယ်. . . နင့်မှာ ချစ်သူများ ရှိနေသလား"

"ဒီလိုလဲ မရှိပါဘူး"

"ဒါဖြင့်လဲ မိရယ် ငါပြောတာ လက်ခံပါ၊ နင် ငါ့ကို အစ်ကိုအရင်းလို ချစ်သလို ငါကလဲ နှမလေးလို ချစ်ပါသေးတယ်ဟာ၊ နင်နဲ့ငါဟာ သန့်ရှင်းတဲ့ အချစ်က မူတည်လာတဲ့ အတွက် ငါတို့ရဲ့ မေတ္တာဟာ ပိုပြီးတောင် ခိုင်မြဲပါတယ်"

ကိုရန်နောင်၏ အသံသည် တိုးတိတ်ညင်သာသည်။ မိသည် ခေါင်းကို အသာခါယမ်းနေသည်။

"မဖြစ်ပါဘူး၊ ကိုလေးဟာ မိရဲ့ အစ်ကိုပါပဲ၊ မိအပြင် အခြား မိန်းမတွေ အပုံကြီးရှိပါတယ်၊ တခြားမိန်းကလေး တစ်ယောက်ယောက်ကိုပဲ စိတ်ကူးပါတော့"

"အဲဒီ အခြားမိန်းကလေးတွေကို စိတ်ကူးမရလို့ ခက်နေတာပေါ့"

မိသည် စိတ်ရှုပ်စွာ ငေးနေသည်။

"မိတော့ ကိုလေးကို အစ်ကိုရင်းထက် မပိုဘူး၊ မိ ဒါပဲ ပြောတတ်တော့တယ်"

ကိုရန်နောင်လည်း မိအား အားမလိုအားမရနှင့် စိုက်ကြည့်နေသည်။ မိ၏ပခုံးနှစ်ဖက်ကို ကိုင်လှုပ်လိုက်ချင်သည်။ သို့သော် မိ၏ စိတ်အနှောင့်အယှက် ဖြစ်စေမည့် အပြုအမူမျိုးကို ဘယ်တော့မှ မလုပ်တော့ဟု ယတိပြတ် ဆုံးဖြတ်ထားသည်။

"မိမိ ငါလေ နင့်ကို ပဲခူးမှာ နေကတည်းက ဒီစကားကို ပြောမလို့ဟာ၊ နင့်ကိုညှာပြီး အမျိုးမျိုးထိန်းလာခဲ့ပါတယ်၊ ငါ့ကို စိမ်းစိမ်းကားကား မလုပ်ပါနဲ့ မိမိရယ်"

မိသည် အဝေးသို့ မျှော်ငေးကြည့်ကာ သက်ပြင်းမှုတ်ထုတ်လိုက်သည်။

www.burmeseclassic.com


"ကိုလေးပြောတာတွေဟာ ဖြစ်နိုင်သလား၊ ဖြစ်သင့်သလားဆိုတာတွေကို ခေါင်းအေးအေးထားပြီး ပြန်စဉ်းစားပါဦး ကိုလေးရယ်"

* * *

www.burmeseclassic.com


# (၂၅)

"ကမ္ဘာမကြေ၊ ဗမာပြည်၊ ဒို့ဘိုးဘွား အမွေစစ်မို့
ချစ်မြတ်နိုးပေ၊ ပြည်ထောင်စုကို အသက်ပေးလို့ ဒို့
ကာကွယ်မလေ၊ ဒါဒို့ပြည်၊ ဒါဒို့မြေ၊ ဒို့ပိုင်နက်
မြေ၊ ဒို့မြေ၊ အကျိုးကို ညီညာစွာ ဒို့တစ်တွေ ထမ်း
ဆောင်ပါစို့လေ x x ဒို့တာဝန်ပေ x x အဖိုးတန်မြေ"

တရွေ့ရွေ့နှင့် တက်လာသော မြန်မာ့အလံသည် တိုင်ထိပ်ဖျားသို့ ရောက်သွားသည်။ ဒို့ဗမာသီချင်း သီဆိုပြီးနောက် ကျောင်းခန်းမကြီးတစ်ခုလုံး ငြိမ်သက်သွားသည်။

မိ၏ရင်ထဲတွင် အကျေနပ်ကြီး ကျေနပ်နေသည်။ ယခင်က ဒီလိုကျောင်းမျိုးတွင် အမျိုးသားသီချင်းဆိုသည်မှာ "ချို"နဲ့လား မေးယူရလောက်အောင် ဖြစ်ခဲ့ပေသည်။ ယခု တော့ ကျောင်းသူလေးများသည် နံနက်တိုင်း အမျိုးသားသီချင်း ကို စိတ်အားတက်ကြွစွာ ကျူးရင့်နေကြရပြီ မဟုတ်လော။ ကလေးမလေးများ၊ မြန်မာမလေးများ၊ ကရင်၊ ချင်း၊ ရှမ်း၊ ကချင်မလေးများ၊ တိုင်းရင်းသား ကပြားများနှင့် ကုလား တရုတ်မလေးများ သူတို့အားလုံးသည် နောင်တစ်ခေတ်တွင် အမျိုးသားစိတ်နှင့် ပညာရေးပန်းတိုင်ကို ချီတက်ကြမည့် သူ

www.burmeseclassic.com


များဟု သဘောပိုက်မိသည်။

"မိရယ်. . . ဘာလို့ ဒီသာသနာပြုကျောင်းမှာ လုပ်ချင်ရ တာလဲလို့"

မိ ဒီဂရီရပြီးနောက် အလုပ်လုပ်ခါနီး၌ ထွေးက သာသနာပြုကျောင်းတွင် မိ ဝင်လုပ်မှာကို သဘောမတူနိုင်အောင် ရှိသည်။

"သြော်. . . ထွေးက တယ်အယူသီးတာကိုး၊ ဒါ ငါ့ကျောင်း၊ ဒါ ငါ့လူမျိုး၊ ဒါ ငါ့နေရာ၊ တခြားကျောင်း၊ လူမျိုး၊ နေရာ တွေဟာ အလကားလို့ တွေးထင်မှားတာဟာ အင်မတန်ကျဉ်း မြောင်းတဲ့ အမျိုးသားရေးဝါဒပဲ၊ ထွေး ဆရာမောင်ထင် ရေးတဲ့ ငဘ ဝတ္ထုကို ဖတ်ရတယ် မဟုတ်လား"

"ဖတ်ရတယ် မိရေ၊ ထွေးဖြင့် ကြိုက်လွန်းလို့ သုံး ခေါက်ရှိပြီ ဖတ်တာ"

"အင်း. . . ဒီလိုဆိုရင် ထွေးက ပိုမှတ်မိလိမ့်မယ်၊ သခင်မျိုးဟော့ ဒို့ဗမာလို့ ကြွေးကြော်လာကြတဲ့ သခင်ဖြိုးတုတ်တို့ လူစုဟာ ကုလားလယ်သမား 'ဟောရီး'ကို ဗလာချီ ဝိုင်း ညှဉ်းကြတာလေ မှတ်မိလား"

"သြော်. . . ထွေး မှတ်မိပါတယ်"

"အဲဒါတွေက သက်သက်အမြင်ကျဉ်းတဲ့ အမျိုးသား စိတ်ပေါ့၊ နောက်ပြီး လွန်ခဲ့တဲ့ စနေနေ့က ထွေး သိလား. . . ဦးကြီးဆီကို လာလည်တဲ့ စာရေးဆရာတစ်ယောက်က မိနဲ့ ထွေးက သဘောကျလို့ မှန်ဘောင်သွင်းထားတဲ့ ဘုရင်မ အယ်လီဇဘက်ပုံကို ကြည့်ပြီး ရှုံ့မဲ့ပြတယ်၊ ပြီးတော့ "နင်တို့ အဖေက အမျိုးသားရေး ဆရာကြီး၊ အစ်ကိုတွေက လွတ်လပ်

www.burmeseclassic.com


ရေးအတွက် ကြိုးပမ်းတဲ့ သားကောင်းတွေ၊ နင်တို့က ဒီဘုရင်မ ပုံကို ကိုးကွယ်ရလား”လို့ ပြောတယ် မဟုတ်လား” မိက ရုတ်တရက်ဆိုတော့ ဘာမှ ပြန်မပြောလိုက်ပါဘူး၊ ဒီဘုရင်မဟာ ပုဂ္ဂိုလ်အနေနဲ့ မိတို့ရဲ့ ရန်သူလဲ မဟုတ်ဘူး၊ သူ့ကို ပုဂ္ဂိုလ် အနေနဲ့ ခင်လို့ သူ့ကို မှန်ဘောင်သွင်းထားတာပဲ၊ ဒါတွေဟာ သက်သက်အမြင်ကျဉ်းတာ၊ အယူသီးတာ မဟုတ်လား”

“အေးကွယ် . . ဒီဂျော့ဘုရင်ရဲ့ သမီးနှစ်ယောက် စလုံးကို တစ်ကမ္ဘာလုံးက ဝိုင်းချစ်ကြတာပဲ၊ ကိုယ်တို့က မုန်းဖို့ အကြောင်း မဟုတ်ပါဘူး မိမိရယ်”

“မိရဲ့ ကျောင်းအကြောင်းကို ဆက်ရအောင်၊ ဒီကျောင်း ဟာ အင်မတန် စည်းကမ်းကြီးတယ်၊ ကျောင်းသားဦးရေ ဘယ် လောက်များများ ထောင့်စေ့အောင် သွန်သင်နိုင်တယ်၊ အဲဒီမှာ နေတဲ့ကျောင်းသူတွေဟာ ဘာလူမျိုးတွေလဲ ‘မြန်မာ’ တွေပဲ မဟုတ်လား၊ ရှင်းရှင်းပြောရရင် ဘယ်ကျောင်းမှ ဒီကျောင်းရဲ့ စည်းကမ်း၊ ပညာရေးတို့ကို မမီဘူး၊ မိတို့ မြန်မာပြည်မှာ ဒီလို ကျောင်းမျိုး များများမပေါ်သင့်ဘူးလား ထွေး”

“သာသနာပြုတာကကော . . ”

“အို . . ဒါကလဲ အတင်းအကျပ် လုပ်တာမဟုတ်ဘဲ၊ သဘောကျသူဝင်၊ မကျသူနေနိုင်ပါတယ်၊ နောက်ပြီး မိဘမဲ့ တိုင်းရင်းသားတွေ ပြဿနာလဲ အတော်ဖြေရှင်းပေးတယ်၊ ဘော်ဒါ ဆောင်မှာ မိဘမဲ့တွေကို ကလေကချေ မဖြစ်ရလေအောင် မွေးကျွေးသုတ်သင်ပေးတာ မနည်းဘူး၊ နောက်ပြီး အဲဒီကျောင်း ကို အုပ်ချုပ်တဲ့ သီလရင်မာသာတွေက ဘာလူမျိုးလဲ ထွေး

www.burmeseclassic.com


သိလား”

“ဟင့်အင်း”

“အိုင်ယာလန်သူတွေ ထွေး၊ အိုင်းရစ်တွေဟာ အင်္ဂလိပ်လက်အောက်မှာ အကြာကြီးနေခဲ့ရတော့ သူတို့သဘောက တို့မြန်မာများလိုပဲ၊ တို့မြန်မာတွေကိုလဲ သူတို့ဟာ အတော်ချစ်ကြပါတယ်”

“မိရေ. . . သူတို့ရဲ့ အင်မတန်မွန်မြတ်တဲ့ လုပ်ငန်းတစ်ခုကိုတော့ ထွေးသတိရမိတယ်၊ နူနာရုံတွေမှာ ကိုယ်ဖိရင်ဖိ ပြုစုတာလေ၊ သူတို့တိုင်းပြည်က ရေခြားမြေခြား လာပြီးတော့ ဒီလိုအနစ်နာခံပြီး ကိုယ်မကောင်းသူတွေကြားထဲမှာ နေနိုင်တဲ့ သူတို့ရဲ့ စိတ်ထားဟာ စံတင်လောက်ပါပေတယ်”

“ဪ. . . ဒါပေ့ါထွေးရဲ့၊ စစ်ကြီးဖြစ်တုန်းက ဘုရင်ခံက အနူရုံမှာရှိတဲ့ ဗရင်ဂျီဘာသာဝင် သီလရင်များကို သက်ဆိုင်ရာ တိုင်းပြည်များကို ပို့ပေးဖို့ တာဝန်ယူသတဲ့၊ ဒါပေမဲ့ ဘယ်သီလရင်မှ မပြန်ဘူး၊ လူနာတွေကို ပစ်ပြီး မပြန်ပါရစေနဲ့ ဆိုပြီး နေကြတယ်၊ အစားအသောက် အတွက်ကော မပူဘူး လားမေးတော့. . . လူနာတွေ စားသလောက်ပဲ စားပါရစေ၊ ငတ်လဲငတ်ပါစေဆိုပြီး အနူရုံမှာ နေရစ်တယ်ကွယ်. . ထွေးရယ်”

*

ငယ်စဉ်က မြန်မာပြည်မြေပုံကို မဆွဲတတ်ခဲ့သော မိသည် ယခုမှ ကျောက်သင်ပုန်းပေါ်တွင် မြေဖြူခဲနှင့် ကျကျနနကြီး

www.burmeseclassic.com


လက်လွတ် ဆွဲနိုင်ခဲ့ပေပြီ။

သည်နေရာကား ဆန်စပါးအများဆုံးထွက်သော နေရာ၊ သည်နေရာကား ကျွန်းသစ်ထွက်သော နေရာ၊ သည်နေရာကား ရေနံထွက်သော နေရာ၊ သည်နေရာကား သံရိုင်းဝူးဖရင်း အစရှိသည့် သတ္တုတို့ထွက်သော နေရာ၊ သည်နေရာကား ကျောက်သံပတ္တမြား ထွက်သော နေရာ စသည် စသည်များကို ဒေါက်ခနဲ ဒေါက်ခနဲ ထောက်ပြနိုင်ပေသည်။

"ဒါဖြင့် မင်းတို့၊ ဆရာမတို့ တိုင်းပြည်ဟာ သယံဇာတ ပစ္စည်းများ ပေါများရာ ဒေသဆိုတာကို သိကြပြီလား"

"မြေတွင်းကထွက်တဲ့ သဘာဝပစ္စည်းပေါ့"

"ဒီလိုဆိုရင် ကျွန်မတို့ မြန်မာပြည်ဟာ ချမ်းသာတာပေါ့ နော်"

"အေးပေါ့. . . တို့မြန်မာပြည်မှာ ထမင်းငတ်ပြီး သေတဲ့ သူရယ်လို့ ဘယ်မှာရှိသလဲ၊ သူများနိုင်ငံမှာ အစားလေး တစ်လုတ် တစ်ဆုပ်ရဖို့ အင်မတန် ကြိုးစားရပါတယ်၊ တို့များရဲ့ အနီးဆုံး တိုင်းပြည်ကြီး ၂ပြည်ဖြစ်တဲ့ တရုတ်ပြည်ကြီးနဲ့ အိန္ဒိယပြည်မှာ တောင် လူဦးရေကများ၊ အသီးအနှံ လုံလုံလောက်လောက် မထွက်တော့ 'ငတ်ပြတ်တဲ့ ဘေးနဲ့ မကြာခဏ ရင်ဆိုင်ရ တယ်' လမ်းပေါ်မှာ ငတ်ပြတ်လဲနေတဲ့သူတွေ ဒုနဲ့ဒေး၊ အို. . . မင်း တို့ နောင်ကို ကြီးလာရင် အမေရိကန် စာရေးဆရာမကြီး ပါး(လ်)ဘတ်(ခ်) ရေးတဲ့ မြေပဒေသာကို ဖတ်ကြည့်စမ်း၊ ငတ်လွန်း လို့ လမ်းပေါ်က ခွေးသားတောင် သတ်စားကြရတယ်"

"အံမယ်လေး. . . အန်ချင်စရာကောင်းလိုက်တာ"

www.burmeseclassic.com


"မအန်ချင်နဲ့လေ၊ မင်းတို့ မငတ်ဖူးသေးတော့ ဘာသိမလဲလေ၊ တို့များတိုင်းပြည်မှာ ဆန်ပေါများတဲ့ တိုင်းပြည် ဆိုတော့ နောက်ဖေးလမ်းကြားမှာ ထမင်းတွေဖွေးလို့ သွန်ထား လိုက်တာ၊ သူတောင်းစားတစ်ယောက်ဟာတောင် ဈေးတန်း တစ်ခေါက် လျှောက်လိုက်ရင် တစ်နပ်စာကတော့ ဖူလုံတယ် မဟုတ်လား၊ မရယ်နဲ့လေ၊ ဆရာမပြောတာ မဟုတ်ဘူးလား"

"နို့ . . ဆရာမရယ် ကျွန်မတို့ မြန်မာပြည်က လယ်သမား တွေက ဆင်းရဲတယ်ဆို"

"အေး . . ဆင်းရဲတယ်ဆိုတာတော့ အမှန်ပဲ၊ အဝတ်အစား တွေ မလုံ့တလုံနဲ့ သူတို့က နွားနဲ့ရုန်းပြီး စပါးစိုက်ရပေတဲ့ သူတို့မှာ ဆန်ကောင်း မစားရဘူး၊ တို့များက မြို့ပေါ်မှာ တိုက်တာနဲ့ နေရပေတဲ့ သူတို့က အမိုးမလုံတဲ့ တဲကုပ်မှာ နေရတယ်"

"အဲဒါ ဘာဖြစ်လို့လဲ"

"ဒါ သူတို့ရဲ့ဘဝကို သူတို့ မဖန်တီးနိုင်ရှာလို့ပေါ့၊ သူ တို့ သက်သာချောင်ချိလာအောင်လဲ ဘယ်သူကမှ စနစ်တကျ မဆောင်ရွက်ပေးကြဘူး၊ မင်းတို့ နားလည်အောင် ဆရာမ တစ်နေ့ကျ အရှည်ကြီး ရှင်းပြဦးမယ်၊ ဒါနဲ့ ဆရာမ ကြားဖြတ် မေးရမယ်၊ ဆရာမတို့ မြန်မာပြည်မှာ လယ်သမားဦးရေ ရာခိုင်နှုန်း ဘယ်လောက်ရှိသလဲ မင်းတို့သိလား"

"ကျွန်မတို့ မသိဘူး ဆရာမ"

"လူတစ်ရာမှာ ၈၀ဟာ လယ်သမားချည်းပဲ၊ မင်းတို့ ဆရာမတို့က လူ ၁၀၀မှာ ၂၀ ထဲပါတဲ့ သူတွေပေါ့၊ လူဦးရေ

www.burmeseclassic.com


သန်း ၂၀ ကျော်ဆိုတော့ မင်းတို့ တွက်ကြည့်ပေတော့”

“ဟင်. . . ဒီလိုဆိုရင် မြန်မာပြည်မှာ လယ်သမားတွေက အများကြီးပေါ့နော်”

“ဟုတ်တယ်၊ ဆရာမတို့ လူနည်းစုပဲ၊ ဆရာမတို့ မြန်မာပြည်မှာ အဲဒီလူနည်းစုက လူတန်းစေ့ နေနိုင်ပြီး လူများစုက ဆင်းရဲရှာကြတယ်၊ အမှန်ကတော့ မဆင်းရဲဘဲ ဆင်းရဲရတာ၊ သူများတိုင်းပြည်လို အစားအသောက် လုံလုံလောက်လောက် မထွက်လို့လဲ မဟုတ်ဘူး၊ လူဦးရေများလို့ မလောက်မင ဖြစ်ရတာလဲ မဟုတ်ဘူး၊ ဆရာမတို့ တိုင်းပြည်ဟာ လွတ်လပ်ပါရဲ့သားနဲ့ ဒီလိုဖြစ်ရတာကတော့ တိုင်းပြည်မှာ မငြိမ်မသက် ဖြစ်ရလို့ပဲ၊ ခု မြန်မာပြည်မှာ အတွင်းမီး၊ အပြင်မီးတွေက ဝိုင်းနေတော့ တိုးတက်သင့်သလောက် မတိုးတက်ဘူး”

“အတွင်းမီး၊ အပြင်မီးဆိုတာ ဘာတွေလဲ ဆရာမ”

“အစိုးရနဲ့ သူပုန် တိုက်ကြတဲ့ ပြည်တွင်းစစ်ပေါ့၊ ရွာတွေကို သူပုန် မီးရှို့ပလားဆိုရင် လယ်တွေ စပါးတွေ မီး လောင်၊ လယ်သမားတွေ လောကနိဗ္ဗာန် ထူထောင်ဖို့ ဝေးလို့ ရှိပြီးသားတဲကုပ်နေရာတောင် ပျောက်လို့ ပြာပုံပေါ်မှာ အိပ်ကြရတယ်”

“အပြင်မီးကကော. . . ဆရာမ”

“အပြင်မီး ဆိုတာက ဆရာမတို့ မြန်မာပြည် နယ်စပ်မှာ ကျူးကျော်နေတဲ့ တရုတ်ဖြူတွေကို ပြောတာ၊ ရှမ်းပြည်မြောက်ပိုင်းနဲ့ ဝနယ်မှာရှိတဲ့ ကျိုင်းတုံ အစရှိတဲ့ နယ်တွေမှာ

www.burmeseclassic.com


၁၉၅၀ ခုနှစ်ကတည်းက တပ်စွဲလာခဲ့ကြတယ်၊ နောက် မိုင်းဆတ်ဆိုတဲ့နေရာမှာ လေယာဉ်ပျံကွင်း လုပ်တယ်၊ ၁၉၅၂ ခုနှစ်မှာ ကရင်သူပုန်များနဲ့ ပူးပေါင်းတယ်"

"ဆရာမ"

ကလေးမလေးတစ်ယောက်က ကြားဖြတ် မေးလိုက်လေသည်။ မိသည် ပြောလက်စ စကား ပြတ်သွားသည်။

"ဘာဖြစ်လို့ သူတို့က မြန်မာနယ်မှာ လာပြီး ဝင်ကျူးကျော်ရတာလဲ"

"တရုတ်ပြည်မကြီးရဲ့ နယ်ပယ်တွေကို ချန်ကေရှိတ်စစ်တပ်တွေက တန်ပြန်စစ်ထိုးကြမလို့ ဆိုတာပဲ"

*

**ဇွန်လ ၁၅ရက်နေ့၊ ၁၉၅၃။**

ဖေဖေနှင့် မေမေ ခင်ဗျား။

အိမ်သားများ စိတ်ပူမှာစိုးတဲ့အတွက် စာရေးလိုက်ပါတယ်၊ မနှစ်က တစ်ခေါက် ရန်ကုန်ရောက်ပြီး ကျွန်တော် စာမရေး ဘာမရေးနဲ့ လုပ်နေလိုက်တာ ဖေဖေနဲ့ မေမေတို့ စိတ်ပူမယ် အမှန်ပါပဲခင်ဗျား။

တရုတ်ဖြူတို့ အရေးဟာ တစ်စစ ရင်လေးဖွယ်ရာ ဖြစ်လာပါတယ်၊ ကျွန်တော်တို့ တပ်မတော်အနေနဲ့ ကျိုင်းတုံစစ်ဆင်မှု၊ မြို့နှင်းမှုန် စစ်ဆင်မှု၊ ပင်လုံစစ်ဆင်မှု များနဲ့ အပြီးအပိုင် သူတို့အား သုတ်သင်ရှင်းလင်းခဲ့

www.burmeseclassic.com


ပါတယ်။

သူတို့ဟာ ဖော်မိုဆာရှိ ကူမင်တန် ဌာနချုပ်နဲ့ အဆက် အသွယ်လုပ်ထားတယ်၊ အင်အားဟာ တစ်စတစ်စ များ ပြားလာပါတယ်၊ ၁၉၅၂ ခု၊ အောက်တိုဘာလ လောက်မှာ ကချင်ပြည်နယ်အတွင်း ဗန်းမော်အရှေ့ဘက်မှာ အခိုင်အမာ တပ်စွဲလာပြန်တော့ မြန်မာအစိုးရတပ်အနေနဲ့ စတုတ္ထ အကြိမ် လခွန်ဘမ်း စစ်ဆင်မှုနဲ့ ထိုးစစ်ဆင်ကြပြန်တယ်။

တစ်စတစ်စ ကျွန်တော်တို့ မြန်မာပြည်ထောင်စုကို လုပ်ကြံဖို့ ကြံစည်လာကြတယ်၊ ရှမ်းပြည်နယ်နဲ့ ကချင် ပြည်နယ်များအပေါ် ဩဇာလွှမ်းမိုးအောင် စစ်တပ်များကို တောင်တန်းတစ်လျှောက် ချထားတယ်၊ ပြည်ထောင်စုနိုင်ငံ အတွင်း လက်နက်ကိုင် သောင်းကျန်းသူများနဲ့ ပူးပေါင်း ပြီး ပြည်ထောင်စု အစိုးရကို ချေမှုန်းဖို့အထိ လှုပ်ရှားမှု များ စတင်လာပါတယ်၊ ဒါတွေရေးရင် ဆုံးမယ်မဟုတ်ဘူး။

ကျွန်တော်တို့ အနေကတော့ ကျွန်တော်တို့ ပြည်ထောင် စုရဲ့ နယ်မြေတစ်လက်မကို အသက်ပေါင်းများစွာ စတေး ပြီး ခုခံတိုက်ခိုက်မှာပဲ၊ ဖေဖေနဲ့ မေမေတို့ ကျွန်တော့် အတွက် တွေးပြီး မပူပါနဲ့တော့။

ကျွန်တော့်အတွက်ကတော့ မထူးတော့ပါဘူး၊ ရိုးရိုး စစ်သားဘဝကတည်းက သင်တန်းတက်ရ၊ တိုက်ရ၊ ခိုက်ရ နဲ့ ဘဝကို စလာလိုက်တာ ဗိုလ်ကြီးဘဝမှာလဲ တိုက်ခဲ့ရ တာပဲ၊ ဗိုလ်မှူးဘဝမှာလဲ စစ်တိုက်ခဲ့ရတယ်၊ ခု ဗိုလ်မှူး ကြီးဘဝရောက်လဲ စစ်တိုက်ရဆဲပဲ။

www.burmeseclassic.com


ကျွန်တော့်ဘဝမျိုးဟာ ပန်ကာအောက်မှာ နေရတဲ့ ဘဝမျိုး မဟုတ်ဘူး၊ အရိပ်ထဲနေရတဲ့ ဘဝမျိုး မဟုတ် ဘူး၊ သက်တမ်းတစ်ဝက်ကျော်ဟာ ကြမ်းတမ်းတဲ့ ဘဝခရီး ကို ဖြတ်ကျော်လာခဲ့ရတယ်၊ အသက် ၂၀ ကျော်ကတည်း က တိုက်လာခဲ့ရတဲ့ စစ်ဟာ အခု အသက် ၃၀ ကျော်ပြီး တိုက်နေရတုန်းပဲ၊ နောင်ကို ဘယ်လောက်အထိ တိုက်ရ ဦးမလဲ မသိဘူး။

ဒီလို ရေရှည်ကြီး တိုက်နေရတော့ စစ်ကို ငြီးငွေ့လာ ပါတယ်၊ ရွံမုန်းလာတယ်၊ ကျွန်တော်သတ်ခဲ့ရတဲ့ ရန်သူ တွေရဲ့ သွေးတွေကို စုပေါင်းလိုက်မယ်ဆိုရင် ချောင်းစီး လောက်ပါရဲ့၊ ကျွန်တော်ဟာ လူသတ်တရားခံလို ဖြစ်နေပြီ၊ ငါးပါးသီလဆိုတာလဲ ကျွန်တော် ဘယ်မှာ မြဲနိုင်မလဲ၊ ရိုးရိုးအချိန်မှာဆိုရင် ကျွန်တော်ဟာ ပုရွက်ဆိတ်တစ်ကောင် ကိုတောင် လက်နဲ့ချေမပစ်ဘူး၊ ခုတော့ ကိုယ့်ဘဝကို ကိုယ်နားကြည်းမိလို့ ဆက်မရေးပါရစေနဲ့ ဖေဖေနဲ့ မေမေ ခင်ဗျား။

မိမိ ဒီဂရီရကြောင်း သိရ၍ ဝမ်းသာသည်။ ထွေးထွေး လဲ ဒီဂရီ ရပါစေသတည်း။

အားလုံး သာယာခြင်းအပေါင်းနှင့် ပြည့်စုံပါစေ။

**သူရ**

**ခေတ္တ (လွိုင်ကော်)**

*

www.burmeseclassic.com


## ထွေးထွေးနဲ့ မိမိ

မင်းတို့ကို ကိုယ် စာတစ်ခါမှ မရေးဖူးလို့ မင်းတို့ အံ့သြမှာပဲနော်။

မင်းတို့တစ်တွေ ပညာတတ်တွေ ဖြစ်လာတာ ကိုယ် ဝမ်းလဲသာ၊ ချီးလဲချီးကျူးပါတယ်၊ တို့မြန်မာပြည်မှာ လူတိုင်းလူတိုင်းဟာ ပညာအခြေခံ အသင့်အတင့်ရှိပြီး Political Education (နိုင်ငံရေးအသိအမြင်) ရှိသင့်တယ်၊ ဒါမှ မင်းတို့ဟာ ဘယ်လိုအစိုးရမျိုးကို ရွေးချယ်ရမယ်ဆိုတာ သိမှာ။

ဒီမိုကရေစီ အုပ်ချုပ်ရေးဆိုတာ မင်းတို့သိတဲ့ အတိုင်းပဲ Government of the People for the People by the People (လူထုအတွက် လူထုအုပ်ချုပ်သော လူထု အစိုးရ) လို့ ဆိုတယ် မဟုတ်လား၊ တို့မြန်မာပြည်က Parliamentary Democracy (ပါလီမန် ဒီမိုကရေစီ) စနစ်နဲ့ အုပ်ချုပ်တဲ့ တိုင်းပြည်၊ ပါလီမန်က တစ်ဆင့် လူထုအာဏာလွှဲအပ်ပြီး အုပ်ချုပ်တဲ့ တိုင်းပြည်ဆိုတော့ နိုင်ငံရေး အသိအမြင် ရှိသင့်တာပေါ့။

မင်းတို့ ကျောင်းဆရာမ ဖြစ်လာတဲ့ တစ်နေ့မှာ မင်း တို့ရဲ့ တပည့်ငယ်များကို ကျောင်းစာပါမကဘူး၊ ဒီနိုင်ငံ ရေး အသိအမြင်များကို ရှင်းလင်းပြပြီး သူတို့ မျက်စိကို ဖွင့်ပေးပါ၊ ဒါမှ နောင်တစ်နေ့မှာ သူတို့ဟာ ဘယ်လို အစိုးရမျိုးကို ရွေးချယ်ရမယ်ဆိုတာ သိလာလိမ့်မယ်၊ ပညာတတ်တဲ့ လူတိုင်းလဲ အမြင်မှန်ရှိတာ မဟုတ်ဘူးကွ၊

www.burmeseclassic.com


ဒီတော့ မင်းတို့လို သိသူ တတ်သူတွေက တတ်နိုင်သလောက် ကြိုးစားဆောင်ရွက်ရမယ်။

ဒီပြည်ထောင်စုကြီးရဲ့ လွတ်လပ်ရေးကို ဘယ်လောက် ကြိုးပမ်းခဲ့ရသလဲ. . . ဝေးဝေးကို လှမ်းကြည့်ဖို့ မလိုဘူး၊ မင်းတို့အဖို့ မင်းတို့ အစ်ကိုများဖြစ်တဲ့ ငါနဲ့ ရန်နောင်ကို ကြည့်စမ်း၊ ဒီလောက်တောင် ခက်ခက်ခဲခဲ ယူလာရတဲ့ လွတ်လပ်ရေးကြီးဟာ ဘယ်လောက်တည်တံ့သင့်သလဲ ဆိုတာကို မင်းတို့ လေးလေးနက်နက် တွေးကြည့်မယ် ဆိုရင် လွတ်လပ်ရေးတည်တံ့ဖို့ကို အလွန်ကြိုးစားဖို့ ကောင်းနေပြီ။

လွတ်လပ်ရေး တည်တံ့ခိုင်မြဲဖို့ဟာ (၁) တိုင်းပြည်ရှိ ပြည်ထောင်စုသားချင်း ညီညွတ်မှ (၂) တိုင်းပြည်ကို လုံခြုံ အောင် အုပ်ချုပ်နိုင်စွမ်းရှိတဲ့ အစိုးရမျိုး၊ လူထု အတွက် အဘက်ဘက်က အမြဲစဉ်းစားပြီး ဆောင်ရွက်တတ်တဲ့ အစိုးရမျိုးကို မင်းတို့က ရွေးချယ်တတ်မှ (၃) မင်းတို့ လူထုကလဲ တိုင်းပြည်တာဝန်သိမှ အရှည်သဖြင့် တည်တံ့ နိုင်ပေလိမ့်မယ်။

ကိုယ့်စာလဲ ရှည်သွားပြီ ထင်တယ်၊ ကိုယ့်နှမများ တိုင်းပြည်ရှေ့ဆောင် ပညာတတ်အမျိုးသမီးများ ဖြစ်ကြ ပါစေ ဆုတောင်းသည်။

သူရ
ခေတ္တ - လှိုင်ကော်

*

www.burmeseclassic.com


မိနှင့် ထွေးတို့သည် ကိုသူရလက်ရေးနှင့် သူတို့ဆီ သီးသန့်စာလာသဖြင့် ဝမ်းပန်းတသာ ဖြစ်နေကြသည်။

"ကိုကြီးလက်ရေးနဲ့ မိတို့ဆီ သီးသန့် လာတဲ့စာ အင်မတန် တန်ဖိုးရှိတယ် ထွေးရေ၊ အဲဒါကို မိ သိမ်းထားပါရစေ"

"အို. . ထွေးနဲ့မိ အတူတူနေကြတဲ့ဟာ၊ တကတည်း သူများထက် ပိုတယ်"

ထွေးသည် မိအား မျက်စောင်းလေး ချိတ်လိုက်သည်။ မိကမူ သွားတက်ကလေးများပေါ်အောင် ပြုံးနေသည်။

"ခု အတူတူနေရပေတဲ့ နောက်ကျရင် ခွဲချင်ခွဲနေရမှာ ထွေး"

"မိဟာက ဘာစကားလဲ"

"ဘာစကားရမလဲ၊ လောကဓမ္မကို ပြောတာ၊ အထူးသဖြင့် ထွေးဟာ မိတို့ကို အရင်ခွဲသွားမယ် ထင်တယ်"

"ဘယ်လို"

ထွေးသည် မျက်မှောင်ကြုတ်ကာ မိအား ငေးနေမိသည်။

"အိပ်ချင်ယောင်ဆောင်တဲ့လူ အနှိုးရခက်နေပါပြီ ထွေးရယ်၊ ခု ထွေးဆီ ခဏခဏလာနေတဲ့ ကျောင်းသားခေါင်းဆောင် ဆိုတာလေ မေ့ပလား"

"ဘယ်သူလဲ အစ်ကိုမြင့်လား"

"အလဲ့. . . အစ်ကိုမြင့်တွေ ဘာတွေတောင် ဖြစ်နေပြီ၊ သူပေါ့ ဘယ်သူရှိရဦးမလဲ၊ ထွေးဟာ ပညာလဲစုံ ကြင်ရာလဲ. . "

"အို. . . မိကလဲ ထွေးတို့က ရိုးရိုးမိတ်ဆွေပါ"

"ဟုတ်ပါတယ် ခုတော့ ရိုးရိုးမိတ်ဆွေပေါ့၊ ဒါပေမဲ့ အဲဒီ

www.burmeseclassic.com


ရိုးရိုးမိတ်ဆွေက ထွေးဆီကို ခဏခဏလာလှချည်လား”

ထွေး၏ မျက်နှာလေးသည် အဓိပ္ပာယ်ဖော်ရခက်သော မျက်နှာလေးမျိုးနှင့်. . .

“သူ့သဘောတော့ ဘယ်သိနိုင်ပါ့မလဲ မိရာ”

ထွေးက ဖြောင့်ကွယ် ကွယ်လိုက်သည်။

“ဒါဖြင့် ထွေးသဘောကတော့”

မိသည် ထွေးမျက်နှာကို စူးစူးစိုက်စိုက် ကြည့်ကာ ပြုံး၍ မေးလိုက်သည်။ ထွေးသည် မိကို မကြည့်ဘဲ ပြတင်းပေါက်ဘက်သို့ ငေးကာ တွေနေသည်။ မိုးဖွဲလေးများသည် ပြတင်းကြားမှ အသာအယာ တိတ်တခိုး ဝင်လာပုံရသည်။ လေသည် တဟူးဟူးနှင့် တိုက်ခတ်နေသည်။

“အို. . . နောက်တော့ သိလိမ့်မပေါ့”

ထွေးသည် ပါးချိုင့်လေးများပေါ်အောင် ရှက်ပြုံးကလေးပြုံးကာပြတင်းပေါက်ရှိရာသို့ ထသွားလေသည်။ မိသည် ထွေးအား ကြည့်ကာ လက်ခုပ်လက်ဝါးတီး၍ ရယ်မောလိုက်သည်။

“ပေါ်ပြီဟေ့. . . ခုမှ ပေါ်တယ်”

“သူများကိုတော့ စတဲ့ကလေးမ၊ မိက ထွေးထက် ကောလိပ်ကို အရင်စောရောက်တယ်၊ ကိုင်း. . . သူကော မရှိခဲ့ဘူးလား၊ မိုးတွေ ခြိမ်းနေတယ်. . . မှန်မှန်ဖြေစမ်း”

ထွေးသည် ပြတင်းပေါက်ကို ပိတ်ပြီး မိ ခုတင်ရှိရာသို့ လာပြီး မျက်နှာထားတည်တည်နှင့် မေးလိုက်သည်။

“မရှိခဲ့ပါဘူး ထွေးရယ်”

www.burmeseclassic.com


"တကယ်"

"ဪ. . . တကယ်ပေါ့"

"မယုံဘူး. . . မိလို လှတဲ့မိန်းကလေးမျိုး ပိုးတဲ့ ပန်းတဲ့ သူတော့ ရှိမှာပေါ့"

"ဒီလိုတော့ ရှိချင်ရှိမှာပေါ့"

"မိ စိတ်ထဲကကော"

"ဟင့်အင်း"

မိသည် ခေါင်းကို ခါပြလိုက်သော်လည်း မျက်စိထဲ၌ ဝိုးတိုးဝါးတာ အရိပ်အယောင်များကို မြင်နေရသည်။ အိပ်ရာထဲတွင် လှဲလျောင်းကာ နဖူးပေါ်လက်တင်လျက် လေးလေးနက်နက် စဉ်းစားနေသည်။ ခေါင်းထဲတွင် တရိပ်ရိပ်ထင်နေသော အရိပ်များကား မိုးပေါက်လေးများကြားထဲမှ မြင်းပေါ်တွင် စစ်ဝတ်စစ်စားနှင့် သူ. . . လသာဆောင်တွင် အရပ်ဝတ်အရပ်စားနှင့် ပြန်လာသော သူ့ကို တွေ့၍ သူအမှတ်နှင့် ပြေးသွားခဲ့သော် "သူ" မဟုတ်သော သူကို တွေ့ခဲ့ရပုံ၊ သူ မဟုတ်သောသူက တစ်ည ဝရန်တာတွင်. . .

"ဟင့်အင်းသာ ပါးစပ်က ဖြေတာ၊ လူကဖြင့် ငိုင်လို့"

"မိ တွေးတာက တခြားပါ"

"အဲဒီ တခြားဆိုတာလေးကို သိပါရစေ မိရယ်"

"အို. . ထွေးကကွယ် နောက်ရန်ကော မိမှာ မရှိပါဘူး ဆိုနေမှ"

မိသည် မျက်မှောင်လေးကြုတ်ကာ စိတ်ရှုပ်စွာ ပြောလိုက်သည်။ ထွေးသည် မိ၏ ခါးလေးကို လက်နှင့်တို့ကာ

www.burmeseclassic.com


ရယ်မောနေသည်။ မိ၏ ပါးကို ဆွဲလိမ်ကာ. . .

"အဲဒီလို ကျွဲမြီးတိုပုံထောက်ရင် ငုံးဆူ လူမသိ အပူမိတာမျိုး ထင်ပါရဲ့ မိရယ်"

"ဟုတ်တယ်. . ဟုတ်တယ်၊ ထွေး ထင်ချင်သလိုထင်"

ခပ်ဆောင့်ဆောင့်လေး ပြောလိုက်သော်လည်း မိ၏ ရင်ထဲတွင် ဟာနေသည်။ မိသည် မျက်တောင်လေးများ တဖျတ်ဖျတ်ခတ်ကာ ရီဝေသော မျက်လုံးအိမ်ကို ရှည်လျားမည်းနက်သော မျက်တောင်ကော့များနှင့် ဖုံးအုပ်လိုက်သည်။

*

မိုးများ တဖွဲဖွဲ ရွာသွန်းချိန်၌ မိသည် ကျောင်းစာသင်ခန်းတွင် ပျင်းရိငြီးငွေ့ နေသည်။

မီးများဖွင့်ကာ အခန်းတံခါးကို ပိတ်ထားသဖြင့် အထဲတွင် လှောင်နေသည်။ မိုးသက်လေအေး၏ ထိတွေ့ခြင်းနှင့်ကင်းကွာနေသဖြင့် လူမှာ နုံးနေသည်။ မြေသင်းနံ့များကိုလည်းမရှူရှိုက်ရပေ။

သို့ကြောင့် ပြတင်းတံခါးပေါက်သို့ ထလာသည်။ မိမှာ အချိန်အားရသဖြင့် ကျောင်းခန်းပြတင်းပေါက်တွင် ရပ်ကာငေးနေသည်။ အပြင်၌ မှုန်မှိုင်းနေသည်။ သစ်ပင်အစိမ်းတို့သည် နဂိုအစိမ်းထက် ပို၍ ရွှန်းတောက်ကာ ရင့်နေသည်။ မိုးစက်ရေသည် ချစ်စဖွယ် ငွေချည်မျှင်များကဲ့သို့ တန်းလျက် ကျလာသည်။

www.burmeseclassic.com


"ဆရာမ"

မိသည် နောက်သို့ လှည့်ကြည့်လိုက်သည်။ ကျောင်းသူ တစ်ယောက်ကို တွေ့ရသည်။

"ဆရာမဖို့ စာတစ်စောင် ကျောင်းလိပ်စာနဲ့ လာလို့ ကျောင်းအုပ်က ပေးခိုင်းလိုက်ပါတယ်"

"အေး. . . အေး ကျေးဇူးပါပဲ"

ကျောင်းသူမလေး လှည့်အထွက်တွင် မိသည် စာအိတ် ပြာကလေးကို ထောင်ကြည့်လိုက်သည်။ လက်ရေးမှာ ကိုရန်နောင် ၏ လက်ရေးဖြစ်သည်။ မိသည် ရင်ထဲ၌ ဒိတ်ခနဲ ဖြစ်သွား ကာ ကိုရန်နောင်၏ စာကို ကမန်းကတန်း ဖောက်လိုက်သည်။

## မိမိရယ်

မိုးတွေရွာလာပြန်ပြီ၊ အပြင်မှာ အုံ့ဆိုင်းပြီး မိုးပွင့် ကလေးတွေ ကျလာပလားဆိုရင် ဘယ်နေရာကို ကြည့် လိုက် ကြည့်လိုက် မှုန်မှိုင်းနေတာပဲ။

ဒီလို အချိန်အခါမျိုးမှာ ငါ့ရင်ထဲ ဘယ်လိုဖြစ်နေတယ် ဆိုတာ ငါဖွင့်ပြလိုက်တယ် ထင်ပါရဲ့ မိမိရယ်၊ ငါ့ စိတ် ဟာ အလိုလို မအေးတော့ဘူး၊ ရင်ထဲမှာ ပိုလို့ဆွေးမိ တယ်၊ ငါ့မှာဖြင့် အနားရလေလေ ရင်ထဲက ဂနာမငြိမ် လေလေပဲ၊ ငါ့အဖြစ်က နားဖို့တောင် မကောင်းပါဘူး မိမိရယ်။

ငါတို့ ရန်ကြီးအောင် စစ်ဆင်ရေး ပထမအဆင့်မှာ

www.burmeseclassic.com


မုံယွင်း၊ လွယ်လန်းဆိုတဲ့ ထိုင်းနယ်စပ်က တရုတ်ဖြူ ဗဟိုဌာနချုပ် အခြေခံစခန်းကြီးကို ချီတက်လုပ်ကြံကြ တယ်၊ တောကြီး တောင်ကြီးတွေကို ဖြတ်ပြီး တိုက်ခဲ့ရ တယ်၊ တိုက်ပွဲမှာ စစ်အတွေ့အကြုံအတော်ရှိတဲ့ တပ်ရင်း အမှတ် (၅)ဟာ အတော် အထိအခိုက်များပြီး ကျဆုံးခဲ့ တယ်။

ဒီတုန်းက ငါ ဘာဖြစ်လို့ မသေပါလိမ့် ညီမလေး ရယ်။

တပ်ရင်းအနေနဲ့ လူနာတွေကို ခဲခဲယဉ်းယဉ်း သယ်ယူကြရတော့ ငါ့မှာ ဒွေးရော ဥပါဒ်ပါ စိတ်ညစ်လိုက်တာကွယ်၊ တိုက်ပွဲတွေမှာ ငါ စွပ်ရှပ်ပြီး အသေခံတာပဲ၊ ရဲဘော်တွေကတောင် ငါ့ကို ရဲလွန်းလို့ သတိပေးကြတယ်၊ ဒါလောက်တောင် အမှုတွေ ရှုပ်ထွေးပြီး မျှော်လင့်ချက်ကင်းမဲ့တဲ့ လောကကြီးမှာ အသက်ရှင်လို့ကော ထူးဦးမလားကွယ်။

မိမိရေ မိုးတွေကရွာတော့ ငါ ဘယ်လောက် အိမ်ပြန်ချင်နေသလဲဆိုတာကို တွေးသာကြည့်ပါတော့၊ ဖြေသာ ပြေမပြေတဲ့ ဒီအလွမ်းကို ဆိုတာလိုပဲ. . . နင့်ကို ပိုလို့ လွမ်းတယ်၊ ညီမရယ် အိမ်ကိုပြန်လဲ နင်ကတော့ ရှောင်နေဦးမှာပဲ၊ ဒီတစ်ခါ အိမ်ကိုပြန်လာရင်တော့ ငါ့ကွယ်ရာ ရှောင်မနေပါနဲ့ဆိုတာကို တောင်းပန်ပါတယ်။

ငါ့မျက်စိအောက်မှာ နင့်ကိုမြင်မနေရရင်တော့၊ ငါ ပြန်မလာတော့ဘူး၊ နင် ငါချစ်သလို မချစ်တောင်မှ ငါ့ ရဲ့

www.burmeseclassic.com


ကြီးမားလှတဲ့ မေတ္တာကို အသိအမှတ်ပြုသင့်ပါတယ်၊ ခုတော့ နင်နေပုံက ငါ့အပေါ်မယ် တစိမ်းပြင်ပြင်လိုပဲ ဒါကြောင့် ငါ စိတ်ညစ်တယ်၊ ငါ့မှာတော့ နေမြင့်လေ အရှူးရင့်လေပဲ၊ ကြာရင် ငါရူးရမယ် ထင်ပါရဲ့ မိမိရေ။

မိသည် ကိုရန်နောင်၏ စာဖတ်ရင်း မျက်ရည်ဝိုင်းကာ သက်ပြင်းချလိုက်သည်။ ကိုရန်နောင်၏ စာသည် ဟိုရောက် သည်ရောက် ကမောက်ကမ ဖြစ်သော်လည်း သူ့ရင်ထဲ၌ ခံစားရ ချက်များကို ဖွင့်ဟထားသဖြင့် မိ၏စိတ်တွင် လာ၍ထိနေသည်။ မိုးဖွဲလေးများ ကြားထဲမှ မိသည် ကိုရန်နောင်၏ ရုပ်သွင်ကို ပုံဖမ်းကြည့်နေသည်။ သူသည် ကိုသူရနှင့် ရုပ်ချင်းတူသည်။ မြင့်မြတ်သောစိတ်ဓာတ်ချင်းလည်း တူသည်။ သို့သော် ကိုသူရ နေပုံ ထိုင်ပုံက ပုထုဇဉ်မဆန်၊ ကိုရန်နောင်က ပုထုဇဉ် ဆန် သည်။

ကိုရန်နောင်သည် စစ်သားဖြစ်သော်လည်း ချစ်တတ် သော အသည်းနှလုံးရှိသည်။ မျက်ရည်ဝေ့ဝေ့နှင့် လွမ်းလည်း လွမ်းတတ်ပေသည်။ မိသည် မျက်ရည်စတွေ တဝေဝေနှင့် စာကို ဆက်ဖတ်ပြန်သည်။

မိရယ်. . . ငါ့ကို သက်ညှာသမှုရှိတယ်ဆိုရင် ငါ စိတ် ချမ်းသာအောင် စာလေးတစ်ကြောင်း နှစ်ကြောင်းလောက် ရေးပါကွယ်၊ နင်ဟာ ငါ့မေတ္တာကို အသိအမှတ်ပြုတယ် ဆိုရင်ပဲ ငါ ကျေနပ်ပါပြီ၊ နင် တုံ့ပြန်တာတော့ ငါ့ ကုသိုလ်ပေါ့ကွယ်။

www.burmeseclassic.com


တော်ဦးမယ်၊ စိမ်းကားလှတဲ့ မိမိလေးရယ်။
အသည်းနင့်အောင် မေတ္တာထားခဲ့မိသူ-

**ရန်နောင်**
**ခေတ္တ - မုံးဆပ်**

မိသည် ကိုရန်နောင်၏ စာကိုကိုင်ကာ အတန်ကြာ ငိုင်နေမိသည်။ နောက်မှ မိသည် စာရွက်တစ်ရွက်ကို သွားယူကာ စားပွဲပေါ်တွင် ထိုင်လျက် စာကို ချက်ချင်း ရေးလေသည်။

**ကိုလေး**

ပေးတဲ့စာကို ရပါတယ်၊ စာကိုရလျှင်ရချင်း ကိုလေးအတွက် အလွန်ပဲ စိတ်ပူမိပါတယ်၊ ကိုလေးဟာ အသက်အငယ်လေး ရှိပါသေးတယ်၊ ရှေ့တွင် လုပ်စရာ ကိုင်စရာတွေ ရှိပါသေးတယ်၊ ကိုလေးတို့လို အများအတွက် အနစ်နာခံလုပ်နေတဲ့ လူ့အဖိုးတန်အဖို့ မိအတွက်နဲ့ သောကရောက်ရတဲ့ အချိန်တွေဟာ နှမြောစရာ ကောင်းလှပါတယ်။

ကိုလေးရယ်. . . ဒါလောက်လဲ သောကမရောက်ပါနဲ့၊ ကိုလေးရဲ့ မေတ္တာကို မိ အသိအမှတ်ပြုပါတယ်၊ ဒါပေမဲ့ ကိုလေးဟာ မိရဲ့ ဖြူစင်တဲ့ နှလုံးသားထဲမှာ မိအစ်ကို ပါပဲ ကိုလေး၊ မိကို တကယ်ချစ်တယ်ဆိုရင် ကတိတစ်ခု ပေးပါ၊ တိုက်ပွဲတွေမှာ စိတ်လိုက်မာန်ပါနဲ့ သိပ်အတင့် မရဲပါနဲ့၊ အသက်ကို ဥဏ်စောင့်တဲ့၊ သေသင့်လို့ သေရတာ က အရေးမကြီးဘူး၊ မိုက်ရူးရဲအလုပ်တွေကို မလုပ်ပါနဲ့၊

www.burmeseclassic.com


အဲဒီကတိကို ပေးပြီး ပေးတဲ့အတိုင်း နေရင် မိကိုလဲ တကယ်ချစ်ရာရောက်ပါတယ်။

တော်သေးပြီနော်၊ ဒီကတိကို လိုချင်လို့ မိ စာရေးလိုက်တာပဲ။

**ညီမလေး မိမိ**

Ps. ရွှေ့မျက်နှာ နောက်ထားပြီး ပြောရဦးမယ်၊ ထွေး တစ်ယောက်တော့ စွံတော့မယ်၊ ဒီအောက်တိုဘာမှာ လက်ထပ်ဖြစ်မလား မသိဘူး၊ ထွေးကတော့ ရှက်လို့ ကိုလေးတို့ကို မပြောနဲ့ဦး ပိတ်ထားတာ၊ မိကတော့ ဖော်ကောင်လုပ်လိုက်ပြီ၊ ယောက်ဖလောင်းက ကိုကြီး၊ ကိုလေးတို့လို တိုင်းပြည်ချစ်စိတ်ရှိတဲ့ ကျောင်းသား ခေါင်းဆောင်တစ်ယောက်ပဲ၊ ဒီဂရီရပြီးသား။ ဦးကြီးနဲ့ ဒေါ်ကြီးတို့ကလဲ သဘောတူတယ်၊ ထွေးနဲ့ အပုံကြီး သင့်တော်ပါတယ်။

**မိမိ**

* * *

www.burmeseclassic.com


# (၂၆)

မိ၏ လေနေသော စိတ်များသည် ကျောင်းခန်းများတွင် တည်ငြိမ်လာရသည်။

“တပည့်တို့ရေ. . ဒီနေ့ ပြည်သူ့နီတိမှာ မင်းတို့ ဗဟုသုတ ဖြစ်ရအောင် ပြည်ထောင်စုအလံအကြောင်းနဲ့ စပ်လျဉ်းလို့ ပြောပြမယ်၊ မင်းတို့ ငယ်စဉ်က စတုတ္ထတန်း ခေတ်သစ် မြန်မာ ဖတ်စာသင်ခဲ့ရတယ် မဟုတ်လား၊ ပြည်ထောင်စုအလံဟာ အနီရောင်ခံပြီး ထောင့်မှာ အပြာကွက်ရှိတယ်၊ အပြာကွက်မှာ ကြယ်ကြီးတစ်လုံး အလယ်မှာထားပြီး ကြယ်ကလေးတွေ ခြံရံထားတယ်၊ အဲဒီ အနီရောင်ခံတဲ့ သဘောက ဘာသဘောလဲ၊ ဘယ်သူသိတာလဲ၊ လက်ညှိုးထောင်စမ်း၊ အဲ. . . အိုင်းရင်း သိသလား ဖြေ”

“အနီသဘောက ရဲရင့်ခြင်းကို ပြပါတယ် ဆရာမ”

“အေး. . . ဟုတ်တယ်၊ အနီဟာ သူရသတ္တိရှိတယ်၊ ရဲရင့်တယ်ဆိုတဲ့ သဘောပဲ၊ တို့မြန်မာတွေဟာ လွတ်လပ်ရေး အတွက် ရဲရဲရင့်ရင့် မြန်မာအဖြစ်နဲ့ အမြဲတည်နေရမယ်လို့ ဆရာမ ယူဆတယ်၊ ကောင်းကင် အပြာကကော၊ ကိုင်း. . .

www.burmeseclassic.com


လီလီ ဖြေစမ်း”

“အပြာက အေးချမ်းကြည်လင်ခြင်းကို ပြပါတယ် ဆရာမ”

“အေး . . ဟုတ်ပြီ အပြာဟာ မြန်မာပြည်ရဲ့ အေးချမ်းစေမယ့် အတိတ်နိမိတ်ပဲ၊ ထာဝစဉ် ငြိမ်းချမ်းရေးအတွက် ရည်စူးတယ် ဆိုပါစို့ကွယ်၊ ဒါပေမဲ့ တို့ပြည်ထောင်စုသားတွေ ငြိမ်းငြိမ်းချမ်းချမ်း မနေကြရတာတော့ ဝမ်းနည်းစရာပဲ၊ ထားပါတော့ ကြယ်ပွင့်တွေကကော၊ နိုရင်း ဖြေစမ်း”

“ကြယ်ပွင့်တွေက ပြည်ထောင်စုသားများကို ရည်စူးပါတယ်”

“အေး . . အလယ်က ကြယ်ပွင့်အကြီးကြီးက ပြည်ထောင်စု ကိုယ်စားပဲ၊ ကြယ်ပွင့်အသေးလေးတွေက ရှမ်း၊မြန်မာ၊ ကရင်၊ ကချင်၊ ချင်း၊ ကယား စတဲ့ ပြည်ထောင်စုသားတွေရဲ့ ကိုယ်စားပဲ၊ အဓိပ္ပာယ်ကတော့ ညီညီညွတ်ညွတ်ရှိမှ တို့ပြည်ထောင်စုရဲ့ လွတ်လပ်ရေးအရသာကို ခံစားကြရမယ့် သဘောပေါ့”

မိသည် ကလေးများအား အလံပုံကို ကျောက်သင်ပုံးပေါ်တွင် ဆွဲကာ ထောက်ပြသည်။ ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံ၏ မြေပုံကို ဆွဲပြ၍ ကချင်ပြည်နယ်၊ ချင်းဝိသေသတိုင်း၊ ရှမ်းပြည်နယ်၊ ရခိုင်တိုင်း၊ မြန်မာပြည်မ၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်များကို ဆေးရောင်ခြယ်လျက် ပိုင်းခြား ပြသလေသည်။

မိက လှပသေသပ်စွာ ဆွဲထားသော ပြည်ထောင်စု မြန်မာနိုင်ငံမြေပုံသည် အဝေးက ကြည့်လျှင်ပင် ထင်းနေသည်။

www.burmeseclassic.com


ပြည်နယ်များသည် မြေဖြူဆေးရောင်စုံများဖြင့် လှပကာ ပေါ်လွင်နေသည်။ မိသည် ပြည်ထောင်စုသားများ နေပုံ ထိုင်ပုံ၊ ဝတ်ပုံ စားပုံများကို စာအုပ်တစ်အုပ် ထောင်ပြကာ ပြရင်း အကြမ်းပြောပြနေသည်။ မိသည် သူ မရောက်ဖူးသော်လည်း ပြည်နယ်အသီးသီးတို့၏ တောတောင်ရေမြေ သာယာပုံကို ပထဝီအထောက်အထားများနှင့် ပြောပြနေတော့သည်။

*

"ဟေး. . . မိမိ၊ ယူ အားလား"

မိနှင့် လုပ်ဖော် ဆရာမပဂ္ဂီသည် မိ ထိုင်နေရာ စားပွဲသို့ လျှောက်လာသည်။

"အေး. . . ပဂ္ဂီကော အော့(ဖ်)လား"

ပဂ္ဂီသည် ခေါင်းညိတ်ပြကာ မိ အနီးတွင် ဝင်ထိုင်လိုက်သည်။

"ယူ့လက်ထဲက ဘယ်သူ့ပုံလဲ ပြစမ်း"

မိသည် သူ့လက်ထဲတွင် ကိုင်ထားသော ဓာတ်ပုံကို ပဂ္ဂီအား ပြလိုက်သည်။ အမှန်က မပြချင်ပေ။ ပဂ္ဂီသည် အလွန်စပ်စုသည်။

"သူက ဘယ်သူလဲ၊ မင်းရဲ့ Fiance (ရည်းစား)လား"

မိ၏ မျက်နှာသည် နီရဲကာ ထူပူနေသည်။

"အိုး. . . မဟုတ်တာ၊ ကိုယ့် အစ်ကိုငယ်ပါ"

"ဆောရီး. . . မိမိရာ မင်းအစ်ကိုက လူချောပဲ၊ စစ်ဗိုလ်

www.burmeseclassic.com


နော် သူက"

ပဂ္ဂီသည် ကိုရန်နောင်၏ မာတ်ပုံကို အတန်ကြာ စိုက်ကြည့်နေသည်။ သူ၏နှုတ်ခမ်းလေးသည် နှင်းဆီဖူးလေးကဲ့သို့ လှရသည့်ကြားထဲ ခပ်စုစုလေး စူထားသဖြင့် ပို၍ ချစ်စရာကောင်းနေသည်။ ပဂ္ဂီမှာ ဘိုဆန်သော မြန်မာမလေး ဖြစ် သည်။ ပဂ္ဂီအဖေသည် သခင်ဖေခင်ဆိုသူ နိုင်ငံရေးသမား ဘဝမှ ယခုအတွင်းဝန် ဖြစ်နေသည်။ ယခင်က သခင်ဖေခင် သည် ဖျင်ကြမ်းအင်္ကျီနှင့် ချည်လုံချည် ခါးပေါ်မှ မချခဲ့သူ ဖြစ်သည်။ ယခုတော့ ဟာဝေယံခေါ် စက်ဲပုရှပ်ကို ဝတ်၍ ရှူးဖိနပ်စီးလာသည်။ နိုင်ငံခြားအရက်ကို အမြဲ မှာသောက်ကာ မြန်မာလို ကောင်းကောင်း မပြောတတ်ဘူးဟု ဆိုလာသည်။ ယခင်ခေတ်က ဝံသာနု ခေတ်စားစဉ် ကတုံးရိတ်ခဲ့ဖူးသည်။ ဦးဘကျော်အားလည်း "ခင်ဗျားလို လူမျိုးက ဘိုကေထားဖို့ မကောင်းဘူး၊ ကတုံးရိတ်လေဗျာ"ဟု တိုက်တွန်းခဲ့ဖူးသည်။ ဦးဘကျော်က "ကိုယ့်လူရာ ရုပ်ပျက်ဆင်းပျက် ဖြစ်အောင်တော့ မလုပ်ပါရစေနဲ့၊ ဒါတွေက ကျဉ်းမြောင်းတဲ့ အမြင်တွေပါဗျ၊ အရေးကြီးတာက စိတ်ဓာတ်ပါ၊ ကျုပ်ရဲ့ ဝမ်းတွင်းမှာ ကိန်းအောင်းနေတဲ့ စိတ်ဓာတ်က ခင်ဗျားထက် မသာရင်သာ နေရမယ်၊ လျော့တော့မလျော့ဘူး"ဟု ဆိုခဲ့ရလေသည်။ ယခုတော့ သခင်ဖေခင်သည် ပြောင်းလဲခဲ့ပြီတကား။

"ဟေး. . .မိမိ ယူကလဲ စဉ်းစားနေလိုက်တာ၊ ပဂ္ဂီမေးတာတောင် မကြားဘူး"

"သြော်. . .ဟုတ်ပါရဲ့၊ ခွင့်လွှတ်ပါ၊ ပဂ္ဂီ ဘာမေးသလဲ"

www.burmeseclassic.com


"မိမိရဲ့အစ်ကိုက ဘယ်မှာလဲလို့ မေးနေတာ"

ပဂ္ဂီသည် စိတ်ပါဝင်စားနေဟန် တူသည်။

"သူက နယ်စပ်မှာ"

"နယ်စပ်မှာ. . ဘာလို့ နယ်စပ်သွားရတာလဲဟင် မိမိ"

"တရုတ်ဖြူတွေရဲ့ ရန်ကို နှိမ်နင်းဖို့ပေါ့"

"အေးကွယ်. . . မြန်မာပြည်ကလဲ စိတ်ရှုပ်စရာကောင်းလိုက်တာ၊ သူပုန်ထတာက တစ်မျိုး၊ မီးရထား မှောက်တာက တစ်မျိုး၊ တရုတ်ဖြူက တစ်မျိုးနဲ့ ကိုယ်ဖြင့် မြန်မာပြည်ကို ကြာလေ စိတ်ပျက်လေပဲ မိမိရေ၊ ကိုယ်ဖြင့် မြန်မာပြည်သားဖြစ်ရတာ သိပ်ကံဆိုးတာပဲ၊ မြန်မာပြည်မှာလဲ မနေချင်ဘူး"

"အို"

မိသည် ပဂ္ဂီအား စိတ်တိုစွာ ကြည့်နေသည်။

"မအိုနဲ့လေ၊ ပဂ္ဂီက ဟုတ်တာပြောတာ၊ နိုင်ငံခြားသားတွေက မင်းတို့ မြန်မာပြည်အကြောင်း ပြောပြပါဆိုရင် ကိုယ်ဖြင့် ဘာမှ မပြောချင်ဘူး၊ ကိုယ့်ဘာသာ ကိုယ်တောင် မြန်မာပြည်သူ ဖြစ်ရတာ ရှက်လိုက်တာ"

မိသည် တာရှည် သည်းမခံနိုင်တော့ဘဲ စားပွဲကို လက်ဝါးလေးနှင့် ပုတ်ကာ. . .

"ဒီမှာ ပဂ္ဂီ၊ မင်းက မြန်မာပြည်အကြောင်းကို ဘယ်လောက်နားလည်လို့လဲ၊ မင်းက ကိုယ်နေတဲ့ တိုင်းပြည်အပေါ်မှာ သေးသိမ်တဲ့ အမြင်နဲ့ ကြည့်နေတာကိုး၊ မင်း ဒီတိုင်းပြည်၊ ဒီမြေကြီးပေါ်မှာ နေပြီး ဒီကထက်တဲ့ ဆန်ကို စားပြီး အပြစ်ပြောတာဟာ မင်းခုနက ရှက်တယ်ဆိုတာထက် အဆ

www.burmeseclassic.com


ရာထောင် ပိုပြီး ရှက်စရာကောင်းတယ် ပဂ္ဂိ”

ပဂ္ဂိသည် မိပြောသည်ကို ဂရုမစိုက်သလို ပခုံးတွန့်ကာ ရယ်မောနေသည်။

“မိမိရာ မင်းတို့က ကြီးကြီးကျယ်ကျယ် ပြောနေတာပါကွာ၊ မြန်မာပြည်လေးဟာ ကမ္ဘာ့မြေပုံမှာ ကြည့်ရင် ဆီးစေ့လောက်ရှိတာ၊ ဘာများ ဂုဏ်ယူစရာရှိလို့လဲ”

မိသည် သူငယ်စဉ်က ဆရာမ ပြောစကားများကို သွားသတိရနေသည်။

“မပဂ္ဂိ ဒီလို အရွယ်ပမာဏကို ကြည့်တမ်းဆိုရင် မင်းတို့ ကိုးကွယ်နေတဲ့ ဗြိတိသျှကျွန်းစုဟာ မြန်မာပြည်ရဲ့ တစ်ဝက်လောက်ပဲရှိတယ်၊ မင်းတို့ ငယ်ငယ်တုန်းက ကျောင်းမှာ အတူသင်ခဲ့ရတာတွေ မေ့သွားပလား၊ မြန်မာပြည် အလျားမိုင်ပေါင်း ၁၃၀၀၊ အနံ မိုင်ပေါင်း ၇၀၀၊ အကျယ်အဝန်း ဧရိယာ စတုရန်းမိုင်ပေါင်း ၂၄၀၀၀၀ ဆိုတာတွေ၊ ပြီးတော့ မြန်မာပြည်သည် ဗြိတိသျှကျွန်းစု၏ နှစ်ဆမျှ ရှိသည်ဆိုတာတွေလေ”

မိသည် ချက်ကျကျ ပြောလိုက်သဖြင့် ပဂ္ဂိမှာ ငိုင်သွားသည်။ ပဂ္ဂိသည် လှပသော နှုတ်ခမ်းလေးများကို ပြုံးမဲ့မဲ့လုပ်ကာ. . .

“ကိုယ်က မင်းလို စကားမတတ်လို့ မချေပနိုင်ဘူးကွာ၊ ဒါပေမဲ့ မြန်မာပြည်ဟာ ဂုဏ်ယူစရာရှိတယ်လို့ မင်းပြောတာတွေ ကိုယ့်အဖို့တော့ ရယ်စရာချည်းပဲ”

“သြော်. . . ပဂ္ဂိ. . . ပဂ္ဂိ”

မိသည် ပဂ္ဂိအား လှောင်ကာ စုတ်သပ်ပြသည်။

www.burmeseclassic.com


"ဘာ. . . ဩော် ပဂ္ဂီလဲ၊ ကိုယ့်များ ဘာညည်းညည်းညူညူ လုပ်နေရသလဲ"

"ယူ့ကို မိ သနားလို့ပါ"

"အံမယ် ဘယ်သူက သနားရမှာလဲ၊ ဘာမဟုတ်တာလေး နဲ့ အကျယ်ချဲ့တဲ့သူကများ၊ မိရေ. . . ယူကလေ မမြင်ဖူးတော့ မူးမြစ်ထင်တဲ့သူပဲ"

မိသည် ပဂ္ဂီပြောသည်များကို မကြားသလို နေကာ ပဂ္ဂီ ၏ လှပသေးသွယ်သော လက်ချောင်း ဖောင်းဖောင်းမို့မို့လေး များကို ငေးစိုက်ကြည့်နေမိသည်။ ပဂ္ဂီ၏ ဘယ်ဘက်လက် ခလယ်တွင် ပတ္တမြားကျောက်တစ်လုံးဖြင့် ခေတ်ဆန်ဆန် မိုးကုတ်ကွင်း ကွင်းထားသော လက်စွပ်ကို ဝင်းမြသော ရွှေဖြင့် ပြုလုပ်ထားသည်ကို တွေ့ရသည်။

"ပဂ္ဂီရေ. . . ယူ ဝတ်ထားတဲ့ ပတ္တမြားလက်စွပ်ကို ကြည့် စမ်း၊ ညညကျ ယူ နိုင်ငံခြားသား မိတ်ဆွေတွေနဲ့ တွဲကရင်း မြန်မာပြည်အကြောင်းကို မေးတဲ့အခါ အဲဒီကျောက်နီ ပတ္တမြား လုံးလေးကို ပြပြီး ပြောပြ၊ မြန်မာပြည် ရှမ်းကုန်မြင့်ရဲ့ အစွန် မှာ မိုးကုတ်ဆိုတဲ့ မြို့တစ်မြို့ ရှိတယ်လို့"

"ဟုတ်ကဲ့. . . ပဂ္ဂီ မကြားဖူးလို့တဲ့ ပြောပါဦး ရွှေမိရေ"

"ပြောရဦးမယ်. . . အဲဒီမိုးကုတ်မြို့ ကျောက်နီပတ္တမြားတွင်း ဟာ ကမ္ဘာပေါ်မှာ အကြီးဆုံးနဲ့ အထွက်ဆုံးပဲ၊ ကျောက်နီ ပတ္တမြားကို အင်္ဂလန်၊ ပြင်သစ်၊ အမေရိက နိုင်ငံများကို တင် ပို့ရတယ်၊ မြန်မာပြည်ဟာ မိုးကုတ်ထွက် ကျောက်နီပတ္တမြား အတွက်နဲ့ ကျော်ဇောနိုင်ပါတယ်၊ ခု ယူ ဝတ်ထားတာက

www.burmeseclassic.com


အရည်ကောင်း ခိုသွေးပဲ”

“ခိုသွေး”

ပဂ္ဂိသည် နားမလည်သလို ထပ်ကျော့မေးလိုက်သည်။

“ခိုသွေးဆိုတာကကွယ် အပြာနီရောင် သမ်းတယ်၊ အဝါရောင်သမ်းရင် ယုန်သွေးလို့ ခေါ်တယ်”

“အင်း. . . အင်း ဗဟုသုတကိုး၊ ရွှေမိပြောတာ ကိုယ်မှတ်ထားရဦးမယ်”

“အေး. . . မြဲမြဲမှတ်ထား၊ ၁၉၄၈ ခုနှစ်၊ ခု အယ်လီဇဘက်ဘုရင်မနဲ့ ဖိလစ်မောင့်ဘတ်တန်တို့ လက်ထပ်ကြတုန်းက လက်ထပ် မင်္ဂလာ အခမ်းအနားမှာ တို့မြန်မာနိုင်ငံက လက်ဖွဲ့ ပစ္စည်းအဖြစ် ပတ္တမြားလည်ဆွဲကြီးကို ပေးအပ်ခဲ့တယ်၊ အဲဒီ ပတ္တမြားလည်ဆွဲကြီးမှာပါတဲ့ ကျောက်နီပတ္တမြားလုံးလေးတွေဟာ အလွန်အရည်အသွေးကောင်းပြီး ခု မင်းဝတ်ထားတဲ့ ခိုသွေးရောင်ပဲ”

“အလို့. . . တယ်ဟုတ်ပါလား”

ပဂ္ဂိသည် မျက်စချီကာ ပခုံးတွန့်ပြလေသည်။ မိသည် ကုလားထိုင်နောက်တွင် ချိတ်ထားသော လွယ်အိတ်ထဲသို့ လက်ရှိုနိုက်ကာ ကော်ပီစာအုပ်ပြာလေးကို ထုတ်လိုက်သည်။

“ကိုယ့် မှတ်စုထဲတောင် ကူးထားတယ်၊ ပဂ္ဂိရေ ဟောဒီမှာ အဲဒီတုန်းက မြန်မာပြည်က ဘုရင်မ အယ်လီဇဘတ်ကို လက်ဆောင်ပေးလိုက်တဲ့ လည်ဆွဲမှာ ကျောက်နီပတ္တမြားလုံးရေ ၉၈ ပွင့်၊ အလေးချိန် ရတီ ၁၂၀ ရှိသတဲ့၊ ရွှေသားအလေးချိန် ၅ ကျပ် ၁ ပဲသားနဲ့ ပန်းပွင့် ပန်းခက်များ ဖော်ပြီးမြန်မာဆန်ဆန် လုပ်ထားသတဲ့၊ ဒီဘယက်ကို စီမံပြုလုပ်တဲ့

www.burmeseclassic.com


သူက မိုးကုတ်မြို့ မြို့မရပ် ပန်းထိမ်ဆရာကြီး ဦးဘဦးတဲ့ကွ”

“ကိုင်း. . . ရွှေမိ ပြောသလိုဖြင့် မြန်မာပြည်အတွက် ဂုဏ်ယူစရာ တစ်ခုရပြီပေါ့”

ပဂ္ဂီသည် ပြောင်စပ်စပ်မျက်နှာနှင့် ပြောလိုက်သည်။

မိသည် ခေတ္တငြိမ်သက် ငေးမောနေရာမှ “လူမှန်ရင် ကိုယ့်တိုင်းပြည်အတွက် ဂုဏ်ယူတတ်ရတယ်၊ ကိုယ့်တိုင်းပြည်ဟာ ဘယ်လောက် အပြစ်အနာအဆာ မကင်းဘဲနေနေ ချစ်ရတယ်ကွ၊ ကဗျာဆရာကြီး ဝီလျံကူးပါး ရေးခဲ့သလို အင်္ဂလန်တိုင်းပြည်ရယ်တဲ့. . . အပြစ်များနှင့်အတူ သင့်ကို ကျွန်ုပ်ချစ်ပါတယ်တဲ့၊ သင့်ရဲ့ မှုန်မှိုင်းတဲ့ကောင်းကင်၊ ပန်းပွင့်များမရှိတဲ့ သင့်ရဲ့ လယ်ကွင်းပြင်များကို စပျစ်ခင်းတွေ ရွှေသီး ငွေသီးတွေ သီးပြီး ပန်းအုံပန်းနွယ်များရှိတဲ့ ပူနွေးသာယာလှတဲ့ ပြင်သစ်ပြည်နဲ့လဲ မလဲလိုပါဘူးတဲ့၊ ဘယ်လောက်မှတ်သားစရာကောင်းသလဲ”

“ရွှေမိစာက တယ်ဆိုပါကလား”

“ဆိုရတယ် ကိုယ့်တိုင်းပြည်က ဗွက်ပဲထူထူ၊ ခြင်ပဲ ပေါပေါ ဒီထက်သာယာလှတဲ့ တိုင်းပြည်နဲ့ မိတော့ မလဲနိုင် ပေါင်၊ မိကို တတ်နိုင်လို့ အမေရိကားဖြစ်ဖြစ်၊ ပြင်သစ်၊ အင်္ဂလန်ဖြစ်ဖြစ် စရိတ်ပေးမယ် တစ်ခါတည်း သွားနေဆိုရင် မနေချင်ထဲက ဒေါ်ပဂ္ဂီရေ၊ ခဏတစ်ဖြုတ် အလည်အပတ် သွားချင်သွားမယ်၊ မြန်မာမြေကို ခင်တယ်၊ မြန်မာစာကို မြတ် နိုးတယ်၊ ဘာသာကို ကြည်ညိုတယ်”

“ကိုယ်ကတော့ ရှင်းရှင်းပဲ ရွှေမိရေ၊ ဖြစ်လေရာဘဝမှာ

www.burmeseclassic.com


မြန်မာ မဖြစ်ပါစေနဲ့လို့ ဆုတောင်းတယ်၊ နောင်ဘဝကျရင် အမေရိကန်သူလေး ဖြစ်ရရင် ဘယ်လောက်ကောင်းမလဲ ဟီး. . ဟီး. . . ဟီ”

ပဂ္ဂီသည် ကလေးငယ်ကဲ့သို့ သဘောကျစွာ ရယ်မောနေသည်။

“ဒေါ်ပဂ္ဂီရေ. . . ယူတော့ အရိုမတွေယှဉ်ဘုရား ချွတ်တောင်ကျွတ်မှာမဟုတ်ဘူး” ဟု မိသည် ဆောင့်ကြီးအောင့်ကြီးနှင့် ပြောလိုက်သည်။ ထိုအခိုက် ကျောင်းခေါင်းလောင်းထိုးလေသည်။ ပဂ္ဂီသည် မိအပါးမှ ထွက်ခွာသွားသည်။ မိသည် ပဂ္ဂီ၏ နောက်ကျောကို ငေးမောကာ မြန်မာပြည်တွင် မပျော်ပိုက်သော မြန်မာမလေးပဂ္ဂီသည် မြန်မာယောကျ်ားကို မယူလိုသော ပဂ္ဂီ. မြန်မာစာကို မဖတ်တတ်သော ပဂ္ဂီ၊ မြန်မာရုပ်ရှင်ကို လှည့်မကြည့်သော ပဂ္ဂီ။ အနှီပဂ္ဂီကဲ့သို့သော မိန်းကလေးမျိုးများသည် နတ်ရေစင်ဖျန်းသကဲ့သို့ အမြန်ဆုံး အမြင်မှန် ရစေသတည်း။

မိသည် မှတ်စုကော်ပီစာအုပ်ကို ဟိုလှန်ဒီလှန်နှင့် ဖတ်နေသည်။ တစ်နေရာတွင် ဆရာဇော်ဂျီ၏ “သင်သေသွားသော်” ဟူသော ခေါင်းစဉ်နှင့် ကဗျာတစ်ပုဒ် ကူးထားသည်ကို တွေ့မိသဖြင့် အသံထွက်ကာ ဖတ်ကြည့်သည်။

**သင်သေသွားသော်. . .**

ဩော် လူ့ပြည်လောက၊ လူ့ဘဝကား၊
အိုရ နာရ၊ သေရဦးမည်၊
မှန်ပေသည်တည့်။
သို့တပြီးကား၊ သင်သေသွားသော်၊

www.burmeseclassic.com


သင်ဖွားသောမြေ၊ သင်တို့မြေသည်၊
အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏။
သင်၏အမျိုးသား၊ စာစကားလည်း၊
ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်၏။
သင်ဦးချ၍၊ အမျှဝေရာ၊
စေတီသာနှင့်၊ သစ္စာအရောင်၊
ဉာဏ်တန်ဆောင်လည်း၊
ပြောင်လျက်. . ဝင်းလျက် ကျန်စေသတည်း။

* * *

www.burmeseclassic.com


# (၂၇)

လွမ်းစရာ့ မိုးရာသီသည် ကုန်ပဲ မကုန်နိုင်။ ရှစ်ခွင်ရှစ်ရပ်တို့တွင် အုံ့မှိုင်းနေသည်။ နှောင်းဝဿန်မိုးသည် သဲလွန်းမဲလွန်းလှသည်။ နေ့စဉ်နေ့တိုင်း နေ့ဆက်မပြတ် ရွာလွန်းသဖြင့်၊ မိသည် စိတ်ပျက်နေသည်။ အထူးသဖြင့် ကျောင်းအပြန်တွင် မိသည် ဘတ်(စ်)ကားစောင့်ရသည့် ဒုက္ခကို ငိုညည်းချင်သည်။

မိ၏ ထီးကုပ်ကုပ်လေးမှာ မိုးသဲသဲဒဏ်ကို မခံနိုင်။ ထီးလေးကို မြဲမြဲဆုပ်ထားရာမှ ယိုင်၍ယိုင်၍ သွားလေသည်။ ထီးသည် ခေါင်းနှင့် ပခုံးပိုင်းတွင်သာလုံလျက် ကိုယ်အောက်ပိုင်းသည် မိုးပက်သဖြင့် စိုနေသည်။ ဘတ်(စ်)ကားမှတ်တိုင် တွင် တဖြည်းဖြည်း လူကများလာသည်။

မိသည် လူတွေနှင့်ဝေးရာ သစ်ပင်တစ်ပင်အောက်တွင် ခိုနေလိုက်သည်။ ကုက္ကိုပင်မှာ ပင်စည်ကြီးထွားကာ အုပ်အုပ်ဆိုင်းဆိုင်းရှိသော အကိုင်းအခတ် အလက်နှင့် ထူထပ်သိပ်သည်းသော အရွက်များကြောင့် မိုးပေါက်များ၏ ဒဏ်ကို ကာကွယ်ထားလေသည်။

မိ၏ ရှေ့တည့်တည့်တွင် ဂျစ်ကားလေးတစ်စီးသည် ကျွီခနဲ ထိုးဆိုက်သည်။ မိသည် ဖျက်ခနဲ လန့်ကာ တုန်သွား

www.burmeseclassic.com


သည်။

"မိမိ"

"ဟင်"

ကိုရန်နောင်သည် ကားစက်ကိုမရပ်ဘဲ မိအား ငေးကြည့်နေသည်။ မိကို မြင်ရသောခဏတွင် သူ၏မျက်နှာသည် ရွှင်နေသည်။

"လာ. . . တက်လေ၊ ဘာငေးနေတာလဲ၊ မိုးတွေစိုကုန်ပြီ"

မိသည် ထီးကလေးကိုပိတ်ကာ ကားပေါ်သို့ လှမ်းကျော်တက်လိုက်သည်။ မိ၏ ကိုယ်လေးမှာ မိုးစိုထားသဖြင့် ချမ်းတုန်နေသည်။

"ကို. . . ကိုလေး ဘယ်တုံးက ရောက်သလဲ"

ကိုရန်နောင်သည် မိ၏အမေးကို မဖြေဘဲ၊ မိအား ငေးကြည့်နေသည်။ သူ၏ စူးရှတောက်ပသော မျက်လုံးများသည် ကြည်နူးခြင်း အရိပ်အယောင် လွှမ်းကာ ကြည့်၍နေသည်။ စက်နှိုးထားသဖြင့် ကားမှာ လှုပ်၍နေသည်။ ကိုရန်နောင်နှင့် မိတို့ကိုယ်မှာ သိမ့်သိမ့်တုန်နေသည်။

"ခုမနက်ပဲ ရောက်တယ်၊ နင် ကျောင်းအဆင်း လာကြိုရင်း မိုးတွေရွာချလို့"

"ဟုတ်တယ်၊ ဘတ်(စ်)ကားကလဲ လူတွေကျပ်တာနဲ့ မိ ဒီသစ်ပင်အောက်မှာ လာရပ်နေတာ"

ကိုရန်နောင်သည် ကားစက်ကို ရပ်ကာ "နေဦး နင့်ဘေးကို မိုးပက်ကုန်မယ်"

ဘေးမှ အကာများကို မိအားကျော်ကာ ချလိုက်သည်။

www.burmeseclassic.com


မိသည် ရင်ထဲ ဒိတ်ဒိတ်ခုန်၍ ကိုရန်နောင်အား ကြည့်နေ သည်။ ကိုရန်နောင်သည် မိ၏ အတွေးထဲတွင် ကိုသူရနှင့် ဘာမှမဆိုင်သောသူ၊ သူမဟုတ်သောသူ။

"နင် ချမ်းနေပြီထင်တယ်၊ ရော့. . . ဒါခြုံထား"

ကိုရန်နောင်သည် သူ့ကုတ်အင်္ကျီကို ချွတ်ကာ မိအား လှမ်းခြုံပေးလိုက်သည်။ မိ၏ လိမ္မော်ရောင် ဂျော်ဂျက်အင်္ကျီလေးမှာ မိုးရေဖြင့် အသားတွင် စိုကပ်နေသည်။ အဖြူနှင့်အနက်ချိတ်ရခိုင်လုံချည်မှာ မိုးစိုသဖြင့် ပျော့ပျောင်း၍ လေးအိနေသည်။ မိ၏ ဖြူဝင်းသောအသားမှာ မိုးရေပေါက်ကလေးများ သီးနေသဖြင့် ထူးထူးခြားခြား ဝင်းပနေသည်။ ကိုရန်နောင် လွှမ်းခြုံပေးထားသော မီးခိုးရောင် သက္ကလပ်အင်္ကျီကြောင့် မိ၏ အလှမှာ ထူးထူးခြားခြား ပေါ်လွင်နေသည်။

"ကိုလေး. . . သွားမယ်လေ ဘာငိုင်နေတာတုံး"

"အေး. . . ဟုတ်ပါရဲ့၊ နင့်ကိုတွေ့လိုက်တာနဲ့ ငါတော့ အားလုံးမေ့ကုန်ပြီ"

ကိုရန်နောင်သည် မိ၏ မေးစေ့ချွန်ချွန်ကလေးကို လှမ်းဆွဲပြီးနောက် စက်နှိုးလိုက်သည်။ မိသည် မပြုံးမရယ်တည်လျက် ရှေ့သို့စူးစိုက်ကြည့်နေသည်။ မိုးသည် အနည်းငယ် စဲသွားပုံရသည်။ မှန်သုတ်သော လက်တံသည် လှုပ်ရှားကာ ကားမှန်ပေါ် မှ မိုးပွင့်လေးများကို ဖယ်ရှားပစ်လေသည်။ ကိုရန်နောင်သည် ဘတ်(စ်)ကားများအသွားကို စောင့်ကာ ကားကို ကွေ့လိုက်သည်။

"မိမိ"

www.burmeseclassic.com


"ကိုလေး"

"ငါဖြင့် လွမ်းလိုက်ရတာ မိမိရယ်"

ကိုရန်နောင်သည် ကားကို ဂရုစိုက်မောင်းရင်း မိအား ပြောလိုက်သည်။

"နင်ပေးတဲ့စာကို ရတော့လေ ငါ့ရင်ထဲက အလွမ်းထုထည်ကြီးဟာ တစ်ခါတည်း အရည်ပျော်ပြီး ပြုဆင်းသွားတော့တာပဲ မိမိရယ်၊ နင့်စာလေးကို ခဏခဏ ဖတ်ရလွန်းလို့ ငါဖြင့် အလွတ်တောင် ရနေပြီ"

မိသည် သွားတက်ကလေးများပေါ်အောင် ပြုံးနေသည်။

"နင်က မချစ်တဲ့သူဆိုတော့ ပြုံးနိုင်တာပေါ့ မိမိရာ"

"မဟုတ်ပါဘူး၊ မိ ကိုလေးပြောပုံကို သဘောကျလို့ပါ"

လမ်းဆုံတစ်နေရာတွင် ကားကို ခဏရပ်ထားရလေသည်။ ကိုရန်နောင်သည် အင်္ကျီအိတ်ထဲမှ စီးကရက်ထုတ်ကာ ပါးစပ်တွင် တပ်လိုက်သည်။ မီးညှိပြီး စီးကရက်ကို အားပါးတရ ဖွာရှိုက်နေသည်။ စီးကရက်ကို လက်ကြားထဲတွင် ညှပ်ကာ ကားကို ဆက်မောင်းလာသည်။ ကိုရန်နောင်၏ စိတ်ထဲတွင် ကားလမ်းများကို ရှည်လျားစေချင်သည်။

"ဘာကို သဘောကျတာလဲ"

"ဩော် . . စကားသုံးပုံလေးကိုပါ"

"ငါ ခံစားရတာကို ပြောရတာကိုး"

ကားသည် တရိပ်ရိပ်ပြေးလာသည်။ ခါတိုင်း၌ ကားမောင်းရမ်းသည်ဟု ဆိုရသော ကိုရန်နောင်သည် ကားကို နှေးနှေး မှန်မှန်မောင်းလာသည်။ မိုးသည် စဲသလိုဖြစ်ရာမှ သဲ၍လာ

www.burmeseclassic.com


ပြန်သည်။ မိုးစက်ရေများသည် တဖြုန်းဖြုန်းနှင့် စွမ်းအားရှိသမျှ ရွာသွန်းချလိုက်သည်။

“မိုးတွေက သဲလာပြန်ပြီ၊ မိ စိတ်ညစ်လိုက်တာ”

လျှပ်ပန်း လျှပ်နွယ်များသည် ဝင်းလက်နေသည်။

“စိတ်မညစ်နဲ့ မိမိရေ၊ မိုးဟာ ရွာချိန်တန်ရွာမှာပဲ၊ ဒီလိုပဲ ဘယ်သဘာဝကိစ္စမဆို အချိန်တန်ရင် ဖြစ်လာရတာပဲ၊ ဘာကိုမှ လက်နဲ့တားထားလို့ မရဘူး သိလား”

မိုးရွာကြီးထဲ တဖြည်းဖြည်း မောင်းလာသော ကိုရန်နောင်တို့၏ ဂျစ်ကားသည် ဦးဝိစာရအဝိုင်းကြီး၏ ဘယ်ဘက် အချိုးတွင် ရုတ်တရက် ထိုးရပ်သွားသည်။

“ဟာ. . အဲဒါမှ ဂျောက်ပေါက်ပဲ၊ ကားရပ်သွားပြီထင်တယ် မိမိရေ”

“ဒုက္ခပါပဲ၊ စိတ်ရှုပ်စရာကောင်းလိုက်တာ”

“စိတ်ရှုပ်မနေနဲ့ မိမိရေ၊ လမ်းဘေးမှာ ထိုးရပ်တာပဲ ကျေးဇူးတင်ဦး”

မိသည် ကားနှင့် မလှမ်းမကမ်းရှိရာ ခရေပင်ကြီးကို ငေးကြည့်နေသည်။ ဖြူဖွေးသော ခရေပွင့်လေးများသည် မိုးပွင့်နှင့်အတူ ရော၍ခုန်ဆင်းနေသည်။ ကိုရန်နောင်သည် ကားပေါ်မှ ခုန်ဆင်းကာ စက်ကို ဖွင့်ကြည့်နေသည်။ မိုးသည် မရပ်မနားဘဲ သဲသဲမဲမဲ အငြိုးနှင့် ရွာချနေသည်။

မိသည် ထီးကလေးကိုဖွင့်ကာ အောက်သို့ ဆင်းလိုက်သည်။

“ဘာလို့ ဆင်းလိုက်ရတာလဲ မိမိရာ၊ ကားပေါ်မှာ

www.burmeseclassic.com


အေးအေး သွားထိုင်နေပါ”

ကိုရန်နောင်သည် မိုးရေထဲတွင် ရွှဲရွှဲစိုနေသည်။ ခေါင်းမှစ၍ ခြေဖျားတိုင်အောင် ခဏချင်းနှင့် ရွှဲနစ်သွားသည်။

“မိ ထီးမိုးပေးမလို့ပါ၊ ကိုလေး အအေးမိသွားမှာစိုးလို့”

“အို. . . ငါက ဒါလောက် အရေးမကြီးပါဘူး၊ စစ်သား တစ်ယောက်ဟာ ဒီမိုးလောက်တော့ အပျော့ပါ၊ သွား. . သွား ကားပေါ်တက်ထိုင်နေချည်၊ နင် အအေးမိသွားမယ်”

မိသည် ရုတ်တရက် မသွားသေးဘဲ ငေးနေသဖြင့် ကိုရန်နောင်သည် မိ၏လက်မောင်းအိုးလေးကို ဆုပ်ကိုင်ကာ-

“မိမိ သွားလေ ငါပြောတာ နားထောင်ပါ၊ နင် အအေးမိသွားမယ်”

ကရုဏာသံနှင့် ပြောလိုက်သည်။ ကိုရန်နောင်သည် မိအား ရှုမဝသလို စိုက်၍ကြည့်နေသည်။ မိ၏ လက်မောင်းလေးမှာ အသားပြည့်သဖြင့် ပျော့ပျောင်းအိစက်နေသည်။ မိမှာလည်း ထီးလေးကို ကိုင်မိုးလျက် အတန်ကြာ ငြိမ်သက်နေသည်။ ပြီးမှ သတိရကာ ကားပေါ်သို့ တက်ရန် လာခဲ့သည်။

မိသည် ကားထဲတွင် နေရသော်လည်း စိတ်မဖြောင့် ပေ။ သည်းထန်စွာ ရွာသွန်းနေသော မိုးပေါက်များအောက်တွင် ကိုရန်နောင်သည်ကား စက်ပြင်နေသည်။

မိ၏ နာရီလက်တံလေးသည် တရွေ့ရွေ့နှင့် ရွေ့နေသည်။ အချိန်မှာ နာရီဝက်ခန့် ကြာသွားပေပြီ။ ကိုရန်နောင်သည် ကားပေါ်သို့ ပြန်တက်လာကာ ဖူးခနဲ ပါးစပ်မှ လေများမှုတ်ထုတ် နေသည်။

www.burmeseclassic.com


"မရပါဘူးကွာ၊ ကားစက်ထဲမှာ ရေတွေ အတော်ဝင်နေတာ"

"ဟင်. . . ဒါဖြင့် ဘယ်လိုလုပ်ကြမတုန်း ကိုလေးရယ်"

မိ၏ မျက်လုံးလေးများသည် ဝိုင်းနေသည်။ ကိုရန်နောင်၏ တစ်ကိုယ်လုံးလည်း ရွှဲရွှဲစိုနေတော့သည်။

"မိုးနည်းနည်းစဲရင် နင့်ကို ပြန်ပို့ပြီး (MECHANIST) စက်ပြင်ဆရာ သွားခေါ်ရမှာပေါ့၊ ဒီနည်းပဲ ရှိတော့တာ"

"မိုးကလဲ စိတ်ညစ်စရာကောင်းလိုက်တာနော်"

"အေးဟာ. . . ကားကလဲ ကြုံဖန်ပြီး ပျက်ရတယ်၊ အိမ်ရောက်မှပဲ ပျက်ပါတော့"

ကိုရန်နောင်သည် ချမ်းသဖြင့် လက်ကိုပိုက်ထားသည်။

"ကိုလေး. . . ချမ်းနေပြီ၊ အင်္ကျီစိုကို ချွတ်ပြီး ဒီကုတ်ကို ဝတ်ထားပါလား"

"နေပါစေဟာ. . . ကိစ္စမရှိပါဘူး"

"ကိစ္စမရှိဘူး မလုပ်နဲ့ မိပြောတာ နားထောင်စမ်းပါ၊ အင်္ကျီကို ချွတ်လိုက်"

ကိုရန်နောင်သည် ကလေးငယ်ကဲ့သို့ မိ၏ အမိန့်ကို နာခံကာ အင်္ကျီချွတ်ပြီး မိ ကမ်းပေးလိုက်သော ကုတ်ကို ဝတ်လိုက်သည်။

မိသည် ကိုရန်နောင်၏ လက်ထဲမှ ရှပ်အင်္ကျီအစိုကို ယူကာ ရေညှစ်ပြီးနောက် ကားနောက်ဘက် ခုံပေါ် လွှားထားလိုက်သည်။ ကိုရန်နောင်သည် မိလုပ်ပုံကိုင်ပုံကို အစအဆုံး ငေးကြည့်နေသည်။ မိသည် ရေစိုနေသော သူ၏ ဖြူဖြူနွဲ့နွဲ့လက်

www.burmeseclassic.com


ချောင်းကလေးများကို အဖြူနှင့်အပြာစင်း လက်ကိုင်ပဝါလေးနှင့် သုတ်နေသည်။

"မိုးက သဲလာပြန်ပြီ"

မိသည် မှုန်မှိုင်းပြာရီမှောင်နေသော အပြင်ဘက်ကို လှမ်းကြည့်ကာ ပြောလိုက်သည်။ ကိုရန်နောင်အားမကြည့်ဘဲ ဟန်တင်းကာ ပြောလိုက်ရသော်လည်း မိ၏ရင်ထဲတွင် တုန်လှုပ်နေသည်။ ကြောက်လန့်ရင်ဖိုသော စိတ်ကလေးများကြောင့် ရင်ထဲ၌ မငြိမ်မသက် ဖြစ်နေသည်။

"မိုး ဒီလို မတိတ်ဘဲနေတာ ကောင်းကောင်းပဲ မိမိ၊ ငါတော့ နင့်ကို ပြန်မပို့ချင်တော့ဘူး၊ ဝေးရာကို ခေါ်သွားချင်ပြီ"

"အို"

လျှပ်များသည် ဝင်းခနဲ လက်ခနဲ ပြိုးပြက်နေသည်။ လေအထန်တွင် သစ်ပင်တို့သည် တရှဲရှဲအော်မြည်ကာ ယိမ်းထိုးနေသည်။ ကားမှန်တွင် မိုးပေါက်များ ပက်ထားသဖြင့် ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရဘဲ မှိုင်းနေသည်။

"မိမိ"

ကိုရန်နောင်သည် မိအနီးသို့ တိုးကပ်ကာ မိ၏ ခါးကလေးကို ဖက်ပြီးနောက်. . .

"ငါလေ နင့်ကို အင်မတန် ချစ်မြတ်နိုးပါတယ် မိမိရယ်၊ သူချစ်ကိုရှာပါ မိမိ၊ ငါတော့ နင်နဲ့ဝေးရမယ်ဆိုရင် ငါ့တစ်သက်မှာ ကြေကွဲလို့ဆုံးမှာ မဟုတ်ဘူး၊ အို. . ဘာပဲဖြစ်ဖြစ် နင်နဲ့နီးမှ ဖြစ်လိမ့်မယ် မိမိရယ်"

လက်တစ်ဖက်မှ မိ၏ ပခုံးကို ကိုင်ထားသည်။

www.burmeseclassic.com


"မ. . . မဖြစ်ပါဘူး ကိုလေးရယ်"

မိသည် ကိုရန်နောင်၏ လက်ကို ဆွဲဖယ်ကာ ရှုန်းလျက် တုန်တုန်ယင်ယင်နှင့် ပြောလိုက်သည်။

"ဘာလို့ မဖြစ်ရမှာလဲ၊ ဖြစ်ရမယ် မိမိ၊ ငါတော့ နင့်ကို ဘယ်နည်းနဲ့မှ လက်မလွှတ်နိုင်ဘူး"

ကိုရန်နောင်သည် မိအား မလွှတ်ဘဲ "မိမိ ဒီမှာ ငါ့ကို ကြည့်ပါဦး"

မိသည် ကိုရန်နောင်အား မဝံ့မရဲနှင့် မော်ကြည့်လိုက်သည်။ ကိုရန်နောင်သည် မိအား ရဲတင်းစွာ စိုက်ကြည့်နေသည်။

"ငါ့ကို ချစ်တယ် မဟုတ်လားဟင် မိမိ၊ မငြင်းချင်ပါ နဲ့ မိမိရယ်"

မိသည် ကိုရန်နောင်အား မကြည့်တော့ဘဲ ခေါင်းကို အောက်စိုက်ထားသည်။ မိ၏ မျက်နှာကလေးမှာ ရဲနေသည်။ ကိုရန်နောင်သည် မိ၏ မေးစေ့လေးကို ဆွဲကာ တယုတယနှင့် မိ၏ နဖူးလေးကို မွှေးလိုက်သည်။

မိသည် ကိုရန်နောင်၏ ရင်ခွင်ထဲသို့ ခေါင်းဝင်မှီလိုက်သည်။ မိ၏အသည်းနှလုံးသည် အရည်ပျော်သွားပြီ ထင် သည်။ မိ၏ ရင်ထဲ၌ ကိုရန်နောင်အပေါ်တွင် လှိုက်လှဲစွာ ချစ်ခင်စိတ်တွေ ဝင်လာကာ ဖူးစာရေးနတ်၏ ငွေမြားတံသည် မိ၏ အသည်းထောင့်တွင် ဝင်စူးတော့သည်။

"ကိုလေးကို မိ မငြင်းတော့ပါဘူး၊ ကိုလေး သဘောပါ"

ကိုရန်နောင်၏ ရင်ဘတ်တွင် မျက်နှာကို အတင်းဖွက်ထားကာ တိုးတိုးလေး ပြောလိုက်သည်။

www.burmeseclassic.com


မိုးသည် စဲသွားသည်။ မိုးထစ်ချုန်းသံများသည် ကိုရန်နောင်နှင့် မိတို့အား ကောင်းချီးသြဘာပေးရင်း တစ်မိုးလုံး အုံးအုံးကျွတ်ကျွတ် မြည်ကြွေးနေဆဲဖြစ်သည်။ လျှပ်ပန်း လျှပ်နွယ်များသည် လွန့်လိမ်ပြေးလွှားကာ ဝင်းလက်နေသည်။ ခဲသားရောင် ကောင်းကင်တစ်ခွင် တစ်ပြင်လုံးသည် မှုန်မှိုင်းဆဲပင် ဖြစ်တော့သည်။

*

**ဖေဖေနဲ့ မေမေ ခင်ဗျား. . .**

ရိုသေစွာ စာရေးအကြောင်းကြားပါတယ်၊ ဒီနှစ် ကျွန်တော် ရန်ကုန်ကို လုံးဝဆင်းလာနိုင်မယ် မထင်ဘူး၊ မမျှော်လင့်ဘဲ အင်အားတစ်စတစ်စ ကြီးမားလာတဲ့ တရုတ်ဖြူရဲ့ ရန်ကို ဆက်တိုက်ပဲ ကျွန်တော်တို့ တပ်မတော်အနေနဲ့ တွန်းလှန်တိုက်နေရပါတယ်။

၁၉၅၄ ခုနှစ်မှာ ကျွန်တော်တို့ရဲ့ "ဘုရင့်နောင်" စစ်ဆင်ရေးအရ တရုတ်ဖြူများကို STRATERY (သေနင်္ဂဗျူဟာ) နည်းနဲ့ အနိုင်တိုက်ခဲ့ရပါတယ်၊ ဘုရင့်နောင် စစ်ဆင်နည်းနဲ့ တိုက်တုန်းက ဆိုရင် တရုတ်ဖြူအင်အားက ကျွန်တော်တို့ထက် နှစ်ဆနီးပါး များပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ တိုက်ပွဲတွေကို အပြတ်အသတ် နိုင်ခဲ့ပါတယ်။

ဒီနှစ် ရန်ကြီးအောင် စစ်ဆင်ရေး ပထမဆင့်မှာ ကျွန်တော်တို့ရဲ့ တပ်ဖွဲ့ အင်အားဟာ ရန်သူရဲ့ သုံးပုံတစ်ပုံပဲ ရှိတာမို့ အတော်လေး အကြိတ်အနယ် တိုက်ခဲ့ရပါတယ်၊ စစ်ရဲ့

www.burmeseclassic.com


ထုံးစံမှာ တိုက်စစ်၊ ခံစစ်၊ တက်စစ်၊ ဆုတ်စစ်ဆိုတာတွေ ရှိပါတယ်။

မုံယွင်း၊ လွယ်လန်း ဆိုတဲ့ ထိုင်းနယ်စပ် တရုတ်ဖြူ ဗဟိုဌာနချုပ် အခြေခံစခန်းကြီးကို လုပ်ကြံရာမှာ တောကြီး တောင်ကြီးများကို တပ်နည်းနည်းနဲ့ ချီတက်ခဲ့ပါတယ်၊ မုံယွင်းရောက်ခါနီးမှာ နက်ရှိုင်းတဲ့ တောကြီးတောင်ကြီးထဲက မမျှော်လင့်ဘဲ ပြုန်းခနဲ အင်အားတော်တော်ကြီးတဲ့ တရုတ်ဖြူတပ်များက ဝိုင်းတိုက်လို့ ဆက်ပြီး မတိုက်နိုင်တဲ့အတွက် ဆုတ်ခွာဖို့ စီစဉ်ခဲ့ရတယ်။

စစ်ရဲ့သဘောမှာ စစ်ဆုတ်တာဟာ အခက်ဆုံးပါပဲ၊ စစ်ဆုတ်တယ် ဆိုကတည်းက စည်းကမ်းတကျ ဖြစ်ဖို့ အတော်ကြိုးစားပြီး တပ်တွေကို တည်ငြိမ်အောင် ကွပ်ကဲ ထိန်းသိမ်းခဲ့ရတယ်။

နေသည် တစ်စတစ်စ မြင့်တက်လာသည်။ ပင်စည်ကြီးလှသော သစ်ပင်ကြီးအောက်တွင်မူကား အရိပ်က အေးမြနေသည်။ သို့သော် ကိုသူရ၏ တစ်ကိုယ်လုံးသည် မောဟိုက်နုံးချိကာ ဖိုင်တွဲကို ပေါင်ပေါ်တင်၍ စာရေးနေသောလက်သည် တုန်ယင်နေသည်။

ကိုသူရသည် စာကို မရေးသေးဘဲ ခေတ္တရပ်နားထားသည်။ ရှေ့သို့ တမျှော်တခေါ်ကြီး မျှော်၍ကြည့်လျှင် သံလွင်မြစ်အရှေ့ဘက် ထိုင်း-မြန်မာ နယ်စပ်တစ်လျှောက် ပေ ၄၀၀၀ မှ ၇၀၀၀အထိ မြင့်သော တောင်ကုန်းများသည် နေ၏

www.burmeseclassic.com


ရွှေရောင်ခြည်အောက်တွင် ခရမ်းပြာရောင် လွင်လျက်ရှိသည်။ တောချုံနွယ်ပိတ်ပေါင်းများသည် နေရာတိုင်း၌ ကာဆီးရံတား လျက်ရှိသည်။

ကိုသူရအဖို့ လွန်ခဲ့သော ရက်တွေက မြန်မာ့တပ်မတော် သားတွေ၏ ဆုတ်စစ်ကို မြင်ယောင်မိသဖြင့် သက်မဖြာမိသည်။

*

ဆုတ်ခွာလာခဲ့စဉ် အခြေခံတပ်စခန်းနေရာသို့ ရောက်ခါ နီးကျမှ အလွန် ထိတ်လန့်သွားဖွယ်ရာ တိုက်ပွဲ ဖြစ်ပွားခဲ့လေ သည်။

တရုတ်ဖြူများကို စစ်ထိုးရန် စုရုံးတပ်ချနေစဉ် ရန်သူ များသည် မမျှော်လင့်ဘဲ အလုံးအရင်းနှင့် စတင်ပြီး တိုက်ကြ သည်။ အပြင်ကာကွယ်ရေးစစ်လိုင်းကို ဝီစီတွေမှုတ်၊ အော်ဟစ် ညာသံပေးကာ မုန်းတိုင်းထန်ပြီး တိုက်စစ်ဆင်လာပုံမှာ ကြောက် ခမန်းလိလိ ဖြစ်လေသည်။

ကိုသူရ၏ ပထမ ခံစစ်လိုကင်းမှာ ကျိုးပေါက်ကာ တပ်သားများအားလုံး ကျသူကျ၊ ဒဏ်ရာရသူရနှင့် ဖရိုဖရဲဖြစ် ကုန်သည်။ တပ်သားများသည် အပြင်ကာကွယ်ရေးစခန်းမှ အတွင်းသို့ ပြေးဝင်လာကြသည်။ အတွင်းစစ်ကြောင်းမှာလည်း နေရာယူ၍ မပြီးသေးပေ။

အကယ်၍. . .

အတွင်းစစ်ပါ ကျိုးပေါက်၍ တပ်ဖွဲ့တစ်ခုလုံး ဖရိုဖရဲ

www.burmeseclassic.com


ဖြစ်ခဲ့သော်- ရဲဘော်တွေသည် တောကြီးအလယ်တွင် ဟိုတစ်ကွဲ သည်တစ်ကွဲ အကွဲကွဲနှင့် ရန်သူ၏ ချေမှုန်းတိုက်ဖျက်ခြင်းကို ခံရပေတော့မည်။

ကိုသူရ၏ ခေါင်းထဲတွင် မီးတောက်နေသည်။

ဤစစ်ပွဲတွင် ရှုံးသွားလျှင် နောင်တွင် တရုတ်ဖြူများကို ရဲဘော်များ ကြောက်ရွံ့သွားပေတော့မည်။

တရုတ်ဖြူတွေကလည်း အတင့်ရဲလာကာ သံလွင်မြစ် ၏ နောက်ဘက် ကျော်လာနိုင်ကာ မြန်မာပြည်ကို ခြိမ်းခြောက်လာတော့မည်။ ရှေ့တွင် မြန်မာပြည်၏ ကံကြမ္မာသည် တရုတ်ဖြူ၏ လက်တွင် မည်သို့ရှိချေမည်နည်း။

အခိုက်အတန့်အတွင်းမှာပင် ကိုသူရ၏ ခေါင်းထဲသို့ အပြေးအလွှား စိုးရိမ်ပူပန်စိတ်များ အကြီးအကျယ် ထိတ်လန့် တုန်လှုပ်စိတ်များ ဝင်လာသည်။

ယခုကဲ့သို့ အေးအေးဆေးဆေး တွေးသည့် အတွေးများက ကြာနေသော်လည်း ထိုစဉ်ကမူ စက္ကန့်ပိုင်းအတွင်းမှာပင် ဆုံးဖြတ်ချက် ချလိုက်သည်။

ကိုသူရသည် ခါးကခြောက်လုံးပြူးကို စမ်းသပ်ပြီး နောက်ဒဏ်ရာရနေသော ရဲဘော်တစ်ယောက်ဆီမှ ရိုင်ဖယ် သေနတ်ကို ဇတ်ခနဲ ဆွဲယူကာ လှံစွပ် ကမန်းကတန်း တပ် လိုက်သည်။ အတွင်းဘက်သို့ ပြေးဝင်သော ရဲဘော်များအား. .

**"မျက်နှာကို ရန်သူဘက်ပြန်လှည့်"**

**"လှံစွပ် တပ်လိုက်ကြ"**

အသံကုန် အော်ဟစ်ကာ အမိန့်ပေးလိုက်သည်။ ကိုသူရ

www.burmeseclassic.com


၏ အောင်မြင်ပြတ်သားသော အသံသည် တစ်တောလုံး ဟိန်း၍သွားသည်။ ကိုသူရသည် အံကိုတင်းလျက် လှံစွပ်တပ် သေနတ်ကို အသင့်ကိုင်တားကာ **“ရှေ့ကိုပြေးတက်”** ဟု အော်ပြီး ကျိုးပေါက်လာသော စစ်မျက်နှာကို ရှေ့ဆုံးမှ ပြေးသွားလေသည်။ ထိုးဝင်လာသော ရန်သူ တရုတ်ဖြူတစ်ယောက်ကို လှံစွပ်ဖြင့် ထိုးလိုက်သည်။ တရုတ်မှာ ပုပုဝဝဖြစ်သည်။ လှံစွပ်ကို ဆွဲအနှုတ်တွင် ရင်ဝမှ နီရဲသော သွေးများဖြာခနဲ ကျလာသည်။

ဘေးမှ သေနတ်ဆွဲလျက် ကိုသူရရှိရာသို့ ဝင်လာသော တရုတ်ဖြူကိုမူ ဘယ်လက်ဖြင့် ခြောက်လုံးပြူးကို မောင်းတင်ကာ မောင်းဖြုတ်လိုက်သည်။

ဘေးပတ်လည်တွင် ကိုသူရနောက်မှ အတူ ပြေးလိုက်လာကြသော ရဲဘော် ၂၀-၃၀- များသည် ရန်သူများကို ရွပ်ရွပ်ချွံချွံနှင့် ချေမှုန်းတိုက်ခိုက်ကြသည်။

ထိုအချိန်အတွင်းမှာပင် တရုတ်တပ်ဦး ကျုံလာသည် ကို ခေတ္တတားထားလိုက်သည်။ ဤသို့အားဖြင့် အတွင်းစည်း ဝိုင်း ဒုတိယလိုင်းမှာ ခုခံဖို့ အသင့်ဖြစ်ကြသည်။ နောက်ထပ် ရန်သူများ တိုက်လာသောအခါ အောင်မြင်စွာ တွန်းလှန်နိုင်ခဲ့ ပြီဖြစ်သည်။

*

ဒီအချိန်တုန်းက ကျွန်တော်ဟာ ရန်သူများရဲ့ အသက်အဖြတ်ခံရဖို့က သီသီကလေး လွတ်ခဲ့ပါတယ်၊ နို့မဟုတ် အဖမ်းအဆီးရင်လဲ ခံရမယ်၊ ရန်သူ့လက်နက်နဲ့ သေချင် သေသွားမယ်။

www.burmeseclassic.com


ကိုသူရသည် ဖောင်တိန်ကို ကိုင်ကာ ငိုင်နေမိပြန်သည်။ စာကို ဆက်မရေးသေးဘဲ မျက်လုံးများက အဝေးသို့ မျှော်ငေး ကြည့်နေမိသည်။ စိတ်ထဲတွင် ကြေကွဲမိသည်။ ဘဝကို နာကြည်း သည်။ အရင်ကတော့ "မြန်မာပြည်လွတ်လပ်ရေး ရတော့မယ်" ဟူသော အသိနှင့် တိုက်သည်။ လွတ်လပ်ရေး ရခဲ့သည်မှာ ၆ နှစ်ကျော် ၇ နှစ်တွင်းသို့ ချဉ်းနင်းဝင်ရောက်ခဲ့ပေပြီ။ သို့စဉ်လဲ တိုက်ရသည့်စစ်က နားရသည်မရှိ။ ရန်နောင် ပြောသလို "စစ်သားဘဝနဲ့ အရိုးထုတ်ရတော့မယ် ထင်ပါရဲ့" ဟု ဝမ်း နည်းစွာ တွေးနေမိသည်။

"ဗိုလ်မှူး"

ဝိုင်ယာလတ် ရဲဘော်တစ်ဦးသည် လက်ထဲတွင် ဖောက် လက်စ သစ်သီးဘူးတစ်ဘူး ယူလာကာ ပေးလေသည်။

"ဗိုလ်မှူးစားဖို့ ပန်းသီး"

"အေး. . . အေး ကျေးဇူးပဲ ရဲဘော်"

ကိုသူရသည် ရဲဘော်ပေးလာသော သတ္တုဘူးဝိုင်းကို ကိုင်ကာ ငေးနေသည်။ ရဲဘော်ပြန်ထွက်သွားမှ သကြားရည်နှင့် စိမ်ထားသည့် လိမ္မော်ရောင် သစ်သီးခြမ်း အဝိုင်းလေးများကို လက်နှင့်ကော်၍ စားလိုက်သည်။ ရဲဘော်လေးသည် ဒီဘူးကို ဘယ်ကရပါလိမ့်။ သူမနက်စာ ဘာမှမစားရသည်ကို သတိရ ကာ ဝမ်းထဲတွင် ဟာနေမှန်း ကိုယ့်ဘာသာကိုယ် သတိရ လေသည်။

စားသောက်ပြီးသောအခါ ကိုသူရသည်ဘောင်းဘီအိတ် ထဲမှ အမွေးပွ လက်သုတ်ပဝါငယ်ကို ထုတ်ယူကာ လက်များကို

www.burmeseclassic.com


သုတ်သည်။

ကိုသူရသည် ဖောင်တိန်ကို အဖုံးဖွင့်ကာ စာကို ဆက်ရေးပြန်သည်။

*

ဒီတိုက်ပွဲကြီးပြီးတော့ တပ်ကို တောင်ကုန်းပေါ် "ခံတပ်" ရှိရာကို ဆုတ်ခွာလာပြီး လုံလုံခြုံခြုံ နေရတယ်၊ ကျွန်တော်တို့ တိုက်ရမယ့် စခန်းကတော့ မကုန်သေးပါဘူး။

နက်ဖြန်ခါ ကျွန်တော် မုံးဆပ်ကို သွားရမယ်၊ "ရန်ကြီးအောင်" ဒုတိယစစ်မျက်နှာဖွင့်ပြီး "လွယ်လန်း"ကို ပြန်သိမ်းဖို့ အစီအစဉ်တွေကို လုပ်ရဦးမယ်"

ဒီ"စစ်"မှာ အဖိုတန်တဲ့ အသက်ပေါင်းများစွာ သေကြတာတော့ ဖေဖေနဲ့မေမေတို့ သိတဲ့အတိုင်းပဲ၊ ကုန်ကျတဲ့ ငွေတွေဆိုတာလဲ ရေထဲကျုံးပစ်လိုက်သလိုပါပဲ။

အကြမ်းအားဖြင့် ဥပမာပေးရရင် ရန်ကြီးအောင် တိုက်ပွဲမှာပဲ အမြောက်သုံးမျိုးနဲ့ မော်တာကျည်ဆံ ၁၅၀၀၀ ကုန်တဲ့အတွက် ငွေတစ်သန်း ကုန်ရတယ်၊ တခြားလက်နက်ငယ် ကျည်ဆံတွေ မပါဘူး၊ အမြောက်နဲ့ မော်တာကျည်ဆံဖိုးသာ ရှိသေးတယ်၊ ရိုင်ဖယ်-စက်သေနတ် ကျည်ဆံဆိုတာ သန်းချီပြီး သုံးစွဲနေရတယ်၊ ရန်သူ့လက်ထဲက တောင်ကုန်းလေးတစ်ခုရဖို့ တစ်သိန်းခွဲကုန်တယ်၊ ရက်ရှည်စစ်ပွဲကြီးများကို တိုက်နေရရင် နာရီ၊ မိနစ်၊ စက္ကန့်ပိုင်းတိုင်း

www.burmeseclassic.com


ငွေတွေကို ရေထဲသွန်ပစ်နေရမှာပဲ။

ဒီငွေတွေကို ကျွန်တော်တို့ မြန်မာပြည်အတွက် ပြန်လည်ထူထောင်နိုင်ရေးတို့၊ အခြားအသုံးကျမယ့် နေရာမျိုးမှာ သုံးလိုက်ရင် ဘယ့်လောက် အကျိုးရှိမလဲ၊ ကျွန်တော်တို့ မြန်မာပြည်ရဲ့ ကံကြမ္မာကိုက ခေလွန်းပါတယ်။

ထွေးသည် စာကို ဖတ်ရာမှ ရပ်နားလိုက်သည်။ ဦးဘကျော်ကမူ ခေါက်တုံ့ခေါက်ပြန် လျှောက်ကာ သက်မချနေသည်။ ဒေါ်နှင်းကမူ အင်္ကျီလက်ဖျားနှင့် မျက်ရည်စကို တို့ကာ မိတဖျတ်ဖျတ်နှင့် လှန်လောကြည့်နေသော ဓာတ်ပုံစာအုပ်ထဲမှ ကိုသူရပုံကို ငေးကြည့်နေသည်။

"သမီး ထွေး ဆက်ပါဦး ဩော်. . . သူရ. . . သူရ"

ဒေါ်နှင်းသည် တိုက်တွန်းသဖြင့် ထွေးသည် စာကို ဆက်ဖက်ပြန်သည်။

ကျွန်တော့်စာလဲ အတော်ရှည်သွားပြီ။ ဖေဖေနဲ့မေမေ စိတ်မပူရအောင် အားတဲ့အချိန်တိုင်းမှာ စာရေးလိုက်ပါ့မယ်။

တစ်အိမ်သားလုံးကိုလဲ သတိရနေပါတယ်။

အားလုံး သာယာခြင်းအပေါင်းနှင့် ပြည့်စုံပါစေ။

**သူရ**

**တပ်စခန်း တစ်နေရာ**

*

www.burmeseclassic.com


ကိုရန်နောင်နှင့် မိတို့သည် အချိန်တိုတိုရက်ပိုင်းအတွင်း မှာပင် မိဘ အသိအမှတ်ပြုပြီးကြလေပြီ။ ဦးဘကျော်က ဝမ်းမြောက်ဝမ်းသာနှင့်ပင်. . .

"ဒီကိစ္စတွေဟာ အချိန်တန်ရင် ဖြစ်ပေါ်လာတတ်တဲ့ ကိစ္စတွေပါပဲ၊ ရန်နောင် ကံကောင်းတာပေါ့ကွာ၊ မောင်နှမ သားချင်းများဖြစ်တဲ့အတွက် တစ်ယောက်အကြောင်း တစ်ယောက်သိပြီး အိမ်ထောင်ရေးမှာ အဆင်ပြေလိမ့်မယ်လို့ အောက်မေ့ရတာပဲ"

နံနက်ပိုင်းတွင် ဖွင့်ပြောလေသည်။

ကိုရန်နောင်သည် မိုးကောင်းကင်ကို ခေါင်းနှင့် ပြေးတိုက်ချင်သလိုလို ဖြစ်မိသည်။ ကိုရန်နောင်နှင့် မိတို့၏ ဘဝသည် လက်ငင်း လောကနိဗ္ဗာန် တည်ဆောက်သကဲ့သို့ပင်တည်း။ သည်နှစ်အတွင်းမှာပင် လက်ထပ်မည်ဟု ရည်စူးကြသည်။ ဒေါ်အေးခင်က အယူရှိသည်မို့ ဗေဒင်ကိန်းခန်း တွက်ချက်စေကာ သည်နှစ်ကုန် ဒီဇင်ဘာလကို ရွေးချယ်ပေးသည်။ ထွေးသည်သူတို့စုံတွဲနှင့် အဖော်ရသဖြင့် ဝမ်းသာနေသည်။ ထွေးတို့ကား လူကြီးစုံရာတွင် စေ့စပ်ပြီးခဲ့လေပြီ။

ကိုရန်နောင် ခွင့်ရက် မစေ့ခင် အတိုးချကာ မိနှင့် လည်ပတ်ကြသည်။

နေခြည်သည် ပွင့်၍လာသည်။ လောကဓာတ် တစ်ခွင်လုံးသည် နေ၏ ရွှေသောရောင်ခြည်အောက်ဝယ် လင်း၍နေသည်။ စိမ်းစိုမြမှိုင်းသော သစ်ရွက်တို့သည် နေရောင်ဖြင့် ရွှန်းရွှန်းလက်ကာ တောက်ပနေသည်။ အထူးသဖြင့် ကန်တော်ကြီး

www.burmeseclassic.com


၏ ပတ်ဝန်းကျင်သည် တောက်ပသစ်လွင်နေသည်။

မိသည် တောင်ကုန်းမြင့်တွင် ပေါက်နေသော လင်းလွန်းပန်မှ တွဲခလ၏လျက်ကျနေသော ပန်းနီနီအဖူးလေးများကို လှမ်းခုန်ဆွဲကာ ခူးနေသည်။

“အဲဒီပန်းတွေပေါ့၊ မိတို့ ဂျပန်ခေတ်ကလေ အဝတ်လာလျှော်ကြတော့ တချို့က လင်လွမ်းပန်း. . . လင်လွမ်းပန်းနဲ့ ခေါ်ကြတာ အမှန်က လင်လွမ်းပန်းပဲ”

မိသည် ကိုရန်နောင်၏ ရင်ဘတ်ကို ပန်းခက်နှင့် ပေါက်ကာ ပြောလိုက်သည်။ ကိုရန်နောင်သည် ပန်းခက်ကို ဆီးဖမ်းကာ မွှေးလိုက်သည်။

“လင်လွမ်းပန်းဆိုရင် နိမိတ်မရှိဘူးဟာ”

“အင်းလေ. . . ပန်းနာမည်ကလဲ ကြံကြံဖန်ဖန်”

“မိရေ”

တံတားကို ကျော်ဖြတ်လာကြသည်။ ကိုရန်နောင်သည် မိမိ၏ လက်ကလေးကို ဆုပ်ကိုင်ကာ မိနှင့် ယှဉ်တွဲလာကြ သည်။

“ဘာပြောမလို့လဲ ကိုလေး”

“မိ ငါ့ကိုတကယ်ပဲ ချစ်သလား”

“သြော်. . . ဒါများ ကိုလေးကလဲ အဆန်းလုပ်လို့”

“မေးရတယ် မိမိလေးရဲ့၊ ငါက တကယ်ချစ်ရတဲ့သူကိုး”

တဖြည်းဖြည်း ရေစပ်နားသို့ ရောက်လာသည်။ “အမလေး သည်းလိုက်တာ တကယ်ချစ်ကြတာ ချည်းပါပဲ”

စိမ်းပြာရောင် ရေပြင်တွင် နေရောင်ခြည်သည် ဖြာလျက်ကျနေသည်။ လှိုင်းတွန့်လေးများသည် ရွှေရောက်တောက်ကာ

www.burmeseclassic.com


လူးလွန့်ကာ ကမ်းစပ်သို့ ရှပ်တိုက်လာသည်။ လေ၏ တွန်းပို့မှုကြောင့် ရေပြင်သည် လှုပ်ရှားနေသည်။ ကြာဖပ်များသည် ရေပေါ်တွင် တင်မျောနေကာ ပန်းရောင်နှင့် အဖြူရောင် ကြာပွင့်လေးများသည် ရိုးတံရှည်ရှည်နှင့် လည်ဆန့်ကာ ပွင့်ဖူးနေကြသည်။

"မိမိရေ"

"ခေါ်ပြန်ပြီ တစ်မိတည်း မိနေတာပဲ"

"ခေါ်ရတာပေါ့ အချစ်ရယ်၊ ငါ့မှာ တွင်းသင်းတိုက်ဝန်စပ်ထားသလို 'မဆွရှေးခါ၊ သံသရာက၊ မေတ္တာကဲမြင့်၊ ချစ်ပန်းပွင့်လျက်၊ ဆင့်ဆင့်ပတ်ရစ်၊ ချစ်ဖူးခဲ့၍ ချစ်ဖွဲ့တစေ၊ ချစ်ဖို့ဝေသည်' ဆိုတဲ့ကိန်း ဆိုက်နေပြီ၊ ငါတို့ဟာ ရေစက်ပဲထင်ပါရဲ့နော်"

"အလဲ့ . . အထောက်အထား ကိုးကားချက်တွေ ဘာတွေနဲ့ပါလား"

"ငါက မိမိလို ပညာမတတ်တော့ တတ်သမျှ မှတ်သမျှနဲ့ ပြောရတာပေါ့"

"ကိုလေး မိကိုချစ်ရင် ဒီစကား ဒီတွင်ရပ်နော်၊ ကိုလေးမှာ ဒီဂရီမရှိပေမယ့် ကိုလေးတို့လို စိတ်ထားမျိုး ရှိတဲ့သူဟာ အပုံကြီး တန်ဖိုးရှိတယ်"

"အလိုလေး . . ငါ့ညီမကို ဒါကြောင့် ချစ်ရတာ"

ကိုရန်နောင်သည် မိ၏ ပါးကို ဆွဲလိမ်လိုက်သည်။ မိသည် ရေစပ်သို့ ဆင်းလာကာ သစ်ပင်ရင်းတွင် ဝင်ထိုင်လိုက်

www.burmeseclassic.com


သည်။

“မိမိရေ”

“ဟော. . . မိပြန်ပါပြီ”

“ဓာတ်ပုံရိုက်မယ်ဆို မိမိလေးရဲ့ ကိုင်း. . . ကြိုက်တဲ့ပုံစံ အတိုင်းနေစမ်း”

မိသည် ရေစပ်နားတွင် ရပ်နေသည်။ ဒီနေရာမှာဆို တော်ပလား”

“အေးအေး. . ဒီဘက်နည်းနည်းတိုး သစ်ပင်ရိပ်လွတ် အောင်”

ကိုရန်နောင်သည် မိနှင့် ၁၀ပေခန့် ဝေးသော နေရာတွင် ဓာတ်ပုံကင်မရာကို ချိန်နေသည်။ မိသည် ဘေးတိုက်အနည်း ငယ် ရွှေ့လိုက်သည်။

“အေး. . . ဟုတ်ပြီ၊ ဒီလိုပဲ ရပ်နေမလား”

“အင်း. . ရိုးရိုးပဲပေါ့ ကိုလေးကလဲ၊ ရယ်ဒီဆို ပြောနော်”

“အင်း. . ဒါဖြင့် ရိုက်တော့မယ် ရယ်ဒီနော် ပြုံးပြုံးလေး နေ၊ ပြုံးပြုံး အဲ . . . ဟုတ်ပြီ”

မိသည် သွားလေးများပေါ်အောင် ပြုံးလိုက်သည်။

“နောက်တစ်ပုံကျတော့ ထီးနဲ့ရိုက်မယ် ကိုလေးရေ”

“သဘောကျသလို ရိုက်”

မိသည် ပုသိမ်ထီး ပန်းရောင်လေးကို ဖွင့်ဆောင်းလိုက် သည်။ ပန်းရောင် မြန်မာရက် ချည်ချောအင်္ကျီလက်စကမှာ မိ၏ ဖြူဝင်းသော အသားနှင့် လိုက်ဖက်သည်။ မိ၏ သွယ်နွဲ့ ကျော့ရှင်းသော လည်တိုင်နှင့် ကပ်လျက်ဆွဲထားသော ပုလဲစစ်

www.burmeseclassic.com


ပုတီးကုံးလေးမှာ မိ၏အလှကို ပို၍ပြတ်သားစေသည်။ ရှားစေးရောင်ခံတွင် ဖြူတုံးလေးများ ကန့်လန့်ဖြတ်ထားသော အင်းလေးလုံချည်မှာ အသားရောင်နှင့် ဟပ်နေသည်။ နေရောင်ခြည်အောက်ဝယ် မိ၏အလှသည် ဝင်းပကျော့ရှင်းနေသည်။

"ထီးကို ခပ်စောင်းစောင်းလေး ဆောင်းထား၊ ကိုယ်ကို နည်းနည်းလေး လှည့်လိုက်စမ်း၊ မျက်နှာပေါ် ထီးရိပ်ကျမှာ စိုးလို့ အဲ. . . အဲ ဟုတ်ပြီ ရယ်ဒီနော် ပြုံးလိုက်ဟော့. . . ပြုံးနော် ကဲ. . . ပြီးပြီ"

"အမလေး. . . ညောင်းလိုက်တာ"

မိသည် ထီးလေးကို မြေကြီးပေါ်တွင် ထောင်ထားလိုက်သည်။ ကိုရန်နောင်သည် ရိုက်ကူးပြီး ဖလင်ကို လှည့်ကာ. . .

"ဒီပုံ သိပ်ကောင်းမယ် မိမိရေ"

မိထိုင်နေသော ဘေးတွင် ပစ်ထိုင်ချလိုက်သည်။

*

လရောင်သည် ဝရန်တာပေါ်သို့ ဖြာလျက်ကျနေသည်။ ထွေးသည် မယ်ဒလင်ကြိုးများကို စမ်းနေသည်။ ကိုရန်နောင်နှင့် မိတို့သည် ထွေးအနီးတွင် ယှဉ်တွဲကာ ထိုင်နေသည်။

"ထွေးလဲ ဒီအိမ်ကြီးက ခွာရတော့မယ်၊ နောက်ဆိုရင် ထွေးရဲ့ လက်သံ ကြားရမှာ မဟုတ်ဘူး"

မိသည် မယ်ဒလင်သံစမ်းနေသော ထွေး၏ မျက်နှာဝိုင်းဝိုင်းလေးကို စေ့စေ့ကြည့်ကာ ပြောလိုက်သည်။ ထွေးသည်

www.burmeseclassic.com


တည်ငြိမ်စွာ ပြုံးလိုက်သည်။

"ဒီလိုဆိုရင် ကြိုးစားလိုက်စမ်း. . . ထွေးရေ"

ကိုရန်နောင်သည် နှမငယ်အား အားပေးနေသည်။ ထွေး၏ မယ်ဒလင်လက်သံသည် စိပ်ကာ နားဝင်ပီယံ အေးမြကြည်လင်လေသည်။

"ကိုင်း. . . မိ၊ ထွေး ဘာတီးရမလဲ"

"ထွေးတီးတာ မိ ဆိုမယ်လေ"

"မိမိရာ ချစ်သမ္မုကို ပတ်ပျိုးကို ဆိုပါ"

ကိုရန်နောင်သည် မိအား ကြားဖြတ်ဝင်ပြောလိုက်သည်။ ထွေးသည် သစ္စာတိုင် ပတ်ပျိုးကို စတင်စမ်းသပ်လေသည်။ ထွေးကိုယ်တိုင်ကလည်း သည်သီချင်းကို တီးချင်နေသူ ဖြစ်သည်။

> ချစ်သမ္မုကို မြင်းမိုရ်ရွှေတောင်လုံးသာပလေ၊ လေးစုဒီပါ
> သီတာရေမြေ ဆုံးစေတော့လေxxအို ဘယ်မမုန်းပါတော့
> နိုင်xx ကပ်လုံးဆုံးတိုင်တိုင်xx ရုံးညာပိုင် အုံးလှိုင်သဉ္ဇာ
> ကြွေမှာလှလေးxxx

ကိုရန်နောင်သည် မိအား တစိမ့်စိမ့်ကြည့်ကာ "ချစ်သမ္မုကို" ပတ်ပျိုး၏ အနက်ကို ရင်ထဲတွင် ရှာဖွေစူးစမ်းနေသည်။ မိ၏ အသံလေးသည် ပီသကြည်အေး၍ လွင်လွင်ချိုနေတော့သည်။ သည်မိန်းကလေးသည် အဆင်းလည်းရှိ၊ အချင်းလည်းရှိသည်။ "လောကမှာ ငါ့လောက် ကံကောင်းတဲ့သူ မရှိဘူး"

www.burmeseclassic.com


ဟု ကိုရန်နောင်၏ ရင်ထဲတွင် ပီတိလှိုင်းကြီးများ ဖြာဝေနေတော့သည်။ သီချင်းဆိုရင်း မိ၏ မျက်လုံးလေးများသည် တောက်ပနေသည်။

ချစ်လို့ငယ်မကုန် ဝသုန်ဤမြေ xx သိကြားစေ သက်သေညွှန်း။

ဆိုသည့်နေရာ၌ မိ၏အသံသည် ပို၍ လှိုက်လှဲလာသလို ထင်ရသည်။

လောကကြီးသည် သာယာလှချေတကား။ လ၏အရောင်သည် အေးမြကြည်လင်သကဲ့သို့ ညဦးလေပြည်သည် စိမ့်စိမ့်လေး အေးကာနေသည်။ ဂီတသံနှင့် တေးသီချင်းများ ပေါင်းစပ်လိုက်သော် သည်ညသည် ပျော်ရွှင်ကြည်နူးခြင်း အထွတ်တိုင်သော ညပင်တည်း။

ချစ်ချင်းငယ်ပြိုင်၊ မြစ်မင်းပိုင် အဏ္ဏဝါက ပြန်မသာကဲxxယွင်းစေဝသုန်၊ ငွေဝန်းသော်တာရုံသို့၊ ကမ္ဘာကုန်ကျယ်သရွေ့ငယ်ကို ဘယ်မေ့ပါလိမ့်မလဲxxx

ကိုရန်နောင်သည် လက်ခုပ်တဖြောင်းဖြောင်း တီးကာ ဩဘာပေးလိုက်သည်။

"ကဲ. . . ဒီတစ်ခါ ကိုလေးအလှည့်"

"ငါမှ သီချင်းမဆိုတတ်ဘဲ မိမိရယ်"

www.burmeseclassic.com


"ဟင့်အင်း. . . နားမလည်ဘူး၊ တတ်တတ် မတတ်တတ် ဆိုရမယ်"

မိသည်နှုတ်ခမ်းစူကာ ပြောလိုက်သည်။

"ဟုတ်တယ်. . . ကိုလေး ဆို၊ ကိုလေး ဆိုတာ ထွေး လိုက်တီးမယ်"

ထွေးက ဝင်ပြောလိုက်သည်။

"ငါက သီချင်းဆိုလို့ ဘာမှ အစအဆုံး မရဘူးဟ"

"ကိုလေး ရသလောက်သာ ဆိုပါလေ၊ ထွေး လိုက်တီး ပါ့မယ် ဆိုနေမှ"

ကိုရန်နောင်သည် ခေါင်းကုတ်ကာ သီးချင်းအစအနကို စဉ်းစားနေသည်။ သူ၏ မျက်နှာသည် ကလေးငယ်ကဲ့သို့ ရိုး သားအပြစ်ကင်းစင်လေသည်။ ရယ်လိုက်သောအခါ အသက် ၂၀ အောက် လူငယ်လို နုပျိုသွားသည်။ ကိုရန်နောင်၏ အပြုံး သည် သန့်စင်သည်။ စင်စစ်အားဖြင့် ကိုရန်နောင်သည် အသက် ၃၀ အရွယ်သို့ ချဉ်းနင်းဝင်ရောက်ခဲ့ပြီ ဖြစ်သည်။

"အဟမ်း. . . ကဲ. . . ဆိုမယ်"

ထွေး၏ လက်ချောင်းကလေးများသည် မယ်ဒလင် ကြိုးပေါ်သို့ အပြေးအလွှား တို့ကစားလိုက်သည်။

ပိတောက်တွေxx ရွှေရည်လူးကြမယ့်အခြေxx ပုလဲငုံ စံပယ်ဖြူဖူးခိုက်ဝေဝေxx ပန်းမျိုးစုံ ရာသီဦးကို ကူးခဲ့ ပြီလေxx ချစ်သူကို ရည်စူး ခူးတဲ့လို့ခြွေxx ကိုယ်တိုင် လှရာရာကိုရွေးလို့xx ဆင်မပေးရ ဆံမြည္ဘာကေxx စစ်

www.burmeseclassic.com


မြေမှာ ကြာညောင်းရက်ရှည်xx ရောက်မယ်အထင်နဲ့
မျှော်ရသူ ပူဗျာပါဝေxx တတွေးတွေးနဲ့ ဆွေးရှာရှော့
မယ်လေxx

"တော်ပြီဟာ. . . ငါ မဆိုတတ်တော့ဘူး"

မဆိုတတ်ဆိုတတ်နှင့် ဌာန်ကရိုဏ်း မကျသော အသံဝါကြီးကို ကြားရသော မိနှင့်ထွေးသည် သဘောကျစွာ ရယ်မောနေကြသည်။

"ကိုလေး အသံကြီးကလဲ အောက်တောက်တောက်ကြီး" ဟု ထွေးက ကောင်းချီးသြဘာ ပေးနေသည်။

"အံမယ်. . ထွေးကလဲ အသံက မဆိုးပါဘူး၊ အဆွဲအငင် မတတ်လို့ပါ"ဟု မိက ကိုယ့်ငါးချဉ် ကိုယ်ချဉ်လိုက်သည်။

"ငါ မဆိုတတ်ပါဘူး ပြောနေတာ"

* * *

www.burmeseclassic.com


# (၂၈)

ကျောင်းပိတ်ရက် ဖြစ်သဖြင့် မိသည် တစ်အိမ်လုံးကို ရှင်းလင်း လှည်းကာနေသည်။ ဖရိုဖရဲဖြစ်နေသော စာအုပ်များကို စင်ပေါ်တွင် တစ်ခုစီ ရှင်းလင်းကာ စာအုပ်များကို ထပ်၍ စီသည်။

စာအုပ်စင်သုံးဆင့်ရှိရာ အပေါ်ဆုံးဆင့်တွင် ပေါ့ပေါ့ ပါးပါး ဒိုင်ယာရီစာအုပ်ငယ်များနှင့် မှတ်စုစာအုပ်များကို ထပ် စီနေသည်။

မှတ်စုစာအုပ် တစ်အုပ်မှာ စာရွက်အပိုင်းလေး တစ် ပိုင်း ထွက်ကျလာသည်။ စာရွက်ပိုင်းလေးတွင် "သူရ"စာလုံးများ ကို လက်မှတ်ရေးထိုးထားသည်။ လက်မှတ်များသည် စာရွက် ပိုင်း၏ တစ်ဖက်တွင် ပြည့်နေသည်။ စာရွက်တစ်ဖက်၌မူကား စာတိုလေး ရေးထားသည်။ မိသည် စာတိုလေးကို ဖတ်ကာ မျက်လုံးလေးများ ဝိုင်းသွားရှာသည်။

မိမိ. . . မိမိ. . . ဩော်. . . မိမိ

မိမိကို ကျုပ်ချစ်နေပြီ ထင်သည်။ ဒါပေမဲ့ မိမိက

ကျုပ်နှမလေး။ နှမရင်းလို အမြဲအတူနေလာတဲ့ သူလေး

ကို၊ အချစ်တစ်မျိုးနှင့် ဘယ်နှယ့်ကြောင့် ချစ်မိသနည်း။

ကျုပ်မှားပြီ၊ မဖြစ်နိုင်တာတွေကို ကျုပ်တွေးမိသည်။

www.burmeseclassic.com


မိုက်လေစွတကား။

မိသည် စာလေးကိုကိုင်ကာ ငိုင်နေမိသည်။ စာလေးသည် တိုသော်လည်း စာ၏အဓိပ္ပာယ်မှာ ရှင်းနေသည်။ ဘယ်အချိန်က ရေးထားသော စာမှန်းမသိပေ။ စာမှာ ဘယ်သူ့ကိုမှ ရည်ညွှန်းလိုဟန် မရှိဘဲ ကိုယ့်ကိုယ်ကို ဆုံးမဟန် ရေးထားသည်။ ဘာပဲဖြစ်ဖြစ် ကိုသူရ၏အချစ်သည် နှောင်းခဲ့ပြီတကား။ မိ ဝမ်းနည်းမိသည်မှာ ကိုသူရအား ဤသို့ချစ်တတ်သော နှလုံးသားရှိသည်ဟု ဘယ်တော့ကမှ တွေးထင် မမျှော်မှန်းခဲ့သော ကြောင့်တည်း။ အချစ်မိုးကား နှောင်းခဲ့ပြီ ဖြစ်သည်။

မိသည် စာရွက်လေးကို လုံးချေကာ အခန်းထောင့်သို့ အမှတ်တမဲ့ ပစ်လိုက်သည်။

ကိုရန်နောင်၏နာမည် ရေးထိုးထားသော မှတ်စုကော်ပီ စာအုပ်တွင်မူကား "မိမိ"ဟူသော စာလုံးများသည် ရှေ့ဆုံး မျက်နှာတွင် ပြည့်နေသည်။ နောက်မျက်နှာတွင် "ရန်နောင်နှင့် မိမိ" "မိမိနှင့်ရန်နောင်"ဟူ၍ နေရာမလပ်ရေးထားသည်။ ထို့ပြင် အသည်းပုံကို မြားစူးဟန်များပြထားကာ လက်ထောက်မှိုင်ငေး နေသော ယောကျ်ားရုပ်ပုံသဏ္ဌာန် ရေးဆွဲထားသည် ကိုလည်း တွေ့ရပေသည်။ မိသည် တစ်ယောက်တည်း ကျိတ်ပြုံးမိသည်။ ကိုရန်နောင်သည် တစ်ခါတစ်လေ ကလေးဆန်ပေသည်။

စာရွက်တစ်ရွက်၌ အသည်းပုံတွင် ကိုရန်နောင်နှင့် မိတို့ နာမည်များကို အင်္ဂလိပ်လို အတိုကောက် ရေးထည့်ထား သည်။ အသည်းသဏ္ဌာန်များ ပြည့်နှက်လျက် အသည်းထဲတွင် 'Y.N' နှင့် 'M.M' စာလုံးများ ထည့်သွင်းထားသည်။

www.burmeseclassic.com


"မိရေ စာအုပ်ရှင်းလို့ မပြီးနိုင်သေးဘူးလား"

ထွေးသည် မိ၏ နောက်နားမှ လာရပ်သည်။

"ဩော်. . . ထွေး"

"မိနာမည်နဲ့ စာတစ်စောင် လာတယ်၊ ကိုလေး လက်ရေးနဲ့"

"ဟုတ်လား"

"အံမယ်. . . ဟုတ်လား လုပ်မနေနဲ့၊ လွမ်းစာခွေကို တခြား အလုပ်တွေ ဘေးချိတ်ပြီး ဖတ်လိုက်ပါဦး"

"ဩော်. . . ထွေးက ကိုယ်ချင်းစာတတ်သားပဲ"

"ဒါပေါ့. . ကိုင်း. . . တစ်ယောက်တည်း အားရပါးရ ဖတ်တော်မူ"

ထွေးသည် မိအပါးမှ ထွက်ခွာသွားသည်။ မိသည် ဝမ်းသာအားရစွာ စာအိတ်ပြာလေးကို ကမန်းကတန်း ဖောက် ဖတ်လိုက်သည်။

**ချစ်မိမိလေးရေ. . .**

ကျိုင်းတုံကို ရောက်ရောက်ချင်းပဲ စာကို အမြန်ဆုံး ရေးလိုက်တယ်၊ မိနဲ့ ခွဲလာရတဲ့ ကိုလေးရဲ့ ရင်ထဲမှာ ဘယ့်နှယ်ကြီး ဟာနေမှန်း မသိပါဘူး အချစ်ရယ်၊ ဒါပေမဲ့ အချစ်ဟာ ကိုလေးနောက်ကို အမြဲလိုက်နေတယ်လို့ စိတ်ထဲမှာ ထင်မြင်မိတယ်။

မိမိကိုယ်စား ပေးလိုက်တဲ့ ထီးကလေးနဲ့ ဓာတ်ပုံကို မကြာခဏ ကြည့်ပြီး အလွမ်းဖြေရတယ်၊ ဒီဓာတ်ပုံထဲက

www.burmeseclassic.com


ရုပ်ဟာ အပြင်က ပကတိ မိမိရဲ့ရုပ်အတိုင်းပဲ၊ ကိုယ်နဲ့ မကွာထားပြီး အမြဲရင်ထဲမှာ ပိုက်ထားပါတယ်။

မိ ကိုယ်တိုင် ပန်းဖောက်ပေးတဲ့ လက်ကိုင်ပဝါဖြူလေးဟာ ဒီအတိုင်းပဲ၊ မသုံးရက်လို့ မသုံးဘူး၊ လက်ကိုင်ပဝါဖြူလေးဟာ ရေမွှေးနံ့လေးနဲ့ သင်းနေတယ်၊ ငါတော့ မကြာခဏ မွှေးမိလို့ အနံ့တောင် ပြယ်ချင်ပြီ။

ဝမ်းသာစရာ ပြောရဦးမယ်၊ နောက်တစ်ပတ်ထဲမှာ ငါ ရန်ကုန်လာရဖို့ ကိစ္စတစ်ခု ပေါ်လာတယ်၊ ပွတာပဲ မိမိရေ၊ မိနဲ့ တွေ့ရဦးမယ်၊ အချစ်မျက်နှာကို ကြည့်နေ ရမယ်ဆိုရင် ကိုလေးတော့ ဘာကိုမှ သတိရတော့မှာ မဟုတ်ဘူး။

အိမ်ရှေ့က ကားဆိုက်သံကြားရရင် အိမ်ဝက ဆီးလို့သာ ကြိုပါတော့၊ ကိုလေးတော့ အချစ်ရဲ့ မျက်နှာလေးကို အရင်ဦးဆုံး၊ တွေ့ချင်တယ်၊ ချိုပြုံးတဲ့ မျက်နှာလေး ကို မြင်ရရင် ခရီးဝေးက လာတဲ့သူရဲ့ အမောကတော့ ပြေလျော့မှာ အမှန်ပါပဲ။

အချိန်မရလို့ တော်ဦးမယ်နော်။

**ကိုလေး ရန်နောင်**
**ခေတ္တ - ကျိုင်းတုံမြို့။**

မိသည် စာလေးကိုကိုင်ကာ ထွေးရှိရာသို့ အပြေးအလွှား ထွက်သွားသည်။

"ထွေးရေ. . ထွေးရေ၊ ကိုလေး နောက်တစ်ပတ်ထဲမှာ

www.burmeseclassic.com


ရန်ကုန်ကို လာရမတဲ့”

မိ၏ ရွှင်မြူးသော အသံလေးသည် တစ်အိမ်လုံး ဖုံးလွှမ်းသွားသည်။

*

လမိုက်သဖြင့် ညဥ့်အမှောင်သည် မည်းနက်နေသည်။ ခဲသားရောင် ကောင်းကင်တွင် ကြယ်ပွင့်လေးများသည် မမှိန့်တမှိန် လင်းနေသည်။ နက်မှောင်သော ကမ္ဗလာတွင် စိန်ပွင့်ငယ်များ ကြဲပြန့်ထားသည်နှင့် တူနေသည်။ ညဥ့်ဦးလေပြည်သည် တဝှေ့ဝှေ့ တိုက်ခတ်နေသည်။

မိတို့ အိမ်ရှေ့တွင် ဂျစ်ကားတစ်စီး ထိုးစိုက်သည်။

“ဟော”

မိ၏ ရင်ထဲတွင် ဒိတ်ခနဲ ခုန်ကာ ပီတိလှိုင်းများ ဖြာဝေလာသည်။

“ကိုလေး. . . လာပြီ”

စစ်ဝတ်စစ်စားနှင့်ကားပေါ်မှ ဆင်းလာသော ကိုရန်နောင် အားကြိုဆိုရန် လှေကားမှ အပြေးအလွှား ဆင်းလာခဲ့သည်။ “အိမ်ရှေ့က ကားဆိုက်သံ ကြားရရင် အိမ်အဝက ဆီးလို့သာ ကြိုပါတော့၊ ကိုလေးတော့ အချစ်ရဲ့ မျက်နှာလေးကို ဦးဆုံးတွေ့ချင်တယ်” ဆိုသည်ကို ခေါင်းထဲတွင် အလွတ်ရနေသည်။ မိသည် လှေကားထစ်များကို ကျော်လွှားဆင်းလာခဲ့သည်။ လှေကားမှာ မှောင်နေသဖြင့် ဘယ်သို့ရောက်အောင် ဆင်းလာမိ

www.burmeseclassic.com


သည် မသိ။

စကြာပန်းရုံအောက်မှ ဖြတ်လာသော ကိုရန်နောင်အား မိသည် လက်ကလေးကို အသင့်ဆန့်တန်းကာ ကြိုလိုက်သည်။

"ကိုလေး ရောက်လာတာ မြန်သားပဲ"

တံခါးဘောင်တွင် ပြုန်းဒိုင်း အရပ်တွင် မိသည် ကိုရန်နောင်အား မော်ကြည့်လိုက်သည်။

"ဟင်"

မိသည် ဆန့်ထားသော လက်လေးများကို ပြန်ရုပ်လိုက်သည်။ မိထင်ထားသလို ကိုရန်နောင် မဟုတ်ဘဲ ကိုသူရ ဖြစ်နေသည်။ ကိုသူရသည် ကြယ်ရောင်အောက်တွင် မားမားကြီး ရပ်နေသည်။ ကိုသူရ၏ မျက်နှာသည် အတော်ပင် နွမ်းလျနေသည်။

"မိမိ"

ကိုသူရ၏ အသံသည် တိုးတိတ်ညင်သာသည်။ မိသည် ထူပူကာ ကိုသူရအား မော့မကြည့်ဘဲ ခေါင်းကို ပြန်၍ အောက်စိုက်ထားသည်။

"မိ. . . မိက. . . ကို. . . လေး ထင်လို့"

မိမိသည် ရှက်အမ်းအမ်းနှင့် ထစ်ထစ်ငေါ့ငေါ့ ပြောလိုက်သည်။

"လာ. . . အပေါ်တက်ရအောင်"

ကိုသူရသည် ရှေ့မှ ဖြည်းညင်းစွာ တက်သွားသည်။ မိသည် နောက်မှ ကုပ်ကုပ်လေး လိုက်သွားသည်။ မိ၏ ခေါင်းထဲတွင် အတွေးများနှင့် ရှုပ်ထွေးနေသည်။ ဟိုရှေးယခင်က

www.burmeseclassic.com


ကိုသူရပြန်လာရန် မျှော်လင့်စဉ် ကိုရန်နောင် ပြန်လာခဲ့သည်။ ယခု ကိုရန်နောင်ကို မျှော်လင့်စဉ် ကိုသူရ ပြန်လာခဲ့သည်။ ကံတရားသည် ဆန်းကြယ်စွတကား။

ကိုသူရနောက်ကျောကို ငေးမောကာ အချစ်မိုးရယ် နှောင်းခဲ့ပါပေါ့ကွယ် ဟူသော မေလှမြိုင်၏ သီးချင်းသားကို သွားသတိရနေသည်။

အပေါ်ထပ်သို့ရောက်လျှင် အိမ်ရှေ့ခန်း ပက်လက်ကုလား ထိုင်တစ်လုံးတွင် ထိုင်ကာ စာဖတ်နေသော ဦးဘကျော်အား ဦးစွာတွေ့ရသည်။ ဒေါ်နှင်းနှင့် ဒေါ်အေးခင်တို့သည် ဝရန်တာ တွင်ထိုင်ကာ စကားပြောနေကြသည်။ ထွေးကမူ အိမ်ခန်းထဲတွင် လှဲနေသည်။

"သူရ လာပြီတဲ့"

ဒေါ်နှင်းနှင့် ဒေါ်အေးခင်တို့သည် အထဲသို့ ပြေးဝင်လာကြသည်။ "အမေ စိတ်ပူလိုက်ရတာ သားကြီးရယ်" ဟု ဒေါ်နှင်းက မျက်ရည်အဝိုင်းသားနှင့် ပြောလိုက်သည်။

ကိုသူရသည် အတော်ပိန်ကာ ဖြူရော်ရော်ဖြစ်နေသည်။ နှုတ်ခမ်းများသည်လည်း သွေးမရှိသကဲ့သို့ ဖြူဖျော့နေသည်။ မျက်လုံးများမှာ ဝေလျက်၊ နှုတ်ခမ်းများကို တင်းတင်းစေ့ထားသည်။

ကိုသူရသည် ဦးထုပ်ကို ချွတ်ကာ စားပွဲပေါ်တင်ပြီး ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ အိမ်ခန်းထဲမှ ထွက်လာသော ထွေးသည် "အစ်ကိုကြီး" ဟု ဝမ်းသာအားရ အော်ကာ မိဘေးတွင် ဝင်ထိုင်လိုက်သည်။ ကိုသူရသည် စားပွဲ

www.burmeseclassic.com


ပေါ် တင်ထားသောဦးထုပ်ကို လက်နှင့် လှည့်ပတ်ဝိုင်းနေသည်။

"ဖေဖေ"

ဦးဘကျော်သည် သားကြီးအား စိုက်ကြည့်နေသည်။

သူရသည် ထိုင်ရာမှ တစ်ဖန် ထလိုက်သည်။ ဦးခေါင်းကို အောက်သို့ငုံ့ကာ စိုက်ထားသည်။

"ရန်နောင် ကျဆုံးပြီ"

ကိုသူရသည် အံကြိတ်ထားရင်းမှ မျက်ရည်ဖြိုင်ဖြိုင် စီးကျလာသည်။ စကားလုံး ငါးလုံးကို အတော်ပင် သဲသဲကွဲကွဲ ပီသအောင် ကြိုးစားပြောရလေသည်။

ဦးဘကျော်သည် "ဟာ" ဟု တစ်ခွန်းသာ ဆိုနိုင်ကာ လက်ဝါးပေါ်သို့ မျက်နှာအုပ်ချကာ ငိုကြွေးတော့သည်။ဒေါ်နှင်းသည် "အမယ်လေး. . . သားလေးရဲ့" ဟု မချိမဆန့် အော်ကာ အရုပ်ကြိုးပြတ် ပုံလျက်သား လဲကျသွားသည်။ ဒေါ်အေးခင်သည် ဒေါ်နှင်းအား ဆီးပွေ့ထားကာ ငိုရှိုက်နေသည်။ ထွေးသည် ကလေးငယ်ကဲ့သို့ တရှုံ့ရှုံ့ ရှိုက်ရင်း ငိုနေသည်။

မိသည် ပထမ၌ ကြောင်နေကာ ငိုလည်းမငို၊ လှုပ်လည်း မလှုပ်၊ နေရာမရွေ့ ပကတိကျောက်ရုပ်ကဲ့သို့ ငြိမ်သက်နေသည်။ ရင်ထဲတွင် အူအသည်းများ ပြောင်းဆန်ကာ အသက်ရှူလို့မရဘဲ ရှိသည်။ မိနှင့် ကိုရန်နောင်တို့ တည်ဆောက်လာခဲ့သော ကမ္ဘာသည် အစိပ်စိပ်အမွှာမွှာ ပြိုကွဲလေပြီ။ သို့သော် ဤသို့ ခဏချင်း ပြိုကွဲရသည်ကို မိသည် မယုံပေ။ အမှန်မဟုတ်ပေ။ ကိုသူရသည် သက်သက်မှားယွင်းခြင်းသာ ဖြစ်ပေသည်။

"မယုံဘူး. . . မိ. . . မယုံဘူး"

www.burmeseclassic.com


မိသည် သူ၏ နဂိုအသံမဟုတ်သော အသံနက်ကြီးနှင့် အော်ဟစ်လိုက်သည်။ "မယုံဘူး၊ မသေဘူး" ဟူသော စကားလုံးများသည် ရင်ထဲတွင် ပွဲတင်ထပ်ကာ နားထဲမှ လျှံထွက်လာသည်။

"မယုံဘူး. . . မိ မယုံဘူး၊ မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး၊ ကိုလေး မသေဘူး"

မိမှာ အရူးပမာ အော်မြည်တမ်းကာ ထိုင်ရာမှထ၍ လှေကားမှ ဆင်းပြေးလေသည်။

"ဟဲ့. . . ဟဲ့ သမီး၊ လုပ်ကြပါဦး၊ သူရ လိုက်ပါဦး သမီးလေး ဒုက္ခရောက်တော့မယ် အမလေး. . . ကယ်ကြပါဦး"

ဒေါ်အေးခင်သည် အလန့်တကြား အော်လိုက်သဖြင့် ကိုသူရသည် ဗြုန်းဆို သတိရကာ လှေကားမှ ဆင်းပြေးရင်း မိနောက်သို့ လိုက်သွားသည်။ လှေကားခုလတ်တွင် မိအား ဖမ်းမိလေသည်။ မိသည် အားနှင့်ရုန်းကန်ရန် ကြိုးစားလေသည်။ ကိုသူရသည် ရှိသမျှ ခွန်အားနှင့် မိအား ပွေ့ဖက်ထားရလေသည်။ မိသည် အားမလျှော့သေးဘဲ. . .

"မိကို. . . ဖယ်ပါ၊ မိကို. . ဖယ်ပါ၊ မိလဲ သေပါရစေ ကိုကြီးရဲ့. . . မိ သေပါရစေ"

ဟု အသက်ကိုမရှူဘဲ ပြောကာ ခက်ခဲစွာ ရှိုက်ကြီး တငင် ငိုကြွေးနေသည်။ မရုန်းနိုင်သည့်အဆုံးတွင် ကိုသူရ၏ ရင်ခွင်ထဲတွင် ခေါင်းလျှိုကာ ငိုကြွေးနေတော့သည်။ ကိုသူရသည် မိ၏ ကျောကလေးကို တယုတယ သိုင်းဖက်ပြီး. . .

"အပေါ်ကို ပြန်သွားရအောင် ညီမလေး လာ. . လာ"

တုန်ယင်နေသော အသံကို ထိန်းလျက် ပြောလိုက်သည်။

www.burmeseclassic.com


မိသည် ကိုသူရစကားကို မကြားသလိုပင် ငိုရှိုက်နေဆဲ ဖြစ်သည်။

“လာ ညီမလေး မိမိ၊ ကိုကြီးပြောတာ နားထောင်ပါ”

မိသည် ကလေးငယ်ကဲ့သို့ ကိုသူရ တွဲခေါ်လာရာသို့ လိုက်ပါလာသည်။ မျက်ရည်အဖြိုင်ဖြိုင် အသွယ်သွယ် ပါးပြင်ပေါ်မှ လိမ့်ဆင်းကာ ရှိုက်လာသည်။ ကိုသူရသည် သူ၏ မျက်ရည်များကို မကျစေရန် ထိန်းထားသည်။ အိမ်ပေါ်ရောက်သော် ဒေါ်နှင်းသည် “မိ”အတွက် စိတ်ကို တင်းကာ ကျိတ်၍ ငိုနေသည်။ ထွေးနှင့် ဒေါ်အေးခင်တို့လည်း အသံမထွက်အောင် ငိုကာ မျက်ရည်များကို သုတ်၍ ပစ်လိုက်ကြသည်။

“ရန်နောင်ရဲ့ အသေဟာ လူတကာရနိုင်ခဲတဲ့ မြတ်သော သေခြင်းပဲ”

ဦးဘကျော်သည် အသံကို ထိန်းကာ ပြောလိုက်သည်။ ကိုသူရသည် မိအား နှစ်ယောက်ထိုင် ကုလားထိုင်ပေါ်သို့ တွဲယူသွားကာ အသာထိုင်စေသည်။

“လူ့ဘဝဆိုတာ ဒီလိုပဲ၊ ဘာမှ ကြိုတင်တွက်ဆလို့ မရ ဘူး၊ ဘာကိုမှ ပုံသေကားချပ် မှတ်ယူလို့ မရဘူး၊ ရန်နောင်နဲ့ အတူ ကျဆုံးတဲ့ ဗိုလ်တစ်ယောက်ဟာ မယားငယ်ငယ်လေး၊ ကလေး ၂ ယောက် ကျန်ရစ်တယ်၊ ကိုယ်လေးလက်ဝန် အရင့် အမာကြီးနဲ့၊ မိမိအလိုဖြင့် ဒီဗိုလ်ကတော်ဟာ ၃ ခါပြန်လောက် သေလိုက်ဖို့ကောင်းနေပြီ”

မိသည် ယခုမှ ကလေးငယ်ကဲ့သို့ ငိုရှိုက်နိုင်လာသည်။ ကိုသူရ၏ တည်ငြိမ်သော အသံသြဇာအောက်တွင် မိသည်

www.burmeseclassic.com


အနည်းငယ် ငြိမ်သက်လာသည်။ မိ ဤသို့ တည်ငြိမ်လာသည့် အတွက် ကိုသူရသည် ကျေနပ်နေသည်။ မျက်ရည်ပေါက်များ သည် မိ၏ ပါးပြင်ပေါ်သို့ လိမ့်၍ ခုန်ဆင်းလာသည်။ ကိုသူရ သည် သူ၏ အင်္ကျီအိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်ကာ မိ၏ မျက်ရည်စများကို သုတ်ပေးသည်။ မိ၏ လက်ပေါ်သို့ ပေါက် ပေါက်ကျလာသော မျက်ရည်ပေါက်များကိုလည်း မိ လက်ကလေး ကို ဆွဲကိုင်ကာ သုတ်ပေးလိုက်သည်။

လက်ကိုင်ပဝါလေးကို မျက်ရည်ဝိုးတိုးဝါးတားမှ မိ တွေ့လိုက်သည်။ လက်ကိုင်ပဝါလေးမှာ မိက ကိုသူရအား တော်လှန်ရေးနေ့ စစ်ချီတက်စဉ်က ပေးလိုက်သော မိ၏ ပန်းရောင်အစင်း လက်ကိုင်ပဝါလေးပေတည်း။

လက်ကိုင်ပဝါလေး၏ ထောင့်စွန်းတွင် မိ၏ နာမည် အတိုကောက် M စာလုံးအနီလေးကိုပါထင်ထင်ရှားရှား တွေ့ ရ၏။

တလိမ့်လိမ့် လိမ့်ဆင်းလာသော မျက်ရည်ပေါက်များ သည် လက်ကိုင်ပဝါလေးပေါ်သို့ အဆက်မပြတ် ယိုစီးလာတော့ သတည်း။

* * *

ခင်ဆွေဦး

www.burmeseclassic.com



www.burmeseclassic.com

# ကျေးဇူးတင်ပါသည်

ပေးပို့သူ = ကိုဝင်းမွှေး